၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com
TRI
အတွဲ(၁၀)၊ အမှတ်(၁၂)    ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည်    ၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၈ ရက် ၊ ကြာသပတေး၊ (ဇွန် ၂ ၊ ၂၀၁၁)

# ကန်ဒေါ်လာလဲလှယ်နှုန်း တစ်နှစ်အတွင်း နှစ်ဆယ်ရာခိုင်နှုန်းခန့် ကျဆင်း

**အောင်သူရ**

**ရန်ကုန်၊ ဇွန် - ၂**

ဈေးကွက်အတွင်း အမေရိကန်ဒေါ်လာနှင့်မြန်မာကျပ်ငွေလဲလှယ်သည့်နှုန်းထားမှာ တစ်နှစ်အတွင်း ၂၀ ရာခိုင်နှုန်းခန့် ကျဆင်းသွားကြောင်း သတင်းရရှိသည်။

"မနှစ်က ဇွန်လဆန်းမှာတစ်ဒေါ်လာကို တစ်ထောင်ကျပ် ဝန်းကျင်ရသေးတယ်။ ဒီနှစ် ဇွန်လဆန်းမှာ ကျပ်၈၀၀အောက် ကျသွားပြီ၊ ကျပ် ၇၉၀ လောက်ပဲရတော့တယ်"ဟု ပို့ကုန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

မေလကုန်ခါနီးအထိ အမေရိကန်တစ်ဒေါ်လာအား မြန်မာကျပ်ငွေဖြင့် လဲလှယ်ပါက ကျပ် ၈၀၀ ကျော်ရရှိခဲ့သော်လည်း ဇွန်လဆန်းမှစ၍ ကျပ် ၈၀၀ အောက်ရောက်ရှိသွားခဲ့သည်။

"ပုံမှန်အားဖြင့်တော့ ပို့ကုန်၊ သွင်းကုန်မျှခြေဖြစ်နေရင် ဈေးက ငြိမ်နေတယ်။ ဒါက တစ်ချက်ပေါ့။ အခုက ပြည်တွင်းဝယ်လိုအားကျတော့ဟိုဘက်ကပို့ကုန်က သိပ်မသွင်းနိုင်ဘူး"ဟု စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးက သုံးသပ်သည်။

ပြည်တွင်းမှ ဝယ်ယူတင်သွင်းရသော ကုန်ပစ္စည်းများတွင် အများဆုံးဝယ်ယူရသော ဒီဇယ်မှာ မေလလယ်မှစ၍ ဝယ်လိုအားကျလာသဖြင့် တင်သွင်းမှုနည်းလာကြောင်း ဒီဇယ်တင်သွင်းသူများကပြောသည်။

ထို့အပြင် ပြည်ပရင်းနှီးမြှုပ်နှံမှုများမှာ နည်းလမ်းပေါင်းစုံဖြင့် ဝင်ရောက်နေခြင်းနှင့် ကျောက်မျက်ရတနာရောင်းချသော ငွေကြေးများ စာ(၁၂)သို့





၂၀၀၈အမေရိကန်သမ္မတရွေးကောက်ပွဲတွင်အိုဘားမားနှင့်အပြိုင်ဝင်ရောက်အရွေးခံခဲ့သော သမ္မတလောင်းတစ်ဦးဖြစ်ခဲ့သူ အမေရိကန်အထက်လွှတ်တော်အမတ်ဂျွန်မက်ကိန်း ဇွန်လ၂ရက်ကတောင်ဒဂုံမြို့နယ်ရှိ အိတ်ချ်အိုင်ဗီပိုးကူးစက်ခံနေရသူနှင့် အေအိုင်ဒီအက်စ် ရောဂါဝေဒနာရှင်များအား စောင့်ရှောက်သည့်ဂေဟာ၌ ကလေးငယ်တစ်ဦးကိုနှစ်သိမ့်နေစဉ်။ ကလေးပွေ့ထားသူမှာ စေတနာ့ဝန်ထမ်းဖြစ်သည်။(ပုံကြီး) နာရေးကူညီမှုအသင်း(ရန်ကုန်) ဥက္ကဋ္ဌဦးကျော်သူနှင့် အသင်းရုံး၌တွေ့ဆုံအပြီးပြန်ရန် နှုတ်ဆက်စဉ်။

ဓာတ်ပုံ-အားမာန်

# ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်းများကို ပုဂ္ဂလိကကုမ္ပဏီသုံးခုကသာ ချထားပေးတော့မည်

## အစိုးရသတ်မှတ်နှုန်းအတိုင်းသာ ပေးသွင်းရမည်ဖြစ်ပြီး နေ့ချင်းပြီး ဖုန်းကတ်ရမည်ဟုဆို

**ယုဇနကိုကို**

**ရန်ကုန်၊ဇွန် - ၆**

ဂျီအက်စ်အမ် မိုဘိုင်းဖုန်းများအား ဆက်သွယ်ရေးတွင် လျှောက်ထားစရာမလိုတော့ဘဲ အစိုးရနှင့်ပူးပေါင်းဆောင်ရွက်မည့်ကုမ္ပဏီသုံးခုထံတွင် နေ့ချင်းပြီးငွေသွင်း၍ထုတ်ယူနိုင်တော့မည်ဖြစ်သည်ဟုမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှတာဝန်ရှိသူများကပြောသည်။

စာ(၁၂)သို့

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)



လတ်တလောတွင်ဂျီအက်စ်အမ်ဖုန်းလိုင်းများ လိုင်းဆွဲအားမကောင်းသေးသည့်အတွက် ဂျီအက်စ်အမ်တာဝါတိုင်များ တိုးချဲ့စိုက်ထူရန် မြန်မာ့ဆက်သွယ်ရေးက ဆောင်ရွက်လျက်ရှိသည်

# ရန်ကုန်မြို့တွင်ရှိသော အနှိပ်ခန်းများ ဇွန် ၂ရက်မှစတင်ပိတ်သိမ်း

## အနှိပ်ခန်းများ၏နောက်ဆက်တွဲအဖြစ် KTVဆိုင်များကိုပါ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း...

**ကျော်သီဟ**

**ရန်ကုန်၊ ဇွန် - ၂**

ရန်ကုန်မြို့ရှိ အနှိပ်ခန်းများကိုစီမံချက်အရ ယခုလဆန်း၂ရက်မှစတင်၍ ပိတ်သိမ်းရမည်ဖြစ်ကြောင်းကို ရန်ကုန်မြို့ရှိအနှိပ်ခန်းများအားလုံးသို့ သက်ဆိုင်ရာက ညွှန်ကြားထားကြောင်း ရန်ကုန်မြို့တွင်းရှိအနှိပ်ခန်းများမှ စုံစမ်းသိရှိရသည်။

"ကျွန်တော်တို့ အနှိပ်ခန်းက ဇွန်လ ၂ရက်ပိတ်ရမယ်တဲ့။ ပြန်ဖွင့်ဖို့ ဘာမှမပြောထားဘူး။ အရေးယူမယ့်စီမံချက်ကာလပဲသိရတယ်"ဟု ဒဂုံမြို့နယ်ရှိ အနှိပ်ခန်းတစ်ခုမှ ဝန်ထမ်းတစ်ဦးကပြောသည်။ စာ(၁၂)သို့

**ပို့ဆောင်ရေး** အာဆီယံစံချိန်စံညွှန်း

# အာဆီယံစံချိန်စံညွှန်း ယာယီသတ်မှတ်ချက် ထပ်မံကျင့်သုံးဦးမည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန် - ၁**

အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများတွင် အာဆီယံစံချိန်စံညွှန်း ယာယီသတ်မှတ်ချက်ကို ပြန်လည်အကောင်အထည်ဖော်တင်ဆောင်ရမည်ဟုဆိုခြင်းကြောင့်လမ်းကြောင်းအချို့တွင်ကုန်တန်ဆာခများမြင့်တက်လာကြောင်း ကုန်တင်ယာဉ်ပိုင်ရှင်နှင့်ယာဉ်မောင်းများကပြောသည်။

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.10, No.12 · JUNE 9, 2011

## အမှုးလွန်နေသည့်ဖခင်က ၇ နှစ်အရွယ် သမီးကို ဝါးတုတ်နှင့် ရိုက်၍သေဆုံး

အိဖြူလွင်

ရန်ကုန်၊ ဇွန် - ၂

အရက်မူးလွန်နေသူ ဖခင်က ၇ နှစ်အရွယ် သမီးကို ဝါးတုတ်နှင့် ရိုက်၍ ကလေးငယ် သေဆုံးခဲ့သည့် လူသတ်မှုတစ်ခု ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၌ ဖေဖော်ဝါရီလ ၅ရက်က ဖြစ်ပွားခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရှိရသည်။

အဆိုပါအမှုသည် ဖောင်တော်သီကျေးရွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းနေ့ ညနေ ၄နာရီခန့်တွင်ကလေး၏မိခင်ဖြစ်သူသည် ခင်ပွန်းဖြစ်သူ ကျော်မျိုးအောင် (ခ) အရှည်ကြီးက ဝါးတုတ်နှင့် ရိုက်နှက်ခဲ့သောကြောင့် သမီးဖြစ်သူမှာ အိပ်ရာမှ မထနိုင်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးကို ပြောကြားသဖြင့် သွားရောက်ကြည့်ရှုရာတွင် ဒဏ်ရာများနှင့် သေဆုံးနေပြီဖြစ်သည်။

ကလေး၏ဖခင်သည် ထိုအချိန်တွင်အရက်မူးလွန်နေသည်ဟုသိရှိရပြီး အမှုကို ဖောင်တော်သီရဲစခန်းတွင်(ပ)၁၇/၂၀၁၁ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်အရေးယူခဲ့ကြောင်းသိရှိရသည်။ အမှုကိုပဲခူးတိုင်းဒေသကြီး ဒုတိယခရိုင် ၂ တရားရုံးမှ စစ်ဆေးခဲ့ပြီး ပြစ်မှုထင်ရှားသဖြင့် သေဆုံးသူ ကလေးငယ်၏ ဖခင်ဖြစ်သူ ကျော်မျိုးအောင်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၂) အရ အလုပ်နှင့် ထောင်ဒဏ် ၅ နှစ်ကျခံစေရန် မေလ ၁၉ရက်တွင် အမိန့်ချမှတ်လိုက်သည်ဟုသိရှိရသည်။



တရုတ်စီးပွားရေးလုပ်ငန်းရှင်များ အများစုဝယ်ယူမြှုပ်နှံထားသည့် မန္တလေးမြို့တစ်နေရာ။

ဓာတ်ပုံ-အားမာန်

# တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၏မြေယာမြှုပ်နှံမှုတိုးချဲ့လာ

ပြည့်သိမ်း၊ အောင်သူရ

ရန်ကုန်၊ ဇွန် - ၂

တရုတ်စီးပွားရေးလုပ်ငန်းရှင်များသည် ရန်ကုန်နှင့်မန္တလေးမြို့ကြီးများသာမက ထားဝယ်၊ကျောက်ဖြူစသည့် ရေနက်ဆိပ်ကမ်းစီမံကိန်းဝန်းကျင်၌ပါ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လာကြသဖြင့် အိမ်ခြံမြေဈေးနှုန်းများ မြင့်တက်နေကြောင်း ဒေသခံအိမ်ခြံမြေအကျိုးဆောင်များက ဆိုသည်။

ယင်းကဲ့သို့ မြေကွက်များကို ဝယ်ယူရာတွင် ဒေသပေါက်ဈေးထက်များစွာ ပိုပေးပြီး ဝယ်ယူသဖြင့် အခြားသောမြေကွက်တန်ဖိုးများပါ မြင့်တက်လာကြောင်း ထားဝယ်မှ အိမ်ခြံမြေအကျိုးဆောင်တစ်ဦးက ဆိုသည်။

ယင်းကဲ့သို့ပင် ကျောက်ဖြူမြို့နယ်၌လည်း ရေနံပိုက်လိုင်းစီမံကိန်းရှိသည့်အတွက် မြေကွက်များကို ဝယ်ယူရာတွင် ပေါက်ဈေးထက် သုံးလေးဆပိုပေးဝယ်ယူကြသည်။ လက်ရှိအချိန်တွင် ကျောက်ဖြူမြို့နှင့် မိုင် ၂၀ ဝန်းကျင်တွင် တရုတ်လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုကြောင့် ဈေးနှုန်းများနှစ်ဆမြင့်တက်သွားကြောင်း အဆိုပါဒေသခံအိမ်ခြံမြေအကျိုးဆောင်တစ်ဦးက ဆိုသည်။

"ပုံမှန်လုပ်ငန်းရှင်က ပေ ၁၀၀ပတ်လည်ကို ကျပ်သိန်း ၁၇၀၊ ၁၈၀ လောက်နဲ့ ဆိုင်ထားတာ။ သူတို့က သိန်း ၃၀၀ ထိပေးဝယ်ကြတော့သူတို့ကိုပဲ ရောင်းကြတယ်" ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

အစိုးရသစ်လက်ထက်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေကို မျှော်လင့်ပြီး တရုတ်စီး ပွားရေးလုပ်ငန်းရှင်များသည် အိမ်ခြံမြေတို့တွင် ဒေသအနှံ့ ငွေအလုံး အရင်းဖြင့် ရင်းနှီးမြှုပ်နှံလာသည်။ ယင်းအခြေအနေမှ ပြည်တွင်း၌ ထုတ်လုပ်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်မှသာ နိုင်ငံအတွက် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

"သူတို့တွေ လာဝယ်တာတော့ ကောင်းပါတယ်။ ရောင်းသူလည်းဈေးကောင်းရတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

ထို့အပြင် ရန်ကုန်မြို့ရှိ စက်မှုဇုန်များတွင်လည်း တရုတ်လုပ်ငန်းရှင်များ၏ ဝယ်ယူရင်းနှီးမြှုပ် နှံမှုကြောင့် မြေကွက်များမှာ ဈေးနှုန်း အထူးကောင်းမွန်လာသည်။ ဆယ်စုနှစ်အလိုက် တန်ဖိုးများမှာလည်း ဆယ်ဆကျော် မြင့်တက်လာသည်။ ၂၀၀၀ပြည့်နှစ်ဝန်းကျင်က ကျပ်သိန်း ၁၀၀ကျော်သာရှိသည်။ မင်္ဂလာဒုံစက်မှုဇုန်မှ မြေကွက်များသည် လက်ရှိအချိန် တွင် ကျပ်သိန်း ၂၀၀၀ ထိဈေးမြင့်လာကြောင်း ယူနတီအိမ်ခြံမြေအကျိုးဆောင်မှ ကိုဇော်ဇော်က ပြောသည်။ ထို့အပြင် အင်္ဂါးဘက်တွင်လည်း တရုတ်လုပ်ငန်းရှင်များကြောင့် တန်ဖိုးများ မြင့်တက်လာကြောင်း သိရသည်။

# ငါးသိန်းတန် စီဒီအမ်အေ ၈၀၀ ဖုန်းချထားမှု ရပ်ဆိုင်းလိုက်ပြီ

## ပွဲစားများမှတစ်ဆင့် လျှောက်ထား၍ပင် မရတော့ဘဲ သက်ဆိုင်ရာက ချထားပေးမှုကို လုံးဝရပ်ဆိုင်းလိုက်ခြင်းကြောင့် ပြင်ပပေါက်ဈေးများ မြင့်တက်လာသည်

ယုဇနကိုကို

ရန်ကုန်၊ ဇွန် - ၁

ကျပ်ငါးသိန်းတန် စီဒီအမ်အေ ၈၀၀ မဂ္ဂါဟဇ်ဖုန်းများလျှောက်ထားခွင့်များအား ပြီးခဲ့သည့်မေလနောက်ဆုံးပတ်က အမှန်တကယ်ရပ်ဆိုင်းလိုက်ပြီဖြစ်သဖြင့် အကျိုးအမြတ်ရယူကာ အသုံးပြုလိုသူကိုယ်စားလျှောက်ထားပေးနေသည့် ပွဲစားများပါလျှောက်ထားခွင့်မရတော့ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် နီးစပ်သည့်အသိုင်းအဝိုင်းမှစုံစမ်းသိရှိရသည်။

အဆိုပါ ကျပ်ငါးသိန်းတန် စီဒီအမ်အေ၈၀၀မဂ္ဂါဟဇ်ဖုန်းများအား ပြီးခဲ့သည့်မေလ ပထမပတ်ကစတင်ရပ်ဆိုင်းလိုက်ပြီး သက်ဆိုင်ရာ ဆက်သွယ်ရေးရုံးများတွင် လျှောက်ထားနိုင်ခြင်းမရှိတော့ကြောင်း သိရသည်။



စီဒီအမ်အေ၈၀၀ဖုန်းများ ချထားပေးသည့်အတွက် ရန်ကုန်မြို့နေ လူလတ်တန်းစားများ လက်ကိုင်ဖုန်းသုံးစွဲလာနိုင်ခဲ့သည်။

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ယခုတစ်ကြိမ်တွင်မူ အဆိုပါ ပွဲစားများပင် လျှောက်ထားခြင်း မပြုနိုင်တော့အောင် ဖုန်းချထားမှုများ ရပ်ဆိုင်းလိုက်ခြင်းဖြစ်ပြီး သတ်မှတ်ပမာဏထက်ကျော်လွန်ကာချထားပေးပြီး၍ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ယခုကဲ့သို့မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အဆိုပါစီဒီအမ်အေဖုန်းများအား လျှောက်ထားခွင့် ရပ်ဆိုင်းလိုက်ခြင်းအတွက် ပြင်ပပေါက်ဈေးများမှာ ကျပ်ငါးသိန်းကိုးသောင်းမှ ကျပ်ခြောက်သိန်းကျော်အထိရှိနေကြောင်း စုံစမ်းသိရှိရသည်။

လိုင်းဆွဲအားကောင်းမွန်ခြင်း၊ အင်တာနက်စနစ် အသုံးပြုနိုင်ခြင်းနှင့် ၄၅၀ မဂ္ဂါဟဇ်ဖုန်းအိမ်များနှင့်တွဲဖက်အသုံးပြုပါက တစ်နိုင်ငံလုံးသို့ သယ်ဆောင် အသုံးပြုနိုင်ခြင်း၊ အထိုင်ဖုန်းအဖြစ်သာမကဘဲ ရွေ့လျားသယ်ဆောင်နိုင်သည့် မိုဘိုင်းဖုန်းအဖြစ်ပါ အသုံးပြုနိုင်ခြင်း စသည့်အချက်များကြောင့် ယခုကဲ့သို့ ရပ်ဆိုင်းလိုက်သည့်အချိန်တွင် ဝယ်ယူလိုသူများအား ဖုန်းလျှောက်ထားပြီးသူများက အမည်ပေါက်မဟုတ်သော်လည်း အထက်ပါဈေးနှုန်းများအထိ မြှင့်တင်ရောင်းချနေကြခြင်းဖြစ်ကြောင်းလည်း သိရသည်။ ထို့အပြင်စီဒီအမ်အေ၄၅၀ မဂ္ဂါဟဇ်ဖုန်းများသည်လည်း အလားတူလျှောက်ထားခြင်း ရပ်ဆိုင်းလိုက်ပြီဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေဖြင့် အဆိုပါစီဒီအမ်အေ ၈၀၀ မဂ္ဂါဟဇ်ဖုန်းများအား ပြီးခဲ့သည့် ၂၀၀၉ နှစ်ဆန်းပိုင်းက အထိုင်ဖုန်းများအဖြစ် စတင်ချထားပေးခဲ့ခြင်းဖြစ်ပြီး ယင်းနှစ်ဇွန်လတွင်မူ ရွေ့လျားသယ်ဆောင်နိုင်သည့် မိုဘိုင်းဖုန်းအဖြစ်တိုးချဲ့ပေးခဲ့ပြီးနောက် သုံးစွဲသူအရေအတွက် နှစ်သိန်းကျော်အရောက်တွင် ရပ်ဆိုင်းလိုက်ခြင်းဖြစ်သည်။

အစိုးရမှ အထက်ပါကျပ်ငါးသိန်းတန် စီဒီအမ်အေ ၈၀၀နှင့် ၄၅၀ မဂ္ဂါဟဇ်ဖုန်းများအား အသုံးပြုခွင့်ချထားပေးပြီး နောက်ပိုင်း မြန်မာနိုင်ငံ၏ မိုဘိုင်းဖုန်းအသုံးပြုနိုင်သည့်ပမာဏမြင့်တက်လာခဲ့သည်။

ယခုကဲ့သို့ကျပ်ငါးသိန်းတန် စီဒီအမ်အေဖုန်းများ လျှောက်ထားခွင့်ကို ရပ်ဆိုင်းလိုက်သော်လည်းအစိုးရသစ်၏ငါးနှစ်တာစီမံကိန်းတွင် တန်ဖိုးနည်း ဂျီအက်စ်အမ်မိုဘိုင်းဖုန်းအလုံးရေ သန်းသုံးဆယ်ကိုထပ်မံချထားပေးသွားမည်ဖြစ်ကြောင်း အထက်ပါဌာနမှ သိရသည်။

7 DAY NEWS JOURNAL
Vol.10, No.12 · JUNE 9, 2011



**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# တစ်နိုင်ငံလုံးတက္ကသိုလ်ဝင်တန်းအောင်မြင်မှုနှုန်း ၃၅ရာခိုင်နှုန်းကျော်ရှိ



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**တက္ကသိုလ်ဝင်တန်းအောင်စာရင်းများ ထုတ်ပြန်ကြေညာသည့် ဇွန် ၄ ရက်နံနက်က အထက(၁)ဒဂုံတွင် အောင်စာရင်းကြည့်ရှုနေကြသော ကျောင်းသား၊ကျောင်းသူနှင့် မိသားစုဝင်များ**

**စိုင်းသာအောင်၊နေလင်းထွန်း**

**ရန်ကုန်၊ဇွန် - ၆**

၂၀၁၀-၂၀၁၁ပညာသင်နှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် တစ်နိုင်ငံလုံးအနေဖြင့် အောင်ချက် ၃၅ဒသမ၁၂ရာခိုင်နှုန်းရှိခဲ့ကြောင်း အမှတ်(၃)အခြေခံပညာဦးစီးဌာနမှသိရသည်။

ရန်ကုန်တိုင်းဒေသကြီးမှ ကျောင်းသားများ အနေဖြင့် အောင်ချက် ၃၆ဒသမ၁၂ရာခိုင်နှုန်းရှိခဲ့ပြီး ယမန်နှစ်အောင်ချက် ၃၉ဒသမ၁၁ ရာခိုင်နှုန်းထက် လျော့ကျခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးရှိ ကျောင်းသား ဖြေဆိုအောင်မြင်မှု အကောင်းဆုံးမြို့နယ်မှာ လသာ၊ ဒဂုံ၊ ကမာရွတ်၊ ဗိုလ်တထောင်၊ လမ်းမတော်၊ စမ်းချောင်း၊ ဗဟန်း၊ ကျောက်တံတား၊ ပုဇွန်တောင်နှင့် အလုံမြို့နယ်တို့ဖြစ်ကြသည်။

"လသာမှာ ဒီနှစ် လေးဘာသာဂုဏ်ထူးရှင်တွေများလာတယ်။ ၇၃ဦး လေးဘာသာဂုဏ်ထူး ပါတယ်။အောင်ချက်က၇၆ဒသမ၈၅ ရာခိုင်နှုန်းအောင်ပါတယ်" ဟု လသာမြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ယခုနှစ်ဖြေဆိုသူများတွင် အပြင်ဖြေကျောင်းသားများ ကျရှုံးမှုများပြားခဲ့ပြီး ကျောင်းဖြေကျောင်းသားများ အောင်မြင်မှုကောင်းမွန်ခဲ့ကြောင်းသိရသည်။

အောင်ချက်အကောင်းဆုံးကျောင်း ၁၀ကျောင်းမှာ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း(တီတီစီ)၊အထက-၂လသာ၊အထက-၁ဒဂုံ၊အထက-၅ဗိုလ်တထောင်၊ အထက-၂စမ်းချောင်း၊အထက-၂မင်္ဂလာဒုံ၊အထက-၂ကမာရွတ်၊ အထက-၂ ဗဟန်း၊ အထက-၅ ကမာရွတ်နှင့် အထက-၂လမ်းမတော်တို့ဖြစ်ကြသည်။

၂၀၁၁ ခုနှစ် မတ်လအတွင်း စစ်ဆေးခဲ့သောတက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ဇွန် ၄ ရက်က ထုတ်ပြန်ကြေညာခဲ့ရာ မန္တလေးတိုင်းဒေသကြီးတွင်အောင်ချက်၄၀ရာခိုင်နှုန်းခန့်ရှိကြောင်းတရားဝင်ထုတ်ပြန်ချက်များအရသိရသည်။မန္တလေးတိုင်းဒေသကြီး အတွင်းရှိစာစစ်ဌာနများတွင် ဖြေဆိုသူ ၈၃,၁၈၁ ဦးအနက် အောင်မြင်သူ ၃၂,၉၈၅ ဦးရှိခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း အောင်ချက် ၄၄ ဒသမ ၃၅ ရာခိုင်နှုန်းရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

**ရန်ကုန်တိုင်းဒေသကြီးအတွင်းဂုဏ်ထူးရရှိသောကျောင်းသားအရေအတွက်**

| | |
|---|---|
| ခြောက်ဘာသာဂုဏ်ထူးရှင် | ၁၁၇ ဦး |
| ငါးဘာသာဂုဏ်ထူးရှင် | ၆၀၄ ဦး |
| လေးဘာသာဂုဏ်ထူးရှင် | ၁၇၉၇ ဦး |
| သုံးဘာသာဂုဏ်ထူးရှင် | ၁၁၉၇ ဦး |
| နှစ်ဘာသာဂုဏ်ထူးရှင် | ၁၅၁၈ ဦး |
| တစ်ဘာသာဂုဏ်ထူးရှင် | ၄၂၂၅ ဦး |

**မန္တလေးတိုင်းဒေသကြီးအတွင်းဂုဏ်ထူးရရှိသောကျောင်းသားအရေအတွက်**

| | |
|---|---|
| ခြောက်ဘာသာဂုဏ်ထူးရှင် | ၁၆၀ ဦး၊ |
| ငါးဘာသာဂုဏ်ထူးရှင် | ၃၆၆ ဦး |
| လေးဘာသာဂုဏ်ထူးရှင် | ၆၂၇ ဦး |
| သုံးဘာသာဂုဏ်ထူးရှင် | ၅၉၅ ဦး |
| နှစ်ဘာသာဂုဏ်ထူးရှင် | ၈၉၈ ဦး |
| တစ်ဘာသာဂုဏ်ထူးရှင် | ၂၆၈၄ ဦး |



7DAY NEWS JOURNAL
Vol.10, No.12 • JUNE 9, 2011

CRIME CORNER

## တရုတ်နိုင်ငံသို့ ရောင်းစားခံရသည့် အမျိုးသမီးကို နစ်နာကြေး ကျပ်သုံးသောင်းပေးရန် အမိန့်ချ

အိဖြူလွင်

ရန်ကုန်၊ ဇွန် – ၃

တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခံရသော အမျိုးသမီးအား တောင်ကြီးခရိုင်တရားရုံးမှ နစ်နာကြေးငွေ ကျပ်သုံးသောင်းပေးရန် မေလ ၃၁ရက်က အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရှိရသည်။

ထိုသို့နစ်နာကြေးပေးအပ်ခြင်းကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ညှိနှိုင်းမှုအရ လူကုန်ကူးမှုများ စစ်ဆေးစီရင်ရာတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၃၃ နှင့်အညီပြစ်မှုနှင့် သက်ဆိုင်သော သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသည့်ပစ္စည်းကို ပြည်သူ့ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းရောင်းရငွေမှ လူကုန်ကူးခံရသူအား နစ်နာကြေးပေးမိန့်ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းချက်များအရ တရားရုံးက ဆောင်ရွက်ခြင်းဖြစ်သည်ဟုသိရှိရသည်။

အမှုဖြစ်ပွားပုံမှာ တောင်ကြီးမြို့အနီး ကျေးရွာတစ်ရွာတွင် နေထိုင်သော မ--- အား အောင်ပန်းမြို့နေ မသီသီဝင်းဆိုသူနှင့် တောင်ကြီးမြို့နေ ရဲလွင်ဦးဆိုသူတို့က လစာများများရမည့် အလုပ်ရမည်ဆိုကာ လိမ်လည်စည်းရုံး၍ မန္တလေးမြို့မှတစ်ဆင့် လားရှိုး၊ ချင်းရွှေဟော်တို့အားဖြတ်ပြီး တရုတ်နိုင်ငံ ယူနန်ပြည်နယ်၊ လင်းဖိန်းသို့ ပို့ဆောင်ခဲ့ခြင်းဖြစ်သည်ဟုသိရှိရသည်။

လင်းဖိန်းမြို့တွင် မ--- အား တရုတ်အမျိုးသားနှစ်ဦးနှင့် လက်ထပ်ပေါင်းသင်းရန် တရုတ်ယွမ်ငွေ ၅၀,၀၀၀ဖြင့် ရောင်းစားခဲ့ခြင်းဖြစ်သည်ဟုသိရသည်။

မ---သည် သူမအား ငွေကြေးယူရောင်းစားခဲ့ခြင်းဖြစ်ကြောင်းသိရှိပြီး လင်းဖိန်းရဲစခန်းသို့ သွားရောက်တိုင်တန်းခဲ့သဖြင့် နယ်စပ်သို့ပြန်လည်ပို့ဆောင်ပေးခြင်းခံရကာ နေအိမ်သို့ ပြန်လည် ရောက်ရှိနေပြီဖြစ်ကြောင်းသိရှိရသည်။

ပြစ်မှုကျူးလွန်သူနှစ်ဦးအား အေးသာယာရဲစခန်းတွင် (ပ) ၂၁၀/ ၂၀၁၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အမှုဖွင့်၍ တောင်ကြီးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ပြစ်မှုကျူးလွန်သူ မသီသီဝင်းအား အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ် ချမှတ်ခဲ့ပြီး တရားခံထံမှ သိမ်းဆည်းရမိခဲ့သောပြစ်မှုနှင့်ဆိုင်သည့် ငွေကျပ် ၅၀,၀၀၀ အနက် ၃၀,၀၀၀ ကျပ်ကို နစ်နာကြေးအဖြစ်ပေးအပ်ခဲ့ခြင်းဖြစ်သည်ဟုသိရသည်။

## တစ်လအတွင်း မူးယစ်ဆေး ထူးခြားဖြစ်စဉ် ၁၀မှုအထိ ဖမ်းမိ

အိဖြူလွင်

ရန်ကုန်၊ ဇွန် – ၂

ဇွန်လ ၁၆ ရက်မှ ၂၃ ရက်အတွင်း တစ်နိုင်ငံလုံး၌ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ထူးခြားဖြစ်စဉ်ပေါင်း ၁၀မှုထိ ဖမ်းဆီးရမိခဲ့သည် ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖမ်းဆီးရမိသောနေရာများမှာ တာချီလိတ်မြို့နယ်၊ မူဆယ်မြို့နယ်၊ ဖားကန့်မြို့နယ်၊ ဗန်းမော်မြို့နယ်၊ လွယ်ကျယ်မြို့နယ်၊ မန်စီမြို့နယ်၊ မန္တလေးမြို့တို့တွင်ဖြစ်သည်ဟုသိရသည်။

အဆိုပါအမှုများ ဖမ်းဆီးမိရာမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၁,၀၀၀ ကျော်နှင့် နှင်းဆီပွင့်တံဆိပ်ပါ စိတ်ကြွရူးသွပ်ဆေးပြား ၉,၀၀၀ ကျော်ကို ဖမ်းဆီးမိခဲ့သည်ဟုသိရသည်။

စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဘိန်းစိမ်းနှင့် ဘိန်းဖြူ ထည့်ထားသည့် ဆပ်ပြာခွက်များ၊ မူးယစ်ဆေးဝါးရောင်းရငွေများကိုပါ သိမ်းဆည်းရမိခဲ့သည်။ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသည့်ပြစ်မှုကျူးလွန်သူ၃၁ဦးကို သက်ဆိုင်ရာရဲစခန်းများတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သည့် ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မများအရ အမှုဖွင့် အရေးယူထားကြောင်းသိရသည်။

## ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ပိုင်ခွင့်အာဏာနှင့်တာဝန်များ ပိုလာဖွယ်ရှိ


ကျော်သီဟ

ရန်ကုန်၊ ဇွန် – ၁

မြန်မာနိုင်ငံတစ်ဝန်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများအား လုပ်ထုံးလုပ်နည်းများထက် ပိုမိုတိကျသော အခွင့်အာဏာများပေးကာ ဒေသခံများအား အုပ်ချုပ်စီမံခွင့် ရရှိမည်ဖြစ်ကြောင်း အုပ်ချုပ်ရေးမှူးလုပ်ထုံးလုပ်နည်းများပြုစုနေသည့်တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

“အခု ရပ်ကွက်အုပ်ချုပ်ရေးမှူးလုပ်ငန်းစဉ်တွေမှာ ရပ်ကွက်၊ ကျေးရွာအတွင်း အမြဲနေထိုင်သူ၊ ဧည့်စာရင်းနဲ့နေထိုင်သူ၊ အငှားနေထိုင်သူ စာရင်းတွေနဲ့ မြေပြင်လူဦးရေစာရင်းတွေ၊ ရပ်ကွက်မှာဖြစ်ပွားတဲ့ ရောဂါကပ်ဘေးနဲ့ သဘာဝဘေးအန္တရာယ်တွေကို မှတ်တမ်းပြုစုခြင်းနဲ့ ထူးခြားဖြစ်စဉ်တွေမှတ်တမ်းပြုစုခြင်းစတဲ့အုပ်ချုပ်ရေးပိုင်းဆိုင်ရာ လုပ်ငန်းတာဝန်တွေကို လုပ်ကိုင်ကြရမှာဖြစ်ပြီး ရပ်ကွက်ဒေသခံတွေရဲ့ သာမန်ပြဿနာတွေကိုပါကိုင်တွယ်ဖြေရှင်းရမယ့် တာဝန်တွေကိုပါထမ်းဆောင်ရမှာဖြစ်ပါတယ်”ဟု အထက်ပါပုဂ္ဂိုလ်ကပြောကြားသည်။

ယခင် ရ. ယ. က(ရပ်ကွက်ဥက္ကဋ္ဌ)များ တာဝန်ထက် ပိုမိုထမ်းဆောင်ကြရမည်ဖြစ်ပြီး ရပ်ကွက်ဒေသခံများ အလွယ်တကူဆက်သွယ်နိုင်သော ရပ်ကွက်အုပ်ချုပ်ရေးမှူးဖုန်းနံပါတ်မှအစ ဒေသခံများကသိရှိကာ အကူအညီလိုအပ်လာလျှင် တောင်းခံနိုင်သည်အထိ



အုပ်ချုပ်ရေးမှူးလုပ်ထုံးလုပ်နည်း လက်စွဲစာအုပ်

စီစဉ်ထားသည်ဟုသိရှိရသည်။

ယခု အသစ်ရေးဆွဲမည့် လုပ်ထုံးလုပ်နည်းအရဆိုလျှင် အုပ်ချုပ်ရေးမှူးအသစ်များမှာ တာဝန်ပိုယူရမည့်အပိုင်းများရှိလာပြီး လူထုနှင့် ရပ်ကျိုးရွာကျိုးအတွက် ပိုမိုထိရောက်စွာထမ်းဆောင်နိုင်ရန် စီစဉ်ခြင်းဖြစ်ကြောင်းသိရှိရသည်။

ကျေးရွာအုပ်ချုပ်ရေးမှူးများအား ဧပြီလကုန်အတွင်း နေပြည်တော်ခရိုင်ရှိ ကျေးရွာ၊ ရပ်ကွက်များနှင့် မေလဆန်းပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် မြို့ကြီးများ၌ အသီးသီး ပြန်လည်ရွေးချယ်မှုများပြုလုပ်ခဲ့သည်။ အသစ်ခန့်ထားသော အုပ်ချုပ်ရေးမှူးများမှာ ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ပြီး သင့်တင့်သောပညာအရည်အချင်းရှိရမည်ဖြစ်သည်။ ၎င်းကိုယ်တိုင် ပြစ်မှုကျူးလွန်ခဲ့သူမဟုတ်ရသလို ၎င်းမိသားစုတစ်ဦးဦးပါပြစ်မှုကျူးလွန်ဖူးသူမဖြစ်ရန် လိုကြောင်းလည်း သတင်းရရှိသည်။

## ယွမ်ငွေတန်ဖိုး ထိုးကျ၍ နယ်စပ်တွင် ကုန်စည်စီးဆင်းမှု နှေးကွေးသွား

ပြည်သိမ်း

ရန်ကုန်၊ ဇွန် – ၂

တရုတ်-မြန်မာ နယ်စပ်ကုန်သွယ် ရေးတွင် အဓိကအားထားနေရသည့် တရုတ်ယွမ်ငွေတန်ဖိုးမှာ ရုတ်တရက်ထိုးကျလာသည့်အတွက် နယ်စပ်ကုန်သွယ်ရေးတွင် ကုန်စည်စီးဆင်းမှု နှေးကွေးသွားကြောင်း မူဆယ် ၁၀၅ မိုင်မှ ကုန်သည်များက ဆိုသည်။

တရုတ်ယွမ်ငွေနှင့် မြန်မာ့ ကျပ်ငွေလဲလှယ်မှုနှုန်းထားသည် မေလက ကျပ်ငွေ ၁၀၀၀ကို ၇ ဒသမ ၅ယွမ်ဝန်းကျင်သာရှိခဲ့သည်။ ဇွန်လဆန်းမှစတင်ပြီး တရုတ်ယွမ်ငွေသည်ကျပ်ငွေ ၁၀၀၀ ကို ၈ ဒသမ ၅ ယွမ်ထိ ကျဆင်းလာသည်။ ယင်းသို့ တရုတ်ယွမ်ငွေ တန်ဖိုးကျဆင်းလာရခြင်းသည် မြန်မာနိုင်ငံ၌ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံလာသည့် ကျောက်ဖြူ၊ တံတားနီးတို့ကဲ့သို့ စီမံကိန်းကြီးများတွင် ယွမ်ငွေကိုသာ အသုံးပြုမှုများလာခြင်း၊ တရုတ်တို့က မြန်မာနိုင်ငံသို့ ချေးငွေများပေးရာတွင် ယွမ်ငွေသာ အဓိကပေးခြင်းတို့ကြောင့်ဖြစ်ကြောင်းကို တရုတ်-မြန်မာ နယ်စပ်မှ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ကြသည်။

“အခုလို ရုတ်တရက် တန်ဖိုးပြောင်းသွားတော့ လောလောဆယ်ကုန်သည်တွေနစ်နာတယ်။ ကြာလာရင် ဒီသက်ရောက်မှုက တောင်သူတွေထိပါရောက်သွားမယ်” ဟု အထက်ပါပုဂ္ဂိုလ်ကဆို သည်။ တရုတ်ယွမ်ငွေတန်ဖိုး ကျဆင်းခြင်းသည် သွင်းကုန်သမားများအတွက် ပိုမိုအဆင်ပြေစေသည်။ သွင်းကုန်များမှာ ဈေးနှုန်းများလျှော့ကျပြီး ပိုမိုဝင်ရောက်လာနိုင်ကြောင်း မူဆယ်မှ လုပ်ငန်းရှင်က သုံးသပ်သည်။ တရုတ်ယွမ်ငွေသည် နိုင်ငံတကာသုံးဈေးကွက်သို့ ထိုးဖောက်နေပြီး တရုတ်-မြန်မာနှစ်နိုင်ငံ ကုန်သွယ်ရေးတွင်လည်း အဓိကအရေးပါလာသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေသည့် ပို့ကုန်များတွင် စိုက်ပျိုးရေးသီးနှံများနှင့် လယ်ယာထွက်ကုန်များသာ အဓိကများသည်။ တရုတ်နိုင်ငံမှ သွင်းကုန်များမှာ ပြည်တွင်း၌ အဓိကအရေးပါသည့် အခန်းကဏ္ဍ၌ရှိနေသည်။ လက်ရှိကာလ၌ အများဆုံးသွင်းကုန်များမှာ ဘိလပ်မြေ၊ လျှပ်စစ်ပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်း သဲ၊ သံများ၊ ဓာတ်မြေဩဇာ၊ အီလက်ထရွန်နစ်ပစ္စည်းနှင့် စားသောက်ကုန်များ စသဖြင့် အမျိုးစုံသည်။

မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးတွင် တရုတ်-မြန်မာကုန်သွယ်မှုသည် စီးပွားကူးသန်းစာရင်းဇယားများအရ ၂၀၁၀-၁၁ ဘဏ္ဍာနှစ်နိုဝင်ဘာထိ ၈၃ ဒသမ ၄၁ရာခိုင်နှုန်းရှိသည်။ ယင်းတို့ တွင် တရုတ်သို့ ပို့ကုန်မှာ ကန် ဒေါ် လာသန်းပေါင်း ၅၆၇ ဒသမ ၇၂၅ ရှိပြီး သွင်းကုန်မှာ ကန်ဒေါ် လာသန်းပေါင်း ၄၈၆ ဒသမ ၆၁၀ ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံ ၏ နယ်စပ်ကုန်သွယ်ရေးပမာဏသည် ကန်ဒေါ် လာသန်းပေါင်း ၁၂၆၄ ဒသမ ၀၀၃ သန်းရှိပြီး တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယတို့နှင့် နယ်စပ်ကုန်သွယ်ရေးများ ပြုလုပ်လျက်ရှိသည်။



ဝက်နားရွက်ပြာရောဂါကြောင့် ဝက်သားစားသုံးသူ ဆက်တိုက်လျော့ကျလျက်ရှိသည်။
ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

## တရားမဝင်ဝက်သတ်ရောင်းချနေမှုများ ရှာဖွေဖမ်းဆီး

သန်းဒွေး

ရန်ကုန်၊ ဇွန် – ၁

**တရားမဝင် ဝက်သတ်ရောင်းဝယ်ခြင်းများအား ရှာဖွေစစ်ဆေးလျက်ရှိရာ ဝက်ကောင်ရေ ၁,၀၀၀ ခန့် ဖမ်းဆီးမိခဲ့ကြောင်း တိရစ္ဆာန်ရောဂါရှာဖွေထိန်းချုပ်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။**

“ဈေးတွေမှာ သိမ်းဆည်းတာ၊ ဝင်စစ်တာတွေပါ လုပ်နေရတယ်။ အရေးယူဆောင်ရွက်တာပါ လုပ်နေရပြီ” ဟု ၎င်းကပြောသည်။

ဒေသဝက်မွေးမြူသူ အများစုသည် မိမိတို့ အိမ်တွင် ခြံခတ်၍လည်းကောင်း၊ လွှတ်ကျောင်း၍လည်းကောင်း၊ တစ်ပိုင်တစ်နိုင် မွေးမြူကြသူများသည်။ ဝက်စာကိုလည်း အိမ်များမှ လိုက်လံစုဆောင်းကာ ဝက်များအား ကျွေးမွေးလေ့ရှိသည်။ ထို့နောက် မိမိတို့ဘာသာ ဝက်သတ်၍ ရောင်းသကဲ့သို့ ဝက်ဝယ်သူများကလာရောက်ဖမ်းဆီးဝယ်ယူသွားကာသတ်ပြီး ရောင်းလေ့ရှိနေကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးကလည်းပြောသည်။

“ကျန်းမာတဲ့ ဝက်ကိုပဲ တရားဝင်ဝက်သတ်လိုင်စင်ရှိတဲ့သူက သတ်မှတ်ထားပေးတဲ့ဝက်သတ်ရုံတွေမှာသတ်ပြီး တရားဝင်ဈေးမှာရောင်းချခွင့်ရှိတယ်”ဟု၎င်းကပြောသည်။

လိုင်စင်စီဟုခေါ် သော တရားဝင်ဝက်သတ်လုပ်ငန်းလိုင်စင်ရှိထားသူများပင် ရောဂါရှိနေသောဝက်အား သတ်ပြီး ရောင်းချခြင်းကိုစစ်ဆေးတွေ့ရှိပါက နောင်နှစ်တွင် ၎င်းအား လိုင်စင်ထပ်မံချထားပေးမည် မဟုတ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဌာနမှ တာဝန်ရှိသူတစ်ဦးက အသိပေးပြောကြားသည်။

စာ(၁၂)သို့


TRI
LIVES BRILLIANTLY
KEEP GO
FOR RAINING DAYS


Giorenzo
GIORENZO
GIORENZO
RAIN COAT
THE QUALITY OF DREAM

7DAY NEWS JOURNAL
Vol.10, No.12 • JUNE 9, 2011

# သုတေသနပြုလုပ်ပြီးသော ရာသီဥတုဒဏ်ခံ သီးနှံမျိုးစိတ်သစ်များကို တောင်သူများ ဝယ်ယူနိုင်ပြီ

**အိဖြူမွန်**

**ရန်ကုန်၊**

**ဇွန် - ၂**

ရာသီဥတုပြောင်းလဲခြင်းနှင့် လိုက်လျောညီထွေစွာ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးအတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသနပြုလုပ်လျက်ရှိရာ ယခုအခါ စပါးမျိုးစိတ်သစ်သုံးမျိုးနှင့် အပူပိုင်းဒေသတွင် စိုက်ပျိုးရန် အခြားသီးနှံများကို သုတေသနပြုပြီးဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှတာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

"စပါးမျိုးစိတ်ကိုတော့တောင်သူတွေဝယ်ချင်ရင် သက်ဆိုင်ရာ စိုက်ပျိုးရေးရုံးတွေမှာ ဝယ်လို့ရပါပြီ။ အခြားပဲ့ကုန်သီးနှံဖြစ်တဲ့ နှမ်း၊ ပဲ၊ ပြောင်း၊ ဝါတို့ကိုတော့ အပူပိုင်းဒေသအတွက်ပဲ ရသေးတယ်။ ကျန်တဲ့ဒေသတွေအတွက် သုတေသနလုပ်နေတုန်းရှိပါသေးတယ်။ ဒီမျိုးစိတ်တွေက အပူလွန်၊အအေးလွန်တဲ့ ရာသီဥတုဒဏ်ကိုအတော်အသင့်ခံနိုင်ရည်ရှိပါတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

စပါးမျိုးစိတ်သစ်နာမည်များမှာ ရေခြောက်၊ ရေခန်းဒဏ်ခံနိုင်သောစပါးအား ရေနည်းလို(၁)၊ ရေမြုပ်ဒဏ်ခံနိုင်သောစပါးအား Swama Sub(1)၊ ဆားငန်ဒဏ်ခံနိုင်သောစပါးအား ဆားငန်ခံဆင်းသွယ်လတ်ဟူ၍ အမည်ပေးထားကြောင်းသိရှိရသည်။ စပါးမျိုးစိတ်သစ်အတွက် သက်ဆိုင်ရာ စိုက်ပျိုးရေးရုံးများတွင် ဝယ်ယူနိုင်သော်လည်း အပူပိုင်းဒေသထွက် နှမ်း၊ ပဲ၊ ပြောင်း၊ ဝါများကိုမဖြန့်ဝေသေးကြောင်း အထက်ပါပုဂ္ဂိုလ်က ထပ်မံပြောကြားသည်။

အခြားသီးနှံများကိုစမ်းသပ်စစ်ဆေးလျက်ရှိပြီး၊ စပါးမျိုးစိတ်သစ်သုံးမျိုးကို၂၀၀၂-၀၃ခုနှစ်ဘဏ္ဍာရေးနှစ်ကတည်းက စမ်းသပ်သုတေသနပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

ရာသီဥတုပြောင်းလဲခြင်းကြောင့် ၂၀၁၀ ပြည့်နှစ်အတွက် လယ်ယာကဏ္ဍသီးနှံ ပျက်စီးဆုံးရှုံးမှုသည် ဧကတစ်သိန်းဝန်းကျင်ပျက်စီးခဲ့ကြောင်းသိရှိရသည်။ မြန်မာနိုင်ငံတွင် စပါးမျိုးစိတ်ပေါင်းတစ်သောင်းကျော်ရှိပြီး၊ မျိုးစိတ်သစ်များထွက်ရှိသော်လည်း ရေခန်းခြောက်သည့်ဒေသကိုအကြမ်းဖျင်းအားဖြင့် အပူပိုင်းဒေသ (စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး)ဟု တွက်ချက်ထားသော်လည်း ရေဝပ်ဧရိယာပမာဏကို မသိရှိသေးပေ။

"ဧကဘယ်လောက်ထိ ရေဝပ်ဧရိယာရှိလဲဆိုတဲ့နေရာ အတိအကျမရှိသေးဘူး။ အဲဒါ သိဖို့လည်းလိုတယ်"ဟု ရေအသုံးချရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ရေသယံဇာတစီမံခန့်ခွဲရေး ဆွေးနွေးပွဲတွင်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲခြင်းဒဏ် အများဆုံးခံရသောဒေသများမှာ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ဖြစ်ကြောင်း သိရှိရသည်။

# ပို့ကုန်ရငွေတန်ဖိုး ရုတ်တရက်အပြောင်းအလဲကြောင့် ပဲဈေးများ အတက်အကျမြန်

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊**

**ဇွန် - ၅**

ပြည်ပပို့ကုန်ရငွေတန်ဖိုး ရုတ်တရက် အပြောင်းအလဲတွင် ပြည်တွင်း ကုန်စည်ဈေးကွက်၌ ပဲဈေးနှုန်းများ အတက်အကျလျင်မြန်ခဲ့ကြောင်းပဲကုန်သည်များထံမှစုံစမ်းသိရသည်။

ရက်ပိုင်းအတွင်းမှာပင်ပြည်တွင်းဈေးကွက်၌ အိန္ဒိယနိုင်ငံသို့ အဓိက တင်ပို့နေရသည့် မတ်ပဲ၊ ပဲစင်းငုံတို့မှာ တစ်တန်လျှင် ကျပ်လေးသောင်းမှ ငါးသောင်းကြား ဈေးနှုန်းပြောင်းလဲသွားသည်။ ပြည်ပပို့ကုန်ရငွေတန်ဖိုး ၈၀၅ ကျပ်သို့ ကျဆင်းသွားသည့်ရက်တွင် မတ်ပဲ FAQ အမျိုးအစားကို ၅၂၀,၀၀၀ ကျပ်ထိ ဈေးကျပြီး ယနေ့ ၈၂၄ ကျပ်သို့ပြန်လည်မြင့်တက်လာချိန်တွင် တစ်တန်လျှင် ၅၆၀,၀၀၀ ကျပ်သို့ ဈေးပြန်တက်လာသည်။

"ပဲဈေးက ဒေါ်လာဈေး၊ ပြည်ပပို့ကုန်ရငွေတန်ဖိုးကျရင် လိုက်ကျတာပဲ"ဟု ပြည်ပသို့ ပဲတင်ပို့နေသည့်လုပ်ငန်းရှင်တစ်ဦးကဆိုသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ယခုရက်ပိုင်းအတွင်း ပဲအချို့မှာ ကျပ်လေးငါးသောင်းအထိ ဈေးနှုန်းများ မြင့်တက်ခဲ့သည်။**

ယခုနှစ်သည် ရာသီဥတုကြောင့် ပဲပျက်စီးမှုများပြီး အရည်အသွေးကျဆင်းလာသည့်အတွက် ဈေးနှုန်းများလည်း ကျဆင်းခဲ့ရသည်။ လယ်သမားများကလည်း သင်္ကြန်နောက်ပိုင်းတွင် လက်ထဲ၌ရှိသောပဲများကိုလျင်မြန်စွာရောင်းချခဲ့ခြင်း၊ သိုလှောင်ထားသူများကလည်း ဈေးဆက်ကျမည်ကိုစိုးရိမ်ပြီး ရောင်းချခြင်းတို့ကြောင့် ယခုကဲ့သို့ ပဲဈေးကျဆင်းနေခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ပဲ၊ နှမ်းအသင်းမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

"အိန္ဒိယက ဝယ်အားကမနှစ်ကထက် ကောင်းနေတယ်။ ငွေဈေးသာငြိမ်မယ်ဆိုရင် ဈေးကတည်ငြိမ်နေမှာပါ"ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

ပြည်တွင်း ပဲကုန်သည်များမှာလည်း ဝယ်ယူသိုလှောင်ထားသည့် ပဲများကို ဈေးစောင့်ပြီး လက်ထဲ၌ဆက်လက်မထားနိုင်ဘဲ ရောင်းချလိုနေကြသည်။ ဝယ်ယူမည့်သူကလည်း ဈေးကွက်အခြေအနေအရ ထိန်းနေရသည့်အတွက် ပဲကိုလက်သိပ်ထိုးရောင်းနေရကြောင်း ပဲခူးတိုင်းဒေသကြီးမှ ပဲကုန်သည်တစ်ဦးကဆိုသည်။

"လက်ထဲမှာ ကိုင်မထားနိုင်ဘူး။ အခုကတည်းက တစ်တင်းကို ၁၂,၀၀၀ ကျပ်လောက်ရှုံးနေတယ်။ လှောင်တုန်းက တစ်တင်းကို လေးသောင်းနဲ့ဝယ်ထားပြီး အခု ရောင်းချိန်မှ ၂၈,၀၀၀ ကျပ် ပဲရတော့တယ်"ဟု အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။

လက်ရှိဈေးကွက်အတွင်း၌ ပဲဈေးနှုန်းများသည် မတ်ပဲ FAQ အမျိုးအစား တစ်တန်လျှင် ၅၆၀,၀၀၀ ကျပ်ထိဈေးရသည်။ ပဲစင်းငုံမှာလည်း တစ်တန်လျှင် ၄၇၀,၀၀၀ ကျပ်ထိဈေးမြင့်လာသည်။

ပြည်ပသို့ တင်ပို့သည့် FOB ဈေးနှုန်းများမှာ မတ်ပဲ FAQ အမျိုးအစားမှာ တစ်တန်လျှင် ကန်ဒေါ်လာ ၈၀၀ ဝန်းကျင်၊ SQ အမျိုးအစားမှာ ကန်ဒေါ်လာ ၉၅၀ ဝန်းကျင်ဈေးရကြောင်းသိရသည်။

# အဘထရှူဆေးကို ထိုင်းနိုင်ငံတွင် တရားဝင်ရောင်းချခွင့်ရ

**အောင်သူရ**

**ရန်ကုန်၊ ဇွန် - ၄**

မြန်မာတိုင်းရင်းဆေးတစ်မျိုးဖြစ်သော အဘထရှူဆေးအား ထိုင်းနိုင်ငံတွင် တရားဝင်ရောင်းချရန် ထိုင်း အမျိုးသားကျန်းမာရေးဦးစီးဌာနက ခွင့်ပြုလိုက်ပြီဖြစ်ကြောင်းသတင်း ရရှိသည်။

"ခွင့်ပြုချက်က ဒီဇင်ဘာကတည်းကရတာ။ ဒါပေမဲ့ ထုပ်ပိုးမှုပိုင်းပြင်ဆင်နေတာနဲ့ ဇွန်လမှပဲ တင်ပို့ဖြစ်တယ်"ဟု အဘထတိုင်းရင်းဆေးပိုင်ရှင် ဒေါက်တာနိုင်အောင်ကပြောသည်။

ထိုကဲ့သို့ တင်ပို့ရောင်းချနိုင်ရန် ဆေးတွင် ပါဝင်ပစ္စည်းများ၏ အာနိသင်နှင့် ဘေးအန္တရာယ်ရှိ၊ မရှိ စစ်ဆေးပြီးနောက် ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ဒေါက်တာနိုင်အောင်ကဆိုသည်။

ဈေးကွက်သုတေသနပြုလုပ်ချက်များအရ ထိုင်းနိုင်ငံရောက်မြန်မာလုပ်သားများအပြင် ထိုင်းနိုင်ငံသား ရုံးဝန်ထမ်းများနှင့် တက္ကစီမောင်းသူများ အသုံးပြုကြပြီး တစ်လလျှင် ဘူးနှစ်သောင်းကျော် တင်ပို့နေရကြောင်း သိရှိရသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းဆေးထုတ်လုပ်သောကုမ္ပဏီပေါင်းလေးထောင်ကျော်ရှိပြီး အဘထတိုင်းရင်းဆေးအား ၂၀၀၃ခုနှစ်မှ စတင်ထုတ်လုပ်ခဲ့ကာ ခေါင်းကြည်လင်သည့်ဆေးအဖြစ် ဝယ်ယူအသုံးပြုကြကြောင်း သိရှိရသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ကုန်ရှားချိန်တွင် ရထားအဝင်စိပ်လာခြင်းကြောင့် ကုန်တင်ပို့သူများအခက်တွေ့

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန် - ၄**

မိုးတွင်းကာလကုန်စည်ပို့ဆောင်မှုနည်းချိန်တွင် ရထားဆိုက်ရောက်မှုအကြိမ်များလာ၍ ရထားဖြင့် ကုန်တင်ပို့သူများ အခက်အခဲနှင့်ကြုံတွေ့နေရကြောင်း ကုန်သည်များကပြောသည်။

ရထားဖြင့် ကုန်တင်ပို့သူများမှာ ကုန်တန်ဆာခပေး၍ ကုန်တင်ပို့နေရုံသာမကဘဲ တစ်နှစ်စာအတွက် ကုန်တင်ပို့ရန်စပေါ်ငွေပေးသွင်းထားရကြောင်းကုန်သည်များကပြောသည်။

"ရထားက ဝင်တာစိပ်လာတော့ ရထားဆိုက်တဲ့အချိန်ကုန်တင်ပို့နိုင်အောင် လုပ်နေရတယ်။ ကိုယ့်အလှည့်ကျတဲ့အချိန်ကုန်မတင်နိုင်ရင်စပေါ်ငွေထဲက ဖြတ်မှာစိုးလို့ တော်တော်ကြိုးစားပြီး ကုန်ရှာနေရတယ်"ဟု စပေါ်ငွေပေးသွင်းကာ ကုန်တင်ပို့နေသော ကုန်သည်တစ်ဦးကပြောသည်။

ယခင်က ရထားဝင်ရောက်မှုမှာ တစ်လလျှင် ၂ကြိမ်ဝင်ရောက်လေ့ရှိပြီး အများဆုံး ၃ ကြိမ်ထိသာဝင်ရောက်လေ့ရှိကြောင်းသိရသည်။

ယခုနောက်ပိုင်း၌ ရထားဝင်ရောက်မှုမှာ ၁ လလျှင် ၅ ကြိမ်ထိရှိလာ၍ စပေါ်ငွေမဆုံးရန်အတွက် ကုန်သည်များကုန်အမြန်ရှာနေရကြောင်း အဆိုပါ ကုန်သည်များကပြောသည်။

ပုံမှန်အားဖြင့် ရထားတန်ဆာခမှာ၁ပိဿာလျှင်၁၄ကျပ်သာရှိသော်လည်း စပေါ်ငွေဖြင့် ကုန်တင်ပို့သူများမှာ ၁ပိဿာ ၂၈ ကျပ်နှုန်းဖြင့် တင်ပို့နေရကြောင်း သိရသည်။

"ရထားနဲ့ တင်ရတာက အခုအရှုံးပေါ်နေတယ်။ ကုန်ရှားတဲ့အချိန်ဆိုတော့ ကုန်ရှာရတာက မလွယ်ဘူး။ ကုန်ပေါတဲ့ နွေရာသီကျပြန်တော့လည်း ရထားက ထွက်တာနည်းတော့ အဆင်မပြေဘူး"ဟု ရထားဖြင့်ကုန်တင်ပို့သော ကုန်သည်တစ်ဦးကပြောသည်။



မဖြူဖြူသင်း ဦးဆောင်လုပ်ကိုင်နေသည့် အိတ်ချ်အိုင်ဗီပိုးကူးစက်ခံနေရသူနှင့် အေအိုင်ဒီအက်စ်ရောဂါဝေဒနာရှင်များ စောင့်ရှောက်သည့်ဂေဟာမှ ဝေဒနာရှင်များနှင့် ဂျွန်မက်ကိန်း တွေ့ဆုံစဉ် ဓာတ်ပုံ-အားမာန်

# အိုဘားမား၏ ပြိုင်ဘက်ဟောင်း ဂျွန်မက်ကိန်း မြန်မာလူမှုရေးအဖွဲ့အစည်းနှစ်ခုနှင့်တွေ့ဆုံ

အားမာန်

ရန်ကုန်၊ ဇွန် - ၂

**၂၀၀၈ အမေရိကန်သမ္မတရွေးကောက်ပွဲတွင် အိုဘားမားနှင့်အပြိုင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော အမေရိကန် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းသည် ဇွန်လ ၂ရက် နံနက်ပိုင်းတွင် လူမှုရေးလုပ်ငန်းများ လုပ်ကိုင်နေသော အဖွဲ့အစည်းနှစ်ခုသို့ သွားရောက်ပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံခဲ့သည်။**

ဂျွန်မက်ကိန်း၏ သုံးရက်တာ မြန်မာနိုင်ငံခရီးစဉ်၏ ဒုတိယမြောက်နေ့ နံနက်ပိုင်းတွင် မဖြူဖြူသင်း ဦးဆောင်လုပ်ကိုင်နေသည့် အိတ်ချ်အိုင်ဗီပိုး ကူးစက်ခံနေရသူနှင့်အေအိုင်ဒီအက်စ်ရောဂါဝေဒနာရှင်များ စောင့်ရှောက်သည့်ဂေဟာသို့ သွားရောက်ကြည့်ရှုခဲ့သည်။ တောင်ဒဂုံမြို့နယ်တွင်တည်ရှိသော အဆိုပါဂေဟာသို့ ၂၀၀၈ အမေရိကန်ရွေးကောက်ပွဲတွင် သမ္မတလောင်းတစ်ဦးဖြစ်ခဲ့သော ဂျွန်မက်ကိန်းက အစောင့်အရှောက်မပါဘဲ နံနက် ၉နာရီခွဲတွင်ရောက်ရှိလာသည်။

မိုးပြာရောင်ရှပ်အင်္ကျီ၊ အနက်ရောင်စတိုင်ပင်ဘောင်းဘီရှည်၊ ရှူးဖိနပ်သပ်ရပ်စွာဝတ်ဆင်ထားသော ဂျွန်မက်ကိန်းက မဖြူဖြူသင်းအပါအဝင် အဆိုပါဂေဟာမှ တာဝန်ရှိသူများနှင့်တွေ့ဆုံစကားပြောပြီး လူနာများကို ကြည့်ရှုခဲ့သည်။ ဂျွန်မက်ကိန်းနှင့် ကိုယ်စားလှယ်အဖွဲ့မှာ ယင်းဂေဟာတွင် မိနစ် ၃၀ ကျော် ကြာနေခဲ့သည်။ အဆိုပါဂေဟာတွင် အိတ်ချ်အိုင်ဗီနှင့်အေအိုင်ဒီအက်စ် ရောဂါဝေဒနာရှင် ၁၀၀ကျော်ရှိသည်။

ထို့နောက် အမေရိကန်အထက်လွှတ်တော်အမတ်သည် မြောက်ဒဂုံမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့သွားရောက်ခဲ့သည်။ အဆိုပါအသင်း၏ ဥက္ကဋ္ဌ ဦးကျော်သူအပါအဝင် တာဝန်ရှိသူများနှင့် တစ်နာရီကျော်ကြာ တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် အသင်း၏ လုပ်ဆောင်ချက်များနှင့် ပတ်သက်၍အများဆုံးမေးမြန်းခဲ့ကြောင်း နာရေးကူညီမှုအသင်းမှ ဘဏ္ဍာရေးမှူးနှင့် အလုပ်အမှုဆောင် ဒေါ်မြင့်မြင့်ခင်ဖေ(ဦးကျော်သူ၏ဇနီး)ကပြောသည်။

"ပြည်သူတွေရဲ့ အရေးအကြီးဆုံးလိုအပ်ချက်တွေကို ထူးထူးခြားခြားကူညီဖြည့်ဆည်းပေးနေတဲ့ အမျိုးသား၊အမျိုးသမီးကောင်းတချို့နဲ့လည်း တွေ့ခဲ့ရပါသေးတယ်"ဟုဂျွန်မက်ကိန်းက အထက်ပါအသင်းအဖွဲ့နှစ်ခုမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခြင်းကို ပြန်လည်ပြောကြားသည်။

ဂျွန်မက်ကိန်းနှင့် ကိုယ်စားလှယ်အဖွဲ့မှာ မြန်မာနိုင်ငံသို့ ဇွန်လ ၁ ရက်တွင် စတင်ရောက်ရှိသည်။ ထိုင်းနိုင်ငံမှတစ်ဆင့် နေပြည်တော်သို့ ရောက်ရှိလာပြီးနောက် မြန်မာနိုင်ငံ ဒုတိယသမ္မတသီဟသူရဦးတင်အောင်မြင့်ဦး၊ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဖြစ်သော ဦးဝဏ္ဏမောင်လွင်တို့နှင့် တွေ့ဆုံခဲ့သည်။

အသက် ၇၅ နှစ်အရွယ် အထက်လွှတ်တော်အမတ်၏ ယခုခရီးစဉ်မှာ မြန်မာနိုင်ငံသို့ တတိယအကြိမ်လာရောက်ခြင်းဖြစ်သည်။ လွန်ခဲ့သော ၁၅ နှစ်က မြန်မာနိုင်ငံသို့ နောက်ဆုံးလာရောက်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်သမ္မတအိုဘားမားလက်ထက်တွင် မြန်မာနိုင်ငံနှင့် ဆက်ဆံရေးမူဝါဒအသစ်ကို ချမှတ်ခဲ့သည်။ စီးပွားရေးအရ ပိတ်ဆို့မှုများ ဆက်လက်ထားရှိသလို၊ တိုက်ရိုက်ထိတွေ့ဆက်ဆံသည့်မူဝါဒသစ်ကျင့်သုံးပြီးနောက် ၂၀၀၉ ခုနှစ်တွင် အမေရိကန်အထက်လွှတ်တော်အမတ် မစ္စတာဂျင်ဝက်ဘ်လာရောက်ခဲ့သည်။ ထို့ကြောင့် ဂျွန်မက်ကိန်း၏ ခရီးစဉ်မှာ သမ္မတအိုဘားမားလက်ထက် ဒုတိယမြောက်အမေရိကန်အထက်လွှတ်တော်အမတ်မြန်မာနိုင်ငံသို့လာခဲ့ခြင်းဖြစ်သည်။ သို့သော် ဗီယက်နမ်စစ်ပြန် တပ်မတော်အရာရှိကြီးတစ်ဦးဖြစ်ပြီး သမ္မတလောင်းဖြစ်ခဲ့ဖူးသူဂျွန်မက်ကိန်း၏ ခရီးစဉ်ကို ကမ္ဘာ့သတင်းမီဒီယာများက ဂျင်ဝက်ဘ်ခရီးစဉ်ထက် ပိုမိုအာရုံစိုက်ခဲ့သည်။

၎င်း၏ခရီးစဉ်မတိုင်ခင် မေလ ၁၈ ရက်မှ ၂၀ ရက်အထိ အရှေ့တောင်အာရှနှင့် ပစိဖိတ်ရေးရာ အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ဂျိုးဇက်ယွန်း လာရောက်ခဲ့သေးသည်။

# တင်သွင်းသမျှကိုပြင်ပတွင်လွတ်လပ်စွာရောင်းချခွင့် ပြုလိုက်သည့်အတွက် စားအုန်းဆီဈေးကျဆင်း

သိမ့်သိမ့်စိုး

ရန်ကုန်၊ ဇွန် - ၄

**စားအုန်းဆီတင်သွင်းခွင့်ရထားသောပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့်ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးအဖွဲ့သို့တင်သွင်းမှု၏၆၀ရာခိုင်နှုန်းကိုရောင်းချပေးစရာမလိုတော့ဘဲသွင်းသမျှကိုပြည်ပသို့လွတ်လပ်စွာရောင်းချခွင့်ပြုလိုက်ပြီဖြစ်၍ ဆီဈေးနှုန်းများ ကျဆင်းသွားကြောင်းသိရသည်။**

"စားအုန်းဆီက လွတ်လပ်စွာရောင်းချခွင့်တော့ပေးလိုက်ပြီ။ ဒါပေမဲ့ တင်သွင်းလာတဲ့ကုမ္ပဏီတွေအနေနဲ့ ကိုယ်စားလှယ်ဆိုင်တွေကိုတော့ တိုက်ရိုက်ရောင်းပေးရမယ်"ဟု ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးသိန်းဟန်က ပြောသည်။

ယခုလဆန်းမှစ၍ ယင်းကဲ့သို့တင်သွင်းလာသော ဆီပမာဏအားလုံးကို ပြင်ပသို့ လွတ်လပ်စွာရောင်းချခွင့်ပြုလိုက်၍ စားအုန်းဆီဈေးနှုန်းများမှာလည်း ယခုရက်ပိုင်းတွင် ကျဆင်းသွားကြောင်း သိရသည်။

စားအုန်းဆီဈေးနှုန်းများမှာ ပြီးခဲ့သည့် တစ်ပတ်အတွင်း၌ ၁ပိဿာလျှင် ၂,၃၅၀ကျပ်ရှိနေရာမှ ယခုရက်ပိုင်းတွင် ၁ပိဿာ ၂,၁၅၀ကျပ်ထိဈေးနှုန်းများ ကျဆင်းလာခဲ့ကြောင်းသိရသည်။

"အခုလိုပြောင်းလိုက်တော့ ဆီဈေးနှုန်းကပြန်ကျလာတယ်။ ဈေးက ဆက်ကျနိုင်သေးတယ်။ အခုကြိုရောင်းတဲ့ဈေးက ၁ပိဿာ ၂,၀၂၅ကျပ်ပဲရှိတော့ အပြင်ဈေးက ဆက်ကျနိုင်သေးတယ်"ဟု ဆီလုပ်ငန်းရှင်တစ်ဦးကပြောသည်။ သို့သော်ယခုကဲ့သို့ပြောင်းလဲလိုက်ခြင်းကြောင့် ဆီဈေးနှုန်းများကျဆင်းသွားသော်လည်း စားအုန်းဆီကိုယ်စားလှယ်များမှာ ဆီဝယ်ရန်တွင် အခက်အခဲများရှိနိုင်ကြောင်း စားအုန်းဆီကိုယ်စားလှယ်တစ်ဦးကပြောသည်။

လက်ရှိတွင်စားအုန်းဆီ တင်သွင်းခွင့်ရထားသော ကုမ္ပဏီ ၁၆ခုရှိပြီး အဆိုပါကုမ္ပဏီများမှာ ယခင်က တင်သွင်းလာသောပမာဏ၏ ၆၀ရာခိုင်နှုန်းကို ကုန်ဈေးနှုန်းတည်ငြိမ်ရေးအဖွဲ့သို့ရောင်းချပေးရသည်။ ကျန် ၄၀ ရာခိုင်နှုန်းကိုသာ ပြင်ပသို့ လွတ်လပ်စွာရောင်းချခွင့်ရှိကြောင်း သိရသည်။

# မြန်မာနိုင်ငံ၏ နျူကလီးယားသုတေသန လုပ်ငန်းအစီအစဉ်ရပ်ဆိုင်း

အားမာန်၊ အေးမြကျော်

ရန်ကုန်၊ ဇွန် - ၃

မြန်မာနိုင်ငံတွင် ရုရှားနိုင်ငံ၏ အကူအညီဖြင့် နျူကလီးယားသုတေသနလုပ်ငန်းဆောင်ရွက်ရန် အစီအစဉ်မှာ ယခုအခါ ရပ်ဆိုင်းထားပြီဖြစ်ကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

"နျူကလီးယားကိစ္စနှင့်စပ်လျဉ်း၍ ပြောကြားရလျှင် မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံအကူအညီဖြင့် နျူကလီးယားသုတေသနလုပ်ငန်းဆောင်ရွက်ရန် စီမံခဲ့ပါကြောင်း၊ မိမိတို့ခေတ်နောက်ကျမကျန်ရအောင် နျူကလီးယားနှင့်ပတ်သက်၍ အခြေခံသဘောနားလည်စေရန်နှင့် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် ဆောင်ရွက်ရန်ရည်ရွယ်ခဲ့ပါကြောင်း နျူကလီးယားလက်နက်ထုတ်လုပ်ရန် စဉ်းစားနိုင်မှုမရှိခဲ့သည့်အပြင် စီးပွားရေးအခြေအနေအရလည်း စဉ်းစားနိုင်ရန်မရှိပါကြောင်း"နိုင်ငံတော် ဒုတိယသမ္မတက ဇွန်လ ၁ ရက်တွင် နေပြည်တော်၌ ဂျွန်မက်ကိန်းနှင့်တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

စာ(၁၂)သို့



7DAY NEWS JOURNAL
Vol.10, No.12 · JUNE 9, 2011

# ထပ်မံတွေ့ရှိသော ဝေသာလီခေတ် လေးမြို့ခေတ်နှင့် မြောက်ဦးခေတ် ဆင်းတုတော်များ မြောက်ဦးမြို့၌ပင်ထားရှိမည်

မြတ်စုမွန်၊ ဖိုးသီဟ

ရန်ကုန်၊ ဇွန် - ၄

ရှေးဟောင်းယဉ်ကျေးမှုမြို့တော်တစ်ခုဖြစ်သည့်မြောက်ဦးမြို့တွင် ရှေးဟောင်းစေတီတော်တစ်ဆူကို ပြန်လည်ပြုပြင်ရာ အပေါ်ယံ ရွှေစင်သွန်းထားသည့် ကြေးဆင်းတုတော် တစ်ဆူအပါအဝင် ဝေသာလီခေတ်လေးမြို့ခေတ်နှင့်မြောက်ဦးခေတ်များတွင် ထုဆစ်ခဲ့သည့် ဆင်းတုတော်များ တွေ့ရှိခဲ့ရာ ဒေသခံများ၏ ဆန္ဒအတိုင်းဖြစ်ရမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်၊ ယဉ်ကျေးမှုဝန်ကြီး ဦးအောင်သန်းတင်က ယနေ့ထုတ်ဖော်ပြောကြားလိုက်သည်။

“ဆင်းတုတော်တွေကို ဘယ်မှာထားမယ်ဆိုတာ အခု လက်ရှိဘာမှ ဆုံးဖြတ်ချက်မကျသေးပါဘူး။ မြို့လူထုကလည်း အခြားကို မသယ်စေချင်ဘူး။မြို့လူထုသဘောအတိုင်းပဲ ဖြစ်ရမှာပါ”ဟု ရခိုင်ပြည်နယ်၊ ယဉ်ကျေးမှုဝန်ကြီး ဦးအောင်သန်းတင်က ယနေ့ နေ့လယ်တွင်7Day News သို့ ပြောကြားလိုက်သည်။

မြောက်ဦးမြို့၊ရတနာပုံကျေးရွာရှိလောကမဏ္ဍခေါ် ရတနာသိင်္ခ စေတီတော်ကိုပုဂ္ဂလိကအလှူရှင်၏ လှူဒါန်းမှုဖြင့် ပြန်လည်ပြုပြင်ရာ ၁၅ပဲရည် ရွှေချိန်လေးပိဿာနှင့် ၆၄ ကျပ်သားရှိ ဆင်းတုတော်တစ်ဆူအပါအဝင်ရှေးခေတ်ကျောက်ဆင်းတုတော်၊ ကြေးဆင်းတုတော်နှင့် သလင်းဟု ယူဆရသော ဆင်းတုတော်များကို မေလ ၃၁ရက် ညနေတွင် တွေ့ရှိခဲ့ရပြီး မြောက်ဦးဒေသခံများက အဆိုပါအမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို မြောက်ဦးမြို့ရှိ ပြတိုက်တွင်ထားရှိရန် တောင်းဆိုမှုများပြုလုပ်ခဲ့ကြကြောင်း ဒေသခံများထံမှသတင်းရရှိသည်။



ရှေးဟောင်းမြို့တော်တစ်ခုဖြစ်သည့်မြောက်ဦးမြို့သည် နိုင်ငံခြားသားခရီးသွားများ သွားရောက်လည်ပတ်လေ့ရှိသည့် ခရီးသွားဒေသတစ်ခုလည်းဖြစ်သည် ဓာတ်ပုံ - မြတ်စုမွန်

“အခု နန်းရာကုန်းမှာ မြို့သူမြို့သားတွေစုနေတာ လူတစ်သောင်းနီးပါးလောက် ရှိတယ်။ ဆရာတော်တွေ၊ မြို့မိမြို့ဖတွေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ရှေးဟောင်း သုတေသနက လူကြီးတွေ အစည်းအဝေးလုပ်နေတာ အခု ဆုံးဖြတ်ချက်ထွက်လာပြီ။ မြောက်ဦးမြို့က ရတနာမာန်အောင်ကျောင်းမှာ အပူဇော်ခံထားဖို့ ဆုံးဖြတ်လိုက်ကြပြီ”ဟု ဒေသခံတစ်ဦးဖြစ်သည့်ဦးရွှေတင်က ယနေ့ညနေ ၃နာရီတွင် 7Day Newsသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့သည်။

တူးဖော်ရရှိသောရှေးဟောင်းဆင်းတုတော်များမှာ အေဒီ ၁၄၈၂ ခု၊ မြောက်ဦးခေတ်တွင် စိုးစံခဲ့သော ရခိုင်ဘုရင်မင်း ခေါလျှာ လှူဒါန်းခဲ့သည့် ဆင်းတုတော်များဖြစ်ပြီး ဝေသာလီခေတ် ဆင်းတုတော်၉ဆူ၊ လေးမြို့ခေတ် ဆင်းတုတော်၁၀ဆူနှင့်ရွှေချိန်လေးပိဿာကျော်ရှိ ဆင်းတုတော်တစ်ဆူအပြင်မြောက်ဦးခေတ်လက်ရာဆင်းတုတော်များ ပါဝင်ကြောင်း သိရသည်။

မြောက်ဦးမြို့သည် မြန်မာနိုင်ငံ၏အထင်ကရ ရှေးဟောင်းမြို့တော်တစ်ခုဖြစ်ပြီး ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်တစား လာရောက် လည်ပတ်သည့် ခရီးသွားဇုန်တစ်ခုလည်းဖြစ်သည်။

# စီဒီအမ်အေ၄၅၀နှင့် ၈၀၀ဖုန်း ချထားပေးမှုရပ်နားခြင်းမှာ ယာယီသာဖြစ်ဟု ထပ်မံပြောဆို

ယုဇနကိုကို

ရန်ကုန်၊ ဇွန် - ၆

ကျပ်ငါးသိန်းတန် စီဒီအမ်အေ ၈၀၀မဂ္ဂါဟတ်ဇ်နှင့် ၄၅၀ မဂ္ဂါဟတ်ဇ် ဖုန်းများလျှောက်ထားခွင့်များ ရပ်ဆိုင်းလိုက်သည်ဆိုခြင်းမှာမဟုတ်မှန်ဘဲ နောက်ထပ်လိုင်းအင်အားများ တိုးချဲ့ရန်ရှိသဖြင့် ခေတ္တရပ်ဆိုင်းထားရခြင်းသာဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်းဌာနမှ တာဝန်ရှိသူများကပြောသည်။

ထို့အတွက်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက စီဒီအမ်အေ ၈၀၀ မဂ္ဂါဟတ်ဇ်ဖုန်းများကို ပြည်နယ်နှင့် တိုင်း ၁၄ခုတွင် အလုံးရေခုနစ်သောင်းကိုလည်းကောင်း၊ ၄၅၀ မဂ္ဂါဟတ်ဇ်ဖုန်းများအားအလုံးရေကိုးသောင်းကိုလည်းကောင်း ထပ်မံချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ဒီဖုန်းတွေကို မိုဘိုင်းဖုန်းအနေနဲ့ သုံးစွဲခွင့်ပြုလိုက်တော့ လူတွေကရွှေ့လျားအနေနဲ့ စီးပွားရေးကောင်းတဲ့ လူနေထူထပ်တဲ့နေရာတွေမှာပြုံပြီးသွားသုံးနေကြတော့လိုင်းတွေကကျပ်လာတယ်။ အဲ့ဒီတော့နည်းပညာချို့ယွင်းမှုအချို့ဖြစ်လာတယ်။ ဒါကြောင့်ခုလိုခေတ္တရပ်ပြီး နောက်ထပ်ချထားပေးမယ့်လိုင်းတွေအတွက်ထပ်ပြီးပြင်ဆင်နေတာပါ”ဟုမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အခြားတာဝန်ရှိသူတစ်ဦးကလည်းဆိုသည်။

ထိုကဲ့သို့အဆိုပါစီဒီအမ်အေဖုန်းများအား ထပ်မံချထားပေးရာတွင် ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင်ပါ နောက်ထပ်ချပေးသွားမည်ဖြစ်ပြီး ပဲခူး၊ ပြည်၊ မြိတ်၊ ထားဝယ်၊ မကွေး၊ စစ်တွေ၊ တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံအစရှိသည့် မြို့များပါဝင်ကြောင်းသိရသည်။

၂၀၀၉ခုနှစ် နှစ်ဆန်းပိုင်းက အထိုင်ဖုန်းများအဖြစ် စတင်ချထားပေးခဲ့ရာမှ ပြီးခဲ့သည့်နှစ်အတွင်း ရွှေ့လျားသယ်ဆောင်နိုင်သည့် မိုဘိုင်းဖုန်းများအဖြစ် အသုံးပြုခွင့်ပေးခဲ့သည်။ ယခုလက်ရှိအချိန်တွင် အဆိုပါ ၈၀၀ မဂ္ဂါဟတ်ဇ်ဖုန်းများအား ရန်ကုန်နှင့်မန္တလေး၌အလုံးရေနှစ်သိန်းခွဲ ချထားပေးပြီးဖြစ်ပြီး ၎င်းတို့၏သတ်မှတ်ချက်ဖြစ်သည့် နှစ်မြို့ပေါင်းအလုံးရေတစ်သိန်းခွဲထက်ကျော်လွန်ချထားပေးခဲ့ခြင်းဖြစ်သည်။

# အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ ပေါ်ပေါက်လာနိုင်

အားမာန်

ရန်ကုန်၊ ဇွန် - ၃

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီကိုစတင်ဖွဲ့စည်းရန် ရည်ရွယ်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌဦးနေအေးက ပြောကြားသည်။

ဆင်းရဲနွမ်းပါးမှုလျှော့ချရန်၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ရန်၊ အသေးစား စီးပွားရေးလုပ်ငန်းအသစ်များ ပေါ်ထွက်လာစေရေးအားပေးရန်၊ ချွေတာစုဆောင်းသည့် အလေ့အထပြုစုပျိုးထောင်ပေးရန် စသောရည်ရွယ်ချက်များဖြင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းတည်ထောင်မည်ဖြစ်သည်။ ထိုလုပ်ငန်းတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနကွပ်ကဲမှုအောက်၌ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန၊ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများ ဖွဲ့စည်းရန် ရည်ရွယ်ထားကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယ ဥက္ကဋ္ဌကပြောသည်။

နေပြည်တော်တွင် မေလ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်ကြာကျင်းပခဲ့သော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ကျရေးဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲကို ဦးနေအေးက “မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုလျှော့ကျရေးကို အထောက်အကူပြုမည့် အသေးစားငွေရေးကြေးရေးလုပ်ငန်းများကို စနစ်တကျတိုးချဲ့ဆောင်ရွက်ရေး”စာတမ်းအား ဖတ်ကြားစဉ်ပြောကြားခဲ့ခြင်းဖြစ်သည်။

အသေးစားငွေရေးကြေးရေးလုပ်ငန်းများကို လက်ရှိတွင် အစိုးရမဟုတ်သောပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများ၊ အစိုးရနှင့် ပုဂ္ဂလိက ဘဏ်များ၊ ဆန်စပါးနှင့်ပဲအထူးပြုကုမ္ပဏီများစသော အဖွဲ့အစည်းတို့က လုပ်ကိုင်လျက်ရှိသည်။ သို့သော် အဆိုပါငွေချေးလုပ်ငန်းများအတွက် ဥပဒေစည်းမျဉ်းစည်းကမ်းများ မရှိခြင်းနှင့် အသေးစားငွေကြေးလုပ်ငန်း တစ်ခုလုံးကို စနစ်တကျဆောင်ရွက်နိုင်သော စနစ်မရှိသေးပေ။

ထို့ကြောင့် အသေးစားငွေကြေးလုပ်ငန်းတည်ထောင်ရန် စီစဉ်ခြင်းဖြစ်သည်။ လက်ရှိတွင် ဝင်ငွေနည်းပါးသောအခြေခံလူတန်းစားများအတွက် အများဆုံးထုတ်ပေးနေသည့်အဖွဲ့အစည်းမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဖြစ်ပြီး ယခုနှစ်တွင် စိုက်ပျိုးရေးစရိတ်ချေးငွေပေါင်း ကျပ် ၂၀၅ ဘီလီယံ(၁ ဘီလီယံမှာ ကျပ်သန်းတစ်ထောင်နှင့်ညီမျှသည်)ထုတ်ချေးခဲ့သည်ဟု ဆိုသည်။ အသေးစားငွေချေးပေးသော အိုင်အင်န်ဂျီအို ၁၁ ခုရှိ ပြီး၊ ၎င်းတို့ထဲတွင် PACT မြန်မာ (Private Agency Collaborating Together) မှာ ချေးငွေအများဆုံး ထုတ်ပေးကာ ကျပ်ငွေ ၇၃ ဘီလီယံထုတ်ချေးခဲ့ကြောင်း ဦးနေအေးက ဆက်လက်ပြောသည်။

“ကြီးကြပ်ကွပ်ကဲမယ်။ လိုင်စင်တွေထုတ်ပေးမယ်။ စည်းကမ်းမလိုက်နာတဲ့သူတွေရှိရင် လိုင်စင်ပြန်သိမ်းမယ်။ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်တွေ ချမှတ်မှာဖြစ်ပါတယ်”ဟု ဦးနေအေးက အသေးစားငွေရေးကြေးရေးလုပ်ငန်းတည်ထောင်ပြီးပါက ဆောင်ရွက်မည့် အစီအစဉ်များကို အကျဉ်းချုံးပြောသည်။ ထို့ကြောင့် အသေးစားငွေကြေးလုပ်ငန်းနှင့် ကြီးကြပ်မှုကော်မတီဖွဲ့စည်းပြီးပါက လက်ရှိ အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်နေသော အဖွဲ့အစည်းများ အားလုံးမှ ထိုကော်မတီ၏ ကြပ်မတ်စီစစ်မှုကိုခံယူရမည်ဖြစ်သည်။


အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်ရသည့်အဖွဲ့အစည်းများမှာ မတည်ငွေ၊ လှူဒါန်းငွေ၊ ထောက်ပံ့ငွေထည့်ဝင်၍ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသည့် သက်ဆိုင်ရာဥပဒေအရ အဖွဲ့အစည်းမှတ်ပုံတင်ထားသော ပြည်တွင်းပြည်ပမှ အဖွဲ့အစည်း၊ အစုစပ်လုပ်ငန်း၊ ကုမ္ပဏီ၊ သမဝါယမအသင်း၊ဘဏ်နှင့်ဘဏ်မဟုတ်သောငွေရေးကြေးရေး အဖွဲ့အစည်းများဖြစ်သည်။

အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့် အသေးစားချေးငွေထုတ်ပေးခြင်း၊ စုဆောင်းငွေလက်ခံခြင်း၊ ငွေကြေးလွှဲပြောင်းပေးပို့ခြင်း၊ အာမခံထားခြင်း၊ ငွေချေးယူခြင်းနှင့် ငွေကြေးရှာဖွေစုစည်းခြင်း၊ ဗဟိုဘဏ်၏ခွင့်ပြုချက်ဖြင့် ကြီးကြပ်မှုကော်မတီမှ ထုတ်ပြန်သည့် အခြားငွေရေးကြေးရေးလုပ်ငန်းဆောင်ရွက်ခြင်းတို့ကို လုပ်ကိုင်နိုင်ကြောင်း ဦးနေအေး၏စာတမ်းတွင် အသေးစိတ်ဖော်ပြထားသည်။

“ဆင်းရဲတွင်းနက်မှုကိုလျော့ပါးစေရေးအတွက် အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းဟာ လက်နက်ကောင်းတစ်ခု ဖြစ်ပါတယ်။ ၎င်းတို့လိုအပ်နေတဲ့ ငွေကြေးအရင်းအနှီးကို ကျေးလက်အထိရောက်ရှိအောင် အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းများဖြင့် ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ အသေးစား ငွေကြေးလုပ်ငန်းများ စနစ်တကျရေရှည်ဆောင်ရွက်သွားနိုင်အောင်၊ ဥပဒေစည်းမျဉ်းနှင့်အညီ တရားဝင်ဖြစ်အောင် ဖွဲ့စည်းဆောင်ရွက်ပေးရပါမယ်။ ယခုအခါ မိမိတို့အစီအစဉ်ဖြင့် ဆောင်ရွက်နေသည့် ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ အင်န်ဂျီအို အဖွဲ့အစည်းများအား တူညီသည့် စံနှုန်းများညှိနှိုင်းသတ်မှတ်ပေးပြီး တရားဝင်အဖွဲ့အစည်းများဖြစ်အောင် အဖွဲ့အစည်းတစ်ခုက တာဝန်ယူပြီးကြီးကြပ်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်” ဟု နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မေ ၂၀ ရက်တွင် ကျင်းပခဲ့သော အထက်ပါအလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

Life
7DAY NEWS JOURNAL
Vol.10, No.12 • JUNE 9, 2011

# ရတက်ပွေစရာ ကလေးသူငယ် လိင်အကြမ်းဖက်ခံရမှုပြဿနာ



မြတ်စုမွန်

ကျောင်းစာသင်ခန်းတစ်ခုအတွင်းထဲတွင် ထုပ်တန်းမှ ကြိုးဖြင့် တွဲလောင်းကျနေသည့် ခန္ဓာကိုယ်တစ်ခုရှိနေသည်။ လာရောက်ကြည့်ရှုသူများကလည်း အခန်းဝ၌ အုန်းအုန်းကျွက်ကျွက်ဖြစ်လျက်ရှိသည်။ လူတို့၏ အကြည့်များက ကြောက်ရွံ့စိတ်၊ ရွံ့ရှာစိတ်၊ အံ့သြစိတ်၊ ဝေခွဲရခက်သောစိတ်များဖြင့် ပြည့်နှက်နေကြသည်။

ထုပ်တန်းတွင် တွဲလောင်းကျလျက်ရှိသည့် လူတစ်ယောက်၏ခန္ဓာကိုယ်ကတော့ လူအများ၏အကြည့်ဒဏ်ကိုကြိုတင်ကာကွယ်ကျော်ခိုင်းသွားလေပြီ။ သူသည် တစ်ချိန်က လူအများ လေးစားဖွယ်ကောင်းသည့် ကျောင်းဆရာတစ်ဦးအဖြစ် ဘဝကိုရပ်တည်ခဲ့သူဖြစ်သည်။

"သမီးတို့ သွားကြည့်တော့ အလောင်းကိုသယ်တောင်မသယ်သေးဘူး။ ကျောင်းစောင့်အန်တီကြီးဆီမှာ ကြိုးတစ်ပင်တောင်းပြီး သူ့ကိုယ်သူ ကြိုးဆွဲချသွားတာတဲ့"

လွန်ခဲ့သည့် လအနည်းငယ်ခန့်က နယ်မြို့လေးတစ်မြို့တွင် မြို့သူမြို့သားတိုင်း စုတ်တသပ်သပ်ပြောခဲ့ကြသည့် လူမှုရေးကျင့်ဝတ်ဖောက်ဖျက်ကျူးလွန်ခဲ့သူတစ်ဦးအကြောင်းကို ၁၀တန်းကျောင်းသူအရွယ် မိန်းကလေးတစ်ယောက်ကပြန်လည်ပြောပြခဲ့ခြင်းဖြစ်သည်။

ကျောင်းဆရာတစ်ယောက်က သူ့ရဲ့ကျောင်းက မူလတန်းအရွယ် ကျောင်းသူလေးတစ်ယောက် လိင်မှုဆိုင်ရာ မလျော်မကန်ပြုပြီး မိမိကိုယ်တိုင် ကြိုးဆွဲချ သတ်သေသွားခဲ့သည်ဆိုသောအဖြစ်အပျက်သည် ကြားရသူအားလုံးအတွက် ယူကျုံးမရဖြစ်ဖွယ် အဖြစ်အပျက်ဖြစ်ခဲ့သည်။

အထက်ပါဖြစ်ရပ်သည် မြန်မာနိုင်ငံတွင် အထူးသဖြင့် ကျေးလက်ဒေသနှင့် နယ်မြို့များတွင် ဖြစ်ပွားမှုပိုမိုစိပ်လာသော ကလေးသူငယ်လိင်အလွဲသုံးစားပြုကျင့်ခံရမှု ဆိုင်ရာမှုခင်းဖြစ်ရပ်များ အနက် တစ်ခုပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် ကလေးသူငယ်များ လိင်မှုဆိုင်ရာအလွဲသုံးစားပြုခံရမှုသတင်းများသည် ယခုနောက်ပိုင်း ပိုမိုသတိထားစရာ ဖြစ်လောက်အောင်ကျယ်ပြန့်လာသည်ကိုကြားရ၊ ဖတ်ရှုရသည်။ မကြာသေးမီက ဖတ်ရှုရသည့်သတင်းများအနက် စိတ်ထိခိုက်ဖွယ်ကောင်းသော သတင်းများမှာ ဖခင်ဖြစ်သူက အသက်ငါးနှစ်ဝန်းကျင်အရွယ် သမီးငယ်အားလည်းကောင်း၊ ငါးနှစ်အရွယ် တူမအား ဦးလေးဖြစ်သူကလည်းကောင်း အသီးသီး လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုများ ပြုခဲ့ကြသည်ဆိုသည့် သတင်းများဖြစ်နေသည်။

ကလေးသူငယ်များ လိင်မှုဆိုင်ရာ အကြမ်းဖက်ခံရမှုသည် ကလေးသူငယ်ဥပဒေအပြင် လူကုန်ကူးမှုဥပဒေများနှင့်လည်း ငြိစွန်းကာ၊ မြန်မာနိုင်ငံတွင် ကလေးသူငယ်များအခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရေးအတွက် ရှေ့တန်းတင် ဆောင်ရွက်လျက်ရှိသည့် အစိုးရအဖွဲ့အစည်း၊ ပြည်တွင်းပြည်ပလူမှုရေးအဖွဲ့အစည်းများစွာရှိပြီး၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့်ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်)က "ကလေးသူငယ်အပေါ် လိင်မှုဆိုင်ရာ ကျူးလွန်ခြင်းသည် ပြစ်မှုဖြစ်သည်။ ကလေးများအပေါ် လိင်မှုဆိုင်ရာ မလျော်မကန်ပြုသူ နိုင်ငံသားများကိုသာမက နိုင်ငံခြားသားများအပါအဝင် မည်သူ့ကိုမဆို ထောင်ဒဏ်တစ်သက်အထိ ပြစ်ဒဏ်ချမှတ်နိုင်သည်" ဟုလူထုအသိပညာပေး နံရံကပ်ပိုစတာများတွင် ရေးသားဖော်ပြထားသည်ကိုတွေ့ရသည်။ စာ(၁၁)သို့



## ဘောလုံးချစ်တဲ့ ကျောင်းသားပရိသတ်အတွက် ဘောလုံးအသင်းလိုဂိုအိတ်တွေ စုံတဲ့နေရာ



ဓာတ်ပုံ-ဇေမောင်မောင်(အမရပူရ)

အိဖြူလွင်

ဒီတစ်ပတ်မှာတော့ ဘောလုံးကစားနည်းကိုချစ်တဲ့ ကျောင်းသားပရိသတ်ထဲက ယောကျ်ားလေးတွေ သဘောကျနိုင်မယ်ထင်တဲ့ ဘောလုံးကလပ်အသင်းတွေရဲ့ ကျောပိုးအိတ်၊ ဘေးလွယ်အိတ်နဲ့ အိတ်အမျိုးမျိုးရနိုင်မယ့် နေရာကို ကျောင်းအသီးသီးမှာ တက်ဖို့ပြင်ဆင်နေကြသူတွေအတွက်လမ်းညွှန်ပေးပါရစေ။

အင်္ဂလန်ပရီးမီးယားလိဂ်အသင်း ၂၀ ထဲက ဘယ်အသင်းကို နှစ်သက်ပါသလဲ။ ကြိုက်တဲ့အသင်းရဲ့ အမှတ်တံဆိပ်နဲ့ အိတ်အမျိုးအစားကို ဒီဆိုင်မှာ ရနိုင်ပါတယ်။ အိတ်တွေက အရွယ်အစားမျိုးစုံရှိပေမယ့် ကျောင်းတက်မယ့်သူတွေအတွက်ဆိုရင် အနေတော်အရွယ်အစားတွေလည်းရှိပြီး အသင်းအလိုက် အိတ်ပုံစံနဲ့ ဒီဇိုင်းတွေက အမျိုးမျိုးရှိတာမို့ ဘောလုံးချစ်သူလူငယ်တွေအတွက် နှစ်သက်နိုင်မယ်ထင်ပါတယ်။

ဘောလုံးကစားနည်းက ယောကျ်ားလေးတွေတင်မကဘဲ မိန်းကလေးအချို့ပါ နှစ်သက်တဲ့ကစားနည်းဖြစ်တဲ့အတွက် အိတ်တွေကလည်း မိန်းကလေးတွေပါ လွယ်လို့ရတဲ့အိတ်တွေဖြစ်လို့မိန်းကလေးတွေလည်း ကိုယ်အားပေးတဲ့အသင်းအလိုက် နှစ်သက်တဲ့ အိတ်တွေကို ဝယ်ယူနိုင်ပါသေးတယ်။

ပရီးမီးယားလိဂ်အသင်းတွေတင်မကဘဲ အခြား စပိန်လာလီဂါလိဂ်အသင်းတွေထဲက ရီးရဲလ်မက်ဒရစ်နဲ့ ဘာစီလိုနာလို နာမည်ကြီးအသင်းတွေနဲ့သက်ဆိုင်တဲ့ အိတ်တွေလည်း ရှိပါသေးတယ်။

အိတ်တွေရဲ့ ဈေးနှုန်းတွေကတော့ အနည်းဆုံး ကျပ်တစ်သောင်းကနေ အများဆုံး ကျပ်ငါးသောင်းအထိရှိတယ်လို့လည်း သိရပါသေးတယ်။

ဒီဆိုင်မှာ ရနိုင်တဲ့ပစ္စည်းတွေထဲမှာ အိတ်တွေတင်မကဘဲ အသင်းတွေရဲ့ အမှတ်လိုဂိုနဲ့ အင်္ကျီကအစ နာရီအဆုံး အခြားပစ္စည်းတွေအားလုံးလည်း ရှိတဲ့အတွက် ဒီတစ်ပတ် ဈေးဝယ်ထွက်မယ့်ပရိသတ်ကြီးကျေနပ်နိုင်မယ်လို့မျှော်လင့်ပါတယ်။ ဆိုင်လိပ်စာလေးက အမှတ်-၁၃၉၊ ၄၇ လမ်း အထက်ဘလောက်က Barclays ဆိုင်မှာပါလို့ လမ်းညွှန်ပေးလိုက်ပါတယ်။



## ဒီလိုလေး ချက်ကြရအောင်

ဝိုက်ဖီ

စာ(၁၁)သို့

### ကြက်သားပဲစောင်းလျားသီးဟင်း



ဒီတစ်ပါတ်ဝိုက်ဖီဟင်းလျာကို ရိုး ရိုးရှင်းရှင်းနဲ့ အရသာရှိအောင် စီစဉ်ထားပါတယ်။ အဲဒီဟင်းလေးကတော့ ကြက်သား၊ ပဲစောင်းလျားသီးချက်ပဲဖြစ်ပါတယ်။

လိုအပ်တဲ့ပစ္စည်းတွေကတော့ ပဲစောင်းလျားသီး ဆယ်တောင့်၊ ကြက်အသားချည်း ၁၅ကျပ်သားခန့်ပဲလိုအပ်ပါတယ်။

ကြက်သားကို ပထမဆုံး အနည်းငယ်နူးသွားအောင်အရသာနယ်ပြီးပြုတ်ပါမယ်။ ရေတစ်ရေခန်းတာနဲ့ ချလိုက်ပြီး အသားလေးတွေချည်းရအောင်နွှင်လိုက်ပါ။ အသားလေးတွေနွှင်ပြီးရင်တော့ စဉ်းတီတုံးပေါ် တင်ပြီး ဓားနဲ့နည်းနည်းစင်းပေးပါ။ ပဲစောင်းလျားသီးကို ဘေးမျှဉ်တွေဆွဲဖယ်ပြီး ပါးပါးလေးတွေ လှီးပါမယ်။ ပဲစောင်းလျားသီးသုပ်သလိုမျိုး ရိတ်နေအောင်လှီးဖို့မလိုပါဘူး။ စချက်တော့မယ်ဆိုရင်တော့ ထုံးစံအတိုင်း ထောင်းထားတဲ့ငရုတ်သီး၊ ကြက်သွန်ဖြူ၊ နီကိုဆီသပ်ပါ။ ဆီသပ်ပြီးတာနဲ့ ခုနက ပြုတ်ပြီး စင်းထားတဲ့ ကြက်သားကို ထည့်ရပါမယ်။ ကြက်သားနဲ့ ကြက်သွန်ဆီသပ်သမပြီးအနံ့လေး မွှေးလာပြီဆိုရင် ငံပြာရည်နဲ့ ဟင်းခတ်မှုန့်အနေတော်ထည့်ပါမယ်။ ပြီးရင်တော့နောက်ဆုံးမှာ လှီးထားတဲ့ပဲစောင်းလျားသီးတွေကို ထည့်ပြီး မွှေပေးရပါမယ်။ ပဲစောင်းလျားသီးနူးသွားအောင် ရေအနည်းငယ်ဖျန်းပြီးတော့ အဖုံးခဏအုပ်လိုက်ပါ။ ၂ မိနစ်လောက်ကြာတဲ့အခါ အိုးအဖုံးကို ပြန်ဖွင့်ပြီး မွှေပေးရပါမယ်။ ပဲစောင်းလျားသီးလည်း အစိမ်းရောင်မပျက်ဘဲ နူးသွားပြီဆိုရင်တော့ ချလိုက်လို့ရပါပြီ။ ကြက်သားကိုပုံမှန်ကြော်ချက်စားရတာငြီးနေသူတွေအတွက်တော့ ကြက်သားပဲစောင်းလျားသီးဟင်းနဲ့ အရသာတွေ့လိမ့်မယ်လို့မျှော်လင့်ပါတယ်။

7DAY NEWS JOURNAL
Vol.10, No.12 • JUNE 9, 2011

# ဂျာမနီအခြေစိုက် သင်္ဘောကုမ္ပဏီက နာဂစ်ဒဏ်သင့်ကျေးရွာတစ်ရွာတွင် ကျပ်သိန်း ၇,၀၀၀ကျော်လှူဒါန်း

**သန်းငွေး**

**ရန်ကုန်၊ မေ - ၂၂**

ဂျာမနီအခြေစိုက် ယူနီတင်းမရိန်း (Uniteam Marine) သင်္ဘောကုမ္ပဏီက နာဂစ်ဒေသတွင် ပြန်လည်ထူထောင်ရေးအတွက်ကျပ်ငွေသိန်းပေါင်း ၇,၀၀၀ ကျော် လှူဒါန်းပြီးဖြစ်ကြောင်း ဦးစိုးနိုင်က ပြောသည်။

"အခု ရေစက်ချလှူခဲ့တဲ့ စိတ္တသုခကျောင်းဆောင်က ဆိုင်ကလုန်းရှယ်တာလို လေဒဏ်၊ မိုးဒဏ်ခံနိုင်အောင် အာစီဘိုးရ်ပိုင်တွေနဲ့ ဆောက်ထားတာပါ" ဟု ၎င်းက ပြောသည်။

၂၀၀၈ ခုနှစ်မေ ၂၊၃ ရက်က ကြုံတွေ့ခဲ့ရသော နာဂစ်မုန်တိုင်းမျိုးထပ်မံကျရောက်လာပါက အဆိုပါ ကျောင်းဆောင်ကြီးတွင် ရွာသူရွာသားများ ခိုနားနိုင်ရန် စီစဉ်ထားကြောင်း ကျောင်းထိုင်ဆရာတော် ဦးဥတ္တမက မိန့်ကြားသည်။ ဦးသန်းဦး ဦးဆောင်သော ယူနီတင်းမရိန်း အေးဂျင့်ကုမ္ပဏီသည် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၊ ကြက်ဖမွေးဇောင်းကျေးရွာတွင် အဓိကထားလှူဒါန်းခဲ့သည်။


အထက်တန်းကျောင်းဆောင်သစ် လေးဆောင်နှင့် သင်ထောက်ကူပစ္စည်းများ၊ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းဆောင်သစ်နှစ်ဆောင်နှင့် သင်ထောက်ကူပစ္စည်းများ၊ ကျေးရွာဆေးပေးခန်း၊ စာကြည့်တိုက်၊ ဗလသုခကျောင်းတိုက်အတွင်းရှိ စိတ္တသုခသုံးထပ်ကျောင်းဆောင်တို့ကိုလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။




# ကိုရီးယားအစားအစာပြပွဲ ကျင်းပမည်

**ယုဇနကိုကို**

**ရန်ကုန်၊ ဇွန် - ၁**



မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတသံရုံးက (၂၀၁၁) ကိုရီးယားအိတ်စ်ပိုနှင့် ကိုရီးယားအစားအစာပြပွဲကို ရန်ကုန်မြို့တွင် ပြသသွားမည်ဖြစ်ကြောင်း အဆိုပါသံရုံးမှသတင်းရရှိသည်။

Korea Expo & Food Fair 2011 အား ယခုလ ၁၀ ရက်မှ ၁၃ ရက်အထိဆက်တိုက်ပြုလုပ်သွားမည်ဖြစ်သည်။ ပြပွဲတွင် ကိုရီးယားနိုင်ငံထုတ် လူသုံးကုန်ပစ္စည်းများနှင့် ကိုရီးယားအစားအစာများကို ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ပြီး ယခုကျင်းပမည့်ပြပွဲမှာ သံရုံးမှဦးစီးကျင်းပသည့်ပြပွဲတစ်ခုဖြစ်သည်။

ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင်ပြုလုပ်မည့် အဆိုပါပြပွဲအားနေ့စဉ်နံနက် ၉နာရီမှညနေ ၆နာရီအထိကျင်းပသွားမည်ဖြစ်သည်။






ဓမ္မ

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

# ပိုင်ဆိုင်မှုကို အလေးအမြတ်ပြုခြင်း . . .

လူတွေက ကာမဂုဏ်အာရုံတွေကိုသာ တပ်မက်စွဲလမ်းကြတာ မဟုတ်ဘူး။ ဥစ္စာစီးပွားတန်ခိုးအာဏာအပြင် အယူဝါဒ၊ ယုံကြည်မှု၊ အစွဲအလမ်းတွေလည်း ရှိကြပါသေးတယ်။ တဏှာဆိုတာက အဝိဇ္ဇာနဲ့ တွဲဆက်နေတယ်။ သက်ရှိသက်မဲ့ ပစ္စည်းတွေရဲ့ ပင်ကိုသဘာဝအစစ် တရားအနှစ်ကိုမသိကြဘူး။ လောကထဲမှာ ကိုယ်တိုင်ကြုံတွေ့ ဖြတ်သန်း လာခဲ့ကြရတဲ့ အတွေ့အကြုံတွေရဲ့ ပင်ကိုသဘော အစစ်တရားအနှစ်ကို လည်း နားမလည်ကြဘူး။ အတ္တစွဲ၊ ဒိဋ္ဌိဝိပလ္လာသရဲ့အောက်မှာ အနတ္တ သဘော(ဝိညာဉ်ကောင်မရှိခြင်းသဘော)ကိုလည်း နားမလည်ကြတာကြောင့် လူတွေဟာ အမြဲမရှိနိုင်တဲ့ အနိစ္စတရားတွေကို မြဲတဲ့ နိစ္စတရားတွေလို့ အမြင်မှားပြီး စွဲလမ်းနေကြတာဖြစ်တယ်။ တပ်မက်နေကြတာဖြစ်တယ်။

ဒီဆန္ဒရာဂ လောဘတဏှာရဲ့ လိုဘပြည့်အောင်ဖြည့်ဖို့အတွက် လူတွေဟာ တိုက်ခိုက်ကြရ၊ သတ်ဖြတ်ကြရ၊ လိမ်လည်လှည့်ဖြားကြရ၊ အကုသိုလ်မျိုးစုံ၊ ဒုစရိုက်မျိုးစုံကို ပြုလုပ်နေကြရတယ်။ တကယ်တော့ လူတစ်ယောက်ဟာ ဥစ္စာပစ္စည်း ပိုင်ဆိုင်မှုအပေါ် အလေးအမြတ်ပြုသင့်တယ်လို့ မြတ်ဗုဒ္ဓဟောကြားတော်မူတယ်။ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုအပေါ် အလေးအမြတ်ပြုခြင်းဆိုတာက သူများမပေးတဲ့ပစ္စည်းကိုမရယူသင့်ဘူး ဆိုတာပဲဖြစ်တယ်။ ခိုးယူတာတို့ လိမ်ယူတာတို့ အင်အားသုံးပြီး လုယက်တာတို့ကို မလုပ်သင့်ဘူးလို့ဆိုလိုတယ်။

ရည်ညွှန်း - "ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက" ဆန်းလွင် (ရှင်အာဒိစ္စရံသီ) (၁၉၃၈ - ၂၀၀၂)

## စာ - ၉၊ ရတက်ပွေစရာ ကလေးသူငယ် လိင်အကြမ်းဖက်ခံရမှုပြဿနာ မှ

ထို့အပြင် ရင်ဆိုင်ကြုံတွေ့ရပါက တိုက်ရိုက်ဆက်သွယ်တိုင်ကြားနိုင်သည့်ဖုန်းနံပါတ်များ ဖော်ပြထားသည်ကိုတွေ့ရသည်။

"အဲဒီလိုနံရံကပ်ပိုစတာတွေ ရှိတယ်ဆိုတာ အခုမှ ကြားဖူးတယ်။ ဒါကို အများပြည်သူသိအောင် ကျယ်ကျယ်ပြန့်ပြန့်လုပ်သင့်တယ်"ဟု မှုခင်းသတင်းထောက်တစ်ဦးက သုံးသပ်သည်။ တိုင်ကြားရန် ထုတ်ပြန်ကြေညာထားသော်လည်း တိုင်ကြားမှုမရှိခဲ့ဘဲ မသိလိုက်မသိဘာသာနေရင်း၊ အရှက်သိက္ခာအတွက် တစ်ရှက်မှ နှစ်ရှက်မဖြစ်စေရန် ဖုံးဖိမျိုသိပ်ထားလျက် အပြစ်ရှိသူကို ထိုက်တန်သောအပြစ် မပေးလိုက်ရသည့်အမှုများစွာကလည်း တာဝန်ရှိသူတွေ လက်လှမ်းမမီသည့်ဒေသများတွင် ရှိခဲ့ကြသည်က အမှန်ပင်ဖြစ်သည်။ အချို့က လည်း တိုင်ကြားချင်လျက် မည်သည့်နေရာသို့ ဆက်သွယ်တိုင်ကြားရမည်ကိုမသိရှိကြ။ ကျူးလွန်ခံရသူ ကာယကံရှင် ကလေးငယ်၏ မိသားစုအသိုင်းအဝိုင်းအား ဝိုင်းဝန်းအားပေးကာ အကြံဉာဏ်ကောင်းများပေးရမည့်တာဝန်က လူမှုအဆောက်အအုံတစ်ခုလုံးနှင့် သက်ဆိုင်သည်။ တစ်ရှက်က နှစ်ရှက် မဖြစ်ချင်ကြသည်မှာ လက်ညှိုးထိုး နှာခေါင်းရှုံ့တတ်သော ပတ်ဝန်းကျင်ကြောင့်သာလျှင်ဖြစ်ရာ အားလုံးဝိုင်းဝန်း ဖြေရှင်းရမည့် လူမှုရေးပြဿနာတစ်ရပ်ပင်ဖြစ်သည်။ လူမှုအသိုင်းအဝိုင်းက လက်သင့်မခံဘူးဆိုလျှင် မည်သည့် မကောင်းမှုမှ တာရှည်မခံနိုင်သည်မှာသေချာလှသည်။

"ကလေးသူငယ်ဆိုတာ ကိုယ်တိုင်က အန္တရာယ်အားလုံးကို ကာကွယ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ဒါကြောင့် ရပ်ရွာ၊ မိဘ၊ ပတ်ဝန်းကျင်အားလုံးက ပါဝင်ဖို့လိုအပ်တယ်။ မလွဲသာ မရှောင်သာ ကြုံတွေ့ခဲ့ရရင်လည်း မြုံမထားဘဲ သက်ဆိုင်ရာအဖွဲ့အစည်းတွေ၊ အသင်းအဖွဲ့တွေနဲ့ ရဲစခန်းကို တိုင်ဖို့လိုအပ်တယ်။ ထိထိရောက်ရောက်တုံ့ပြန်နိုင်ဖို့၊ အကြံဉာဏ် ကောင်းတွေယူဖို့၊ ဆေးစစ်ဖို့ လိုအပ်တယ်။ မတော်တဆ မလိုလားအပ်တဲ့ကိုယ်ဝန်ရှိမသွားအောင် ကာကွယ်ဖို့လိုတယ်"ဟု မျိုးဆက်ပွားပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် ဆရာဝန်တစ်ဦးက အကြံပြု ပြောကြားသည်။

အထက်ပါသတင်းများက အင်အားကြီးမားသူ လူကြီးက ကလေးငယ်အား ကျူးလွန်သည့် သတင်းများဖြစ်သည်။ ထို့မျှသာမက အသက်မပြည့်သေးသည့် ယောကျ်ားလေးက အသက်မပြည့်သေးသည့် မိန်းကလေးငယ်ကို ကျူးလွန်သည့်ဖြစ်ရပ်များလည်း ရှိနေပြန်သည်။ လူကြီးက ကလေးငယ်ကိုလိင်မှုဆိုင်ရာ ကျူးလွန်သည့်ကိစ္စသည် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဥပဒေအရရော၊ ပြစ်မှုဆိုင်ရာဥပဒေအရပါ အရေးယူပြစ်ဒဏ်ချမှတ်နိုင်ခြင်းဖြင့် အထိုက်အလျောက်တားမြစ်နိုင်ပြီး၊ ကလေးသူငယ်အချင်းချင်း ကျူးလွန်သည့်ဖြစ်ရပ်များ လျော့နည်းစေရန်အတွက်မူ ဥပဒေအရ အရေးယူခြင်းထက် မိဘ၊ ဆရာနှင့်ဆွေမျိုးအသိုင်းအဝိုင်း၏ ကဏ္ဍက ပိုမိုအရေးပါသည်ကို တွေ့ရသည်။

"အခုခေတ်မှာ လမ်းဘေးအခွေဆိုင်တွေမှာ ဆင်ဆာမဲ့ညစ်ညမ်းခွေတွေကဝယ်ချင်သလိုဝယ်လို့ရနေတော့ လူတွေက ဒါတွေကို ကြည့်ပြီး လိင်စိတ်ကြွမှုတွေဖြစ်တဲ့အခါ ကလေးငယ်တွေကို ကျူးလွန်မှုတွေဖြစ်လာနိုင်တယ်လို့ ထင်တယ်။ အဲဒါတွေကြောင့် ကျွန်တော့်သမီးကိုလည်း ဒီလိုကြုံတွေ့ရမှာစိတ်ပူတယ်"ဟု ဆယ်ကျော်သက်အရွယ် သမီးတစ်ဦး၏ ဖခင်ဖြစ်သူကပြောသည်။

မြန်မာလူမျိုး မိဘများနှင့်



သားသမီးများအကြား မပြောသင့် မပြောအပ်ဟု တရားသေ လက်ကိုင်စွဲထားသောအကြောင်းအရာများအနက် လိင်မှုဆိုင်ရာ အသိပညာပေးမှုအကြောင်းက ထိပ်ဆုံးကပါဝင်သည်။ နိုင်ငံတကာရှိ စာသင်ကျောင်းများတွင်ပင်လျှင် ဆယ်ကျော်သက်ကလေးများအတွက် လိင်မှုဆိုင်ရာပညာပေးသင်ခန်းစာများ၊ မျိုးဆက်ပွားကျန်းမာရေး အသိပညာများအကြောင်းကို ကျောင်းသင်ခန်းစာများတွင် သင်ရိုးညွှန်းတန်း တစ်ခုအနေဖြင့် ထည့်သွင်းသင်ကြားကြောင်းသိရသည်။

"လူကြီးတွေက ထင်ကြတယ်။ ကလေးတွေ ဒီကိစ္စကိုသိရင် လျှောက်လုပ်ကုန်ကြမယ်လို့။ တကယ်တော့ အဲဒီလို မဟုတ်ပါဘူး။ ဒီအရွယ်က သိချင်တဲ့ အရွယ်၊ စူးစမ်းချင်တဲ့အရွယ်ဆိုတော့ မသိအောင် ဖုံးဖိထားရင် ခိုးကြောင်ခိုးဝှက်ရှာဖွေပြီး ဖတ်မယ်၊ ကြည့်မယ်၊ လက်တည့်စမ်းမယ်။ မဖြစ်သင့်တာတွေဖြစ်မယ်။ မသိရင်ရမ်းလုပ်မယ်။ သိရင် စဉ်းစားချင့်ချိန်မယ်။ ကျွန်တော်တို့ ငယ်ငယ်ကလည်း ကျောင်းစာသင်ခန်းထဲမှာ လိင်မှုဆိုင်ရာစာအုပ်တွေကို ခိုးဖတ်ခဲ့တဲ့ သူငယ်ချင်းတွေရှိခဲ့ကြတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ဆယ်ကျော်သက်အရွယ်မှာ အဲဒီအကြောင်းတွေကို သိပ်သိချင်ခဲ့တယ်"ဟု အသက် ၂၉ နှစ်အရွယ် အမျိုးသားတစ်ဦးက ၎င်း၏ ဆယ်ကျော်သက်အရွယ် အတွေ့အကြုံကိုပြောသည်။

ဆယ်ကျော်သက်အရွယ် တစ်နည်းအားဖြင့် အပျိုဖော်၊ လူပျိုဖော်ဝင်ချိန်များသည်လိင်မှုဆိုင်ရာအပြုအမူ ခံစားမှု၊ ပညာရေးဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ အကြောင်းအရာအားလုံး ရင့်ကျက်ဖွံ့ဖြိုးလာသည့် အရွယ်ဖြစ်ရာ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများသည် ယင်းအချိန်မတိုင်မီကပင် ကြိုတင်ရရှိထားသင့်နေပြီဖြစ်ကြောင်း မျိုးဆက်ပွားပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် ဆရာဝန်တစ်ဦးက ပြောသည်။

"ပျမ်းမျှအားဖြင့် ယောကျ်ားလေးက ၁၂ နှစ် အရွယ်၊ မိန်းကလေးက ၁၀ နှစ်အရွယ်မှာ အပျိုဖော်ဝင်တယ်။ အပျိုဖော်ဝင်ခါနီးမှာ မျိုးဆက်ပွား ကျန်းမာရေးနဲ့ လိင်မှုဆိုင်ရာအသိပညာတွေကို ကြိုသိစရာလိုတယ်။ အများကြီး ပြောထားစရာ မလိုဘူး။ တစ်ဆင့်ချင်းစီ ပြောင်းလဲတိုးတက်လာတာဖြစ်တဲ့အတွက် ဖွံ့ဖြိုးမှုအလိုက် တစ်ဆင့်ချင်းစီ ပြောပြထားဖို့လိုတယ်။ ဆန့်ကျင်ဘက်လိင်ကို စိတ်ဝင်စားတာဟာ သဘာဝဆိုတာကို မိဘတွေက နားလည်ထားရမယ်။ ဒါပေမဲ့ ဒီကိစ္စကိုလုပ်ဖို့ သင့်တော်ပြီလို့ ပြောတာမဟုတ်ဘူး"ဟု မျိုးဆက်ပွားပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် ဒေါက်တာကိုကိုဇော်ကရှင်းပြသည်။

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဥပဒေများအရ အသက် ၁၈ နှစ်အောက်အရွယ်ရှိသူတိုင်းကလေးသူငယ်များဖြစ်ပြီး၊ အပျိုဖော်ဝင်ချိန် ဆယ်ကျော်သက်အရွယ်၏ လိင်မှုဆိုင်ရာစိတ်ခံစားမှုအပြောင်းအလဲကိုမိဘများနှင့် ဆရာသမားများက နားလည်မှုရှိစွာ လမ်းကြောင်း တည့်မတ်ပေးရန် လိုအပ်ကြောင်း ကလေးစိတ်ပညာကျွမ်းကျင်ပညာရှင်တစ်ဦးဖြစ်သည့် ပါမောက္ခ ဒေါ်ခင်အေးဝင်းကပြောသည်။

"အပျိုဘော်ဝင်ချိန် အရွယ်မှာက ကလေးတွေမှာ လိင်နိုးဆွမှုတွေရှိတယ်။ အဲဒီစိတ်တွေရှိလို့ ကလေးတွေက အထူးသဖြင့် ယောကျ်ားလေးတွေ။ မိန်းကလေးကဒီလောက်မဟုတ်ဘူး။ ယောကျ်ားလေးက သူ့မှာဖြစ်နေတဲ့ နိုးဆွမှုကို သူဘယ်နေရာမှာ ဖြေဖျောက်ရမလဲလို့မသိတဲ့အခါ၊ သူ့ကို လမ်းညွှန်ပေးမယ့် ယောကျ်ားတစ်ယောက်ယောက်၊ ဥပမာ-အဖေဖြစ်ဖြစ်၊ အစ်ကိုဖြစ်ဖြစ်၊ ဆရာဖြစ်ဖြစ်၊ အားကစား ဆရာဖြစ်ဖြစ် သူယုံကြည်ရတဲ့သူကို သူကပြောမယ်။ သူဘယ်လိုဖြစ်နေမှန်း မသိဘူးဆိုတာကို။ ဟာ. . ဒါကတော့ မင်းခန္ဓာကိုယ်ထဲမှာရှိတဲ့ ဟော်မုန်းတွေပြောင်းလဲနေလို့၊ ဒါကြောင့်မို့လို့ မင်းမှာ ဒီလိုဖြစ်တာ။ ဒါက Nomal (သာမန်)ပဲ။ အဲလိုမျိုး ပြောလို့ရှိရင် ဒီကလေးက လမ်းမှန်ဖြစ်မယ်။ အခုက လိင်စိတ်တွေ နိုးဆွနေချိန် မှာ အဲလိုမရှိတော့ ကလေးနဲ့ လွယ်လွယ်ကူကူ Rape (အဓမ္မကျင့်ခြင်း)လုပ်တယ်လို့ပဲ ခေါ်လိုက်တာပေါ့နော်၊ သူ့ရဲ့စိတ်ကိုဖြေဖျောက်မှုရှိမယ့်မိန်းကလေး တစ်ယောက်နဲ့ သူသွားတွေ့မယ်။ ဖြစ်တတ်ကြတာက ဥပမာ-ကျူရှင်ဆရာမအိမ်မှာ ကျူရှင်ဆရာမရဲ့သားလေးရှိမယ်။ ကလေးကို သွားပို့တယ်။ ဆရာမက မရှိဘူး။ ဒီကလေးနဲ့ ခုနက သားနဲ့ပဲကျန်ခဲ့တယ်။ သားလေးဟာ ခုနက ပြောသလို စေ့ဆော်မှုတွေရှိနေမယ်ဆိုရင် ဒီကလေးကို Rape လုပ်ချင်လုပ်မိမယ်။ အဲဒီအခါကျတော့ ဒီကလေး အပြစ်ဖြစ်သွားတယ်။ သိပ်ဝမ်းနည်းဖို့ကောင်းတယ်။ ဒီသားလေး အပြစ်ဖြစ်သွားတယ်။ တကယ်တော့ ဒီသားလေးဟာ ရက်စက်ကြမ်းကြုတ်တဲ့စိတ်နဲ့လုပ်မယ်လို့ ဆရာမက မထင်ဘူး။ သူ့ကိုယ်သူ ဘာဖြစ်နေတယ်ဆိုတာကို နားမလည်တာ။ သူ ဒီစိတ်ကို ဖြေဖျောက်ရမှာကို နားမလည်တာ"ဟု အထက်ပါ ပါမောက္ခက ရှင်းပြသည်။

ကလေးသူငယ်များ လိင်မှုဆိုင်ရာ မလျော်မကန်ပြုခံရခြင်းဆိုသည်မှာ လိင်မှုဆိုင်ရာအကြမ်းဖက်ခံရခြင်းသာမက ကလေးငယ်၏ ကိုယ်အင်္ဂါများအား ပွတ်သပ်ကိုင်တွယ်ခြင်း၊ ကလေးသူငယ်အား မဖွယ်မရာအပြုအမူများပြခြင်း စသည့်အချက်များလည်း ပါဝင်သည်။ ထို့ကြောင့် ကလေးသူငယ်များက လိင်မှုဆိုင်ရာ အသိပညာပေးမှုပြုလုပ်ထားမည်ဆိုပါက ၎င်းတို့ကိုယ်တိုင် သိရှိနားလည်ထားသဖြင့် ရှောင်ရှားနိုင်မည်ဖြစ်ရာ မိဘများအတွက်လည်း စိတ်ပူပန်မှု အနည်းငယ်လျော့ဖွယ်ရှိမည်ဖြစ်သည်။

"လိင်အကြမ်းဖက်မှုဖြစ်ဖို့အတွက် အစပျိုးနေတဲ့အချက်တွေအများကြီးရှိတယ်။ အခြေအနေတွေကို ကြိုသိဖို့လိုအပ်တယ်။ ပတ်ဝန်းကျင်ကလည်း ထိန်းသိမ်းတတ်ဖို့လိုအပ်တယ်။ အကူအညီရှာတာ၊ ရှောင်ရှားတာ၊ ပြောတတ်ဆိုတတ်တာတွေ လုပ်တတ်ဖို့လိုအပ်တယ်"ဟု ဒေါက်တာကိုကိုဇော်ကပြောသည်။

ပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အင်တာနက်မှဖြစ်စေ၊ အပေါင်းအသင်းသူငယ်ချင်းများထံမှဖြစ်စေ၊ မီဒီယာများမှဖြစ်စေ ဆယ်ကျော်သက်များအတွက် သိလိုသည့်ကိစ္စရပ်များကို အလွယ်တကူသိရှိနိုင်နေပြီဖြစ်ပြီး မည်သို့ပင် ဖုံးဖိထားစေကာမူ အချည်းအနှီးသာဖြစ်ရာ မိဘများ၊ ဆရာများ၊ တာဝန်ရှိသူများအနေဖြင့် သေချာစနစ်ကျသော လိင်မှုဆိုင်ရာ အသိပညာပေးရန်၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာအသိပညာများပေးရန် လိုအပ်လာသည်ကို လက်ခံရမည်ဖြစ်သည်။ သို့မှသာလျှင် အနာဂတ်၏ ကလေးငယ်များသည် ယခုနောက်ပိုင်း မီဒီယာများပေါ်တွင် ဖော်ပြအရေးယူခွင့်ရသော၊ အရေးယူခွင့်မရခဲ့ဘဲ မသိလိုက် မသိဘာသာ မှေးမှိန်ပျောက်ကွယ်သွားသော အမှုများထဲကလို လိင်မှုဆိုင်ရာအကြမ်းဖက်ခံရသူ၊ လိင်မှုဆိုင်ရာ ကျူးလွန်သူများမဖြစ်စေရန် တစ်နည်းနည်းဖြင့် တာဝန်ယူရာရောက်မည် ဖြစ်ပေသည်။

ကလေးများအပေါ် လိင်မှုဆိုင်ရာ မလျော်မကန်ပြုမှုနှင့် လူကုန်ကူးမှုအားတိုက်ဖျက်ရာတွင်ပါဝင်ကူညီနိုင်ပြီး တွေ့ရှိပါက အနီးဆုံး ရဲစခန်း(သို့)အောက်ပါလူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအဖွဲ့နှင့် အထူးအဖွဲ့များ၏ တယ်လီဖုန်းနံပါတ်များသို့ဆက်သွယ်အကြောင်းကြားနိုင်ကြောင်းသိရသည်။

**နေပြည်တော်** - ၀၆၇-၄၁၂၂၀၁၊
**ရန်ကုန်** - ၀၁-၂၅၁၄၃၈၊ ၅၄၄၁၄၄၊ **မန္တလေး** - ၀၂-၇၃၈၃၀၊
**ပုသိမ်** - ၀၄၂-၂၁၀၃၀၊ ၀၉-၅၀၁၂၈၁၉၊ **မူဆယ်** - ၀၈၂-၅၂၈၉၀၊
**တာချီလိတ်** - ၀၈၂-၂၃၀၁၇၊ ၀၉-၅၂၇၅၉၆၂၊
**တောင်ကြီး** - ၀၈၁-၂၁၀၇၆၄၊ ၀၉-၅၂၁၄၉၁၇၊
**လောက်ကိုင်** - ၀၈၂-၇၂၀၀၃၊ **ကော့သောင်း** - ၀၅၉-၅၁၉၈၁
**မြဝတီ** - ၀၅၈-၅၀၂၆၈၊ **မော်လမြိုင်** - ၀၅၇-၂၆၉၈၃၊
**မြိတ်** - ၀၉-၈၇၆၂၃၉၈၊ **ကျိုင်းတုံ** - ၀၈၄ -၂၁၆၃၇၊ ၀၉-၅၂၅၂၁၉၉၊
**မြစ်ကြီးနား** - ၀၇၄-၂၂၃၃၆၊ ၀၉ -၉၀၅၈၅၉၇၊
**ဗန်းမော်** - ၀၇၄- ၅၀၀၇၁၊ **မကွေး** - ၀၆၃-၅၂၁၁၆၊
**မိတ္ထီလာ** - ၀၆၄-၂၃၀၅၄၊ ၀၉-၂၂၀၁၉၆၁၊
**ပဲခူး** - ၀၅၂-၂၁၀၃၀၊ ၀၉ -၅၀၈၅၀၇၂၊
**ကလေး** - ၀၇၃ -၂၁၀၅၁၊ ၀၉-၄၇၀၇၂၂၀၂၊
**စစ်တွေ** - ၀၄၃-၂၃၆၂၅၊ **မောင်တော** - ၀၄၃-၅၅၀၁၁

7 DAY NEWS JOURNAL
Vol.10, No.12 · JUNE 9, 2011

## မျက်နှာဖုံး-အာဆီယံစံချိန်စံညွှန်း ယာယီသတ်မှတ်ချက် ထပ်မံကျင့်သုံးဦးမည် မှ



"အာဆီယံစံချိန်စံညွှန်း ယာယီသတ်မှတ်ချက်အတိုင်းပဲ တင်ရတော့မယ်။ ပိုတင်မလာနဲ့တော့။ အဲဒါထက် ပိုတင်ရင် လုံးဝဖြတ်ခွင့်မပေးတော့ဘူး။ မနက်ဖြန်တစ်ရက်နေ့ကစပြီးစစ်ဆေးမှုတွေရှိနိုင်တယ်လို့ ကျွန်တော်တို့ကိုလကုန်ရက်က BOT နဲ့ငှားတဲ့ စစ်ဆေးရေးဂိတ်တွေက ပြောတယ်" ဟုရန်ကုန်-ပုသိမ်ပြေးဆွဲနေသော ကုန်တင်ယာဉ်မောင်း တစ်ဦးက ပြောသည်။

ယာယီသတ်မှတ်ချက်ထက် ပိုမတင်ရဟု မေ ၃၁ ရက်တွင် ဗိုလ်မြတ်ထွန်းတံတားဂိတ်နှင့် လှိုင်သာယာတိုးဂိတ်တို့ကပြောကြားခဲ့သကဲ့သို့ယခုမေ ၂ရက်တွင်လည်း ကုန်တင်ယာဉ်ကြီးကြပ်မှုကော်မတီက အဆိုပါဂိတ်များမှ တစ်ဆင့် ကားများကို အကြောင်းကြားစာများ ပေးဝေခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ပုသိမ်-ရန်ကုန်လမ်းပိုင်းတွင် ဆန်တစ်အိတ်လျှင် တန်ဆာခ ကျပ်၆၅၀မှ ယခုသတ်မှတ်ချက် ပထမအကြိမ် ပြုလုပ်စဉ်တွင် တက်သွားသော တန်ဆာခ ကျပ် ၈၀၀မှ ၈၅၀ထိ ပြန်လည်မြင့်တက်ခဲ့ကြောင်း ကုန်တင်ယာဉ်ပိုင်ရှင်တစ်ဦးကပြောသည်။

ထို့အတူ ဒါးက- ရန်ကုန်လမ်းတွင် ယခင်ဆန်တစ်အိတ်လျှင် ကျပ် ၆၅၀-၇၀၀ရှိနေရာမှ ယခုသတ်မှတ်ချက်ကြောင့် ကျပ် ၉၀၀အထိမြင့်တက်လာခဲ့ကြောင်း သိရသည်။

"အခု သတ်မှတ်ချက်က စမယ်လို့ စာဝေတာပဲရှိတယ်။ စာထဲမှာ အရေးယူမယ်လို့ မပါဘူး။ စစ်ဆေးပေမဲ့ တွေ့ရင် ကားနံပါတ်မှတ်တယ်။ ဓာတ်ပုံရိုက်ယူတယ်။ ဒါပေမဲ့ ဆက်သွားလို့ရနေသေးတယ်" ဟု ရန်ကုန်-မန္တလေးပြေးဆွဲနေသော ကားဂိတ်ပိုင်ရှင်တစ်ဦးက ပြောသည်။ ထို့ကြောင့် ၎င်းလမ်းပိုင်းနှင့်အတူလမ်းပိုင်းအချို့မှာ တန်ဆာခများမြင့်တက်ခြင်း မရှိသေးကြောင်း သိရသည်။

ယခု အာဆီယံယာယီ သတ်မှတ်ချက်မှာ ၆ ဘီးယာဉ်တစ်စီးလျှင် ယာဉ်နှင့်ကုန် ၁၈တန်၊ဒိုင်နာယာဉ်မှာ ယာဉ်နှင့်ကုန် ၁၅ တန်၊ ၁၀ ဘီးမှာယာဉ်နှင့်ကုန် ၂၅ တန်နှင့် ၁၂ ဘီးမှာ ယာဉ်နှင့်ကုန်တန် ၃၀ ဖြစ်ကြောင်း သိရသည်။

အဆိုပါ သတ်မှတ်ချက်ကို မတ်လဆန်း၌စတင်အကောင်အထည်ဖော်ခဲ့ပြီး သင်္ကြန်အပြီးတွင် တန်ဆာခများ များစွာမြင့်တက်ခြင်းကြောင့် ၎င်းသတ်မှတ်ချက်ထက် အနည်းငယ် ပိုတင်ခွင့်ပေးခဲ့ရာမှ ယခုဇွန်၁ရက်တွင် သတ်မှတ်ချက်ကို ပြန်လည်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အာဆီယံစံချိန်စံညွှန်း နောက်ဆုံးသတ်မှတ်ချက်ဖြစ်သော ဒိုင်နာယာဉ်တစ်စီးလျှင် ယာဉ်နှင့်ကုန် ၁၃တန်၊ ၆ဘီးယာဉ် ယာဉ်ကုန် ၁၆ တန်၊ ၁၀ ဘီး ယာဉ် ၂၁ တန်နှင့် ၁၂ ဘီး ယာဉ်နှင့်ကုန် ၂၅ တန်ထိ လက်ရှိအတိုင်း ဆက်သွားပါက တန်ဆာခများ များစွာမြင့်တက်လာနိုင်ကြောင်း ကားဂိတ်လုပ်ငန်းရှင်များက ပြောသည်။

## မျက်နှာဖုံး-ရန်ကုန်မြို့တွင်ရှိသော အနှိပ်ခန်းများဇွန် ၂ရက်မှ စတင်ပိတ်သိမ်း မှ

ရန်ကုန်မြို့တွင် အဓိကအရေးယူမှုမှာ လောင်းကစားမှုများဖြစ်ပြီး ယင်းနှင့်ဆက်စပ်၍ အနှိပ်ခန်းများပါ ပူးတွဲစီမံချက်ဖြင့် အရေးယူနှိမ်နင်းခြင်းကို ယခုလဆန်း၌ စတင်ခဲ့ခြင်းဖြစ်သည်ဟု ရန်ကုန်တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးရုံးမှသိရသည်။

နောက်ဆက်တွဲအဖြစ် KTY ဆိုင်များကိုပါ စစ်ဆေးအရေးယူသွားမည်ဟုဆိုသည်။

"ကျွန်တော်တို့ ဘောလုံးပွဲရာသီပြီးသွားပေမယ့် ကျန်တဲ့ပွဲလက်ကျန်တွေလောင်းလို့မရဘူး။ နှစ်လုံးထီ၊ သုံးလုံးထီထိုးဖို့ကလည်း ဘယ်ဒိုင်မှ အထိုးမခံဘဲ နားထားကြတယ်"ဟု ရန်ကင်းမြို့နယ်နေ ဘောလုံးပွဲလောင်းသူတစ်ဦးက ဆိုသည်။

ရပ်ကွက်များအတွင်း ဘင်ဂိုခေါ် လောင်းကစားနည်းများအား အထူးနှိမ်နင်းသွားမည်ဖြစ်ပြီး အနှိပ်ခန်းများပါ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အထက်ပါအနှိပ်ခန်းများနှင့်ပတ်သက်၍ အရေးယူပါက ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေအရသာ ဖမ်းဆီးအရေးယူနိုင်ပြီး ပြည်တွင်း၌တရားမဝင် အနှိပ်ခန်းလိုင်စင်ထုတ်ပေးမှုမရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စုံစမ်းသိရှိရသည်။

ရန်ကုန်မြို့တွင်း၌ အနှိပ်ခန်းများမှာ အလှပြင်ဆိုင်အမည်ခံဖွင့်လှစ်ထားခြင်းကြောင့် အရေအတွက်အတိအကျကိုမူ မသိရှိကြောင်းသိရသည်။ အနှိပ်ခန်းများအား သက်ဆိုင်ရာစီမံချက်ဖြင့် အရေးယူရာတွင်ပြည့်တန်ဆာနှိပ်ကွပ်ရေး ဥပဒေဖြင့် အရေးယူနိုင်ပြီး နည်းဥပဒေအရ ထောင်ဒဏ်တစ်နှစ်မှ ငါးနှစ်အထိ ပြစ်ဒဏ်ချမှတ်နိုင်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

## မျက်နှာဖုံး-ကန်ဒေါ်လာလဲလှယ်နှုန်း တစ်နှစ်အတွင်း နှစ်ဆယ်ရာခိုင်နှုန်းခန့်ကျဆင်း မှ

ဝင်ရောက်လာခြင်းနှင့် လေလံပွဲများကြောင့် အမေရိကန် ဒေါ်လာတန်ဖိုး ကျဆင်းလာခဲ့ခြင်းဖြစ်သည်။ ၂၀၁၀-၂၀၁၁(ဒီဇင်ဘာလ အထိ)ပုံမှန် ရေကြောင်းမှ ပို့ကုန် ကန်ဒေါ်လာ ၄,၈၂၁ ဒသမ ၁၇သန်းဖိုးတင်ပို့ခဲ့ပြီး ကန်ဒေါ်လာ ၂,၆၈၀ ဒသမ ၉၁သန်းဖိုးတင်သွင်းခဲ့ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်သောစာရင်းဇယားများအရသိရသည်။ ထိုကဲ့သို့ဒေါ်လာတန်ဖိုးကျဆင်းနေသဖြင့် လယ်ယာထွက်ကုန်တင်ပို့သူများမှာ တွက်ခြေမကိုက်ဖြစ်နေပြီး လက်ရှိဈေးကွက်ငြိမ်နေသော ဆန်နှင့် ပဲဈေးများမှာ ဈေးတက်ရန် မျှော်လင့်ချက်နည်းသွားကြောင်း ပို့ကုန် လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ထို့အပြင် ခရီးသွားလုပ်ငန်းလုပ်ကိုင်နေသူများမှာလည်း ခရီးစဉ်များ ရောင်းချရာတွင် ငွေတန်ဖိုးဆက်တိုက်ကျဆင်းနေခြင်းကြောင့် တွက်ခြေမကိုက်ဖြစ်နေကြကြောင်း ခရီးသွားလုပ်ငန်းရှင်များကဆိုသည်။

ဇွန်လ ၂ ရက်နေ့ ပို့ကုန်ရငွေတန်ဖိုး တစ်ယူနစ်၏ ဈေးကွက်ပေါက်ဈေးမှာ ၈၁၅ကျပ်၊ အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၇၉၀ နှင့် အက်ဖ်အီးစီတစ် ယူနစ်လျှင် ကျပ် ၈၇၀သာ ဈေးရှိတော့ကြောင်းသိရသည်။

## ပြောင်းလဲကျင့်သုံးမည့် စာပေစိစစ်ရေးမူဝါဒနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးရန်ပုံနှိပ်သူ၊ထုတ်ဝေသူအားလုံးအား အစည်းအဝေးဖိတ်ကြား

စာပေစိစစ်ရေးမူဝါဒများပြောင်းလဲကျင့်သုံးမည့်အစီအစဉ်နှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အရပ်ရပ်အား ရှင်းလင်းပြောကြားမည့် ညှိနှိုင်းအစည်းအဝေးကို(၈-၆-၂၀၁၁) ရက်၊ ဗုဒ္ဓဟူးနေ့ နေ့လယ်၁နာရီတွင် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းသိရှိရသည်။ အဆိုပါရှင်းလင်းပွဲသို့ ပြည်တွင်းဂျာနယ်၊ မဂ္ဂဇင်းများနှင့် အထွေထွေစာမူထုတ်ဝေသူများအားလုံးနှင့် ပုံနှိပ်လုပ်ငန်းရှင်များအားလုံးအား ဖိတ်ကြားထားခြင်းဖြစ်သည်။ လက်ရှိအခြေအနေတွင် ခွင့်ပြုဆောင်ရွက်နေသောထုတ်ဝေခွင့်အမျိုးအစားများမှာဂျာနယ်ထုတ်ဝေခွင့်၁၇၆ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် ၁၈၂ဦး၊အထွေထွေထုတ်ဝေခွင့်၂၃၁ဦး၊ ကိုယ်ရေးကိုယ်ထုတ်ထုတ်ဝေခွင့်၁၁၄ဦး၊ ရုပ်ပြထုတ်ဝေခွင့်၃၅ဦး ၊ဘာသာရေးထုတ်ဝေခွင့်၄၉ဦး၊ ထီပေါက်စဉ်ထုတ်ဝေခွင့်၄၃ဦး၊ သံရုံးထုတ်ဝေခွင့်၉ဦး၊ တေးသီချင်းထုတ်ဝေခွင့် ၁၈ဦး၊ နိုင်ငံရေးပါတီထုတ်ဝေခွင့် ၈ဝဦး အပါအဝင်၉၃၇ဦးရှိကြောင်း၊ ပုံနှိပ်သူများအနေဖြင့် ပထမတန်းစား၄၀၅ဦး၊ ဒုတိယတန်းစား၃၀၈၃ဦး၊တတိယတန်းစား၃၄၄၂ဦး ခွင့်ပြုထားရှိကြောင်းတာဝန်ရှိသူတစ်ဦးထံမှသိရသည်။

**-ပြင်ဆင်ဖတ်ရှုပါရန်**

7Day News ဂျာနယ် အတွဲ(၁၀)၊ အမှတ်(၁၁) Current Affairs စာမျက်နှာတွင် ပါဝင်ခဲ့သော ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသိန်းဟန်နှင့်တွေ့ဆုံခြင်း အင်တာဗျူး၌ပါရှိခဲ့သော 'တစ်နှစ်ကိုခြောက်သိန်းစားမယ်'နေရာတွင် 'တန်ချိန်ခြောက်သိန်းစားမယ်'ဟူ၍လည်းကောင်း၊ 'ပဲဆီ၊ နှမ်းဆီနဲ့ အခြားဆီထုတ်လုပ်မှုက ကိုးသိန်း ငါးသောင်းရှိတယ်'နေရာတွင် 'ငါးသိန်းကိုးသောင်းရှိတယ်'ဟူ၍လည်းကောင်း ပြင်ဆင်သိမှတ်ပေးပါရန်။

**အယ်ဒီတာ**

## မျက်နှာဖုံး-ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်းများကို ပုဂ္ဂလိကကုမ္ပဏီသုံးခုကသာ ချထားပေးတော့မည် မှ

"ဒီဝန်ဆောင်မှုပုံစံက ဖုန်းလျှောက်လွှာကို သီးသန့်လက်မခံတော့ဘဲ ကိုယ်စားလှယ်လွှဲထားတဲ့ ကုမ္ပဏီတွေကပေးတဲ့ မှတ်တမ်းစာရွက်မှာ ဖြည့်ပြီးပိုက်ဆံသွင်းရမယ်။ ပြီးရင်ဖုန်းကတ်ကိုတစ်ခါတည်းနဲ့ရပါမယ်" ဟု အထက်ပါတာဝန်ရှိသူကဆက်လက်ဆိုသည်။

ယင်းဝန်ဆောင်မှုကို One Stop Service ဟုခေါ်တွင်ပြီး အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းကာ ယခုလဒုတိယပတ်မှ စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း အထက်ပါ တာဝန်ရှိသူများထံမှ သိရသည်။ ထို့အတွက် ကျပ်ငါးသိန်းတန်ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများကို လျှောက်ထားသူများအနေဖြင့်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့သွားရောက်ရန်မလိုတော့ဘဲ အစိုးရနှင့်ပူးပေါင်းထားသည့်ပုဂ္ဂလိကကုမ္ပဏီသုံးခုနှင့်သာ ဆက်သွယ်ဆောင်ရွက်ရတော့မည်ဖြစ်သည်။

ကုမ္ပဏီများမှာရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်၊ အီလိုက်တက်ခ် (E-Lite Tech)နှင့် အေးရှားမီဂါလင့်ခ် (Asia Mega Link Co.Ltd)တို့ဖြစ်ကြသည်။

ဖုန်းလျှောက်သူများအနေဖြင့် ၎င်းတို့သွားရောက်လျှောက်ထားသည့် ကုမ္ပဏီထံတွင်ဖုန်းကတ်ရရှိပြီးသည်နှင့် အဆိုပါကုမ္ပဏီမှ ကျန်ရှိသည့်လုပ်ငန်းများကိုမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းကဲ့သို့ဆောင်ရွက်ရာတွင် အဆိုပါကုမ္ပဏီများ၏ သက်ဆိုင်ရာဘဏ်များနှင့်လည်း ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ဖုန်းဖိုးပေးသွင်းရာတွင်လည်း အစိုးရကသတ်မှတ်ထားသည့်ဈေးနှုန်းများအတိုင်းသာ ပေးသွင်းရမည်ဖြစ်ပြီး သတ်မှတ်နှုန်းထားများထက်ပိုမို ကောက်ခံခြင်းမပြုရဟုလည်း အထက်ပါဌာနမှတာဝန်ရှိသူများကဆိုသည်။

ထို့အပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ယခုနှစ်အတွင်းတွင် တစ်နိုင်ငံလုံးအသုံးပြုနေကြသည့် မိုဘိုင်းဖုန်းများအားလုံးကို ကြိုတင်ငွေဖြည့်ကတ်စနစ်များဖြင့်သာ အသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

## စာ-၇၊ မြန်မာနိုင်ငံ၏ နျူကလီးယားသုတေသန လုပ်ငန်းအစီအစဉ် ရပ်ဆိုင်း မှ

ထို့အပြင် ဒုတိယသမ္မတက ဆက်လက်၍ "သို့ရာတွင် နျူကလီးယားကိစ္စအပေါ် နိုင်ငံတကာအမြင်တွင် တစ်မျိုးတစ်မည်ဖြစ်လာသည့်အတွက် ယင်းအစီအစဉ်ကိုပင် ရပ်ဆိုင်းထားပြီဖြစ်ပါကြောင်း"ပြောကြားခဲ့သည်ဟု ဇွန် လ ၃ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။ အမေရိကန်အထက်လွှတ်တော်အမတ်ဂျွန်မက်ကိန်း၏ သုံး ရက်တာ မြန်မာပြည်ခရီးစဉ်၏ နောက်ဆုံးနေ့တွင် ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ၌ အဏုမြူလက်နက်နှင့်ပတ်သက်၍ အောက်ပါအတိုင်းပြောကြားခဲ့သည်။

"အစိုးရသစ်ဟာ အဏုမြူလက်နက်မပြန့်ပွားရေးနဲ့ပတ်သက်ပြီး နိုင်ငံတကာက လေးစားလိုက်နာဖို့လိုအပ်တဲ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်တွေကိုလည်း လေးစားလိုက်နာရပါမယ်။ နိုင်ငံတကာဥပဒေရဲ့ လိုအပ်ချက်အရ မြောက်ကိုရီးယားအစိုးရနဲ့ စစ်ရေးဆက်ဆံမှုတွေကိုလည်း ရပ်ရပါမယ်"ဟု တိုက်တွန်းပြောကြားခဲ့သည်။

## စာ-၄၊တရားမဝင် ဝက်သတ်ရောင်းချနေမှုများ ရှာဖွေဖမ်းဆီး မှ

၂၀၁၁ ခုနှစ် နှစ်ဆန်းပိုင်းမှ စတင်ကာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့ရှိမြို့နယ်အချို့တွင် ဝက်နားရွက်ပြာရောဂါဖြစ်ပွား၊ သေဆုံးမှုများရှိခဲ့၍ လူတိုင်းလိုက်နာရမည့် အချက်များအား နိုင်ငံပိုင်မီဒီယာများမှ နေ့စဉ်ကြေညာပေးလျက်ရှိကြောင်း ၎င်းကပြောသည်။

"နေ့တိုင်း နှိုးဆော်ချက်တွေ ကြေညာပေးနေတာပဲ။ မလိုက်နာရင် အရေးယူရမှာပဲ"ဟု ၎င်းကပြောသည်။ ထိုသို့ဝက်နားရွက်ပြာရောဂါကာကွယ်ထိန်းချုပ်မှုများ လုပ်နေသော်လည်း ပဲခူးတိုင်းဒေသကြီးတောင်ငူခရိုင်၊ အုတ်တွင်း ဘုရားကြီးရွာများအထိတိုင် ရောဂါပျံ့နှံ့မှုများ ရှိလာခဲ့ကြောင်း သတင်းရရှိသည်။


ယခုအခါ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တွင်း၊ မြို့နယ်အချို့နှင့် စည်ပင်သာယာ နယ်နိမိတ်ဧရိယာပြင်ပမြို့နယ်အချို့တွင် ဝက်များသေဆုံးမှု မြင့်မားလျက်ရှိကြောင်း စုံစမ်းသိရှိရသည်။

ဝက်နားရွက်ပြာရောဂါသည်လူကိုလုံးဝမကူးစက်သော်လည်း စီးပွားရေးလုပ်ငန်းများမှာ ထိခိုက်ဆုံးရှုံးမှုများ ကြုံတွေ့နေရ၍ နောင်အခါတွင် မွေးမြူရေးဇုန်များ၌သာ မွေးမြူသင့်တော့ကြောင်း ၎င်းက အကြံပြုပြောသည်။

# Health

7 DAY NEWS JOURNAL

Vol.10, No.12 • JUNE 9, 2011





ကျိုက်ထီးရိုးတောင်တက်လမ်းတွင် ဆော့ကစားနေကြသော ကလေးငယ်များ။

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မိဘတိုင်းသည် မိမိကလေးငယ်များ ကျန်းကျန်းမာမာ သွက်သွက်လက်လက် ကြီးပြင်းလာစေရန် မျှော်လင့်ထားကြပြီး မိမိကလေးငယ်သွက်လက်စွာ လှုပ်ရှားပါက ဝမ်းသာပျော်ရွှင်ကြလေ့ရှိသည်။

ကလေးငယ်များသည် ငယ်ရွယ်သည့်အချိန်တွင် ပြေးလွှား ဆော့ကစားခြင်းဖြင့်လှုပ်ရှားမှုများ ရှိနေခြင်းသည် ပုံမှန်ဖြစ်သော်လည်း ထိုအထဲမှ အချို့သော ကလေးငယ်များမှာ လှုပ်ရှားမှု လွန်ကဲပြီးအကြောင်းအရာတစ်ခုခုအားအာရုံစူးစိုက်နိုင်မှုအားနည်းသည့်ကလေးငယ်များလည်း ရှိတတ်သည်။

ဝတ်ရည်

## လှုပ်ရှားမှုများပြီး စူးစိုက်နိုင်မှုနည်းသည့် ကလေးများ

"တချို့ကလေးတွေ မြင်ဖူးတယ်။ ဆော့တာ လုံးဝကို မနိုင်အောင် အရမ်းကိုဆော့၊ အရမ်းကိုသွက်ကြပေမယ့် စာသင်တဲ့အခါကျတော့ စာလုံးဝမလိုက်နိုင်တာ၊ သူများတွေထက် အချိန်ပိုကြာကြာ သင်ယူရတဲ့ကလေးမျိုးတွေ တွေ့ဖူးတယ်" ဟု အမျိုးသမီးတစ်ဦးကပြောသည်။

ထိုကဲ့သို့ ကလေးများသည် တခြားကလေးများနည်းတူ ဉာဏ်ရည်ဖွံ့ဖြိုးမှု ပုံမှန်ဖြစ်ပြီး စကားအပြောအဆိုသည်လည်း ပုံမှန်ပင်ဖြစ်သည်။ သို့သော် လှုပ်ရှားမှုများပြားနေပြီး အာရုံစူးစိုက်မှုအားနည်းနေသည့်အခြေအနေကြောင့် အခြားကလေးများကဲ့သို့ အလုပ်တစ်ခုအား အချိန်မီမပြီးစီးခြင်း၊ နာခံမှုအားနည်းခြင်း၊ တခြားကလေးများနှင့် မကြာခဏပြဿနာတက်ခြင်း စသည့်ပြဿနာများ ကြုံတွေ့ကြရလေ့ရှိကြောင်း လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ငယ်သင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီမာသွင်ကပြောသည်။

"အဲလို ကလေးငယ်တွေက တခြားကလေးလိုမျိုး ကလေးအများစုနဲ့ သူနဲ့ရောပြီးလုပ်ရတဲ့ လှုပ်ရှားမှုတွေက အဆင်မပြေဘူး။


စာ(၁၄)သို့

---

## ဆဲလ်ဖုန်း အသုံးပြုခြင်းကြောင့် ကင်ဆာရောဂါဖြစ်ပွားနိုင်

**လန်ဒန်၊ မေ - ၃၁**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ အဖွဲ့ခွဲတစ်ခုဖြစ်သော နိုင်ငံတကာ ကင်ဆာသုတေသနအေဂျင်စီ၏ သိပ္ပံပညာရှင်များက ဆဲလ်ဖုန်းများ အသုံးပြုခြင်းသည် ဓာတ်ဆီ အင်ဂျင်မီးခိုးငွေ့နှင့် ကော်ဖီကဲ့သို့ပင် ကင်ဆာဖြစ်စေနိုင်သည့် ဓာတုပစ္စည်းများဖြစ်ကြောင်း ပြောကြားလိုက်သည်။ သို့သော် ပညာရှင်များက "ကင်ဆာဖြစ်နိုင်ခြေရှိသည်"ဟုဆိုရာတွင် ယင်းပစ္စည်းများက အလိုအလျောက် ကင်ဆာဖြစ်စေခြင်းကို မဆိုလိုကြောင်း ပြောသည်။ အချို့ကျွမ်းကျင်သူ



များကလည်းထိုသို့ဖော်ထုတ်ချက်ကြောင့် လူတို့၏ ဆဲလ်ဖုန်းသုံးသည့်အလေ့အကျင့်ပြောင်းလဲမည် မဟုတ်ဟုဆိုသည်။ တက္ကဆက်တက္ကသိုလ်မှ ဇီဝစာရင်းအင်းပညာပါမောက္ခ ဒေါ်နယ်ဘယ်ရီက"အားလုံးကတော့ ကင်ဆာဖြစ်နိုင်ခြေရှိတာချည်းပါပဲ။ ဒါဟာ ကျွန်တော် စိုးရိမ်တဲ့ကိစ္စတော့ မဟုတ်ပါဘူး။ ဒါကြောင့်လည်း ဆဲလ်ဖုန်းသုံးတဲ့အလေ့အကျင့်ကို ကျွန်တော်ပြောနိုင်မှာ မဟုတ်ပါဘူး"ဟုၑင်း၏ ဆဲလ်ဖုန်းမှတစ်ဆင့် အေပီသတင်းသို့ပြောသည်။ ဆဲလ်ဖုန်းများ၊ မိုက်ကရိုဝေ့ဖ်မီးဖိုများနှင့် ရေဒါစက်များတွင် တွေ့ရသည့် လျှပ်စစ်သံလိုက်ဓာတ်သတ္တိကြွမှုပုံစံတစ်မျိုးသည် ဦးနှောက်အမြှေးရောင်ရောဂါပုံစံ နှစ်မျိုးနှင့် ဆက်စပ်နေသော်လည်း အခြားကင်ဆာရောဂါများနှင့် ဆက်စပ်မှုရှိ၊ မရှိကိုမူ လုံလောက်သည့်အထောက်အထား ရှာမတွေ့သေးကြောင်း ပညာရှင်များက ပြောသည်။

—Ref: AP

---

## နားရွက်ပြာ၊ မပြာကိုကြည့်ပြီး ဝက်နားရွက်ပြာရောဂါ ဟုတ်မဟုတ် မခွဲခြားနိုင်

**သန်းဌေး**

ရန်ကုန်၊ မေ-၃၁

ဝက်နားရွက်ပြာရောဂါဟူ၍ ခေါ် ဆိုနေကြသော်လည်း ရောဂါဖြစ်ပြီး သေဆုံးသော ဝက်တိုင်း နားရွက်မပြာကြသကဲ့သို့ နားရွက်ပြာသော ဝက်တိုင်းလည်း ရောဂါရှိနေခြင်း မဟုတ်ကြောင်း တိရစ္ဆာန်ရောဂါရှာဖွေရေးနှင့် ထိန်းချုပ်ရေးဌာန ဒုတိယ ညွှန်ကြားရေးမှူးဒေါက်တာမောင်မောင်ကြင်က ပြောသည်။

"ဝက်သေတာတော့ မှန်တယ်။ တချို့လည်း ပိုးမတွေ့ဘဲ၊ ရိုးရိုးသေတာပါ။ သိပ်ပြင်းပြင်းထန်ထန်ဖြစ်ရင်တော့ သွေးထဲမှာ ပြန့်သွားပြီး သွေးကြောတွေ ပေါက်ကုန်တာကြောင့် ပြာလာတာ"ဟု ၎င်းက ရှင်းပြသည်။

ရောဂါပြင်းထန်ပါက နှစ်ရက်အတွင်း သေဆုံးပြီး နားရွက်ပြာချိန်ပင် မရလိုက်၍ နားရွက်မပြာဘဲ သေသောဝက်ကို ရောဂါမရှိဟူ၍ မမှတ်ယူသင့်ကြောင်း ၎င်းကပြောသည်။ ထို့အတူ ဝက်နားရွက်ပြာနေခြင်းမှာလည်း ရောဂါပိုးရှိသော ဝက်ဟု တစ်ထစ်ချ မမှတ်ယူသင့်ကြောင်း ၎င်းကပြောသည်။

"တရားမဝင် မှောင်ခိုလမ်းကြောင်းက တင်သွင်းလာတဲ့ ဝက်နားရွက်ပြာရောဂါ ကာကွယ်ဆေးတွေကို ဝက်မွေးတဲ့သူတချို့က ထိုးတဲ့အခါ ဆေးဒဏ်မခံနိုင်လို့ သေတာတွေဖြစ်ကုန်တယ်"ဟု ဒေါက်တာ မောင်မောင်ကြင်ကပြောသည်။

ဝက်နားရွက်ပြာ ကာကွယ်ဆေးဆိုသည်မှာ လူတို့တွင် ထိုးလေ့ရှိသော ကျောက်ရောဂါကာကွယ်ဆေးကဲ့သို့အင်အားပျော့နေသော သက်ရှိဗိုင်းရပ်(စ်)ပိုးပင်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။ အရှေ့တောင်အာရှဝက်နားရွက်ပြာရောဂါကာကွယ်ရေး စီမံကိန်းအရာရှိဖြစ်သော ထိုင်းနိုင်ငံသား ဒေါက်တာရွှန်ဂလိုဂျီကလည်း ကာကွယ်ဆေးလုံးဝမထိုးရန် အကြံပေးထားသည်။

'ကာကွယ်ဆေးကြောင့် ဗိုင်းရပ်(စ်)တွေကွဲသွားတတ်ပြီး မျိုးကွဲပွားမှုဖြစ်သွားမှာစိုးလို့ပါ"ဟုတိရစ္ဆာန်ရောဂါဗေဒဆိုင်ရာ ပညာရှင်တစ်ဦးကပြောသည်။

မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသော ဝက်နားရွက်ပြာရောဂါ ဗိုင်းရပ်(စ်)မှာ တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသောဗိုင်းရပ်(စ်)ပိုးနှင့် ၉၉ ရာခိုင်နှုန်းတူညီမှုကြောင်း အဆိုပါပညာရှင်က ပြောသည်။

အဆိုပါ ဗိုင်းရပ်(စ်)ပိုးမျိုးမှာ ဝက်အချင်းချင်းထိတွေ့မှုမှ အဓိကကူးစက်တတ်သည့်အပြင် အသက်ရှင်နေသောဝက်ခန္ဓာကိုယ်ထဲတွင် ရှင်သန်နိုင်သော ပိုးမျိုးဖြစ်သည်။ လူတို့တွင်ဖြစ်ပွားနေသောကိုယ်ခံအားကျဆင်းသည့်ရောဂါမျိုးနှင့်ဆင်တူပြီး တီဘီရောဂါကဲ့သို့ပင် အသက်ရှူလမ်းကြောင်းမှလည်း ရောဂါပိုး ထုတ်လွှင့်ကူးစက်ခံရမှုရှိကြောင်း ၎င်းကပြောသည်။

အထက်ပါအချက်များကြောင့် ဝက်နားရွက်ပြာခြင်း၊ မပြာခြင်းနှင့် ရောဂါပိုး ရှိခြင်း၊ မရှိခြင်းမှာ မျက်စိအမြင်အားဖြင့် ခွဲခြားသတ်မှတ်၍ မရနိုင်ကြောင်း သတင်းရရှိသည်။



7DAY NEWS JOURNAL
Vol.10, No.12 · JUNE 9, 2011

# တိုင်းရင်းဆေးဝါးထုတ်လုပ်သည့်လုပ်ငန်း များပြားလာ

မေဝင်းမွန်

**ရန်ကုန်၊ ဇွန် - ၂**

ပြည်တွင်းဈေးကွက်တွင် တိုင်းရင်းဆေးသုံးစွဲမှုမှာများပြားလာသည့်အလျောက် တိုင်းရင်းဆေးဝါးထုတ်လုပ်သည့်လုပ်ငန်းများလည်း များပြားလာကြောင်း တိုင်းရင်းဆေးဝါး ပညာရှင်တစ်ဦးက ပြောကြားသည်။



**တိုင်းရင်းဆေး သီးသန့်ရောင်းချနေသည့် ဆေးဆိုင်တစ်ဆိုင်**

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

တိုင်းရင်းဆေးလုပ်ငန်းမှာ ရိုးရာလုပ်ငန်းနှင့် နှီးနွယ်ကာ ထုတ်လုပ်ခြင်းဖြစ်သဖြင့် တစ်နိုင်တစ်ပိုင် လုပ်ငန်းများအဖြစ်ထုတ်လုပ်ရာမှ ခေတ်မီစက်များဖြင့် ထုတ်လုပ်မှုများပါ ပြုလုပ်လာကြပြီး လက်ရှိတွင် တိုင်းရင်းဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းအကြီးအသေး ၃၀၀၀ခန့် ရှိသည်ဟုသိရသည်။

“ခုဆိုရင်တိုင်းရင်းဆေးထုတ်လုပ်တဲ့လုပ်ငန်းတွေ အရင်ကထက်ပိုများလာတယ်။ တိုင်းရင်းဆေးဝါးစိစစ်ရေးကော်မတီကလည်း စနစ်တကျ မှတ်ပုံတင်ထုတ်ပေးနေတယ်။ တိုင်းရင်းဆေးကိုပိုသုံးလာအောင်ရိုးသား၊ သမာသမတ်ကျစွာထုတ်လုပ်ရမယ်။ တိုးတက်ပြောင်းလဲလာတဲ့လူတွေရဲ့လိုအပ်ချက်နဲ့ကိုက်ညီတဲ့ သိပ္ပံနည်းကျနည်းစနစ်တွေကိုသုံးပြီးထုတ်လုပ်မယ်ဆိုရင်တိုင်းရင်းဆေးဈေးကွက်က မားမားမတ်မတ်ရပ်တည်သွားနိုင်မှာဖြစ်ပါတယ်” ဟုဂရိတ်ဝေါလ်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးမောင်မောင်ဦးက ပြောကြားသည်။

ဈေးကွက်အတွင်းတိုင်းရင်းဆေးများမှာလူထု၏စဉ်ဆက်မပြတ်သုံးစွဲမှုအပေါ် ရှိယုံကြည်ချက်၊ ဘိုးစဉ်ဘောင်ဆက်သုံးစွဲလာခဲ့ အန္တရာယ်မရှိသည့်အတွေ့အကြုံ၊ အလွယ်တကူဝယ်ယူရရှိနိုင်မှု၊ ဈေးနှုန်းသက်သာကာစားဝတ်နေရေး ကိုက်ညီမှု စသည့်အားသာချက်များရှိသဖြင့် အနောက်တိုင်းဆေးဝါးများနှင့်ဈေးကွက်ယှဉ်ပြိုင်နိုင်သည့် အနေအထားရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသားများ၏ တိုင်းရင်းဆေးများအပေါ် ယုံကြည်မှုနှင့် တိုင်းရင်းဆေးသုံးစွဲမှုအနေအထားမှာ ၉၀ ရာခိုင်နှုန်းခန့်ရှိကြောင်း တိုင်းရင်းဆေးပညာဦးစီးဌာနက ပြီးခဲ့သည့် ၂ နှစ်ကပြုလုပ်သည့် စစ်တမ်းကောက်ယူထားချက်အရသိရသည်။ မြန်မာနိုင်ငံအနှံ့အပြား ပြည်နယ်နှင့်တိုင်းအသီးသီးရှိမြို့နယ်များကိုမဲနှိုက်ကာ စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်ပြီး၊ ကျေးလက်တွင် တိုင်းရင်းဆေးကို ပိုယုံကြည်ကာ သုံးစွဲမှုအနည်းငယ်ပိုမြင့်သည်ဟု သိရသည်။

# ဓာတုပစ္စည်းပါဝင်သော ကလေးနို့ဘူးများ အီးယူပိတ်ပင်

**ဘရပ်ဆဲလ်၊ ဇွန် - ၁**

ဥရောပသမဂ္ဂသည် အဖွဲ့ဝင်နိုင်ငံသားများ၏ ကျန်းမာရေးကိုကာကွယ်ရန် Bisphenol A (BPA) ဟုခေါ်သည့် ဓာတုပစ္စည်း တစ်မျိုးပါဝင်သော ကလေးနို့ဘူးများကို မေလ ၃၁ ရက်နေ့မှစ၍ ဆိုင်များမှစတင်သိမ်းဆည်းနေကြောင်း သိရသည်။ အီးယူ၏ ကျန်းမာရေးနှင့် စားသုံးသူမူဝါဒဆိုင်ရာ ကော်မရှင်နာ ဂျွန်ဒါလီက “BPA ဓာတုပစ္စည်းနဲ့ ဆက်နွယ်တဲ့ နောက်ဆက်တွဲ အကျိုးသက်ရောက်မှုတွေကြောင့် ကလေးငယ်တွေမှာ အန္တရာယ်ဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကော်မရှင်



ဟာလိုအပ်သလိုအရေးယူဆောင်ရွက်မှုတွေလုပ်ရတာပါ”ဟု ပြောသည်။

အီးယူ၏ ယခုပိတ်ပင်မှုသည် ပြီးခဲ့သည့် ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့သော ညွှန်ကြားချက်အရ ဆောင်ရွက်ခြင်းဖြစ်ပြီး BPA ဓာတ်ပါဝင်သော ကလေးနို့ဘူးများကို အဖွဲ့ဝင် ၂၇ နိုင်ငံ၏ ဈေးကွက်များမှ ဇွန်လ ၁ ရက် နောက်ဆုံးထား၍ ဖယ်ရှားရမည်ဖြစ်သည်။ BPA ဆိုသည်မှာ အော်ဂဲနစ်မော်လီကျူးတစ်မျိုးဖြစ်ပြီး ပေါ်လီကာဗွန်နိတ်ပလတ်စတစ်များ ထုတ်လုပ်ရာတွင် အသုံးပြုသောဓာတုပစ္စည်းတစ်မျိုးဖြစ်သည်။ အဆိုပါ ဓာတုပစ္စည်း ပါဝင်သော ပလတ်စတစ်ဘူးများ၌ အပူချိန်မြင့်မားသောအစားအစာများ ထည့်သွင်းပါက ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်နိုင်သည်။ BPA ဓာတုပစ္စည်းသည် ကလေးများ၌ အသက်ငယ်ရွယ်စဉ် လိင်ပိုင်းဖွံ့ဖြိုးမှုကိုဖြစ်စေသကဲ့သို့ ကင်ဆာရောဂါကိုလည်း ဖြစ်စေနိုင်ကြောင်း ကျန်းမာရေးပညာရှင်များက ပြောသည်။

—Ref: AP

## စာ - ၁၃၊ လှုပ်ရှားမှုများပြီး စူးစိုက်နိုင်မှုနည်းသည့် ကလေးများ မှ

သူက အာရုံစူးစိုက်မှုနည်းပါးတဲ့ အားနည်းချက်ရှိတဲ့အတွက် နည်းနည်းချင်းစီသူနိုင်သလောက် လုပ်ပေးမှ သူ့အတွက် အဆင်ပြေနိုင်မှာပါ”ဟု အဆိုပါ ကျောင်းအုပ်ကြီးကပြောသည်။

ထိုကဲ့သို့ လှုပ်ရှားမှု များပြားပြီး အာရုံစူးစိုက်မှုနည်းခြင်းသည် မွေးရာပါအကြောင်းအရာ ဖြစ်နိုင်သကဲ့သို့ မွေးဖွားပြီး ကြုံတွေ့ကြရသည့်အကြောင်းအရာများကြောင့်လည်းဖြစ်နိုင်ကြောင်း သိရသည်။

အဆိုပါ ကလေးငယ်များတွင် တွေ့ရလေ့ရှိသည့် လက္ခဏာများမှာ ငြိမ်သက်မှုမရှိဘဲ တစ်ချိန်လုံးလှုပ်ရှားနေခြင်း၊ ပါးစပ်မှလည်း အမြဲမပြတ် ပေါက်ကရများပြောနေခြင်း၊ ကစားစရာတစ်ခုခုနှင့် ကစားနေသော်လည်း သူတစ်ပါးပစ္စည်းကိုသာ စိတ်ဝင်စားခြင်း၊ အမြဲမပြတ် ပြေးလွှားနေခြင်း စသည့်လက္ခဏာများ ဖြစ်ပေါ်လေ့ရှိကြောင်းသိရသည်။

အချို့ကလေးငယ်များမှာ ထိုလက္ခဏာများများအား ရှင်းလင်းစွာ မြင်တွေ့ရလေ့ရှိသော်လည်း အချို့မှာ အခြားကလေးများထက် သင်ယူနိုင်စွမ်းအား အနည်းငယ်နည်းပါးမှုသာရှိကြောင်း သိရသည်။


“ရန်ကုန်တက္ကသိုလ်စိတ်ပညာဌာနကလုပ်တဲ့ စစ်တမ်းတစ်ခုမှာဆို ဆယ်တန်းကျတဲ့ ကျောင်းသား ၁၄၅ယောက်မှာ ၄၅ယောက်က လှုပ်ရှားမှု လွန်ကဲပြီး အာရုံစူးစိုက်မှုနည်းတဲ့ ပြဿနာရှိနေတယ်ဆိုပြီး ဖော်ပြထားတယ်” ဟု ဒေါ်ရီမာသွင်ကပြောသည်။


မိဘများအနေဖြင့်လည်း မိမိသားသမီးမှာ ငြိမ်ငြိမ်နေလေ့မရှိဘဲ အဆော့များနေသဖြင့်သာ စာမရသည်ဟု ထင်မှတ်နေလေ့ရှိပြီး အချို့မိဘများမှာ ထိုကလေးတွင် လှုပ်ရှားမှုလွန်ကဲပြီး အာရုံစူးစိုက်နိုင်မှု အားနည်းကြောင်းကိုပါ လက်မခံနိုင်ဘဲ အခြားကလေးများနှင့်တန်းတူစာလိုက်နိုင်စေရန် အလွန်အမင်းတင်းကျပ်ခြင်းများက ကလေးငယ်အား နစ်နာစေနိုင်ကြောင်း ဒေါ်ရီမာသွင်က ပြောသည်။

“မိဘတွေအနေနဲ့ ကလေးရဲ့ အခြေအနေမှန်ကို နားလည်သင့်ပြီး သူနဲ့သင့်တော်တဲ့ ပုံစံမျိုးနဲ့သင်ပေးမှ ရမှာပါ။ အတန်းပညာအားဖြင့် သူများထက်နောက်ကျနိုင်ပေမယ့် ဖိအားတွေများပြီး သူများတွေနဲ့အတန်းတူအောင်လုပ်မယ်ဆိုရင် ကလေးကတော့ ဘာမှကိုတတ်မှာမဟုတ်ဘူး။ ကျောင်းကိုရောက်လာတဲ့ တချို့ကလေးတွေဆိုရင် အတန်းပညာမြင့်ပေမယ့်ဒီရောက်ရင် ဘာမှမရလို့ အစကနေ ပြန်သင်ရတဲ့ ကလေးတွေလည်းရှိတယ်”ဟု အဆိုပါကျောင်းအုပ်ဆရာမကြီးကပြောသည်။

ကျောင်းများတွင်များသောအားဖြင့်အလယ်တန်းပြီးသည်အထိ မအောင်မနေရစနစ်ကြောင့် အဆိုပါ အာရုံစူးစိုက်မှုအားနည်းလေ့ရှိပြီး စာမလိုက်နိုင်သည့် ကလေးများမှာ အတန်းပညာမြင့်သော်လည်း အချိန်သာကုန်၍ သင်ကြားမှုတတ်မြောက်ခြင်း မရှိခြင်းကြောင့် ပိုမိုနစ်မာမှုများရှိနေကြောင်းသိရသည်။

ထိုကဲ့သို့ ကလေးများအား သီးသန့်သင်ကြားပေးသောကျောင်းများတွင် ထိုကလေးငယ်များအတန်းပညာရရှိမှုထက် နေ့စဉ်လူနေမှုအခြေအနေတွင် ရပ်တည်လှုပ်ရှားနိုင်ရန် အသုံးဝင်သည့်အရာများကိုသာ သင်ကြားပေးခြင်းဖြစ်ပြီး အထူးသင်ကြားပေးနိုင်သော ဆရာမများ၊ ကျောင်းများဖြင့် ဆက်သွယ်သင်ကြားသည့်ပုံစံသည် ကလေးများအတွက် ပိုမိုသင့်လျော်ကြောင်း သိရသည်။







Regional

7 DAY NEWS JOURNAL

Vol.10, No.12 • JUNE 9, 2011

# မန္တလေးတွင် လိုင်စင်မဲ့ကားများကိုသာ ရွေးချယ်ခိုးယူသော ကားခိုးဂိုဏ်းပေါ်ပေါက်



**စိုင်းသာအောင်**

**မန္တလေး၊ ဇွန်-၃**

မန္တလေးမြို့ ကားဝယ်ရောင်းလောကတွင် ကားပြင်အလုပ်ရုံ (work shop) ၌အပ်ထားသော နံပါတ်မဲ့ကားများနှင့် နေအိမ်များ၊ ဝင်းခြံများထဲတွင်ထားရှိသော နံပါတ်မဲ့ (with out) ကားများကိုသာ ရွေး၍ ခိုးယူသော လူ ၈ ဦးခန့်ပါဝင်သည့် ကားခိုးဂိုဏ်းတစ်ခုရှိနေကြောင်း မန္တလေးမြို့ ကားပွဲစားလောကမှ သိရသည်။

ဎင်းနံပါတ်မဲ့ကားခိုးဂိုဏ်းသည် နံပါတ်မဲ့ ဘက်စုံသုံးကား (M.P.V) များ၊ မတ်တူး၊ ကာရီနာ၊ ပါဂျဲရိုကားများကို ခိုးယူ၍ သင့်တော်သော အောက်ဈေးဖြင့် ရောင်းချကြောင်း ပိုင်ရှင်များကလည်း နံပါတ်မဲ့ကားဖြစ်သဖြင့် ရဲစခန်းသို့အမှုမဖွင့်ကြကြောင်း ခိုးသူသိရှိပါကလည်း ကားပွဲစားဖြင့် ကျပ်သိန်း ၅၀၊ ကျပ်သိန်း ၇၀ ခန့် ပြန်လည်ရွေးယူနေရကြောင်း ဝါရင့်ကားပွဲစားတစ်ဦးကပြောသည်။

## ရပ်/ကျေး အုပ်ချုပ်ရေးမှူး အသစ်များ စတင်တာဝန်ထမ်းဆောင်

**ထူးသန့်**

**နေပြည်တော်၊ ဇွန်-၁**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၏ အုပ်ချုပ်ရေးမှူးအသစ်များ ပြီးခဲ့သည့် မေလကုန်ပိုင်းမှစ၍ တာဝန်များ စတင်ထမ်းဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

အဆိုပါ အုပ်ချုပ်ရေးမှူးအသစ်များမှာ ဒေသခံပြည်သူလူထု၏ မဲဏာမရွေးချယ်ခြင်းခံရသော ပုဂ္ဂိုလ်များတွင် ပါဝင်ပြီး ၎င်းပုဂ္ဂိုလ်များထဲမှ အုပ်ချုပ်ရေးမှူးအဖြစ် တစ်ဦးတစ်ယောက်ကို အထက်အဖွဲ့အစည်းက အတည်ပြုရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း အုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်ခံရသူတစ်ဦးက ပြောသည်။

"တချို့အုပ်စုတွေမှာ ၃ ယောက်ရွေးပြီး တင်ရတယ်။ တချို့နယ်မြေကျယ်တဲ့ အုပ်စုမှာတော့ ပြည်သူက ၅ ဦးရွေးပြီး တင်ရတယ်။ အဲဒီအထဲကမှ အုပ်ချုပ်ရေးမှူးအဖြစ် တစ်ယောက်ကို အထက်အဖွဲ့အစည်းက ရွေးပေး တာဖြစ်တယ်။ လက်ရှိအုပ်ချုပ်ရေးမှူးအဟောင်းတွေ ပြန်အရွေးခံရတာလည်း ရှိပါတယ်။ အများစုကတော့ အသစ်တွေအရွေးခံရတာပါ" ဟု ၎င်းကရှင်းလင်းပြောကြားသည်။

# ရန်ကုန်-နေပြည်တော် ခရီးသည်တင် ယာဉ်တစ်စီး အမြန်လမ်းမပေါ်တွင် တိမ်းမှောက်

**မျိုးမင်းဦး**

**ရန်ကုန်၊ ဇွန်-၃**

ရန်ကုန်-နေပြည်တော် ခရီးသည်တင်ယာဉ်လိုင်းတစ်လိုင်းဖြစ်သော ရွှေစင်ယာဉ်လိုင်းမှ ခရီးသည်တင်ယာဉ်တစ်စီးဇွန်လ ၁ ရက်ညနေ ၃ နာရီခွဲအချိန်တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့်ခရီးသည်တင်ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း ရွှေစင်စကြာခရီးသည်တင်ယာဉ်လိုင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးကျောက်တံတားမြို့နယ်အတွင်းမှာ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ရန်ကုန်-နေပြည်တော် ရွှေစင်ခရီးသည်တင်ယာဉ်တိမ်းမှောက်ခဲ့ပါတယ်။ ယာဉ်ပေါ်မှာ ခရီးသည် ၄၅ ဦးပါရှိပြီး ယာဉ်တိမ်းမှောက်မှုကြောင့် ခရီးသည် ၇ ဦး ပြင်းထန်စွာဒဏ်ရာရရှိခဲ့ပါတယ်။ ဒဏ်ရာရရှိသူတွေကို ကျောက်တံတားပြည်သူ့ဆေးရုံနဲ့ ဖြူးမြို့ပြည်သူ့ဆေးရုံတွေမှာ ဆေးဝါးကုသပေးနေပါတယ်။ ယာဉ်တိမ်းမှောက်မှုနဲ့ပတ်သက်ပြီး ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးပေါ်က ကျောက်တံတား ရဲစခန်းမှာ အမှုဖွင့်ထားပါတယ်" ဟု ရွှေစင်ခရီးသည်တင်ယာဉ်လိုင်း တာဝန်ရှိသူကပြောသည်။

အဆိုပါ ရွှေစင် ခရီးသည်တင်ယာဉ်လိုင်းသည် ရန်ကုန်-နေပြည်တော် အဓိကပြေးဆွဲသော ယာဉ်လိုင်းဖြစ်ပြီး မြန်မာပြည် အနှံ့ ခရီးစဉ်မှာ ပြေးဆွဲနေသော ရွှေစင်စကြာခရီးသည်တင်ယာဉ်လိုင်း၏ ယာဉ်လိုင်းခွဲတစ်ခုဖြစ်ကြောင်း သိရှိရသည်။

"ရွှေစင်ခရီးသည်တင်ကားမှောက်ချိန်မှာ မိုးကသည်းသည်းရွာတယ်။ လေပြင်းပြင်းတိုက်တယ်။ အမြန်လမ်းမကြီးမှာ လေကာပင်တွေမရှိတော့ ခရီးသည်တင်ကားကထိန်းလို့ မရတော့ဘဲ တိမ်းမှောက်သွားတာဖြစ်တယ်။ တိမ်းမှောက်ခဲ့တဲ့ရွှေစင်ခရီးသည်တင်ကားက အမိုးမြင့်လေအိပ်ကားဖြစ်တဲ့အတွက် မိုးဒဏ်လေဒဏ်မှာ ယာဉ်ထိန်းလို့မရဖြစ်သွားတာဖြစ်တယ်" ဟု ရွှေစင်ယာဉ်တိမ်းမှောက်မှုတွင် မျက်မြင်ကြုံတွေ့ခဲ့ရသော အဝေးပြေးခရီးသည်တင်ယာဉ်မောင်းတစ်ဦးက ပြောသည်။ ယာဉ်တိမ်းမှောက်မှုနှင့်ပတ်သက်၍ ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးပေါ်ရှိ ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့စခန်းတွင် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်းသိရသည်။

## ဈေးချိုတော်ရှိ ပျံကျလုပ်သားများကို ကာယလုပ်သားကတ်များ ထုတ်ပေးမည်

**ညီညီဇော်**

**မန္တလေး၊ ဇွန်-၄**

မန္တလေးအဆင့်မြင့်ဈေးချိုတော်တွင် ပျံကျလုပ်ကိုင်နေသော ကာယအလုပ်သမားများကို ကာယလုပ်သားအသိအမှတ်ပြုကတ်များ ပြုလုပ်ပေးသွားမည်ဖြစ်ပြီး ၎င်းကတ်မရှိပါက ပျံကျလုပ်ကိုင်ခွင့်ပြုမည်မဟုတ်ကြောင်း သတင်းရရှိသည်။

ဈေးချိုတော်၏ လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးတို့အတွက် ယင်းအစီအစဉ်ကိုဆောင်ရွက်ခြင်းဖြစ်ပြီး လျှောက်လွှာ ၆၀၀ ကျော်ဖြန့်ဝေပြီးဖြစ်ကြောင်း မန္တလေးအဆင့်မြင့်ဈေးချိုတော်ဈေးအကျိုးတော်ဆောင်အဖွဲ့မှ အတွင်းရေးမှူးဦးမင်းမင်းကပြောသည်။ ၎င်းအစီအစဉ်နှင့်ပတ်သက်၍ ဈေးချိုတော်တွင် ဆိုင်ခန်းဖွင့်လှစ်ထားသူတစ်ဦးက "ဈေးချိုမှာကအဲလိုအလုပ်သမားတွေအများကြီးပဲ၊ ဘယ်ကလာလို့လာမှန်းလည်းမသိဘူး။ ကျွန်တော်တို့ဆိုင်ရှင်တွေအတွက်ရောလက်ကားလာဝယ်တဲ့ဈေးဝယ်သူတွေအတွက်ပါပစ္စည်းတွေထမ်းသယ်ပို့ပေးတဲ့အလုပ်သမားတွေလိုပါတယ်။ ဘယ်ကလာလို့လာမှန်းမသိတဲ့ သူတွေကို တန်ဖိုးကြီးတဲ့ ပစ္စည်းတွေသယ်ပို့ခိုင်းဖို့ဆိုတာ မလွယ်ဘူးလေ။ ခုလိုစနစ်တကျလေးလုပ်လိုက်ရင် စိတ်ချလက်ချခိုင်းလို့ရတာပေါ့" ဟု သူ၏အမြင်ကိုပြောသည်။ ဈေးချိုတော်တွင် ပျံကျလုပ်ကိုင်နေသောအမျိုးသားတစ်ဦးက "ယူနီဖောင်းနဲ့ ကတ်နဲ့လုပ်ရမှာဆိုတော့ ပိုပြီးအလုပ်လုပ်လို့ ကောင်းတာပေါ့။ ယုန်ထင်ကြောင်ထင်လည်း အထင်မခံရတော့ဘူးပေါ့ဗျာ" ဟု ပြောသည်။ ယင်းကာယလုပ်သားအသိအမှတ်ပြုကတ်များကို မှတ်ပုံတင်မိတ္တူ၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်တို့နှင့်အတူ လျှောက်ထားရမည်ဖြစ်ပြီး နှစ်စဉ်ကြေးအဖြစ် တစ်နှစ်လျှင် ၁,၀၀၀ ကျပ်နှုန်းနှင့် အပေါ် ဝတ်စုံအတွက် ၂,၀၀၀ ကျပ်ပေးသွင်းရမည်ဟု သိရသည်။

## နမ့်တော၊ ဆယ်ဇင်း၊ ဟောင်ပါးမော်ခရီးစဉ် သွားလာမှုများပြား

**ယဉ်ယဉ်သိန်း**

**နဘား၊ ဇွန်-၁**

မော်လုပ်ကွက်များတွင် အသီးသီးလုပ်ကိုင်လျက်ရှိသည့် မော်ဒေသများ၌ ယခုနှစ် မိုးဦးစော၍ ရွာသွန်းမှုကြောင့် ဥရုချောင်းအတိုင်း အစုန်အဆန်မောင်းနှင်ပြေးဆွဲပေးနေကြသော စက်လှေနှင့် မော်တော်များ ခရီးသွားလာမှုပုံမှန်ပြန်လည်များပြားလာခဲ့ရကြောင်းသိရသည်။



*ဥရုချောင်းဆယ်ဇင်းဆိပ်ကမ်းမြင်ကွင်း*

ဥရုချောင်းတစ်လျှောက်တွင် တာမခန်၊ ဟောင်ပါးဘက်မှ နေ့စဉ်သွားလာကြသူများက ရွှေလုပ်ကွက်တို့အများဆုံး ရှိနေသည့် ဆယ်ဇင်း၊ နမ့်တောခရီးစဉ်များသို့ နေ့စဉ်ပုံမှန် ခုတ်မောင်းပြေးဆွဲလျက်ရှိနေသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံ အထက်ပိုင်း၏ ရွှေလုပ်ကွက်များ အားကောင်းလျက်ရှိသည့် ဆယ်ဇင်းနှင့် နမ့်တောဒေသများ၌ လုပ်ငန်းရှင်ကြီးများ၊ ရွှေ့ပြောင်း အလုပ်သမားများ နေ့စဉ်ပင် အင်နှင့်အားနှင့် လုပ်ကိုင်လျက်ရှိရာ ရွှေလုပ်ငန်းများမှာ အထင်ကရ ဖြစ်ခဲ့သည်။ ဖားကန့်မြို့နယ်အတွင်း၌ရှိနေသော ဆယ်ဇင်းနှင့် ဟုမ္မလင်းမြို့နယ်ထဲတွင် တည်ရှိသော နမ့်တောဒေသများသည် စက်ကြီးများနှင့် စနစ်တကျလုပ်ကိုင်လျက်ရှိနေခဲ့ရာ နှစ်စဉ် ဝင်ငွေကောင်းသောကြောင့် အနယ်နယ်အရပ်ရပ်မှ လက်လုပ်လက်စားများအပါအဝင် နယ်စုံဒေသစုံမှ ရွှေ့ပြောင်းအလုပ်သမားများသွားရောက်၍ အလုပ်လုပ်ကိုင်လျက်ရှိရာ ရွှေမော်များဖြစ်ခဲ့သည်။

ရွှေလုပ်ကွက်များ အင်အားကောင်းလျက်ရှိသည့်နမ့်တောဒေသတစ်ခုတည်းမှာပင် ချင်းတွင်းမြစ်အတိုင်း မော်တော်များနှင့် တင်ပို့ပေးရသော ဆီပီပါ ၅,၀၀၀ ကျော်အထိနေ့စဉ်အဝင်ရှိသည်ဟု သိရသည်။ နွေရက်များ၌ ရေနည်းပါးသွားခဲ့ရသော ဥရုချောင်းမှာ မိုးဦးစောသဖြင့် ယခု မေလအတွင်း ရေများပြားလာခဲ့ပြီး စက်လှေနှင့် မော်တော်များလည်း ခရီးသည်များပြားလာခဲ့သည့်အတွက် ပုံမှန်ပြေးဆွဲပေးနေရပြီဖြစ်ကြောင်း သိရသည်။

7DAY NEWS JOURNAL
Vol.10, No.12 • JUNE 9, 2011

# ပဲ၊ နှမ်းအချို့ ဈေးနှုန်းများ ကျဆင်း

ညီညီဇော်

**မန္တလေး၊ ဇွန် - ၂**



မန္တလေးမြို့ ပဲနှမ်းမျိုးစုံဈေးကွက်တွင် ပဲနှမ်းအချို့ ဈေးနှုန်းများ ကျဆင်းလာကြောင်း သတင်းရရှိသည်။ ဈေးနှုန်းအကျကြမ်းနေသော ပဲစင်းငုံအနီမှာ အရောင်းအဝယ်ပုံမှန်ဖြစ်နေပြီး ပိဿာ ၆၀ ပါ တစ်အိတ်လျှင် ၃၉,၀၀၀ ကျပ်နှုန်းပေါက်နေကာ ၎င်းဈေးကိုပင် မပေးဘဲ ထပ်မံအဆစ်ခံနေရကြောင်း ပဲကုန်သည်တစ်ဦးက ပြောသည်။

ပဲတီစိမ်းမှာ ယနေ့တွင် မေ ၃၁ရက်ကထက် ကျပ် ၃,၀၀၀ ခန့် ဈေးကျ လာကာ ၅၆ ပိဿာ ၂၅ ကျပ် သားပါ တစ်အိတ်လျှင် ကျပ် ၈၅,၀၀၀ နှုန်းပေါက်နေသည်။ ပဲတီစိမ်း ခရမ်းရွှေဝါမှာလည်း ကျပ် ၄,၀၀၀ ခန့် ကျဆင်းလာကာ ၈၆,၀၀၀ နှုန်း ပေါက်နေသည်။ ၎င်းပဲတီစိမ်း နှစ်မျိုးစလုံး အရောင်းအဝယ်ပုံမှန်ရှိကြောင်း ကုန်သည်များကပြောသည်။ ဘီတူးကုလားပဲမှာလည်း ဈေးကျဆင်းလာပြီး ပုံမှန် အရောင်းအဝယ်ဖြစ်နေကာ ၅၇ ပိဿာ ၂၅ ကျပ်သားပါ တစ်အိတ်လျှင် ၅၂,၅၀၀ ကျပ်မှ ၅၃,၀၀၀ ကျပ်အတွင်းဈေးပေါက်နေသည်။ ထိုင်ဝမ်ကုလားပဲမှာ၄၄,၅၀၀ကျပ်ဈေးပေါက်နေပြီး ပုံမှန်အရောင်းအဝယ်ဖြစ်နေသည်ဟုသိရသည်။

မတ်ပဲမှာပုံမှန် အရောင်းအဝယ်ဖြစ်နေပြီး ပိဿာ ၄၀ ပါ တစ်အိတ်လျှင် ထိပ်စ ၅၂,၀၀၀ ကျပ်၊ အောက်စ ၄၅,၀၀၀ ကျပ် ဈေးပေါက်နေသည်။

နှမ်းဖြူထိပ်စ ကျပ် ၇၀,၀၀၀၊ နှမ်းကျား ၆၅,၀၀၀ ကျပ်၊ နှမ်းညိုသစ် ၆၄,၀၀၀ ကျပ်မှ ၆၅,၀၀၀ ကျပ်ဈေးပေါက်နေပြီး စက်သမားပဲပုံမှန်ဝယ်နေသည်ဟုမန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ စားသုံးဆီဖြစ်သော ကန်ဆီမှာ ကော်ဝါပုံးများ ဝင်ရောက်မှု ရပ်ဆိုင်းသွားသောကြောင့် ဈေးအနည်းငယ်တက်လာကာတစ်ပိသာလျှင် ၂,၅၀၀ ဝန်းကျင် ဈေးပေါက်နေသည်။ မြေပဲဆန်မှာ တရုတ်ဘက်မှ ဝယ်အားကြမ်းနေကြောင်းသိရသည်။

"အရင်က တရုတ်ဘက်က မြေပဲလုံးဆန် အနီပဲ ဝယ်တာ၊ ခုကျတော့မြေပဲလုံးဆန်အဖြူတွေပါ ဝယ်လာလိုက်တာ ဒီနေ့နဲ့ဆို ၁၅ရက်လောက်ရှိပြီ၊ အဲဒီဘက်က ဝယ်လိုအားတက်တော့ ဈေးကလည်း တက်လာတယ်။ ဒီဘက်က စက်သမားတွေက ခုပေါက်နေတဲ့ ဈေးနဲ့ မဝယ်နိုင်တော့ သူတို့ရွေးပြီး ကျန်တဲ့ ရွေးကျန်တွေနဲ့ပဲ ဆီကြိတ်နေရတော့ အရည်အသွေးကောင်းတဲ့ဆီတွေ ရမလာနိုင်တော့ဘူး"ဟု ဆီကုန်သည်တစ်ဦးကပြောသည်။

မြေပဲဆန်ဈေးများမှာ အနီလုံးဆန် တစ်ပိဿာလျှင် ၂,၀၀၀ မှ ၂,၀၅၀ ကျပ်၊ အဖြူလုံးဆန်တစ်ပိဿာလျှင် ၁,၉၀၀ ကျပ်၊ ကုန်းဆန်တစ်ပိသာလျှင် ၁,၈၀၀ ကျပ်၊ အညာဆန်တစ်ပိဿာ ၁,၇၀၀ မှ ၁,၇၇၅ ကျပ်အတွင်း ပေါက်နေကြောင်း သိရသည်။

## မန္တလေးတွင် ၅ လအတွင်း ယာဉ်တိုက်မှု ၂၁၀ ခန့်ဖြစ်ခဲ့ပြီး လူ ၆၄ ဦးသေဆုံး

စိုင်းသာအောင်

**မန္တလေး၊ ဇွန်- ၂**

မန္တလေးခရိုင်အတွင်းဇန်နဝါရီ၁ ရက်မှမေလ ၃၀ရက်ထိ ယာဉ်တိုက်မှု ၂၁၀ ရှိခဲ့ပြီး ယာဉ်တိုက်မှုကြောင့် သေဆုံးသူ ၆၄ ဦး၊ ဒဏ်ရာရသူ ၁၂၁ ဦးရှိခဲ့ကြောင်း မန္တလေး ယာဉ်ထိန်းတပ်ဖွဲ့မှ အရာရှိတစ်ဦးကပြောသည်။

စည်းကမ်းပျက်ယာဉ်များကိုလည်း စစ်ဆေးအရေးယူလျက်ရှိရာ မေလနောက်ဆုံးပတ်ဖြစ်သော မေ ၂၃ ရက်မှမေလကုန်အထိ စည်းကမ်းပျက်ယာဉ် ၃၅၃ စီး၊ စည်းကမ်းမဲ့ဆိုင်ကယ် ၄၁၁ စီးတို့အား ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ကြောင်း နယ်မြေ (၁)နယ်မြေမှူးကပြောသည်။

မန္တလေးတိုင်းဒေသကြီး ယာဉ်ထိန်းတပ်ဖွဲ့၊ ယာဉ်မှုစစ်ဌာနမှ အရာရှိတစ်ဦးက "မန္တလေးမှာ ခရီးသည်တင်ကားတွေ စည်းကမ်း မဲ့လွန်းပါတယ်။ ကားမထွက်ခင် စက်တွေစစ်ဆေးရမယ်။ ကားဘီးတွေလေရှိ၊ မရှိ။ ဂီယာဘရိတ်ကောင်း၊ မကောင်း အားလုံးစစ်ဆေးထားဖို့လိုပါတယ်။ လမ်းမအလယ်မှာ ကားစက်ပျက်လို့ ဂီယာမကောင်းလို့၊ တိုင်းရော့ပြုတ်လို့ဆိုပြီး ရပ်ရပ်ထားတာတွေ မကြာခဏတွေ့နေရတယ်။ ခရီးသည်တွေကိုလည်း စော်ကားရာရောက်ပြီးလမ်းအန္တရာယ်၊ ယာဉ်အန္တရာယ်လည်း အချိန်မရွေး ဖြစ်ပေါ်စေပါတယ်" ဟု 7Day News သို့ပြောသည်။





7DAY NEWS JOURNAL
Vol.10, No.12 · JUNE 9, 2011

# ယခုနှစ်မြေပဲအထွက်ကောင်းသော်လည်း တွက်ခြေမကိုက်

နိုင်ကြီး

**ကသာ၊ ဇွန်-၁**



စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်မှ မြေပဲစိုက်တောင်သူများ ယခုနှစ်တွင်မြေပဲအထွက်ကောင်းသော်လည်း ဈေးနှုန်းမကောင်းသောကြောင့် တွက်ခြေမကိုက်ဖြစ်ရကြောင်းသိရသည်။

ကသာမြို့နယ်မှ သီးနှံစိုက်တောင်သူများ အဓိကစိုက်ပျိုးကြသော သီးနှံဖြစ်သည့် မြေပဲသည်ယခင်နှစ်ကပိဿာချိန်၁၀၀ လျှင် ၁၈၀,၀၀၀ ကျပ်နှုန်း ရှိရာမှ ယခုနှစ်တွင် ၁၂၀,၀၀၀ ကျပ်နှုန်းသာရရှိကြသည်။ မြေပဲစိုက်တောင်သူများမှာ အထွက်နှုန်းကောင်းမွန်သော နှစ်တစ်နှစ်ဖြစ်၍ အားရကျေနပ်ကြသော်လည်း ဈေးနှုန်းကောင်းမရရှိသောကြောင့်လည်းစိတ်ပျက်အားလျော့ကြရသည်။ မြေပဲအားနှစ်စဉ်စိုက်ပျိုးသော တောင်သူတစ်ဦးက "ဒီနှစ်မှာမြေပဲတွေ အထွက်နှုန်းကောင်းလို့ အားလုံးက ဝမ်းသာလို့မဆုံးကြသေးဖူး။ မြေပဲဈေးတွေ အတော်လေးကျသွားလို့ တောင်သူတွေဝမ်းနည်းနေရပြန်တယ်"ဟု ပြောကြားသည်။ တောင်သူ တစ်ဦးကလည်း "ဝမ်းသာ၊ ဝမ်းနည်းဆိုတာဒါမျိုးပေါ့ဗျာ။ မျိုးမြေပဲဝယ်ယူစရိတ်၊ အလုပ်သမားစရိတ်နဲ့ အထွေထွေစရိတ်တွေ နုတ်လိုက်ရင်အဖတ်တင်တာဆိုလို့ ပင်ပန်းတာပဲရှိတယ်ဗျာ"ဟု ပြောကြားသည်။

## ဓာတ်လိုက်သေဆုံးနေသည့် ခွေးပါးစပ်မှ ဓာတ်ကြိုးအားဖယ်ရှားသော အမျိုးသမီးတစ်ဦး ဓာတ်လိုက်သေဆုံး

ကြီးမြင့်နိုင်

**လှိုင်ကော်၊ မေ-၃၀**

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ လမ်းဘေးဓာတ်တိုင်မှ ပြုတ်ကျနေသော ဓာတ်ကြိုးကို ကိုက်ခဲလျက်အနေအထားဖြင့်ဓာတ်လိုက်သေဆုံးနေသည့် ခွေး၏ ပါးစပ်မှဓာတ်ကြိုးအား ဖယ်ရှားပေးရာမှ အမျိုးသမီးတစ်ဦး ဓာတ်လိုက်သေဆုံးမှု မေလ ၁၈ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါနေ့နံနက် ၆ နာရီ ၁၅ မိနစ်အချိန်ခန့်က လွိုင်ကော်မြို့၊ နောင်ယား(က)ရပ်ကွက်၊ တိုက် (၆)လုံး ဝန်ထမ်းအိမ်ရာအနီး သီရိဒေါလမ်းနေ ဒေါ်မူယာ (၆၉) နှစ်သည် ၎င်း၏ နေအိမ်ရှေ့ခြံဝင်းအပေါက်ဝ၌ ခွေးတစ်ကောင် သေဆုံးနေကြောင်း မြေးဖြစ်သူအမျိုးသမီးငယ်ကပြောသဖြင့် မြေမြှုပ်ရန်အတွက် သွားရောက်ကြည့်ရှုရာခွေးမှာ ကြိုးတစ်ချောင်းအား ကိုက်ခဲလျက်အနေအထားဖြင့် သေဆုံးနေသည်ကိုတွေ့ရှိရာ ထိုခွေး၏ပါးစပ်မှ ဓာတ်ကြိုးကို ဖယ်ရှားပေးရာမှ ၎င်းပါဓာတ်လိုက်၍ နေရာမှာပင် ရုတ်တရက်သေဆုံးခဲ့ကြောင်း သိရသည်။

ဒေါ်မူယာသည် ခွေး၊ကြောင်၊ကြက်စသည့် အိမ်မွေးတိရစ္ဆာန်များကို အလွန်ချစ်ခင်တတ်သဖြင့် အိမ်မွေးတိရစ္ဆာန်များသေဆုံးပါက ဂရုတစိုက် မြေမြှုပ်ပေးလေ့ရှိကြောင်း ယခုလည်းခွေးသေကို ၎င်းကိုယ်တိုင်မြေမြှုပ်ရန်ဆောင်ရွက်ရာမှ မထင်မှတ်ဘဲအသက်အန္တရာယ်နှင့် ကြုံတွေ့ခဲ့ရကြောင်း ဒေါ်မူယာ၏အိမ်နီးချင်းများက ပြောသည်။

အဆိုပါဓာတ်ကြိုးမှာ ၁၁ ကေဗီဓာတ်အားလိုင်းပေါ်ရှိလွိုင်ကော်မြို့၊ နောင်ယား(က)ရပ်ကွက် အတွင်း ၁၁ လမ်းနှင့် သီရိဒေါလမ်းထောင့်ရှိ၁၆၀ ကေဗီအေထရန်စဖော်မာ၏ ၄၀၀/၂၂၀ ဗို့ အားဓာတ်ကြိုးဖြစ်ပြီး အခင်းဖြစ်ပွားချိန်မတိုင်မီညက မိုးသည်းထန်စွာရွာသွန်းခဲ့စဉ် ဆက်ထားသောနေရာက ပြုတ်ကျနေခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာမှစုံစမ်းသိရသည်။ အခင်းဖြစ်ပွားပြီးနောက် ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့မှလာရောက်ပြီး သက်ဆိုင်သူမိသားစုဝင်များအား အားပေးစကားပြောကြားကာလိုအပ်သည့်ကူညီထောက်ပံ့မှုများပေးအပ်ခဲ့ကြောင်းသေဆုံးသူ၏မိသားစုများထံမှ သိရသည်။ အဆိုပါဖြစ်ရပ်အပေါ် လွိုင်ကော်ရဲစခန်းကသေမှုသေခင်းအမှတ်စဉ်၁၀/၂၀၁၁ကိုအရေးယူဖွင့်ပြီးစုံစမ်းစစ်ဆေးကြောင်း သိရသည်။

## ပြောင်းဖူးစေ့ကြိုပွိုင့်ဈေး တစ်တင်း ၂,၀၀၀ ကျပ်နှုန်းပေါက်

ထူးသန့်

**နေပြည်တော်၊ ဇွန်-၁**



အခြေခံစားဝတ်နေရေးနှင့် စိုက်ပျိုးရေးသွင်းအားစုများ ထည့်သွင်းနိုင်ရေးအတွက် ငွေကြေးလိုအပ်သော တောင်သူများနှင့် ရင်းနှီးမြှုပ်နှံသူများအကြား ပြောင်းဖူးစေ့ကြိုပွိုင့်အရောင်းအဝယ်များ ဖြစ်ထွန်းနေပြီး လောလောဆယ်တွင် တစ်တင်းလျှင် ၂,၀၀၀ ကျပ်နှုန်းဖြင့်ကြိုရောင်းကြိုဝယ်ဖြစ်ပေါ်နေကြောင်းသိရသည်။

လာမည့် စက်တင်ဘာလအတွင်း၌ ဈေးကွက်တင်နိုင်မည့် အဆိုပါသီးနှံအတွက် ယခုနှုန်းထားမှာ ထက်ဝက်ခန့်သာ ရှိသော်လည်း အခြားဝင်ငွေရလမ်းမရှိသော တောင်သူအများစုအတွက် ကြိုပွိုင့်ရောင်းချခြင်းနည်းဖြင့်သာ ဖြေရှင်းနေရကြောင်း နေပြည်တော်လယ်ဝေးမြို့နယ်ရှိ ပြောင်းစိုက်တောင်သူကြီးတစ်ဦးက ပြောသည်။

"ပြောင်းဖူးစေ့က နောက် ၃ လဆို ဈေးကွက်တင်ပို့နိုင်ပြီ။ ဒါပေမဲ့ အခုလောလောဆယ် ငွေရလမ်းမရှိတော့ ဒီလိုပဲ ဖြေရှင်းရတယ်။ အချို့က ရှိတဲ့ ရွှေထည်လေးတွေ ပေါင်ကြတယ်။ တစ်ဆယ်တိုးနဲ့ ရှာကြတယ်။ ကျွန်တော်တို့လို သူတွေကတော့ ဒီလိုပဲ သီးနှံတိုင်းကို ကြိုပွိုင့်ရောင်းပြီး လတ်တလောပြဿနာကိုဖြေရှင်းကြတယ်"ဟုလုပ်ကွက်ငယ်တောင်သူအချို့၏ အခြေအနေကို ထင်ဟပ်ပြောဆိုခဲ့သည်။

လယ်လုပ်ကွက်ရှိသောတောင်သူကြီးအချို့ကမူ မိုးစပါး အထွက်ရရှိသော ဈေးငွေကို အခြားသီးနှံများအတွက် စိုက်ထည့်အသုံးပြုကြကြောင်း ပြောင်းဖူးစေ့ပေါ်ပြီး ငွေရမှသာလျှင် စပါးအတွက် အသုံးပြုကြခြင်းဖြင့် နှစ်စဉ် ဖြေရှင်းခဲ့ကြကြောင်း အခြားတောင်သူကြီးတစ်ဦးကလည်းပြောကြားသည်။

လယ်ယာမြေအတွင်း ဓာတ်တုဗေဒဆေးဝါးများ နှစ်စဉ်သုံးစွဲခဲ့ခြင်းကြောင့် ယနေ့အချိန်တွင် သီးနှံတိုင်းအတွက် သွင်းအားစုများမဖြစ်မနေထည့်သွင်းလာရကြောင်း ထိုကဲ့သို့ ထည့်သွင်းနိုင်ရန်အတွက်လည်း သက်ဆိုင်ရာမှ ချေးငွေမရသည့်အတွက် စပါးသီးနှံမှ လွဲလျှင် အခြားသီးနှံများကို ကြိုပွိုင့်ရောင်း၍သာ ငွေရှာနေရကြောင်းလုပ်ကွက်ငယ်တောင်သူများကပြောဆိုကြသည်။

### မန္တလေးသတင်းတိုများ

## အဘိဓဇမဟာရဋ္ဌဂုရု ပူဇာသဘင် ကျင်းပပြုလုပ်မည်

ယဉ်ယဉ်လှ

**မန္တလေး၊ ဇွန်-၁**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဇန်းမော်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကနိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဒေါက်တာဘဒ္ဒန္တကုမာရဘိဝံသအား နိုင်ငံတော် အစိုးရမှ "အဘိဓဇမဟာရဋ္ဌဂုရု"ဘွဲ့တံဆိပ်တော်ထပ်ဆင့်ပူဇော်ပွဲကိုဇန်းမော်ကျောင်းတိုက်၌ ဇွန် ၁၉ (တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ ပင့်သံဃာတော် ၁၀၁ ပါးတို့အား တစ်ပါးလျှင် ၆၅,၀၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းသွားမည်ဖြစ်ကာ အလှူရှင်များ ပါဝင်လှူဒါန်းနိုင်ကြောင်း ပူဇော်ပွဲကျင်းပရေးကော်မတီမှ သိရသည်။

## ပုံလေးလုံးသံစဉ် ဂန္ထဝင်အကပဒေသာ ထွက်ရှိ

စိုင်းသာအောင်

**မန္တလေး၊ မေ-၃၁**

မန္တလေးမြို့ ပန်တျာကျောင်းမှ အကမင်းသမီးကြီးဝဏ္ဏကျော်ထင် ဒေါ်ဩဘာသောင်း၏ အမျိုးသမီး ကဗျာလွတ်အကဆင့် ၅ ဆင့်၊ ကကွက် ၁၂၅ ကွက်ကို အခြေခံ၍ ရိုးရာယဉ်ကျေးမှုအနှစ်သာရဂန္ထဝင် အကပဒေသာများကို မှတ်တမ်းတင်စုစည်းထားသည့် "ပုံလေးလုံးသံစဉ်ဂန္ထဝင်အကပဒေသာ" ထွက်ရှိခြင်း အထိမ်းအမှတ်ကို ဖြန့်ချိခြင်း၊ မေ ၃၁ ရက်နံနက် ၇ မန္တလေးမြို့ အိုရီရယ်တယ်ဟောက်စ်မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။ ဒေါ်ခင်စောဦးစီစဉ်၍ ဒါရိုက်တာဦးကျော်ဝင်း(လှဂုဏ်ရည်)၊ မြို့မတေးဂီတအဖွဲ့ဥက္ကဋ္ဌဦးရွှန်းမြိုင်၊ စာရေးဆရာ ဆူးငှက်တို့က ရိုက်ကူးခဲ့သည်။

## (၈၃)ကြိမ်မြောက် မဟာမြတ်မုနိ ဝါဆိုခြင်း အလှခတ်ပွဲ ကျင်းပ

ယဉ်ယဉ်လှ

**မန္တလေး၊ မေ-၃၁**

မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီးဝါဆိုခြင်းပွဲတော် ကျင်းပရေးကော်မတီမှ ကြီးမှူးကျင်းပသော (၈၃)ကြိမ်မြောက် ဝါဆိုခြင်းပွဲတော်ဖွင့်ပွဲကို မေ ၃၀ ရက်နံနက် ၈ နာရီက ဘုရားကြီးအနောက် ၄၅ တာဝါဆိုခြင်း အားကစားကွင်း၌ကျင်းပပြုလုပ်ခဲ့ကြောင်းပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌက 7Day News သို့ပြောသည်။ အဆိုပါခြင်းပွဲတော်တွင် နိုင်ငံခြားမှ ခြင်းဝါသနာရှင်များလည်း လာရောက်ပါဝင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

## တောင်အင်း၊မြောက်အင်းသုသာန် တည်ဆောက်မှုပြီးစီး

ယဉ်ယဉ်လှ

**မန္တလေး၊ ဇွန်-၁**

မန္တလေးမြို့ အမရပူရမြို့နယ်တောင်အင်း၊ မြောက်အင်းဒေသ သုသာန်အသစ်တွင်လျှပ်စစ်မီးသွယ်တန်းတပ်ဆင်ပြီးပါကတောင်မြောက်သုသာန်အား သဂြိုဟ်ခွင့်ပိတ်ပင်တော့မည်ဖြစ်ကြောင်း သန့်ရှင်းရေးဌာနမှ သိရသည်။

သန့်ရှင်းရေးဌာနမှူးက "ကျွန်တော်တို့ တောင်မြင့်သုသာန်ကို အမရပူရမြို့နယ် တောင်အင်း၊ မြောက်အင်းဒေသကို ပြောင်းရွှေ့ဖို့ အားလုံးစီစဉ်ပြီးပါပြီ။ လျှပ်စစ်ကိစ္စတစ်ခုပဲကျန်ပါတော့တယ်။ တောင်မြင့်သုသာန်မှာ မီးသဂြိုဟ်စက် ၄ ခုထားရှိပြီး အအေးတိုက်များလည်း တည်ဆောက်ပြီးပါပြီ" ဟု ထပ်မံပြောကြားသည်။

## ယာဉ်ရပ်နားခပိုမိုကောက်ခံသော လေလံလုပ်ငန်းရှင်များအား အရေးယူ

စိုင်းသာအောင်

**မန္တလေး၊ ဇွန်-၃**

မန္တလေးမြို့တော်ဧရိယာအတွင်း မြို့တော်စည်ပင်အခွန်ဌာနမှ ယာဉ်ရပ်နားကောက်ခံခွင့်များ လေလံရရှိသူများသည် လေလံစည်းကမ်းမလိုက်နာဘဲ သတ်မှတ်ထားသော အခွန်ထက်ငွေများပိုမိုကောက်ခံမှုများရှိသဖြင့် စာချုပ်စည်းကမ်းဖောက်ဖျက်သော လေလံလုပ်ငန်းရှင်များအား အရေးယူဆောင်ရွက်ခဲ့ကြောင်း အခွန်ဌာနမှ အရာထမ်းတစ်ဦးက ပြောသည်။ လေလံစည်းကမ်း၊ စာချုပ်စည်းကမ်းဖောက်ဖျက်သော လေလံလုပ်ငန်းရှင်များအား အခွန်ဌာနမှ တာဝန်ရှိသူများက ရှောင်တခင်ကွင်းဆင်းစစ်ဆေးခဲ့ရာ ယာဉ်ရပ်နားကန့်သတ်လေလံရရှိသူ ၄ ဦးအား တစ်ဦးလျှင် ဒဏ်ငွေ ၂၀၀,၀၀၀ ကျပ်စီဖြင့် ဒဏ်ငွေ ၈၀၀,၀၀၀ စုစုပေါင်း လေလံလုပ်ငန်းရှင်ခြောက်ဦးအား တစ်ဦးလျှင် ၂၀၀,၀၀၀ ကျပ်စီဖြင့်ဒဏ်ငွေကျပ် ၁၂ သိန်းဒဏ်ရိုက်ခဲ့ကြောင်းအခွန်ဌာန၊ ဌာနမှူးက 7Day News သို့ပြောသည်။

7 DAY NEWS JOURNAL
Vol.10, No.12 · JUNE 9, 2011

## ■ မန္တလေးကားဈေးကွက်တွင် ချယ်ရီကားအရောင်းသွက်

ယဉ်ယဉ်လှ

**မန္တလေး၊ ဇွန်-၁**

မန္တလေးမော်တော်ကားဝယ်ရောင်းဈေးကွက်တွင် အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ တရုတ်နည်းပညာဖြင့်ထုတ်လုပ်ရောင်းချသော မီနီစူပါဆလွန်းချယ်ရီ 003 ကားများ ဈေးကွက်ဝင် လူကြိုက်များလျက်ရှိကြောင်းလမ်း ၆၀၊ မြို့တော်စည်ပင်ကားဝယ်ရောင်းစခန်း၊ ကားပွဲစားများထံမှသိရသည်။ "တရုတ်နိုင်ငံ နည်းပညာနဲ့ မီနီစူပါဆလွန်းချယ်ရီ003 ကားလေးတွေဟာမေလပထမပတ်က တတိယပတ်အထိ ကားတစ်စီးကျပ် ၁၅၅ သိန်းနဲ့အရောင်းအဝယ် ဖြစ်ပါတယ်။ မေလ စတုတ္ထပတ်၊ အခြေခံပညာကျောင်းတွေဖွင့်ခါနီးတော့ တစ်စီးကို ကျပ် ၁၇၅ သိန်းထိ အဝယ်လိုက်လာပါတယ်။ အဓိ ကကတော့ ကားလေးတွေ ပေါ့ပါးတယ်။ ကျောင်းသားတွေကို ကျောင်းပို့ဖို့အတွက် ငွေကြေးချမ်းသာတဲ့ကျောင်းသားမိဘတွေက ဝယ်ကြတာပါ"ဟု ကားပွဲစားတစ်ဦးက သုံးသပ်ပြောသည်။

## ■ လုပ်ငန်းလိုင်စင်ခွန် ပေးဆောင်ခြင်းမရှိပါက ဒဏ်ငွေပေးဆောင်ရမည်

ယဉ်ယဉ်လှ

**မန္တလေး၊ ဇွန်-၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသန့်ရှင်းရေးဌာနတွင် လုပ်ငန်းလိုင်စင် ရယူထားသော လုပ်ငန်းရှင်များသည် ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းလိုင်စင်ခွန်များ ဧပြီ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အတွင်း သန့်ရှင်းရေးဌာန နန်းရှေ့ဈေးအပေါ်ထပ်သို့ လာရောက်ပေးသွင်းကြရမည်ဖြစ်ကြောင်း သတ်မှတ်ကာလအတွင်း ပေးသွင်းခြင်းမရှိပါက ပထမသြဂုတ်လတွင် လိုင်စင်ခွန်၏ ၅ ရာခိုင်နှုန်း၊ ဒုတိယ စက်တင်ဘာလတွင် လိုင်စင်ခွန်၏ ၁၀ ရာခိုင်နှုန်း တတိယ အောက်တိုဘာလတွင် လိုင်စင်ခွန်၏ ၁၅ ရာခိုင်နှုန်း ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်ကြောင်း သတ်မှတ်ကာလအတွင်းပေးသွင်းရန်ပျက်ကွက်ပါက လုပ်ငန်းလိုင်စင်ပိတ်သိမ်းပြီး တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်းသန့်ရှင်းရေးဌာနဌာနမှူးက ပြောသည်။

## ■ စိန်တစ်လုံးသရက်စေ့များ ဈေးကွက်ဝင်လာ

ဆန်းညွန့်

**ကျောက်ပန်းတောင်း၊မေ-၂၉**

သစ်သီးဝလံဈေးကွက်တွင် အခြားသစ်သီးဝလံများထက် အရောင်းသွက်သည့်သရက်သီး(စိန်တစ်လုံး) သီးများမှာ ယခုရက်တွင် အသီးပင်မဟုတ်အစေ့များကိုလည်း ဝယ်ယူနေကြပြီဖြစ်ကြောင်း သိရသည်။

"ကြံ့သလိုစွန့်ပစ်ကြသည့် စိန်တစ်လုံးမျိုးသရက်စေ့ကို ဝယ်နေကြတာပါ။ အချို့ပလတ်စတစ်ကောက်သူတွေကကောက်ယူပြီး ရောင်းကြပါတယ်။ ဘယ်သူမှစိန်တစ်လုံးမျိုးလို့မသိကြတော့ ဒိုင်ကခွဲပြီးဝယ်ရတယ်။ ပီနံအိတ်တစ်လုံး(တစ်တင်းခွဲတစ်အိတ်)ကိုရုံဖန်ရံခါမှာ၄ပြည်ရဖို့စိန်တစ်လုံးအစေ့ကရခဲပါတယ်"ဟု သရက်စေ့ရောင်း ချသူအမျိုးသမီးတစ်ဦးက ပြောသည်။

စိန်တစ်လုံး သရက်မျိုးစေ့များကို မန္တလေး၊ ကျောက်ဆည်၊ ပြင်ဦးလွင်ဒေသမှပျိုးခြံများက ဝယ်ယူကြခြင်းဖြစ်ပြီး အစေ့ကို အပင်ဖောက်ကာ တစ်ပင် ၁,၅၀၀ ကျပ်မှ ၃,၀၀၀ ကျပ် ထိရောင်းချကြကြောင်းသိရသည်။ သရက်စေ့တစ်ပြည်လျှင် ၁၀၀ ကျပ်ရောင်းရသည်။ ဒိုင်မှ လိုချင်သည့်သရက်စေ့အရွယ်အစားကိုမူတည်၍ ပျိုးခြံကိုရောင်းရသည်။ ယခုတစ်လောစိန်တစ်လုံးသရက်စိုက်ပျိုးရေးသည်စီးပွားရေးလောကတွင် အပင်၁၀၀ မှ ၅၀၀ အထိစိုက်ပျိုးသည့်ခြံများဖြင့် ရင်းနှီးမြှုပ်နှံစိုက်ပျိုးလာကြသည်။

## ■ ဆန်စပါးအထူးပြုကုမ္ပဏီ (မန္တလေးတိုင်းဒေသကြီး)မှ အစုရှယ်ယာများ စတင်ခေါ်ယူ

စိုင်းသာအောင်

**မန္တလေး၊ ဇွန်-၂**

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း(မန္တလေးတိုင်းဒေသကြီး)မှ ဆန်စပါးအထူးပြုကုမ္ပဏီဖွဲ့စည်းရေးအတွက် ဆန်စက်ပိုင်၊ ဆန် ကုန်သည်၊ ဆန်ပွဲစားနှင့် စိတ်ပါဝင်စားသူတောင်သူများအား အစုရှယ်ယာများခေါ်ယူနေပြီဖြစ်ကြောင်း သိရသည်။

တောင်သူလယ်သမားများပါ ပါဝင်နိုင်ရေးအတွက် အစုတစ်စုလျှင် ကျပ်တစ်သိန်း သတ်မှတ်ထားပြီး အစု(၁၀၀)(ကျပ်သိန်း ၁၀၀) ထည့်ဝင်ပါက ဒါရိုက်တာ အဖွဲ့ဝင်အဖြစ် အရွေးချယ်ခံနိုင်ကြောင်း ဆန်စပါး အထူးပြုကုမ္ပဏီ(မန္တလေးတိုင်းဒေသကြီး)ဖွဲ့စည်းပြီးပါက ယခုနှစ်မိုးရာသီမှစတင်၍ တောင်သူများအား ကျပ် ၁၀၀ လျှင် အတိုးနှုန်း ၂ ကျပ်နှုန်းဖြင့် ငွေချေးနိုင်ရေးအတွက် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသင်းအမှုဆောင်တစ်ဦးက ပြောသည်။

# မတ်ပဲဈေး ရက်ပိုင်းအတွင်း ထိုးကျ

ထူးသန့်

**နေပြည်တော်၊ ဇွန်-၁**

ရိတ်သိမ်းချိန်ကတည်းက စိုက်ပျိုးထုတ်လုပ်မှုစရိတ်နှင့် မကာမိခဲ့သော ယခုနှစ်ရာသီ မတ်ပဲပေါက်ဈေးမှာ ပြီးခဲ့သည့် မေလအတွင်း တစ်တင်းလျှင် ပေါက်ဈေး၏ ၂၅ ရာခိုင်နှုန်းခန့်ထပ်မံထိုးကျသွားခဲ့ကြောင်း ပဲလှောင်တောင်သူအချို့က ပြောကြားသည်။

မတ်ပဲစတင်ရိတ်သိမ်းသည့်ကာလကတည်းက တစ်တင်းလျှင်ကျပ်နှစ်သောင်းကျော်ရုံဖြင့်သာ တည်တံ့ခဲ့သောမတ်ပဲဈေးနှုန်းသည် ပြီးခဲ့သည့် မေလအတွင်း တစ်သောင်းခွဲအထိကျဆင်းသွားသည့်အတွက် ပဲလှောင်တောင်သူများ ငွေဖော်ရာတွင်အထိနာခဲ့ကြောင်း လည်း၎င်းတို့ကဆိုကြသည်။

နေပြည်တော်ဒေသခံတောင်သူတစ်ဦးက"အစ်ကိုလည်း ဈေးတက်ဦးမလားဆိုပြီး မရောင်းဘဲလှောင်ထားတာ။ အခု မိုးရာသီအတွက် ငွေလိုလို့ ထုတ်ရောင်းတော့ ၅,၀၀၀ ကျော်ထပ်ကျသွားတယ်။ နှစ်ခါပြန်နာတာပေါ့ဗျာ" ဟု မတ်ပဲလှောင်ခဲ့ခြင်း၏ အကျိုးရလဒ်ကို ပြောကြားသည်။

မတ်ပဲတစ်တင်းနှစ်သောင်းကျပ်ပေါက်ဈေးသည် ရာသီဥတုကောင်းမွန်၍ အထွက်နှုန်းပုံမှန်ရှိလျှင် အရင်းပြန်ရနိုင်သည့် နှုန်းထားဖြစ်သော်လည်း အခါလွန်မိုးများ မကြာခဏ ရွာသွန်းခဲ့သောပြီးခဲ့သည့် မတ်ပဲရာသီကမူ ပဲအထွက်နှုန်း နည်းသည့်အပြင် အထွေထွေစရိတ် များပြားခဲ့ခြင်းကြောင့် အရှုံးပေးခဲ့ရကြောင်း ပဲစိုက်တောင်သူများက ပြောကြားသည်။

၎င်းအပြင် မြေဆောင်ရောဂါနှင့်ပိုးမွှားများကြောင့်လည်း လုံးဝဆုံးရှုံးခဲ့ရသည့် တောင်သူများရှိခဲ့ကြောင်းလည်းသိရသည်။

# နယ်စပ်ကုန်သွယ်ရေးဖြင့် ကျွဲ၊ နွားအရှင်များဝယ်ယူရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းလှမ်း



နနွေ

**မောင်တော၊ မေ-၃၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည်မြန်မာနိုင်ငံမှ ကျွဲ၊ နွားအရှင်များကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် ဝယ်ယူရန်ကမ်းလှမ်းထားကြောင်း သိရသည်။

မေလ ၁၂ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကယူချောင်းမြို့ (တက္ကနက်ဖ်)၌ပြုလုပ်ခဲ့သည့်မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးညှိနှိုင်းအစည်းအဝေးတွင်ဘင်္ဂလားဒေ့ရှ်နိုင်ငံက ထိုကဲ့သို့ ကမ်းလှမ်းခဲ့ခြင်းဖြစ်ကြောင်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သူ စစ်တွေအခြေစိုက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကောင်စစ်ဝန် မစ္စတာ ဂျမေးလ်အက်မ်တာဆီဒိတ်က ပြောသည်။

ဘင်္ဂလားဒေ့ရှ် နိုင်ငံသည် မြန်မာနိုင်ငံမှ သစ်များကိုလည်း နယ်စပ်ကုန်သွယ်ရေးဖြင့် ဝယ်ယူလိုကြောင်း ၎င်းက ဆက်လက်ပြောသည်။ မြန်မာနိုင်ငံဘက်မှမူ သစ်များကို တရားဝင်ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းဖြင့်သာ တင်ပို့လိုပြီး ကျွဲ၊ နွားများကိုလည်း အရှင်တင်ပို့ခြင်းထက် အသားအဖြစ်သာတင်ပို့ရန်ဆန္ဒရှိကြောင်း သိရသည်။ မြန်မာနိုင်ငံမှ ကျွဲ၊ နွားအသားများကို တရုတ်နိုင်ငံသို့လည်းတင်ပို့လျက်ရှိနေကြောင်းဖြင့်သိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အသားတင်ပို့ရာတွင် ယင်းတို့၏ ဘာသာဓလေ့ထုံးတမ်းများနှင့်အညီ သတ်ဖြတ်တင်ပို့ရန် လိုကြောင်း၊ နယ်စပ်ဒေသတွင် ဘာသာတူသူများနေထိုင်လျက်ရှိကြရာ ဘာသာရေးထုံးတမ်းဓလေ့နှင့်အညီသတ်ဖြတ်တင်ပို့နိုင်ရေးမှာ အခက်အခဲမရှိနိုင်ကြောင်းလည်း သိရသည်။

# နေပြည်တော် ပျဉ်းမနားတွင် ဆင်ဆာမဲ့ ခိုးကူးခွေနှင့် ညစ်ညမ်းခွေ တစ်သောင်းကျော် ဖမ်းဆီးရမိ

ကျော်ဇေယျ

**နေပြည်တော်၊ မေ-၃၀**

နေပြည်တော်ပျဉ်းမနားတွင် ဆင်ဆာမဲ့ခိုးကူးခွေ ရောင်းချသူများကို မေလနောက်ဆုံးပတ်တွင် ဆက်တိုက်ဖမ်းဆီးလျက်ရှိရာ မေလ ၂၆ ရက်က တစ်ဆိုင်တည်းမှ တရားမဝင် ဆင်ဆာမဲ့ခိုးကူးခွေများ ၄,၀၀၀ ကျော်ကို ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ မေလ ၂၆ ရက်က နေပြည်တော်ခရိုင် ဗီဒီယိုအခြေခံအဖွဲ့နှင့်ရဲတပ်ဖွဲ့ဝင်များသက်သေများပူးပေါင်းပြီး နေပြည်တော် ပျဉ်းမနားမြို့မဈေးမြောက်ဘက်မင်္ဂလာရပ်ကွက်ရှိနေအိမ်တစ်အိမ်သို့ဝင်ရောက်ရှာဖွေရာ ကို. . . (၄၀)နှစ်ဆိုသူ၏ နေအိမ်တွင် တရားမဝင်ဆင်ဆာမဲ့ နိုင်ငံခြား ဒီဗီဒီအခွေ ၃,၁၅၀ ချပ်နှင့်တရားမဝင်ဆင်ဆာမဲ့ခိုးကူးခွေဖြစ်သည့် မြန်မာသီချင်း ဒီဗီဒီအခွေ ၁,၁၄၅ ချပ်အားတွေ့ရှိခဲ့၍နေပြည်တော်ပျဉ်းမနားရဲစခန်း(ပ)၃၃၂/ ၂၀၁၁ ဗီဒီယိုအက်၃၂(ခ)အရအရေးယူထားခဲ့ကြောင်း ရဲမှတ်တမ်းများအရသိရသည်။

"ဒီမှာ အခုတလော ဖမ်းမိတယ်ဆိုတာက ခိုးကူးခွေတွေချည်းပဲမိနေတယ်။ တရားမဝင် ခိုးကူးခွေ၊ ဆင်ဆာမဲ့နိုင်ငံခြားကားတွေ၊ ညစ်ညမ်းကားတွေ စတာတွေပဲဖမ်းမိတယ်။ ကူးယူတဲ့ စက်ပစ္စည်းတွေကိုတော့လက်ရမဖမ်းမိသေးပါဘူး။ ဒါဟာလည်း နေပြည်တော်ဒေသမှာ ခိုးကူးတဲ့သူထက် ခိုးကူးခွေရောင်းစားတဲ့သူက ပိုများလို့ပါ။ အခုဖမ်းမိရတဲ့သူတွေရဲ့ ထွက်ဆိုချက်အရတော့ ဒီတရားမဝင်အခွေတွေက မန္တလေးဘက်က ဆင်းလာတာများပါတယ်"ဟု ရဲအရာရှိတစ်ဦးကပြောသည်။

နေပြည်တော်ပျဉ်းမနားတွင် ယခုလ ၂၂ ရက်က တရားမဝင် ဆင်ဆာမဲ့အခွေနှင့် ညစ်ညမ်းခွေများအားပူးပေါင်းဖမ်းဆီးရေးအဖွဲ့မှအဖွဲ့ခွဲ၍ဝင်ရောက်စစ်ဆေးဖမ်းဆီးရာမှ ဆင်ဆာမဲ့ ဗီဒီယို အခွေနှင့် ညစ်ညမ်းအခွေပေါင်း ၆,၇၀၀ ကျော်နှင့်အတူ ဆင်ဆာမဲ့ ဗီဒီယိုအခွေများနှင့်ညစ်ညမ်းအခွေများ ရောင်းချသူ ၆ ဦးအား ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်း ဆင်ဆာမဲ့ ဗီဒီယိုခိုးကူးအခွေများနှင့် ညစ်ညမ်းအခွေများအား လူစည်ကားရာဈေးတန်းများအတွင်းရောင်းချနေ၍ စစ်ဆေးဖမ်းဆီးနိုင်ရန် ဗီဒီယိုအစည်းအရုံးအဖွဲ့ဝင်များ၊ နယ်ထိန်းခေါင်းဆောင်ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည်ဖမ်းဆီးရေးအဖွဲ့ငယ်များဖွဲ့၍ တစ်ချိန်တည်းမှာပင် ၆ နေရာခွဲ၍ ဖမ်းဆီးခဲ့သည်။

မေလ ၂၂ ရက် ညနေ ၅း၁၅ မိနစ် အချိန်ခန့်က ဖမ်းဆီးရေးအဖွဲ့ခွဲလေးခုမှ ယုဇနဈေး ပုံ့ကျတန်းအတွင်း ကိုကျော်ဇေယျ (၂၂)နှစ်အပါအဝင် အခွေရောင်းချသူ (၄)ဦးအား သက်သေခံပစ္စည်းများဖြစ်သော တရားမဝင်ဆင်ဆာမဲ့ ဗီစီဒီ / ဒီဗီဒီအခွေပေါင်း ၄,၀၃၅ ခွေ နှင့် ဆင်ဆာမဲ့ နိုင်ငံခြား ညစ်ညမ်းဒီဗီဒီအခွေ ၄၀၀ တို့ကို တွေ့ရှိရ၍ နေပြည်တော်ပျဉ်းမနားရဲစခန်း (ပ) ၃၁၀/ ၂၀၁၁ ဗီဒီယိုအက် ၃၂ (ခ)အရလည်းကောင်း၊ နေပြည်တော်ပျဉ်းမနားရဲခစန်း(ပ)၃၁၁/ ၂၀၁၁ ပြစ်မှုပုဒ်မ ၂၉၂ အရလည်းကောင်း နေပြည်တော်ပျဉ်းမနားရဲစခန်း (ပ)၃၁၂/ ၂၀၁၁ ဗီဒီယိုအက် ၃၂ (ခ)အရလည်းကောင်း၊ နေပြည်တော် ပျဉ်းမနားရဲစခန်း(ပ)၃၁၃/ ၂၀၁၁ ပြစ်မှုပုဒ်မ ၂၉၂ အရလည်းကောင်း၊ နေပြည်တော် ပျဉ်းမနား ရဲစခန်း (ပ)၃၁၄/ ၂၀၁၁ ဗီဒီယိုအက် ၃၂(ခ)အရလည်းကောင်း၊ နေပြည်တော်ပျဉ်းမနားရဲစခန်း (ပ) ၃၁၅/ ၂၀၁၁ ပြစ်မှုပုဒ်မ ၂၉၂ အရလည်းကောင်းနှင့် နေပြည်တော်ပျဉ်းမနားရဲစခန်း(ပ)၃၁၆/ ၂၀၁၁ ဗီဒီယိုအက် ၃၂(ခ)အရလည်းကောင်း အသီးသီးအမှုဖွင့်အရေးယူကြောင်း သိရသည်။

ဆက်လက်၍ ကျန်ဖမ်းဆီးရေးအဖွဲ့ငယ်နှစ်ဖွဲ့မှနေပြည်တော်ပျဉ်းမနားအာဟာရသုခဈေးရှိ ပုံ့ကျတန်းသို့ ဝင်ရောက်ဖမ်းဆီးရာတွင်လည်း ဈေးအတွင်း၌ တရားမဝင်ခိုးကူးဆင်ဆာမဲ့ဒီဗီဒီ / ဗီစီဒီမျိုးစုံ ၂,၁၉၀ ခွေ တရားမဝင်ညစ်ညမ်းခွေ ၁၄၈ ခွေအားရောင်းချနေသူအခွေသည် လူငယ် နှစ်ဦးအားတွေ့ရှိရ၍နေပြည်တော်ပျဉ်းမနားရဲစခန်း(ပ)၃၁၇/ ၂၀၁၁ပြစ်မှုပုဒ်မ ၂၉၂ အရလည်းကောင်း၊ နေပြည်တော်ပျဉ်းမနား ရဲစခန်း(ပ)၃၁၈/ ၂၀၁၁ဗီဒီယိုအက်၃၂(ခ)အရလည်းကောင်း၊ နေပြည်တော် ပျဉ်းမနားရဲစခန်း(ပ)၃၀၉/ ၂၀၀၀ပြစ်မှုပုဒ်မ ၂၉၂ အရလည်းကောင်း၊ နေပြည်တော်ပျဉ်းမနားရဲစခန်း(ပ) ၃၂၀/ ၂၀၁၁ ဗီဒီယိုအက် ၃၂ (ခ)အရလည်းကောင်း အသီးသီးအမှုဖွင့်အရေးယူခဲ့ကြောင်းသိရသည်။

7DAY NEWS JOURNAL
Vol.10, No.12 • JUNE 9, 2011

# မန္တလေးမြို့တွင် လူသွားစင်္ကြံပလက်ဖောင်းပေါ် ရောင်းချသော ကျူးကျော်ဆိုင်များအား အရေးယူ

စိုင်းသာအောင်

**မန္တလေး၊ မေ- ၃၁**

မန္တလေးမြို့စည်ပင်သာယာရေးကော်မတီအခွန်ဌာနမှ မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းလူသွားစင်္ကြံ၊ ပလက်ဖောင်း၊ ရေမြောင်းများပေါ်တွင် ကျူးကျော်စုပုံပစ္စည်းများရှိခြင်း၊ ရောင်းချခြင်းများကို ဖယ်ရှားရှင်းလင်းရေးစီမံချက်ဖြင့် ၂၀၁၁ ခုနှစ်ဧပြီနောက်ဆုံးပတ်မှ စတင်ကာပညာပေးခြင်း၊ အသိပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း အခွန်ဌာန၊ ဌာနမှူးကပြောသည်။

မန္တလေးမြို့၏ အဓိက အချက်အချာကျသော လမ်းဝဲယာနေရာများကို စတင်ဆောင်ရွက်လျက်ရှိရာ မေ ၂၈ ရက်အထိ လမ်း၈၀၊ ၂၆ လမ်းနှင့် ၃၅ လမ်းကြားဝဲ၊ ယာ ၆၈ ဦး၊ ၂၆ လမ်း၊ လမ်း ၈၀ နှင့် ၈၄ လမ်းကြားဝဲယာ ၃၄ ဦး၊ ၇၈ လမ်း၊ ၂၆ လမ်းနှင့် လမ်း ၄၀ ကြားဝဲယာ ၉၇ ဦး၊ ၈၄ လမ်း ၂၈ လမ်းနှင့် ၃၅ လမ်းကြား ဝဲယာ ၉၀ ဦးစုစုပေါင်း ၂၉၅ ဦးတို့အား ပညာပေးခြင်း၊ အသိပေးခြင်းတို့ဖြင့် ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးကြောင်း အခွန်ဌာနမှူးဦးသာထွန်းကျော်က အတည်ပြုပြောကြားသည်။

မန္တလေးမြို့ လမ်း ၈၀၊ ၂၆ လမ်းနှင့် ၃၅ လမ်းကြား ပလက်ဖောင်းများတွင် ဆိုင်ရှင်အချို့သည်ပလက်ဖောင်းများကိုပိတ်၍ ဆိုင်ခင်းရောင်းချသဖြင့်လမ်းသွားလမ်းလာများသွားလာရာတွင် ခက်ခဲမှုရှိကြောင်း ပလက်ဖောင်းများပေါ်တွင် ဆိုင်ခင်းရောင်းချသဖြင့် ကားလမ်းပေါ်တွင်လမ်းလျှောက်သွားပါက ယာဉ်အန္တရာယ်များကြုံတွေ့နိုင်ကြောင်း မန္တလေးဒေသခံတစ်ဦးက 7Day News သို့ပြောသည်။

# နေပြည်တော် ပျဉ်းမနားတွင် ခရီးသည်တင်ယာဉ်အား လေးခွနှင့် ပစ်ခတ်မှု ထပ်မံဖြစ်ပွား

ကျော်ဇေယျ

**ရန်ကုန်၊ ဇွန် - ၂**

နေပြည်တော် ပျဉ်းမနားမြို့၊ ရန်အောင် ၁ အုပ်စု၊ အောင်မင်္ဂလာရပ်ကွက်အနီးတွင် အဝေးပြေးခရီးသည်တင်ယာဉ်တစ်စီးအားအား လေးခွနှင့် ပစ်သဖြင့် ပျက်စီးဆုံးရှုံးနစ်နာမှုအပေါ် အမှုဖွင့် အရေးယူခဲ့ရသော ဖြစ်စဉ်တစ်ခုဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဇွန်လ ၂ရက် ညပိုင်းက ရွှေစင်စကြာယာဉ်လိုင်းမှယာဉ်မောင်းကိုနိုင်ဝင်း (၃၆နှစ်)က နေပြည်တော် ပျဉ်းမနား ရဲစခန်းသို့ လာရောက်၍ ၎င်းသည် မေလ ၂၆ ရက် ညနေ ၈နာရီ ၄၅မိနစ်အချိန်ခန့်က ခရီးသည်တင် မှန်လုံယာဉ်ကို ဘောဂသီရိကားဝင်းမှ ရန်ကုန်ဘက်သို့မောင်းနှင်လာစဉ် ဆင်ရတနာရုပ်တုအလွန် ကားလမ်းပေါ်တွင် မှန်လုံကား၏ ရှေ့ဝဲဘက်လေကာမှန်အား လောက်စာလုံးခဲထိမှန်ရာမှ ကားလေကာမှန်မှာ ကွဲကြေသွားပြီး ကာလတန်ကြေးကျပ်သုံးသိန်းဖိုးခန့်ဆုံးရှုံးနစ်နာသွားသည်ဟုဆိုသည်။ သို့သော်ကံကောင်းထောက်မစွာဖြင့် ယာဉ်ပေါ်ပါ ခရီးသည်များ ထိခိုက်ဒဏ်ရာမရရှိခဲ့ပေ။

သို့ဖြစ်၍ ရွှေစင်စကြာယာဉ်လိုင်းမှ ခရီးသည်တင် မှန်လုံယာဉ်အား လေးခွနှင့် ပစ်ခတ်သူကို စုံစမ်းပြီးဥပဒေအရအရေးယူပေးပါရန် အမှုဖွင့်လာသဖြင့် နေပြည်တော် ပျဉ်းမနား(ပ)၃၄၃/၂၀၁၁ ဥပဒေပုဒ်မ ၃၃၆/၄၂၇ အရ အမှုဖွင့်ကာ စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း ရဲမှတ်တမ်းများအရသိရသည်။

"ရထားကို ခဲနဲ့ထုတဲ့ဖြစ်ရပ်တွေလည်း ရှိခဲ့ပါတယ်။ အခုကျတော့ မှန်လုံယာဉ်ကိုပါ ခဲနဲ့ထုနေကြလေရဲ့။ မနှစ်ကဆိုရင် နေပြည်တော် ပျဉ်းမနားမှာ အဲဒီလိုဖြစ်မှုနှစ်ခုရှိခဲ့ဖူးတယ်လို့တောင်ကြားပါတယ်။ ဘာရည်ရွယ်ချက်နဲ့ ဒီလိုလုပ်နေကြလဲမသိပါဘူး။ ရန်ငြိုးရန်စလည်းမရှိ၊ စီးပွားပြိုင်ဘက်လည်း မဟုတ်ဘဲနဲ့ လူအုပ်ကြား ခဲပစ်ထည့်ပြီး မကောင်းသူထိပ်ကောင်းသူထိပ်ဆိုတဲ့သဘောနဲ့လုပ်နေကြတာတွေ၊ လက်တည့်စမ်းနေတာတွေတော့ မကောင်းဘူးပေါ့ဗျာ။ ဒီလိုလူမျိုးတွေကို ထိထိရောက်ရောက်အရေးယူသင့်ပါတယ်"ဟု ခရီးအသွားအလာများသော ဒေသခံ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။

# ဝဥများတစ်ပိုင်တစ်နိုင်စိုက်ပြီး ပြည်ပဈေးကွက်တင်ပို့

ဆန်းညွန့်

**အမ်း၊ မေ- ၂၉**

တောတောင်များအတွင်း အလေ့ကျပေါက်ရောက်သည့်ဝဥများကိုပြည်ပဝယ်လက်က အဝယ်ဒိုင်မှတစ်ဆင့် ဝယ်ယူနေသဖြင့် အရောင်းအဝယ်သွက်နေကြောင်း သိရသည်။

ရခိုင်ပြည်နယ် အမ်း၊ မြောက်ဦးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် တောကြီးသဖွယ်ပေါက်ရောက်သော်လည်း ယခုအခါတွင် အလွန်ရှားပါးသွားပြီဖြစ်၍ အချို့တစ်ပိုင်တစ်နိုင်စိုက်ပျိုးမှုသာရှိကာ ဈေးကွက်သို့တစ်နေ့လျှင်ပိဿာချိန် ၃,၀၀၀ဝန်းကျင်ဝင်ရောက်ကြောင်း စိုက်ပျိုးသူများထံမှသိရှိရသည်။

ဝဥခြောက်ကို ပြည်ပပို့ကုန်သည်များက ဒေသခံအဝယ်တော်များထား၍ လုပ်ကိုင်ကြသည်။ "မိုးဦးကျပေမယ့်အခင်းတွေမှာမတူးကြသေးပါဘူး။ အလေ့ကျပဲဝင်တယ်။ အရည်အသွေးနုတဲ့အတွက် စိစစ်ဝယ်တာမျိုးလည်းရှိပါတယ်။ ဇူလိုင်လမှစပြီး အနုထက်အရင့်များဝင်မှာပါ"ဟု ကုန်သည်တစ်ဦးက ပြောသည်။

ဈေးကွက်တွင် ဝဥခြောက် ၁ ပိဿာလျှင် ၂,၅၀၀ ကျပ်ပေါက်ဈေးရှိကာ ပစ္စည်းပေါ်မူတည်၍ ဈေးအပြောင်းအလဲရှိကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် စာရင်းဇယားများအရ ၂၀၁၀-၁၁ ဘဏ္ဍာရေးနှစ်တွင် ၂၀၁၁ ခုနှစ်မတ်လအထိ ဝဥတန်ချိန် ၂၃၁ တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

# ဝိုင်းမော်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ထက်သူအောင်

**ဝိုင်းမော်၊ ဇွန်- ၁**

မြစ်ကြီးနားခရိုင်ရဲတပ်ဖွဲ့ အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူမူးယစ်ဆေးဝါးသတင်းအရ မေ ၂၈ရက်ည ၈ နာရီခွဲက ဝိုင်းမော်မြို့နယ် ရွှေညောင်ပင်ကျေးရွာအမကအနီး ဝိုင်းမော်-ဗန်းမော် ကားလမ်းမပေါ်တွင် လျှို့ဝှက်စောင့်ဆိုင်းနေစဉ် ကျောင်းဘေးလမ်းကြားမှ လမ်းလျှောက်လာသူ ရွှေညောင်ပင်ကျေးရွာနေ မလလွန်း(ခ)မဇော်းလ(၂၇)နှစ်အား မသင်္ကာဖွယ်တွေ့ရှိရသဖြင့်ရပ်တန့်စေပြီး ရှာဖွေစစ်ဆေးမှုများပြုလုပ်ခဲ့သည်။

ယင်းသို့ရှာဖွေစစ်ဆေးစဉ် မလလွန်း(ခ)မဇော်းလ လွယ်ထားသည့်ဘော်ကြယ်ထိုးဆင်ရုပ်ပါ ရှမ်းချည်သားလွယ်အိတ်အတွင်း အနက်ရောင်ကြွပ်ကြွပ် အိတ်ဖြင့်ထုတ်လျက်တိတ်အကြည်မှိုင်းခံစက္ကူအဖြူတို့ဖြင့် ပတ်ထား ပြီး အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်တစ်အိတ်စီတွင်စိတ် ကြွရူးသွပ်ဆေးပြားဟုယူဆရသော WY စာတန်းပါ အနီရောင် ဆေးပြား ၂၀၀ စီပါအိတ် ၄၀ စုစုပေါင်းဆေးပြား ၈၀၀၀(အလေးချိန်ဂရမ် ၈၀၀)ကာလတန်ဖိုးငွေကျပ်သိန်း ၄၀၀ ဖိုးအား တွေ့ရှိသိမ်းဆည်းရမိသဖြင့် မလလွန်း(ခ)မဇော်းလအား ဝိုင်းမော်ရဲစခန်း ကမယ(ပ)၅၇/ ၂၀၁၁၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၅/၁၉(က)အရ အမှုဖွင့် အရေးယူထားကြောင်း သိရှိရသည်။

**Free Classified**

# ဝန်ထမ်းအလိုရှိသည်

**အခမဲ့ကြော်ငြာကဏ္ဍ**

MYANMAR OVERSEAS DEVELOPMENT LTD
တိုက် ၄၂၉-၄၃၇၊ အခန်း-E-3၊ ရတနာမြိုင်အိမ်ရာ၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၀၁၆၅၂
ကွန်ပျူတာ၊ အီးမေးလ်၊ အင်တာနက်၊ စာစီစာရိုက် ကျွမ်းကျင်ကျား(၁)ဦး၊ လစာ -၄၀,၀၀၀ ကျပ်

--------------------------

Anchor Handling Tug Supply AHTS Vessel အတွေ့အကြုံရှိသော Officer, Engineer နှင့် Rating များ အမြန်အလိုရှိသည်။
အမှတ်-၄၂၉၊ ၄၃၇၊ အခန်း-E-3၊ ရတနာမြိုင်အိမ်ရာ၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၀၁၆၅၂။

--------------------------

ကြော်ငြာလုပ်ငန်း -ကျား/မ -၁၀ဦး၊
အိမ်ခြံမြေလုပ်ငန်း -ကျား/မ-၆ဦး
Graphic Designer -ကျား -၁ဦး
ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင် -မ(၁)ဦး၊ လူမှုရေးလုပ်ငန်းကျွမ်းကျင်ကျား/မ- ၁ ဦး အမှတ်-၇၉၇၊ အခန်း-၁၀၄-ဘီ၊ MAC Tower (II)၊ ဝါးတန်းလမ်းနှင့်ဗိုလ်ချုပ်လမ်းထောင့်၊ လမ်းမတော်မြို့နယ်။
ဖုန်း-၀၁ ၂၂၂၉၂၃၊ ၂၂၉၀၈၇

--------------------------

Beauty Spa (အမျိုးသမီးသီးသန့်) အသစ်တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။ မန်နေဂျာ မ- ၃ ဦး ခေါင်းလျှော်၊ လက်သည်းပုံဖော်၊ ခြေထောက်အနှိပ်ကျွမ်းကျင် မ-(၁၀)ဦး၊ အလုပ်သင် မ- ၁၀ ဦး
Spa လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
တိုက်-၁၊ အခန်း-၄၀၂၊ ညောင်တန်းအိမ်ရာ၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း-၀၉ ၅၁၈၄၅၁၄

--------------------------

အထည်ချုပ်လုပ်ငန်းအတွက် ကိုရီးယား စကားပြန် အမြန်အလိုရှိသည်။ အမျိုးသား ၂- ဦး
အခန်း-၃၃၅၊ တတိယထပ်၊ အမှတ်-၃၃၊ Parkroyal Yangon Hotel၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ဖုန်း-၂၅၀၃၈၈၊ လိုင်းခွဲ-၃၃၅

--------------------------

ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်သူ -၂ ဦး၊ ပညာသင် -၂ ဦး အလိုရှိသည်။ Dream City Computer ဖုန်း-၀၉ ၇၃၀၅၂၄၃၃

--------------------------

ယာဉ်မောင်းသက်အနည်းဆုံး ၅ နှစ် ရှိရမည်။ ညအိပ်နေနိုင်သူဖြစ်ရမည်။ မြို့တွင်း၊ နယ်ဝေး မောင်းနိုင်သူဖြစ်ရမည်။ တစ်ပတ်အတွင်း လျှောက်ထားရန်။ ဆေးလိပ်၊ အရက်သောက်သုံးသူ အလိုမရှိပါ။
ဖုန်း-၀၉ ၈၆ ၂၀၈၅၆၊
၀၉ ၅၀၀ ၃၇၇၂

--------------------------

စားသောက်ကုန်ပစ္စည်းဖြန့်ဖြူးရန် ဝန်ထမ်းအလိုရှိသည်။
ရောင်း/မောင်း ကျား-၅ဦး
အရောင်းဝန်ထမ်း ကျား/မ-၂၀ဦး
အခြေခံ လစာ ၈၀,၀၀၀ ကျပ်။
အမှတ်-၃၃/၂၊ ရတနာလမ်း၊ ၇ မိုင်။ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း-၀၁ ၆၆၂၈၀၁

--------------------------

စားဖိုမှူးအဆင့်ချက်ပြုတ်နိုင်သူ
ကျား/မ -၂ဦး
အမှတ်-၅-ဘီ၊ ပြည်လမ်း၊ တံတားဖြူမှတ်တိုင်အနီး၊ ဓမ္မာရုံလမ်းနှင့် ခပေါင်းလမ်းကြား၊ လှိုင်မြို့နယ်၊ ဖုန်း-၇၃၀ ၂၉၄၃၃၊ ၇၀၃၈၅၃

--------------------------

ယာဉ်မောင်း ကျား-၁ဦး
Suzuki R- ဘယ်မောင်း၊ နံနက် ၈ နာရီမှ ၇ နာရီအထိ၊ ဆေးလိပ်မသောက်သူ၊ လသာမြို့နယ်တွင် ခန့်အပ်ရန်။ လစာ ၁၀၀,၀၀၀
စက်ဘီးတပ်ဆင် ကျွမ်းကျင် ကျား-(၁)ဦး
ဂျပန်စက်ဘီးတပ်ဆင်၊ငွေချိန်ကျွမ်းကျင်ရမည်။ အင်းစိန်မြို့နယ်တွင် ခန့်အပ်ရန်။
ဖုန်း-၀၉-၇၃၀၅၉၃၄၈

--------------------------

အလိုရှိသည်
အီလက်ထရွန်နစ်အရောင်းဝန်ထမ်း မ-၅ဦး။
အသက် ၂၅နှစ်အောက်၊ ၁၀တန်းအဆောင်စရိတ်ငြိမ်း။
ဖုန်း-၀၉-၅၀၄၀၄၁၁

--------------------------

ဝန်ထမ်းအလိုရှိသည်
Internet Staff - 2post (Female), Computer Training Staff - 2 post (Female)
ဖုန်း-၀၉-၅၀၂၃၁၈၂

--------------------------

အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းအတွက် ဝန်ထမ်းအလိုရှိသည်
Marketing ကျား-၂၀ဦး၊ မ-၁၅ ဦး၊ ဘွဲ့ရ၊ အသက် ၂၀ မှ ၂၈ နှစ်အတွင်း၊ လုပ်ငန်းအတွေ့အကြုံမလို။
DTP ကျွမ်းကျင် မ-၂ဦး၊ ဘွဲ့ရ၊ မြန်မာစာစီစာရိုက်ကျွမ်းကျင်။
Internet ကျွမ်းကျင် မ-၁ဦး၊ ဘွဲ့ရ၊ အသက် ၂၀ မှ ၂၈ နှစ်အတွင်း၊ ဥပဒေဘွဲ့ရကျား/မ-၁ဦး၊ စာချုပ်စာတမ်းများ ပြင်ဆင်နိုင်သူဖြစ်ရမည်။ ဖုန်း-၀၁-၅၀၈၁၂၈၊
၀၉-၇၃၀၇၇၂၀၇

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


POND'S
flawless white

# Education

7DAY NEWS JOURNAL

Vol.10, No.12 • JUNE 9, 2011


## ဆေးပညာဆက်စပ်ဘွဲ့များအား စင်ကာပူတွင် တက်ရောက်ပြီး နိုင်ငံကြီးများမှပေးသည့်ဘွဲ့ရယူနိုင်

သီဟ

ရန်ကုန်၊ဇွန်-၄

ဆေးပညာနှင့် ဆက်စပ်သည့် ဘွဲ့များဖြစ်သည့် MBBS, BDS, B.N. Scဘွဲ့များအတွက်MBA (Health Service Management) အား စင်ကာပူနိုင်ငံတွင်တက်ရောက်၍ အမေရိကန်၊ အင်္ဂလန်နှင့် ဩစတေးလျနိုင်ငံတို့မှ ပေးအပ်သည့် ဘွဲ့များအား ရယူနိုင်ကြောင်း သိရသည်။



အလားတူ အင်ဂျင်နီယာနည်းပညာဘွဲ့များဖြစ်သည့် B.E, B.Tech ဘွဲ့များအတွက် MBA/ ME(Engineering Management) ဘွဲ့ကိုလည်းကောင်း၊ ကွန်ပျူတာဆက်စပ်ဘွဲ့များဖြစ်သည့် B.C.Sc,B.C.Tech,B.E(IT) ဘွဲ့များအတွက် MBA(IT Management) အစရှိသည့် ဘွဲ့များလည်း တက်ရောက်နိုင်ကြောင်းသိရသည်။

တက်ရောက်လိုသူများသည် ယခုလ ၁၇ ရက်နောက်ဆုံးထား၍ Tip Top Education Service သို့ လျှောက်ထားနိုင်ကြောင်း သိရသည်။

ထို့အပြင် အဆိုပါ ပညာရေးဝန်ဆောင်မှုလုပ်ငန်းမှ တက္ကသိုလ်ဝင်တန်းအား ထူးချွန်စွာအောင်မြင်သူများကို လက်ရှိဖွင့်လှစ်လျက်ရှိသည့် သင်တန်းများအတွက်ပညာသင်ဆုများလည်းချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

## ပြင်သစ်ယဉ်ကျေးမှုဌာန ပြင်သစ်ဘာသာစကားသင်တန်းများ ဖွင့်လှစ်မည်

နေလင်းထွန်း

ရန်ကုန်၊ဇွန်-၁

Alliance Francaise မှ institution of Francaise အဖြစ်အမည်ပြောင်းလဲလိုက်သောပြင်သစ်ဘာသာစကားသင်တန်းကျောင်း၏ သင်တန်းများအား ဇူလိုင်လဒုတိယပတ်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းအဆိုပါဌာနမှ သိရသည်။

သင်တန်းအတွက် ဇွန် ၂၀ ရက်မှစတင်၍ စာရင်းပေးသွင်းနိုင်မည်ဖြစ်ပြီး ကြားရက်သင်တန်းအတွက် သင်တန်းကြေးမှာ တစ်လလျှင် အမေရိကန် ၁၆ ဒေါ်လာနှင့် စနေ၊ တနင်္ဂနွေတို့ အတွက်သင်တန်းကြေးမှာ အမေရိကန်ဒေါ်လာ ၂၀ ပေးသွင်းရ မည်ဖြစ်ကြောင်း သိရသည်။ ၎င်းသင်တန်းကျောင်းတွင် ပြင်သစ်ယဉ်ကျေးမှုများအား မြန်မာဘာသာစကားဖြင့် သင်ကြားပေးသော သင်တန်း စတင်ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ၂၄ နာရီကြာ သင်တန်းအတွက် သင်တန်းကြေးမှာ အမေရိကန် ၁၅ဒေါ်လာဖြစ်ကြောင်း သိရသည်။

ပြင်သစ်ဘာသာစကား သင် တန်းများ၊ အနုပညာဆိုင်ရာလှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိသည့် ပြင်သစ်ယဉ်ကျေးမှုဌာနအား Institution of Francaise အမည်သို့ မတ်လမှစတင်၍ တရားဝင်ပြောင်းလဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




## Raffles ပညာရေးသင်တန်းကျောင်းလခများ တိုးမြှင့်

နေလင်းထွန်း

ရန်ကုန်၊ဇွန်-၁

စင်ကာပူနိုင်ငံတွင် အခြေစိုက်သော Raffles Education သည် အောက်တိုဘာတွင် ဖွင့်လှစ်မည့် သင်တန်းမှစတင်၍ ကျောင်းလခများ တိုးမြှင့် သတ်မှတ်လိုက်ကြောင်း မြန်မာနိုင်ငံရုံးခွဲ တာဝန်ရှိသူထံမှ သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် Raffles International College ကို ဖွင့်လှစ်၍ စီးပွားရေးဘာသာရပ်များအနေဖြင့် Management, Marketing, Tourism&Hospitality, Banking& Finance, Event Management ဘာသာများကို သင်ကြားပို့ချနေပြီး ဇူလိုင်လတွင် ဖွင့်လှစ်မည့်အတန်းအတွက်သတ်မှတ်ထားသော ကျောင်းလခဖြစ်သည်။အမေရိကန်ဒေါ်လာ ၇၅၀၀ မှ အောက်တိုဘာလတွင် ဖွင့်လှစ်မည့် အတန်းအတွက် အမေရိကန်ဒေါ်လာ၈,၀၀၀ သတ်မှတ်မည်ဖြစ်ကြောင်း သိရှိရသည်။ဒီဇိုင်းဘာသာရပ်များအနေဖြင့် Fashion Design, Fashion Marketing and Management, Visual Communication, Interior Design ဘာသာရပ်များကို တက်ရောက်နိုင်မည်ဖြစ်ပြီး ဇူလိုင်လတွင် ဖွင့်လှစ်မည့်အတန်းအတွက် သတ်မှတ်ထားသောကျောင်းလခများမှာ အမေရိကန်ဒေါ်လာ ၂၀,၀၀၀ မှ အမေရိကန်ဒေါ်လာ ၁၅,၀၀၀ ဝန်းကျင်ဖြစ်သည်။ အောက်တိုဘာလတွင် ဖွင့်လှစ်မည့် အတန်းအတွက် ဒီဇိုင်းဘာသာရပ်ကို တက်မည့် ကျောင်းသားများအတွက်ကျောင်းလခအပြောင်းအလဲများကို ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ကြောင်း သိရသည်။

၂နှစ်တက်ရောက်ပြီးအောင်မြင်ပါက Advanced Diploma လက်မှတ်ရရှိမည်ဖြစ်သည်။နောက်ဆုံးနှစ်တစ်နှစ်တက်ရောက်ပြီး ဆုံးအောင်မြင်ပါက Bachelor of Commerce (သို့) Bachelor of Design ဘွဲ့ ကို ရရှိမည်ဖြစ်ကြောင်း သိရသည်။

### ပညာရေးသတင်းတိုများ

#### ဘူမိဗေဒပညာရပ်သင်တန်း ဖွင့်လှစ်မည်

ရန်ကုန်၊ဇွန်-၂

တွင်းထွက်သယံဇာတများရှာဖွေတူးဖော်ခြင်းလုပ်ငန်းလုပ်ကိုင်မည့်သူများအတွက် အဆင့်မြင့်နည်းပညာဘူမိဗေဒပညာရပ်သင်တန်းကို စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်းရှိ Globle 9 ပညာရေးစင်တာမှ သိရသည်။

ဘူမိဗေဒဆိုင်ရာ သင်တန်းများအား ယခုလ ၁၂ရက်မှ စတင်သင်ကြားမည်ဖြစ်ပြီး သင်တန်းကာလမှာ တစ်လခွဲမှနှစ်လထိကြာမြင့်မည်ဖြစ်ကာသင်တန်းကြေးမှာကျပ်ငါးသောင်း မှ ကျပ်တစ်သိန်းနှစ်သောင်းထိရှိကြောင်းသိရသည်။

#### မသန်စွမ်းများအတွက် အသက်မွေးပညာသင်တန်းများလျှောက်နိုင်

ရန်ကုန်၊ဇွန်-၂

မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများအား ဇွန်လကုန်နောက်ဆုံးထားလျှောက်ထားနိုင်ရန် AAR Japan မှ သင်တန်းသားများခေါ်ယူလျက်ရှိသည်။ ဂျပန်နည်းပညာစက်ချုပ်၊ ဆံသအလှပြုပြင်ခြင်းနှင့် ကွန်ပျူတာသင်တန်းများ တက်ရောက်နိုင်ရန် ကိုယ်အင်္ဂါမသန်စွမ်းသူများနှင့် အကြားအာရုံအားနည်းသူများလျှောက်ထားနိုင်ကြောင်း သိရသည်။ သင်တန်းကာလမှာ စက်တင်ဘာလမှ ဒီဇင်ဘာလထိဖြစ်ပြီးသင်တန်းကြေး၊ နေထိုင်စားသောက်စရိတ်စသည်တို့ကို ပံ့ပိုးသွားမည်ဖြစ်ကာ ဖုန်း-၆၆၁၇၁၂ သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။

#### စီမံခန့်ခွဲမှုနှင့် စာရင်းအင်းစီးပွားရေး ဘာသာရပ်များအကြောင်း ဆွေးနွေးမည်

ရန်ကုန်၊ဇွန်-၃

နိုင်ငံတကာတွင် ပညာဆက်လက်သင်ယူမည့် ကျောင်းသားကျောင်းသူများအတွက် အထူးပြုဘာသာရပ်များကို ရွေးချယ်သင်ယူရာတွင် အဆင်ပြေလွယ်ကူမှုရှိစေရန်နှင့် အထောက်အကူပြုစေရန် စင်ကာပူနိုင်ငံရှိ Kaplan Higher Education Academy နှင့် CROWN Education တို့ပူးပေါင်းစီစဉ်မှုဖြင့် စီမံခန့်ခွဲမှုနှင့်စာရင်းအင်းစီးပွားရေးဘာသာရပ်များအကြောင်း ရှင်းလင်းဆွေးနွေးခြင်းအစီအစဉ်ကို ပါခ်ရွိုင်ရယ်ဟိုတယ်တွင် ဇွန်လ ၁၁ ရက် နံနက် ၁၀ နာရီမှ ၁၂ နာရီထိ ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။







7 DAY NEWS JOURNAL
Vol.10, No.12 · JUNE 9, 2011

## ယူကေကျောင်းသားပြည်ဝင်ခွင့်ဆိုင်ရာ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုလိုအပ်ချက်များထုတ်ပြန်

နေလင်းထွန်း

ရန်ကုန်၊ ဇွန် - ၄

ဗြိတိန်နိုင်ငံရှိ တက္ကသိုလ်၊ ကောလိပ်များနှင့် ကျောင်းသားများအတွက် ကျောင်းသားပြည်ဝင်ခွင့်ရရှိနိုင်ရန် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုလိုအပ်ချက် ရှင်းလင်းချက်များကို ယူကေဘော်ဒါအေဂျင်စီမှ ထုတ်ပြန်ကြေညာလိုက်သည်။ ကျောင်းသားများ ပြည်ဝင်ခွင့်ရရှိရန် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု လိုအပ်ချက်များအား ပြောင်းလဲလိုက်ပြီးနောက် ယခုကဲ့သို့အသေးစိတ် ရှင်းလင်းချက်များ ထွက်ရှိလာခြင်းဖြစ်သည်။



မြန်မာကျောင်းသားများသည် ယူကေရှိ ကျောင်းများသို့သွားရောက်ပညာသင်ယူလျက်ရှိရာ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုလိုအပ်ချက်အကြောင်းပြ၍ ပြည်ဝင်ခွင့်အတွက် ငြင်းဆိုခံရမှုများကြုံတွေ့ကြရသည်။ ပြည်ဝင်ခွင့်ရရှိရန် ကျောင်းသားများအနေဖြင့် အင်္ဂလိပ်ဘာသာစကားပိုမိုကျွမ်းကျင်ရန်လိုအပ်လာပြီးသတင်းအချက်အလက်အပြောင်းအလဲများကို အချိန်နှင့်တစ်ပြေးညီသိရှိနေရန် လိုအပ်ကြောင်း ယူကေပညာရေး ကျွမ်းကျင်သူတစ်ဦးက ဆိုသည်။

ယူကေတွင် ပညာသင်ယူရန်တီယာဖိုးစနစ်ကျောင်းသားပြည်ဝင်ခွင့်အတွက် အင်္ဂလိပ်ဘာသာစကားလိုအပ်ချက်ရှင်းလင်းချက်များကို www.ukba.homeoffice.gov.uk တွင်အသေးစိတ်ဝင်ရောက်ကြည့်နိုင်သည်။

နိုင်ငံတကာ ကျောင်းသားများလာရောက်ပညာသင်ယူမှုကို စီစစ်တင်းကျပ်ရန် ယူကေအစိုးရမှ စည်းမျဉ်းသစ်များထုတ်ပြန်လျက်ရှိပြီး အလုပ်အကိုင်ရည်ရွယ်ချက်ဖြင့် ကျောင်းသားပြည်ဝင်ခွင့်လျှောက်ထားမှုများ၊ နိုင်ငံတွင်းမှ ကျောင်းသားများကျောင်းပြင်ပလုပ်ငန်းခွင်တွင် ရောက်ရှိနေမှုများကို တားဆီးရှာဖွေရန် ဆောင်ရွက်လျက်ရှိကြောင်း ယူကေပညာရေး ဝန်ဆောင်မှုလုပ်ငန်းများမှ သိရသည်။

## အင်္ဂလိပ်ဘာသာစကားသင်တန်းဆရာများ တွေ့ဆုံပွဲ ပြုလုပ်မည်

နေလင်းထွန်း

ရန်ကုန်၊ ဇွန် - ၁

အင်္ဂလိပ်ဘာသာစကားအား လေ့ကျင့်သင်ကြားပေးနေသော ဆရာ၊ ဆရာမများအတွက် (၁၂)ကြိမ်မြောက်နှစ်ပတ်လည်နှီးနှောဖလှယ်ပွဲကို ဇူလိုင် ၂၃နှင့် ၂၄ ရက်တွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း ဗြိတိသျှကောင်စီ(မြန်မာ)မှ သတင်းထုတ်ပြန်ထားသည်။

ယခုနှစ်တွင် တက်ရောက်နားထောင်သူနှင့် ဆွေးနွေးတင်ပြသူ ၄၅၀ ကျော် ပါဝင်ကြမည်ဖြစ်ပြီး Learning and Teaching: Fresh Directions, Recurrent Themes (သင်ယူခြင်းနှင့် သင်ကြားခြင်းဦးတည်ရာဘက်အသစ်များ၊ အမြဲမပြတ်ကြုံတွေ့ရသောအကြောင်းအရာများ)ခေါင်းစဉ်ဖြင့် အင်္ဂလိပ်ဘာသာစကားသင်ကြားရေး(ELT)နယ်ပယ်တွင် မကြာသေးမီက ဆန်းသစ်တီထွင်မှုများနှင့် စာသင်ခန်းတွင် လက်တွေ့အသုံးပြုပုံတို့ကို အဓိက ဦးတည်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

နှီးနှောဖလှယ်ပွဲတွင် ပြည်ပတက္ကသိုလ်များ၊ ပြည်တွင်းမှ ကျောင်းများနှင့် ဗြိတိသျှကောင်စီ သင်ကြားရေးဌာနတို့မှ ဆွေးနွေးတင်ပြသူများက လုပ်ငန်းဆွေးနွေးပွဲ ငါးဆယ်ကျော်ပြုလုပ်မည်ဖြစ်ပြီး၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာ၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့မှ ဆွေးနွေးတင်ပြသူများ ပါဝင်မည်ဟုဆိုသည်။

ဗြိတိန်နိုင်ငံရှိ လိဒ်စ် တက္ကသိုလ်လက်အောက် ပညာရေးတက္ကသိုလ် နိုင်ငံတကာဖွံ့ဖြိုးရေးဌာနမှူးဒေါက်တာ Martin Wedell က ပညာရေးအပြောင်းအလဲပြုလုပ်ခြင်းနှင့် စီမံကိန်းရေးဆွဲခြင်းတို့နှင့် ပိုမိုကျယ်ပြန့်သော ပညာရေးအပြောင်းအလဲပြုလုပ်မှု တစ်စိတ်တစ်ဒေသအဖြစ် အင်္ဂလိပ်စာသင်ကြားရေးဆိုင်ရာတွေ့ရှိချက်များနှင့် ရှုမြင်ပုံများကို မျှဝေမည်ဖြစ်ပါသည်။

ရန်ကုန်မြို့မှ ဆရာ၊ ဆရာမများအနေဖြင့် ဇူလိုင် ၁ ရက်၊ မန္တလေးမြို့မှဆရာ၊ ဆရာမများအနေဖြင့် ဇွန် ၁၃ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း ကျပ် ၃၀,၀၀၀ ဖြင့် ဗြိတိသျှကောင်စီရုံးတွင် မှတ်ပုံတင်ရမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတစ်ဝန်းအသင်းဝင် ၁,၅၀၀ ကျော်ရှိသည့် ELTeCS (English Language Teaching Contacts Scheme) တွင် ကျောင်း ပညာရေးကဏ္ဍနှင့် ကျောင်းပြင်ပပညာရေးကဏ္ဍများ၊ တက္ကသိုလ်များနှင့် ကျောင်းများမှ ဆရာ၊ ဆရာမများ ပါဝင်သည်။ ပုံမှန်အစည်းအဝေးပြုလုပ်ခြင်း၊ လုပ်ငန်းဆွေးနွေးပွဲ ကျင်းပခြင်း၊ သင်တန်းပို့ချခြင်းများဖြင့် ဆရာ၊ ဆရာမများသည် စာသင်ခန်းတွင် သင်ကြားရေးကျွမ်းကျင်မှုများကို တိုးတက်ကောင်းမွန်စေရန် အခွင့်အလမ်းရရှိပြီး နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများနှင့် အစဉ်ဖွံ့ဖြိုးနေသော ပညာရပ်နယ်ပယ်တွင် တစ်ဦးနှင့်တစ်ဦး တွေ့ဆုံ၍ ပံ့ပိုးမှုပေးရန် အခွင့်အလမ်းများ ဖန်တီးပေးနေကြောင်း သိရသည်။







# Technology

7DAY NEWS JOURNAL

Vol.10, No.12 • JUNE 9, 2011

## အင်တာနက်တိုက်ခိုက်မှုများ နောက်ကွယ်တွင် ရှိမနေကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီး ငြင်းဆို

**စင်ကာပူ၊ ဇွန် - ၅**

တရုတ်ကာကွယ်ရေးဝန်ကြီး ကျန်ကွမ်းလီက စင်ကာပူနိုင်ငံတွင် ကျင်းပသော လုံခြုံရေးဖိုရမ်တစ်ခု၌ တရုတ်ပြည်သည် နိုင်ငံရပ်ခြားပစ်မှတ်များအား အင်တာနက်မှတိုက်ခိုက်မှုများ၏နောက်ကွယ်တွင် ရှိမနေကြောင်းငြင်းဆိုလိုက်ပြီး အမေရိကန်နှင့် ဗြိတိန်တို့ကဲ့သို့ပင် ဆိုင်ဘာ လုံခြုံရေးကိုပိုမိုတင်းကျပ်သွားရေးအတွက် ဆွေးနွေးမှုများ ပြုလုပ်သွားရန်တိုက်တွန်းပြောကြားလိုက်သည်။

ဝန်ကြီးက စင်ကာပူလုံခြုံရေးဖိုရမ်၌ "ဆိုက်ဘာတိုက်ခိုက်မှုတွေရဲ့ တကယ့်ရင်းမြစ်ကို စုံစမ်းရတာခက်ခဲလှပါတယ်။ ကျွန်တော်တို့ဟာ ဒီလုံခြုံရေးပြဿနာကို အတူတကွပူးပေါင်းပြီး ဖြေရှင်းဖို့ လိုအပ်နေပါတယ်။ တရုတ်နိုင်ငံမှာဆိုရင်လည်း ကျွန်တော်တို့ဟာ ဆိုင်ဘာတိုက်ခိုက်မှုမျိုးစုံကို တကယ်ခံစားနေကြရတာပါ"ဟု ပြောသည်။

စာ(၂၄)သို့

## ဆိုင်ခန်းပုံစံ ဖွင့်လှစ်ရောင်းချနိုင်မည့်ဝက်ဘ်ဆိုက် မကြာမီဝန်ဆောင်မှုပေးမည်

ယုဇနကိုကို

**ရန်ကုန်၊ ဇွန် - ၁**

အွန်လိုင်းပေါ်မှတစ်ဆင့် ဈေးဝယ်ယူနိုင်ခြင်းနှင့် လုပ်ငန်းရှင်များက အဆိုပါအင်တာနက်စာမျက်နှာများပေါ်တွင် မိမိတို့၏ကုန်ပစ္စည်းများကို ဆိုင်ခန်းဖွင့်လှစ်ရောင်းချသည့်ပုံစံဖြင့် ပြသရောင်းချနိုင်မည့် ဝက်ဘ်ဆိုက်တစ်ခုအားရန်ကုန်မြို့ အခြေစိုက်နည်းပညာကုမ္ပဏီတစ်ခုကမကြာမီဝန်ဆောင်မှုပေးတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

OMyanmar Shopping Mall ဟုအမည်ရသည့် အဆိုပါ ဈေးဝယ်ယူနိုင်မည့် ဝက်ဘ်ဆိုက်အား ibiz Service Provider Co.,Ltd မှ တာဝန်ယူဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း အဆိုပါ ကုမ္ပဏီလီမိတက်မှသိရသည်။

ယင်းကဲ့သို့ ဆိုင်ခန်းပုံစံဖွင့်လှစ်ပြသရောင်းချနိုင်ခြင်း၊ ဝယ်ယူနိုင်ခြင်းများပြုလုပ်နိုင်မည့် ဝက်ဘ်ဆိုက်လိပ်စာမှာ www.OMyanmar.com ဖြစ်သည်။

ယင်းအင်တာနက် စာမျက်နှာတွင် ပါဝင်ပြသရောင်းချနိုင်သည့် ဆိုင်ခန်းအရေအတွက်ကို ကန့်သတ်ထားခြင်းမျိုးမရှိဘဲ ဝယ်ယူသူများအနေဖြင့်လည်း အွန်လိုင်းပေါ်မှတစ်ဆင့်ဝယ်ယူလိုက်သည့်မည်သည့်ပစ္စည်းမျိုးကိုမဆိုငါးရက်အတွင်း အိမ်တိုင်ရာရောက်ပို့ဆောင်ပေးမည့် ဝန်ဆောင်မှုရရှိမည်ဟု အဆိုပါကုမ္ပဏီ၏တာဝန်ရှိသူတစ်ဦးဆိုသည်။

အဆိုပါဝက်ဘ်ဆိုက် စာမျက်နှာများပေါ်တွင်ဆိုင်ခန်းဖွင့်လှစ်ရောင်းချလိုသူများအနေဖြင့် တစ်နှစ်လျှင် ဆိုင်ခန်းခဈေးနှုန်းကျပ်တစ်သိန်းမှ ငါးသိန်းအထိ အမျိုးမျိုးရှိမည်ဖြစ်သည်။

အဆိုပါအွန်လိုင်းပေါ်မှ ဈေးဝယ်ယူနိုင်မည့်ဝန်ဆောင်မှုအား လာမည့်ဇူလိုင်လအတွင်း ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပြီး ယခုဝန်ဆောင်မှုမှာပြည်တွင်းတွင် တတိယမြောက်ပေါ်ထွက်လာသည့် အင်တာနက်ပေါ်မှတစ်ဆင့် ဈေးဝယ်ယူနိုင်သည့် ဝန်ဆောင်မှုတစ်ခုဖြစ်သည်။

## ဂူးဂဲလ်က ဘရောက်ဇာအဟောင်းများအား အထောက်အပံ့ပေးမှု ရပ်ဆိုင်းတော့မည်

**လန်ဒန်၊ ဇွန် - ၅**

အင်တာနက်ကုမ္ပဏီကြီးဂူးဂဲလ်သည် သက်တမ်းကြာရှည်လာနေပြီဖြစ်သော အင်တာနက် ဘရောက်ဇာများဖြစ်သည့် Internet Explorer (IE) 7, IE 6, Safari 3 နှင့် Firefox 3.5 တို့ကို အသုံးပြု၍ ၎င်း၏ ဝန်ဆောင်မှုများဖြစ်သော Gmail, Google Calendar, G-Talk, Docs နှင့် ဝက်ဘ်ဆိုက်များကို အထောက်အပံ့ပေးခြင်းများအား ရပ်တန့်ထားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ ဂူးဂဲလ်က အဆိုပါ ဘရောက်ဇာများကို အသုံးပြုသူများသည် အထက်ပါ ဂူးဂဲလ်ဝန်ဆောင်မှုများကို အသုံးပြုရာတွင် အချို့လုပ်ဆောင်ချက်များ ဆုံးရှုံးဖွယ်ရှိကြောင်း ဆိုသည်။

စာ(၂၄)သို့










# လက်ပ်တော့တွင် တပ်ဆင်ထားသည့် လုံခြုံရေးဆော့ဖ်ဝဲကြောင့် ကွန်ပျူတာခိုးယူသူကို ပြန်ဖမ်းမိ



**အောက်ကလန်၊ ဇွန် - ၃** အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မှ ဒီဇိုင်နာတစ်ဦးသည် ၎င်း၏ တန်ဖိုးကြီး Apple ကုမ္ပဏီထုတ် MacBook လက်ပ်တော့ကို ပြီးခဲ့သည့် မတ်လကပင် ခိုးယူခြင်းခံခဲ့ရသော်လည်း ကွန်ပျူတာတွင် တပ်ဆင်ထားသည့် လုံခြုံရေး ဆော့ဖ်ဝဲကြောင့် သူခိုးအား ပြန်လည်ဖမ်းမိနိုင်ခဲ့သည်။

ဂျိုရှုအာကော့ဖ်မန်းဟု ခေါ်သော အဆိုပါဒီဇိုင်နာသည် ပြီးခဲ့သည့် မတ်လကပင် ၎င်း၏ တိုက်ခန်း၌ လက်ပ်တော့ခိုးယူခြင်းခံခဲ့ရခြင်းဖြစ်သည်။ ၎င်းသည် ကွန်ပျူတာတွင် Hidden ဟု အမည်ရသည့် လုံခြုံရေးဆော့ဖ်ဝဲကို တပ်ဆင်ထားပြီး ဖြစ်သော်လည်း ကွန်ပျူတာခိုးယူခံရပြီး နောက်ပိုင်းမှ ထိုအဖြစ်ကို သတိရကာ အဝေးထိန်းစနစ်ဖြင့် ကွန်ပျူတာ၏ ဝက်ဘ်ကင်မရာမှတစ်ဆင့်လက်ပ်တော့ခိုးယူသွားသူ၏ ဓာတ်ပုံများကို ရိုက်ယူထားနိုင်ခြင်းဖြစ်သည်။

မစ္စတာကော့ဖ်မန်းသည် ယင်းလက်ပ်တော့နှင့်အတူ Kindle အီလက်ထရွန်နစ်စာအုပ်ဖတ်စက်တစ်လုံး၊ အခြားသော



ဂျိုရှုအာကော့ဖ်မန်းနှင့် သူ၏ MacBook

လက်ဝတ်ရတနာအချို့ကိုပါ ဆုံးရှုံးခဲ့ရသည်။ ၎င်း၏ကွန်ပျူတာတွင် တပ်ဆင်ထားခဲ့သည့် Hiden ဆော့ဖ်ဝဲသည် MacBookကွန်ပျူတာများ၌ သုံးသော Mac Operation System အတွက် ထုတ်လုပ်ထားသည့် လုံခြုံရေး Application တစ်ခုဖြစ်သည်။ ယင်းဆော့ဖ်ဝဲကို စက်တွင် တပ်ဆင်ထားပါက ပိုင်ရှင်ဖြစ်သူသည် လက်ပ်တော့ပျောက်ဆုံးသွားသည့်အခါ စက်ကိုအင်တာနက်မှတစ်ဆင့် ခြေရာခံနိုင်မည်ဖြစ်ကာ စက်တွင်ပါဝင်သော ဝက်ဘ်ကင်မရာဖြင့်လည်း မိမိစက်အား အသုံးပြုနေသူကို ဓာတ်ပုံများ ရိုက်ယူထားနိုင်သည်။ ထို့အပြင် မိမိစက်ကိုသုံးစွဲနေသော Internet History ကိုသိရှိနိုင်ပြီး စက်ကို အင်တာနက် အသုံးပြုနေသည့် တည်နေရာကိုပါ Google Maps မြေပုံတွင် ခြေရာခံနိုင်ကြောင်း သိရသည်။ မစ္စတာကော့ဖ်မန်းသည် တက္ကစီဒရိုင်ဘာတစ်ဦးဖြစ်သည့် သူခိုးအား ခြေရာခံနိုင်ပြီးနောက် ရဲတပ်ဖွဲ့သို့အကြောင်းကြားကာ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

*—Ref: Dailymail*




### စာ(၂၃) - ဂူးဂဲလ်က ဘရောက်ဇာအဟောင်းများအား အထောက်အပံ့ပေးမှု ရပ်ဆိုင်းတော့မည် မှ



အွန်လိုင်းသုတေသနကုမ္ပဏီ Stat Counter ၏ အဆိုအရ ယခုဂူးဂဲလ်၏ ဆုံးဖြတ်ချက်ကြောင့်ယခင် ဘရောက်ဇာအဟောင်းများကို အသုံးပြုသူ ၁၇ ရာခိုင်နှုန်းမှာ ဘရောက်ဇာအသစ်များပြောင်းလဲအသုံးပြုရန် လိုအပ်မည်ဟုသိရသည်။

ယခုအခါ တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် မိုက်ကရိုဆော့ဖ်၏ IE 6 ဘရောက်ဇာကို သုံးစွဲသူမှာ ၁၁ ရာခိုင်နှုန်းရှိနေပြီး တောင်ကိုရီးယားတွင် ၂၂ ဒသမ ၃ ရာခိုင်နှုန်း၊ ဗီယက်နမ်တွင် ၁၁ ဒသမ ၆ ရာခိုင်နှုန်းက သုံးစွဲနေသေးကြောင်း သိရသည်။ ဂူးဂဲလ်သည် ယခုကဲ့သို့ သက်တမ်းရှည်လာသော ဘရောက်ဇာများကို ဝန်ဆောင်မှုမပေးနိုင်ခြင်းမှာ ယင်းတို့သည် လုံခြုံရေးပိုင်းအားနည်းလာခြင်းနှင့် နောက်ဆုံးပေါ် အင်တာနက်နည်းပညာများ နှင့် မသင့်လျော်တော့ခြင်းကြောင့် ဖြစ်ကြောင်းဆိုသည်။

*—Ref: BBC*

### စာ(၂၃) - အင်တာနက်တိုက်ခိုက်မှုများ နောက်ကွယ်တွင် ရှိမနေကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီး ငြင်းဆို မှ

တရုတ်ပြည်သည် အခြားနိုင်ငံများ၏ အစိုးရအေဂျင်စီများ၊ ကုမ္ပဏီများကို တိုက်ခိုက်သော အွန်လိုင်း တိုက်ခိုက်မှုများကိုကြိုးကိုင်နေသည်ဟု အမေရိကန်၊ ကနေဒါနှင့်အခြားနိုင်ငံများက စွပ်စွဲထားသော်လည်းဘေဂျင်းအစိုးရကမူ အမြဲတမ်းငြင်းဆိုထားခဲ့သည်။ စင်ကာပူနိုင်ငံတွင်ကျင်းပခဲ့သော ယခုလုံခြုံရေးဖိုရမ်တွင် အမေရိကန်နှင့် ဗြိတိန်နိုင်ငံများကလည်း အစိုးရဌာနများနှင့် စီးပွားရေးလုပ်ငန်းများကိုပစ်မှတ်ထားသော အွန်လိုင်းတိုက်ခိုက်မှုများကို နိုင်ငံတကာအဆင့်ပူးပေါင်းဆောင်ရွက်ရန်တိုက်တွန်းခဲ့သည်။ ဖောက်စ်သတင်း၏အဆိုအရ ဗြိတိန်နိုင်ငံသည်လည်းအင်တာနက်လုံခြုံရေးနှင့်ပတ်သက်၍ နိုင်ငံတကာညီလာခံတစ်ရပ်ကို ယခုနှစ်ကုန်တွင် ကျင်းပရန်ရှိကြောင်းသိရသည်။ *—Ref: AP*

7DAY NEWS JOURNAL
Vol.10, No.12 • JUNE 9, 2011



# ဗောဗောဗုဒု = ဝိဟာရဗုဒ္ဓ = ဗုဒ္ဓဝိဟာရ ကမ္ဘာ့အံ့ချီးဖွယ်ရာ ဘုရားကျောင်းတော်ကြီး

ဒေါက်တာအရှင်ဉာဏိဿရ (သီတဂူဆရာတော်)

*(ယခင်အပတ်မှ အဆက်)*

အစ္စလာမ် ဘာသာဝင်များနှင့်တစ်ချိန်တည်းပင် ဟင်းခတ်အမွှေးအကြိုင်အပူအစပ်ရှာကြသော ပေါ်တူဂီခရစ်ယာန်တို့ရောက်ရှိလာကြရာ ဗုဒ္ဓဘာသာဝင်နှင့်ဟိန္ဒူဘာသာဝင်တို့ကပေါ်တူဂီခရစ်ယာန်တို့ကို တွန်းလှန်တိုက်ခိုက်လို၍ အစ္စလာမ်ဘာသာဝင်တို့ကို အားပေးအားမြှောက် ပြုလုပ်လိုက်ကြရာ ဟိန္ဒူဘာသာဝင်၊ ဗုဒ္ဓဘာသာဝင်တို့မှာ အစ္စလာမ်ဘာသာဝင်တို့၏ လွှမ်းမိုးမှုအောက်သို့ ကျရောက်ခဲ့ကြရသည်။

ဂျာဗားကျွန်းနှင့် ဆူမားတြားကျွန်းများပေါ်သို့ အိန္ဒိယပြည်မှ မဟာဗာရတ၊ ရာမာယန အစရှိသော ဟိန္ဒူစာပေများမှာ ပေ၊ ပုရပိုက်များဖြင့် လမ်းကြောင်းမျိုးစုံတို့ဖြင့် ဖြတ်သန်းရောက်ရှိလာခဲ့ကြလေသည်။ ထေရဝါဒ၊ မဟာယာန၊ ဝဇီရာယာန၊ တန္တရယာန၊ ဗုဒ္ဓဘာသာ ကျမ်းစာအုပ်ပေါင်းများစွာကလည်း အေဒီ ၅ ရာစုလောက်ကပင် နယ်သစ်ရှာ နိုင်ငံသစ်ထူသော အိန္ဒိယမှ စွန့်စားသူများ၏ အားထုတ်မှုဖြင့် ရောက်ရှိလာခဲ့ကြကြောင်းကို ပညာရှင်အများစုတို့ယုံကြည်လက်ခံကြသည်။ အိန္ဒိယမှစွန့်စားသူ သိရီဝိဇယမင်းသားဆူမားတြားကျွန်းအရှေ့တောင်ပိုင်း၌ သိရီဝိဇယမြို့ကိုတည်ထောင်သည်မှစ၍ ရာမယနဇာတ်တော်ကြီးများကို ကပြလျက်ရှိနေကြပေသည်။ John Miksic ၏ မှတ်တမ်း၌ ကက်ရှ်မီးယားခေါ် ကသ္မိရတိုင်းမှ မင်းသားဂုဏဝရမနသည် အေဒီ ၅ ရာစုခန့်တွင် ဂျာဗားကျွန်းသို့ ရောက်ရှိလာ၍ ပေ၊ ပုရပိုက်များဖြင့် ဟိန္ဒူဘာသာရေးကျမ်းစာများ သယ်ဆောင်လာခဲ့သည်ဟုတွေ့ရသည်။ ပေ၊ ပုရပိုက်တို့၌ သက္ကတဘာသာဖြင့် ဂန္ဓာရ၊ ကသ္မိရ၊ မဂဓတိုင်းတို့ကို ခရီးထွက်ခဲ့သော တရုတ်ဘုန်းတော်ကြီးများ၊ကမ္ဘာကျော်စွန့်စွန့် စားစားခရီးသွားသည့်တရုတ်ဘုန်းကြီးများ (ဖာဟီရန် အေဒီ ၅-ရာစုနှင့် ဟူရင်ဆန်အေဒီ၆-ရာစု)တို့သည်လည်း အိန္ဒိယပြည်မှ တရုတ်ပြည်သို့အပြန်တွင် ခမိလ္လတိုင်း(တမိနာဒူး)၊ ပလ္လဝဆိပ်ကမ်းမှပင် သင်္ဘောဖြင့်ပြန်ကြရာ ဆူမားတြား၊ ဂျာဗားကျွန်းများပေါ် မှာ အချိန်ကြာမြင့်စွာ နားနေကြပြီးမှ တရုတ်ပြည်သို့ ပြန်သွားကြသည်။ ထိုတရုတ်မဟာယာန ဘုန်းတော်ကြီးတို့မရောက်မီ ထေရဝါဒသံဃာတော် ၁၀,၀၀၀ ကျော်တို့ စာသင်နေကြသော တက္ကသိုလ်ကျောင်းကြီးရှိနေခဲ့ပြီဟု ဟူရင်ဆန်၏မှတ်တမ်းတွင် ဖော်ပြခဲ့သည်။ တရုတ်ဘုန်းတော်ကြီး ဟူရင်ဆန်ကိုယ်တိုင်သည်ပင်လျှင်အိန္ဒိယပြည်နာလန္ဒာတက္ကသိုလ်၌ နှစ်ပေါင်းများစွာ Scholar တစ်လှည့် Student တစ်လှည့်လုပ်ခဲ့ပြီးမှ အင်ဒိုနီးရှားကျွန်းစုသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ နာလန္ဒာတက္ကသိုလ်မှတရုတ်ရဟန်းတော်၊ အိန္ဒိယရဟန်းတော်ပေါင်းများစွာတို့သည်လည်း ဆူမားတြားကျွန်းပေါ်၌ထေရဝါဒ၊မဟာယာန ပိဋကတ်တို့ကို နှစ်ပေါင်းများစွာ သင်ကြားပို့ချနေခဲ့ပြီးမှ တရုတ်ပြည်သို့ပြန်ခဲ့လေသည်။

ဟူရင်ဆန် တရုတ်ပြည်ရောက်ပြီးသောအခါ အခြားသော တရုတ်မဟာယာနဘုန်းတော်ကြီးများကလည်း တရုတ်ကုန်သည်များနှင့်အတူ အင်ဒိုချိုင်းနားကျွန်းဆွယ်၊ တရုတ်ရေလက်ကြား၊ မလက္ကာရေလက်ကြားတို့ကို ဖြတ်သန်း၍ အင်ဒိုနီးရှားသို့ ရောက်ရှိလာခဲ့ကြကုန်၏။ ထို့ပြင် ၇ ရာစုအလယ်ပိုင်း၌ တရုတ်ဘုန်းတော်ကြီး Houi Ning သည်လည်း အိန္ဒိယမှဘုရားဖူးအပြန်ဂျာဗားကျွန်းပေါ်၌ နှစ်ပေါင်းများစွာ အခြေချနေထိုင်ခဲ့လေသည်။ ထိုဘုန်းတော်ကြီးသည်လည်း သက္ကတဘာသာဖြင့် ရေးထားသော မဟာယာနဗုဒ္ဓဘာသာကျမ်းစာများကို တရုတ်ဘာသာသို့လည်းကောင်း၊ တရုတ်ဘာသာဖြင့် ရေးထားသော ဘာသာကျမ်းစာတို့ကို သက္ကတဘာသာသို့လည်းကောင်း ဘာသာဖလှယ်သည့်လုပ်ငန်းကို ကြာမြင့်စွာ လုပ်ခဲ့သည်။ မလက္ကာရေလက်ကြားသို့ရောက်ရှိနေသော တရုတ်ဘုန်းတော်ကြီးများလည်း ၅-၆ ရာစုနှစ်များတွင် ဂျာဗားကျွန်းသို့ရောက်ရှိခဲ့ကြလေသည်။ အထူးသဖြင့် နာလန္ဒာတက္ကသိုလ်ကျောင်းထွက် ဟူရင်ဆန် ဆူမားတြားနှင့် ဂျာဗားကျွန်းတို့၌ ကြာမြင့်စွာ နေထိုင်သီတင်းသုံးခဲ့သည်။ ထို့ကြောင့် နာလန္ဒာတက္ကသိုလ်၏ ဘာသာရေးစာပေ၊ အတွေးအခေါ်တို့၏ အရှိန်အဟုန်မှာ ဆူမားတြား၊ ဂျာဗားကျွန်းသို့ ရောက်ရှိလာသည့်အကြောင်းအရင်း Source တစ်ခုမှာ Pranpanan မြို့အနီးအနားမှာ အဘယဂိရိဝိဟာရ ဟူသောကျောင်းတိုက်ကြီးတစ်ခု ရာတုဗောကော (Ratuboko) မြို့၌ တည်ရှိခဲ့ကြောင်း ဖော်ပြထားသည်။ တကယ်စင်စစ် အဘယဂီရိ ဟူသောကျောင်းတိုက်မှာ အေဒီ ၈ ရာစုခန့်အလွန် ထင်ရှားကျော်ကြားသော သီရိလင်္ကာ မြောက်ပိုင်း အနုရာထမြို့၌ တည်ရှိခဲ့ဖူးသည့် မဟာယာနကျောင်းတိုက်ကြီး၏အမည်ဖြစ်သည်။ ထို့ကြောင့် သီဟိုဠ်ကျွန်း အနုရာထမြို့ အဘယဂီရိကျောင်းတိုက်က သီဟိုဠ်မဟာယာနဘုန်းတော်ကြီးများလည်း အင်ဒိုနီးရှားကျွန်းစုများပေါ်သို့ရောက်ရှိနေကြောင်းသိရှိရသည်။ သီဟိုဠ်ကျွန်း အနုရာဓမြို့၌ မဟာဝိဟာရကျောင်းတိုက်၊ အဘယဂီရိကျောင်းတိုက်၊ ဇေတဝနကျောင်းတိုက်ဟူ၍ ကျောင်းတိုက်ကြီးသုံးတိုက်သည် သီဟိုဠ်သာသနာသမိုင်း၌ အလွန့်အလွန်ထင်ရှားပြောင်မြောက်ကြသည်။ ပထမသင်္ဂါယနာမှ ဆင်းသက်လာသော ထေရဝါဒမူစနစ်ကိုလိုက်နာကျင့်သုံးကြသောကျောင်းတိုက်သည် မဟာဝိဟာရကျောင်းတိုက်ဖြစ်သည်။ ဘီစီ ၃ ရာစုက ဓမ္မာသောကမင်း၏ အာဏာစက်ဖြင့် နှင်ထုတ်ခံရကုန်သော အဓမ္မဝါဒီဂိုဏ်း ၁၈ ဂိုဏ်းတို့မှ ဂိုဏ်းအချို့သည် ဥပမာ-(သဗ္ဗတ္ထိဝါဒဂိုဏ်း၊ ဝေဒလ္လဂိုဏ်း၊ မဓျာမိကဂိုဏ်း အစရှိသောထေရဝါဒ၏ဆန့်ကျင်ဘက်အယူအဆ ဂိုဏ်းအတော်များများသည်) ဇမ္ဗူဒီပမှ လင်္ကာဒီပသို့ ကူးသွားကြလေသည်။ ထိုဂိုဏ်းဝင် အိန္ဒိယသံဃာတို့သည် သီဟိုဠ်ကျွန်းသို့ရောက်သောအခါ အဘယဂီရိကျောင်းတိုက်၊ ဇေတဝနကျောင်းတိုက်များသို့ ဝင်ရောက်ကြကုန်၏။ မဟာဝိဟာရသို့ ဝင်မိကြသော သံဃာတော်များမှာ ထေရဝါဒမူစနစ်သို့ ဝင်ရောက်ပြီးသားဖြစ်ကြလေကုန်၏။ ဇေတဝနနှင့် အဘယဂီရိသို့ ဝင်သွားကြကုန်သော အိန္ဒိယမဟာယာန၊ မဟာသံဃိကဂိုဏ်းသားတို့သည် မူလကပင် Protestant Idea ရှိကြကုန်သော ဇေတဝန၊ အဘယဂီရိသံဃာတော်များနှင့်ပူးပေါင်းမိကြရာ ထေရဝါဒမှ သီးခြားမဟာယာနဂိုဏ်းသားများဖြစ်ကြရလေကုန်၏။ မဟာဝိဟာရဝါသီထေရဝါဒဂိုဏ်းသို့ ရောက်လာသော အိန္ဒိယသားအရှင်ဗုဒ္ဓဃောသနှင့် အရှင်ဓမ္မပါလတို့၏ အဋ္ဌကထာများ၌ နေရာပေါင်းများစွာတွင် အဘယဂီရိ၊ ဇေတဝနဂိုဏ်းသားတို့၏အယူဝါဒတို့မှာဆန့်ကျင်ဘက်အယူဝါဒများဖြစ်ကြောင်းကို မကြာမကြာဖော်ပြထားသည်ကို တွေ့ရှိရသည်။ ဥပမာ- ရှင်မဟာဗုဒ္ဓဃောသက မဟာဝိသုဒ္ဓိကျမ်းကို ပြုစုလိုက်လျှင် မဟာသံဃိက၊မဟာယာနအိုင်ဒီယာကို လက်ခံထားသော မဟာအရိဋ္ဌဥပတိဿထေရ်ကဝိမုတ္တိမဂ္ဂကျမ်းကို အပြိုင်ပြုခဲ့လေသည်။ အရှင်ဓမ္မပါလက ဗုဒ္ဓဝံသအဋ္ဌကထာကို ပြုစုသည့်အခါ မဟာယာနအတွေးအခေါ် ရှိကြကုန်သော မဟာယာနကျမ်းစာများကို လက်ခံကြကုန်သော သီဟိုဠ်သားရဟန်းတော်အရှင်သုမင်္ဂလထေရ်က ဇိနာလင်္ကာရဋီကာကျမ်းကို ပြုစုခဲ့လေသည်။ ဇိနလင်္ကာရကျမ်း၌ ဖော်ပြထားသော ဘုရားဖြစ်ခန်း၊ ဗုဒ္ဓဘာသာ အတွေးအခေါ် အယူအဆတို့မှာ ပညာပါရမိတကျမ်း၊ သဒ္ဓမ္မပုဏ္ဍရိကကျမ်း၊ လလိတဝိတ္ထာရကျမ်းတို့မှ မဟာယာနအယူအဆများ အရှိန်အဟုန်ကောင်းစွာ လွှမ်းမိုးထားလေသည်။ အထက်ဖော်ပြပါ အိန္ဒိယမဟာယာန၊ သီဟိုဠ်မဟာယာနဟု မည်သို့ပင်ဆိုစေကာမူ ထိုအိန္ဒိယ သီဟိုဠ်မဟာယာနသံဃာတော်တို့သည် ဝတ်စားဆင်ယင်နေထိုင်ပုံ အသွင်အပြင်တို့မှာ ထေရဝါဒသံဃာတော်တို့၏ ပုံဟန်အတိုင်းပင်ဖြစ်ကြသည်။ စွန့်စွန့်စားစား ပင်လယ်ခရီးသွားဝါသနာပါကြသော သီဟိုဠ်သားတို့၏ စရိုက်အားလျော်စွာ ထိုသီဟိုဠ် သံဃာတော်များနှင့် အိန္ဒိယတောင်ပိုင်း နာဂဂျုံးနကွန်ဒါးနှင့် အမရဝတီဥဒ္ဒေနီဒေသတို့မှ သံဃာတော်တို့သည်အင်ဒိုနီးရှားကျွန်းစုများသို့ ကုန်သည်များနှင့်အတူ အမိမြေကို စွန့်ခွာစွန့်စားနယ်သစ်ရှာသောမဟာရာဇာ၊ဥပရာဇာများနှင့်အတူ ဆူမားတြား၊ ဂျာဗားကျွန်းစုများစီသို့ ရောက်ရှိအခြေချခဲ့သည်မှာ သေချာကြောင်းကိုသိရီဝိဇယမြို့၊မင်ဒွတ်မြို့ကဗျာလမ္ဘမုဒြာဆင်းတုတော်ကြီး၊ဆူမားတြားကျွန်းက သံဃာ တက္ကသိုလ်ကြီး၊ အဘယဂီရိမြို့က ကျောင်းတော်ကြီးတို့ကသက်သေပြလျက်ရှိကြသည်။အေဒီ ၄၀၀ ခန့်က အိန္ဒိယသို့ ဘုရားဖူးထွက်သွားသော တရုတ်ဘုန်းတော်ကြီး Faxian ဖက်စီယံသည်လည်း အိန္ဒိယမှ ဗုဒ္ဓဘာသာကျမ်းစာများကို သယ်ဆောင်၍ သင်္ဘောကုန်သည်များနှင့်အတူ အေဒီ ၄၁၄ တွင် ဂျာဗားကျွန်းသို့ ရောက်ရှိခဲ့လေသည်။ အေဒီ ၄၂၄ ခန့်တွင် ဗုဒ္ဓဘာသာမင်းသား ဂုဏဝရမနသည်လည်း ကက်ရှ်မီးယားမှရေကြောင်းဖြင့် ဂျာဗားကျွန်းသို့ ရောက်ရှိခဲ့ဖူးသည်။ အင်ဒိုနီးရှားသင်္ဘောကုန်သည်တို့ကိုယ်တိုင်ကလည်း သူတို့၏ဂျာဗားကျွန်း (သို့) ဆူမားတြားကျွန်းကို ဗဟိုထား၍ အနောက် အိန္ဒိယ၊ အရှေ့မြောက်ဘက် တရုတ်နိုင်ငံများသို့ကြိမ်ဖန်များစွာကူးသန်းသွားလာခဲ့ကြသည်။ ၇ ရာစုနှစ်၌ Yijin ယီဂျင်းအမည်ရှိ တရုတ်ဘုန်းတော်ကြီးတစ်ပါးသည်လည်း အင်ဒိုနီးရှားသို့ရောက်လာပြီး ဗုဒ္ဓဘာသာအကြောင်းအရာများကို မှတ်တမ်းတင်သွားခဲ့လေသည်။ သူသည် အေဒီ ၆၇၁ ခုနှစ်တွင် တရုတ်ပြည်မှဆူမားတြားကျွန်းတောင်ပိုင်း သိရီဝိဇယသို့ သင်္ဘောဖြင့်ရောက်ရှိခဲ့လေသည်။ သူ့ကို သိရီဝိဇယမင်းတို့က အိန္ဒိယသို့ပို့ပြီး ဗုဒ္ဓကျမ်းစာများကို လေ့လာသင်ယူစေသည်။ အိန္ဒိယမှ သိရီဝိဇယသို့ပြန်ရောက်လာပြီးငါးနှစ်ခန့်ဗုဒ္ဓဘာသာကျမ်းစာများကို သင်ကြားပို့ချဖြန့်ချိပြီးမှ တရုတ်နိုင်ငံသို့ ပြန်သွားခဲ့လေသည်။ ယီဂျင်း အင်ဒိုနီးရှားတွင် နေထိုင်သောကာလတွင် ဇာတကမာလာဟူသော မဟာယာနကျမ်းသည် အလွန်ခေတ်စားခဲ့လေသည်။ အထူးသဖြင့် တရုတ်ဘုန်းတော်ကြီး ယီဂျင်းသည် အိန္ဒိယပြည်မှ နဂါးကိုးကွယ်မှုကို အင်ဒိုနီးရှားကျွန်းစုများသို့ သယ်ဆောင်ခဲ့ကာ နဂါးပူဇော်ပွဲများ အထူးပင် ပြန့်ပွားထင်ရှားခဲ့လေသည်။



စေတီရံအတွင်းမှ ဓမ္မစက္ကမုဒြာဆင်းတုတော်

ဤအယူအဆကိုလက်ခံနိုင်လျှင် အိန္ဒိယမှလာသော ထေရဝါဒ၊ မဟာယာန၊ သီဟိုဠ်ကျွန်းမှလာသော ထေရဝါဒ၊ မဟာယာန၊ တရုတ်ပြည်မှလာသော မဟာယာန၊ ဗုဒ္ဓ၏သားတော် ညီအစ်ကိုများအားလုံး၏သမိုင်း၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဘာသာရေး၊ အတွေးအခေါ်၊ စာပေ၊ ဗိသုကာအမွေအနှစ်အားလုံးတို့၏ ပေါင်းဆုံရာ ဗောဗောဗုဒုဟူသော ဝရဗုဒ္ဓကျောင်းတော်ကြီးသည် The Centre of Multipal Heritage of Buddhism (သို့) The Historical Marker of Multipal Heritage of Buddhism ဟုဆိုရပေမည်။

ထောင်နှင့်ချီသောနှစ်တို့ကာလပတ်လုံး ငလျင်ဒဏ်၊ မီးတောင်ပေါက်ကွဲခြင်းတို့၏ဒဏ်၊ ပြာပူဖုံးခြင်း(မီးသွေးဖုံးခြင်း)၊ ဆူနာမီဒဏ်၊ မြစ်ရေလွှမ်းခြင်း၊ ရွှံ့ညွန်ဖုံးခြင်းတို့၏ ဆင်းရဲဒုက္ခနှိပ်စက်ခြင်းမျိုးစုံတို့အောက်ဝယ် ငုံ့လျှိုးတိမ်မြုပ်၍ နေခဲ့ရသော မြတ်လှစွာသော ဗုဒ္ဓကျောင်းတော်ကြီးကို ပထမဆုံးအလည်အပတ်ရောက်ရှိခဲ့သူမှာ အေဒီ ၁၇၀၀ ခုနှစ်များစီက ဂျာဗားကျွန်း အလယ်ပိုင်းကို အုပ်စိုးခဲ့သောသူပုန်ခေါင်းဆောင် Kimas Dana - ကီမာစ်ဒါနဖြစ်သည်။ ဖော်ထုတ်ခြင်းပြုပြင် မွမ်းမံခြင်း အလျှဉ်းမရှိခဲ့ပေ။ ဒုတိယအလည်အပတ်ရောက်ရှိသူမှာ ၁၇၅၈ ခုနှစ်၌ ဂျာဗားမင်းသား ရောက်ရှိခဲ့သည်။ ဂျာဗားမင်းသားရောက်ပြီးသည့်နောက် ရွှံ့များ၊ ပြာများ၏ အောက်၌ ငုံ့လျှိုးနေခဲ့ရသော ဗောဗောဗုဒု ကျောင်းတော်ကြီး နှစ်ပေါင်းများစွာ ငုံ့လျက်မြုပ်လျက်နေခဲ့ရသည်။

**စေတီတော်ကြီးကို စတင်ဖော်ထုတ်ခြင်း**

ခရစ်နှစ် ၁၅၀၀ ခန့်က အာရေးဗီးယားနိုင်ငံများမှ ပါရှန်းကုန်သည်များစတင်ဝင်ရောက်သည်မှစ၍ အစ္စလာမ်ဘာသာ ရောက်ရှိလာသည်။ အစ္စလာမ်ဘာသာဝင်များနှင့် တစ်ချိန်တည်းပင် ဟင်းခတ်အမွှေးအကြိုင် အပူအစပ်ရှာကြသော ပေါ်တူဂီခရစ်ယာန်တို့ ရောက်ရှိလာကြရာ ဗုဒ္ဓဘာသာဝင်နှင့် ဟိန္ဒူဘာသာဝင်တို့က ပေါ်တူဂီခရစ်ယာန်တို့ကို တွန်းလှန်တိုက်ခိုက်လို၍ အစ္စလာမ်ဘာသာဝင်တို့ကို အားပေးအားမြှောက်ပြုလုပ်လိုက်ကြရာ ဟိန္ဒူဘာသာဝင်၊ ဗုဒ္ဓဘာသာဝင်တို့မှာ အစ္စလာမ်ဘာသာဝင်တို့၏ လွှမ်းမိုးမှုအောက်သို့ ကျရောက်ခဲ့ကြရသည်။ ၁၅၉၆ ခုနှစ်တွင် ဒတ်ချ်ကုန်သည်များရောက်ရှိလာခဲ့ကြပြန်ရာ ဒတ်ချ်နှင့်ပေါ်တူဂီတို့ စီးပွားနယ်ပယ်လုအပြိုင်စစ်ပွဲများ ဆင်နွှဲကြရာ၌ပေါ်တူဂီတို့နောက်ဆုတ်ခဲ့ရလေသည်။ ၁၇၉၈ ခုနှစ်တွင် ဒတ်ချ်ကုမ္ပဏီ၏ အုပ်ချုပ်ရေးစနစ်မှ ဒတ်ချ်အုပ်ချုပ်ရေး စနစ်သို့ပြောင်းလိုက်ရာ အရှေ့အိန္ဒိယကျွန်းစု၌ ဒတ်ချ်ကိုလိုနီတစ်ခုပေါ်ပေါက်လာရလေသည်။ ၁,၈၀၀ ပြည့်နှစ်တွင် ဒတ်ချ်တို့လက်မှ ပြင်သစ်နှင့် အင်္ဂလိပ်တို့က သိမ်းယူလိုက်ကြပြန်သည်။ ၁၉၂၇ ခုနှစ်တွင် အင်ဒိုနီးရှားသူရဲကောင်းများက လက်နက်စွဲကိုင်၍ ဒတ်ချ်တို့ကိုတော်လှန်ခဲ့ကြသည်။

၁၉၄၂ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ဖြစ်သောအခါ အင်ဒိုနီးရှားကျွန်းစုကို ဂျပန်တို့က သိမ်းယူလိုက်ကြပြန်သည်။ ၁၉၄၅ ခုနှစ်တွင် ဆူကာနိုခေါင်းဆောင်သော အင်ဒိုနီးရှားတော်လှန်ရေးသမားများက လွတ်လပ်သော အင်ဒိုနီးရှားနိုင်ငံအဖြစ် ဂျာဗားနှင့် ဆူးမားတြားကို အခြေခံ၍ ကြေညာလိုက်ကြသည်။ ၁၉၄၅-၄၉ ခုနှစ်အထိ အင်ဒိုနီးရှားတို့သည် ဒတ်ချ်ကိုလိုနီဘဝမှ လွတ်မြောက်ရေးအတွက် ငါးနှစ်နီးပါးတော်လှန်တိုက်ခိုက်ကြရာ ၁၉၄၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် လုံးဝလွတ်လပ်ရေးရရှိ၍ လွတ်လပ်သော အင်ဒိုနီးရှားပြည်ထောင်စုကို ဖွဲ့စည်းနိုင်ခဲ့သည်။ အင်ဒိုနီးရှား၏ ပထမဆုံးသမ္မတကြီးမှာ ဒေါက်တာဆူကာနို၊ ဝန်ကြီးချုပ်မှာ ဟက်တာဖြစ်ခဲ့လေသည်။

၁၈၁၁ ခုနှစ်မှ ၁၈၁၆ ခုနှစ်အတွင်း ငါးနှစ်တာကာလသည် အင်ဒိုနီးရှားကျွန်းစု၏ အင်္ဂလိပ်ကိုလိုနီ အစိုးရလက်အောက်ရောက်ရသောဘဝဖြစ်သည်။ ထိုအင်္ဂလိပ် ကိုလိုနီအစိုးရအဖွဲ့၏ အုပ်ချုပ်ရေးမှူးမှာ Thomas Staford Raffles ဖြစ်သည်။ အင်္ဂလိပ်ကိုလိုနီခေါင်းဆောင် Raffles မှာ ကိုလိုနီအစိုးရခေါင်းဆောင်မျှသာမဟုတ် စီးပွားရေးသမား၊ ကုန်သည်၊ ပညာရှင်၊ သုတေသီ၊ သံတမန်၊ သဘာဝပညာရှင်၊ ဘူမိဗေဒပညာရှင်၊ ဘာသာစကားကျွမ်းကျင်သူ၊ ထိုးထွင်းကြံဆသူ၊ နည်းပညာရှင်ဟု သမိုင်းစာအုပ်အမျိုးမျိုးတို့ကဆိုကြသည်။

*(ရှေ့တစ်ပတ် ဆက်လက်ဖတ်ရှုပါရန်)*

7 DAY NEWS JOURNAL
Vol.10, No.12 • JUNE 9, 2011

# မေ့တတ်သူ အကြွေးမယူရ

အာဝါသ



လူဟူသည် မေ့တတ်၊ မှားတတ်သော သတ္တဝါဖြစ်ရကား လူတိုင်း မေ့ဖူး၊ မှားဖူးကြမည်မှာ ဓမ္မတာဟု ဆိုရပါမည်။ သို့သော် သွေးရိုး၊ သားရိုးသတိလက်လွတ် မေ့မှားခြင်းမျိုးသည် လူမှုဆက်ဆံရေးနယ်ပယ်၌ ပြဿနာမဟုတ်လှသော်လည်း မေ့ဟန်ဆောင်တမင်မှားသည့် ရည်ရွယ်ချက်ပါသော မေ့မှားမှုမျိုးမှာမူ အပြစ်ထိုက်သည်ဟုဆိုရမည်ဖြစ်သကဲ့သို့ မည်သူကမျှလည်း သည်းခံခွင့်လွှတ်ချင်ကြလိမ့်မည်မဟုတ်ပေ။ "မတော်မိလို့" နှင့် "တမင်တကာ" အဓိပ္ပာယ်ကွဲပြားခြားနားသည့်အလျောက် သက်ရောက်ဖြစ်ပေါ်လာသော အကျိုးနှင့် အပြစ်တို့သည်လည်းဆန့်ကျင်နေမည်ဟု ထင်သည်။

ဤဆောင်းပါးသည် ဒုတိယ အမျိုးအစားမေ့တတ်၊ မှားတတ်သူများသို့ ရည်ညွှန်းလိုခြင်းဖြစ်သည်ကို စာဖတ်သူရိပ်စားမိမည်ဟု ယူဆပါသည်။ အထူးသဖြင့် အကြွေးရှိပါလျက် မိမိအပေါ်တွင် ရှိနေသော အကြွေးအားလျစ်လျူရှုမေ့ထားတတ်သူများနှင့် သက်ဆိုင်နေသည်ဆိုလျှင် ပို၍ပင်မှန်ပေလိမ့်မည်တကား။

အမှုမဲ့၊ အမှတ်မဲ့ဆိုသော် လူတိုင်းသည် အကြွေးကင်းသူများ မဟုတ်ကြသည်ကို သတိပြုမိသူ အတော်ရှားပေလိမ့်မည်။ ထို့ကြောင့်ပင် "အကြွေး"ဟုဆိုလျှင် စားကြွေးသောက်ကြွေး၊ ချေးငှားထားသော အကြွေးနှင့် စီးပွားရေးအလို့ငှာ ပေးချေရန် ကျန်ရှိသော အကြွေးအမျိုးမျိုးတို့ကိုသာ ဦးစွာ သတိရကြမည်ဖြစ်ပြီး ချမ်းသာပြည့်စုံသူနှင့် လုပ်ငန်းကိုင်ငန်း အဆင်ပြေနေသူများက "တို့တော့ အကြွေးရှိရင် မနေတတ်ပါဘူး"၊ "အကြွေးယူရမှာကြောက်လွန်းလို့" အစရှိသည်ဖြင့် မိမိတို့ကြွေးမြီကင်းရှင်းကြောင်းကို သွယ်ဝိုက်ကြေညာနေသည့်အလား ပြောဆိုလေ့ရှိကြသလို ချို့တဲ့နွမ်းပါးအဆင်မပြေ(အလျဉ်မမီ) သူများကလည်း "အကြွေးနွံထဲက လွတ်ချင်လှပေါ့"၊ "အကြွေးတွေကြောင့် အိပ်လို့လည်း မပျော်နိုင်ပါဘူး" စသည်ဖြင့် ရင်ဖွင့်ညည်းညူကြမြဲဖြစ်ပါသည်။

တစ်နည်းတစ်လမ်းအားဖြင့် အကြွေးကို နေ့စဉ်ဘဝအတွက် အသက်ဆက်ရှင်သန်ရာ ကြားခံကိရိယာတစ်ခုသဖွယ် မှတ်ယူနေကြရသူများရှိနိုင်သလို "ကြွေးယူပြုံးပြုံး တောင်းတော့မုန်း၊ အဆုံးရန်ကြွင်း၏" ဟူသည့်အတိုင်းအကြောင်းကြောင်းသော အကြောင်းမညီညွတ်မှုများကြောင့် မိတ်ပျက်လမ်းခွဲရမှုမျိုးများလည်း ရှိနေချေသေးသည် မဟုတ်ပါလား။ အချို့က ကတိလှန်၍၊ အမေ့ခံ၍၊ အချို့က ရက်မမှန်၍၊ နာလန်မထူ၍။

ယင်းသို့ ပရိယေသနကြွေးများ၊ ဥစ္စာစီးပွားအကြွေးများ မည်သို့ပင်ရှိနေစေကာမူ ကျွန်တော်တို့အားလုံး၏ ဘဝထဲတွင် တစ်ချိန်မဟုတ်တစ်ချိန်ချိန်က ဝမ်းပန်းတသာကြိုဆိုနေရာ ပေးထားခဲ့ဖူးသော အကြွေးတချို့အားလည်း သတိပြုဂရုထားတတ်ကြစေလိုပါသည်။ အဘယ်ကြောင့်ဆိုသော် ယူပြီးလျှင် ပြန်ပေးရမြဲထုံးစံရှိသလို "တစ်လုပ်စားဖူး သူ့ကျေးဇူး" ဟူသော ဆိုးရိုးစကားရှိထားခဲ့၍လည်း ဖြစ်ပါသည်။

ဤသို့ဆိုသော်"အကြွေး"နှင့် "ကျေးဇူး" ဘယ်နည်းဘယ်ပုံစပ်ယှက်ဆက်နွယ်နေပါ၍ နည်းဟုစဉ်းစားစရာရှိကောင်းရှိလာနိုင်ပါသည်။ မှန်ပါသည်။ ကျေးဇူးတရားဟူသည် ခေတ္တချေးငှားထားသည့် အကြွေးနှင့် အသွင်သဏ္ဌာန်ရောအနှစ်သာရပါမတူကွဲပြားနေသည့်တိုင် သဘောသဘာဝချင်းတော့ ခပ်ဆင်ဆင် တူလွန်းလှသည်ဟု ဆိုရပါမည်။

အကြွေးတွင်ပမာဏအကန့်အသတ်ရှိသော်လည်း ကျေးဇူးတွင် အတိုင်းအဆ ကန့်သတ်ချက်မရှိခြင်း၊ အကြွေးတွင် အချိန်ကာလ သတ်မှတ်ချက်ထားရှိသော်လည်း ကျေးဇူးတွင် သတ်မှတ်ချိန်ပြဋ္ဌာန်းထားမှု မရှိခြင်း၊ အကြွေးတွင်တစ်စုံတစ်ရာသောနှောင်တည်းမှု စွန်းထင်းနေနိုင်သော်လည်း စစ်မှန်သည့် ကျေးဇူးတရားတွင် ပကတိသန့်ရှင်းစင်ကြယ်နေခြင်းတို့သည် အကြွေးနှင့် ကျေးဇူး၏ ခြားနားသော သွင်ပြင်လက္ခဏာများဖြစ်ပါသည်။

သို့ရာတွင် ကြွေးယူသူသည် ကြွေးရှင်အား ကြွေးပြန်ဆပ်ရမည်ဖြစ်သကဲ့သို့သူတစ်ပါး၏ကျေးဇူးကိုရယူခံစားခဲ့ဖူးသူသည် ကျေးဇူးပြုခဲ့သူအပေါ်ပြန်၍ ကျေးဇူးသိတတ်သင့်လှပေသည်။ ကြွေးဆပ်ရန် ပျက်ကွက်သူသည် တာဝန်မဲ့သူ၊ စည်းဖောက်သူဖြစ်ပြီး ကျေးဇူးမေ့သူ သို့တည်းမဟုတ် ကျေးဇူးတရားနားမလည်သူသည် ကျေးဇူးကန်းသူ၊ ကျေးစွပ်သူဖြစ်ပါသည်။ ဤသည်ပင် တူညီသော "အကြွေး" နှင့် "ကျေးဇူး" တို့၏ သဘောသဘာဝ ဥဒါဟရဏ်ဟု ဆိုရပေတော့မည်။

ဤတွင် အထက်၌ဆိုခဲ့သော "လူတိုင်းအကြွေးမကင်းသူများချည်း"ဟူသည်ကိုပြန်ကောက်ရပေဦးမည်။ လူသည် မွေးသည်မှ သေဆုံးသည်အထိတစ်ဦးတည်း တစ်ယောက်တည်း တစ်သီးတစ်ခြား ရပ်တည်နေနိုင်သည် မဟုတ်သည့်အလျောက် တကူးတကဖြစ်စေ၊ အခန့်မသင့်၍ဖြစ်စေ တစ်စုံတစ်ယောက်၏ ကူညီဖေးမမှုကို အပြန်အလှန်အားဖြင့် ခံယူပတ်သက်ရမြဲဖြစ်ပါသည်။ အမိ၊ အဘမဆိုထားနှင့်ငယ်စဉ်ကလေးဘဝတွင် မိမိအား သနားချစ်ခင်စိတ်ဖြင့် ပြုစုထိန်းကျောင်းပေးခဲ့သော ဆွေမျိုးဉာတကာ သွေးသားရင်းချာများမှစ၍ အာစရိယဆရာသမားများ အပါအဝင်ကြီးပြင်းရာဘဝတွင် မိမိကောင်းကျိုးကို ရှေးရှုကာ မိမိဘက်မှ အကြောင်းအားလျော်စွာ စာနာဆောင်ကြဉ်းပေးလာသူမှန်သမျှသည် ကျေးဇူးမကင်းသူများဖြစ်သကဲ့သို့ မိမိကတင်ရှိနေသော အကြွေးများဟုလည်း ဆိုရပေမည်။

ကျေးဇူးတရားဟုဆိုရာ၌ပုဂ္ဂလိကဆန်ဆန်တစ်ဦးတစ်ယောက်ချင်းအပေါ် တည်သောကျေးဇူးရှိနိုင်သလို လူအများနှင့်ပါ စပ်ဆိုင်အကျုံးဝင်နေသည့် ကျေးဇူးဟူ၍လည်း ရှိပြန်သည်။ တစ်ဦးတစ်ယောက်အပေါ် ကောင်းကျိုးပြုသည်။ ထိုသူ၏ ကျေးဇူးရှင်ဖြစ်ပြီး အများကောင်းကျိုးချမ်းသာအတွက် ဖြည့်ဆည်းအားထုတ်သူသည် အများ၏ကျေးဇူးရှင်ဖြစ်ပါသည်။

"ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ကျေးဇူးတော်အနန္တနှင့် ပြည့်စုံတော်မူသော . . ." အစချီကာ ရှိခိုးကော်ရော် အပူဇော်ခံတော်မူသည့် သဗ္ဗညုဗုဒ္ဓဘုရားရှင်သည် ဗုဒ္ဓဘာသာကိုးကွယ်ယုံကြည်သူ အပေါင်း၏ ကျေးဇူးရှင်ဖြစ်သကဲ့သို့ "ယှဉ်တွဲနှိုင်းဖက်ခြင်း သီအိုရီ(Theory of Relativity) နှင့် အခြားသော သိပ္ပံလျှို့ဝှက်ချက်များကို ဖော်ထုတ်ကာ နှောင်းလူများကောင်းကျိုး စွမ်းဆောင်ပေးနိုင်ခဲ့သူ၊ နှစ်ဆယ်ရာစု ခေတ်၏ အကြီးအကျယ်ဆုံး သိပ္ပံပညာရှင်ကြီး "အယ်လဘတ်အိုင်စတိုင်း (Albert Einstein)နှင့် ကမ္ဘာသူ၊ ကမ္ဘာသားတို့၏ အသက်ပေါင်းများစွာအတွက်"ပင်နီဆီလင်(Penicillin)" ဆေးကို စမ်းသပ်ရှာဖွေပေးသွားသူ "အလက်ဇန္ဒားဖလဲမ်မင်း (Alexander Flening)" တို့သည်မြောက်မြားလှစွာသော လူသားတို့၏ ကျေးဇူးရှင်များဖြစ် သည်ဟု ဆိုရပေမည်။

ထိုနည်းတူစွာပင် မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများအတွက်ဆိုလျှင် မြန်မာနိုင်ငံတော်ကြီး တိုင်းတစ်ပါးလက်အောက်မှ လွတ်မြောက်ဖို့ရန် ကိုယ်ကျိုးမငဲ့၊ အသက်ကို ပဓာနမထားဘဲ စွမ်းစွမ်းတမံဦးဆောင်ကြိုးပမ်းတိုက်ပွဲဝင်သွားခဲ့သူ အမျိုးသားခေါင်းဆောင်ကြီး "ဗိုလ်ချုပ်အောင်ဆန်း" သည် မြန်မာတစ်မျိုးသားလုံး၏ လွတ်လပ်ရေးကျေးဇူးရှင်အဖြစ် ထာဝရမော်ကွန်း တွင်နေရစ်မည်မဟုတ်ပါလား။

လူ၏ဝမ်းနည်းဖွယ်ကောင်းသော 'မေ့မှားမှု' အားနည်းချက်တစ်ခုဟု ဆိုနိုင်ပေလိမ့်မည်။

မြန်မာရာဇဝင်တွင် သူရဲကောင်းခေါင်ညိုသည် ကျေးဇူးတရားသိတတ်သူတစ်ဦးအဖြစ် ထူးခြားထင်ပေါ်ခဲ့သူဖြစ်ပါသည်။ တစ်ခါသော် သူ့အရှင်ငါးစီးရှင်ကျော်စွာက ညီတော်စစ်ကိုင်းမင်း အသင်္ချာစောယွန်းကို လုပ်ကြံသတ်ဖြတ်ရန် စေခိုင်းခဲ့ရာ ခေါင်ညိုလည်း စစ်ကိုင်းဘက်ကူးကာ အရိပ်အခြည်စောင့်ကြည့်ရင်း အခွင့်မသာသဖြင့် တောထဲ၌ သုံးရက်မျှ ပုန်းအောင်းနေလိုက်ရ၏။ အခွင့်သာလျှင်သာချင်း နန်းတော်သို့ တက်ရောက်သောအခါ နန်းထက်တစ်နေရာတွင် မဟာဂီရိနတ်အား စစ်ကိုင်းမင်းပသထားသည့် ရွှေစလောင်းနှင့် ထမင်း၊ အမဲသားတို့ကိုမြင်ရာ အစာမစားရသည် သုံးရက်တာကြာခဲ့ပြီဖြစ်၍ ဆာလောင်မွတ်သိပ်လွန်းလှကား အငမ်းမရယူစားတော့သည်။ စား၍ ပြီးသော် နန်းတွင်းသို့ဝင်ရောက်ခဲ့ရာ အတွင်းဆောင်တွင် ငြိမ်သက်စွာ စက်တော်ခေါ်နေသော အသင်္ချာစောယွန်းကိုမြင်လျှင် ခေါင်းရင်း၌ ခေတ္တရပ်လျက် ဤသို့ အတွေးဖြစ်သည်ဟူ၏။

"ဤမင်းသည် ယခုပင် ငါ၏ ထမင်းရှင်ကျေးဇူးရှင်ဖြစ်ခဲ့ပြီး ကျေးဇူးရှင်ကို ပြစ်မှားလျှင် ငါ့၌ အပြစ်ဝန်အလွန်ကြီးပေလိမ့်မည်။ လုပ်ကြံသာလျက် မလုပ်ကြံခဲ့ဟု ငါ့အရှင်ငါ့ကို သတ်သော် တစ်သက်သာသေရပေမည်။ထမင်းရှင်ကိုပြစ်မှားလျှင်ကား ဘဝအဆက်ဆက် မကောင်းကျိုးများတော့မည်တကား" ဟု သတိဝင်လျက် စစ်ကိုင်းမင်း နန်းတွင်းသို့ ဝင်ရောက်နိုင်ခဲ့ကြောင်း သက်သေပြရန် ပတ္တမြားစားကိုသာယူ၍ ပြန်ခဲ့လေ၏။

ဤအကြောင်းအဖြစ်မှန်အတိုင်း ငါးစီးရှင်ကျော်စွာထံရှင်းပြလျှောက်တင်သောအခါ ငါးစီးရှင်လည်း အမျက်မရှသည်သာမက "ထမင်းတစ်စလောင်းမျှ ကျေးဇူးကိုပင် ယခုလောက် သိတတ်သေးလျှင် သားမယားပါမကျန် နေ့စဉ် ကျွေးမွေးနေသော ငါ့အပေါ်၌ကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း"ဟု ချီးမွမ်းစကားဆိုကာ ဆုလာဘ်များစွာပင် ချီးမြှောက်လိုက်လေသည်။

ကျေးဇူးတရားနှင့်စပ်သော စားကြွေးသောက်ကြွေးကိုသော်မှ အလေးထားစောင့်သိရသေးလျှင် လူတိုင်းကိုယ်စီ၏ အသက်နှင့်ဘဝတွင် အနည်းနှင့်အများဆိုသလို အရေးပါအသုံးတည့်ခဲ့မည်ဖြစ်သော ကျေးဇူးအဖုံဖုံတို့အတွက် ဆိုလျှင်လည်း မည်သို့သော အကြောင်းကြောင့်နှင့်မျှ တမင် မေ့ဟန်ဆောင် ဖုံးကွယ်ပယ်ဖျောက်ထားဖို့ မသင့်ကြချေ။

အခါတစ်ပါး၌ မိုးသက်မုန်တိုင်းကြောင့် အတိဒုက္ခရောက်ပြီး ကူရာကယ်ရာမဲ့ဘဝဖြင့် မြစ်ထဲထင်းတုံးဖက်ကာ မျောပါလာသော မင်းသားအား ကူညီကယ်ဆယ်ခဲ့သူ ရသေ့မြတ်တစ်ပါးရှိခဲ့ဖူး၏။

တစ်နေ့တွင် ရသေ့က သူကယ်ဆယ်ခဲ့သူ မင်းသား၏ စိတ်သဘောကို စောကြောလိုသဖြင့် မြို့တွင်းသို့သွားရောက်ခဲ့ရာ ထိုအချိန်၌ ရှင်ဘုရင်ဘဝရောက်နေပြီဖြစ်သော မင်းသားလည်း မင်္ဂလာဆင်တော်စီးကာ တိုင်းခန်းလှည့်လည်လာသည်နှင့်ကြုံ၏။ အနားသို့ ရောက်သော် ရသေ့အားမြင်သည်နှင့် မှတ်မိသောမင်းသားက "လိမ်ညာဉာဏ်များတဲ့ ရသေ့ငါ့ဆီက လိုချင်တာကတစ်ခုခုရှိလို့ ရောက်လာတာပဲ ဖြစ်ရမယ်။သူတစ်ကြိမ်တစ်ခါ ပြုစုခဲ့ဖူးတဲ့ကျေးဇူးကိုလူအများသိအောင်လျှောက်မပြောခင် သူ့ကိုငါအရင်သတ်မှအေးမယ်" ဟုကြံစည်ပြီး အနားရှိမင်းချင်းများအား ရသေ့ကို ချုပ်နှောင်ရိုက်နှက်စေကာ မြို့ပြင်ထုတ်သတ်ပစ်ရန် အမိန့်ပေးလေ၏။ လမ်းဆုံတစ်ခုရောက်တိုင်း မင်းချင်းများ၏ ထိုးကြိတ်ရိုက်နှက်ခြင်းကို ခံရသဖြင့် နာကျင်ခံခက်လွန်းလှစွာ ရသေ့နှုတ်မှ ညည်းတွားသည်မှာ . . .

"မြစ်ထဲမျောလာတဲ့ သစ်တုံးကို ဆယ်ယူတာမှ မြတ်ပါဦးမယ်။ ကျေးဇူးရှင်မိတ်ဆွေကောင်းကို ပြစ်မှားရက်စက်ဝံ့တဲ့ လူယုတ်မာကို ဆယ်တင်ခဲ့ရတာ မမြတ်ရုံမက အချည်းနှီးသာတည်း"ဟူ၏။

ကျွန်တော်သည် ထမင်းတစ်နပ်ကျေးဇူးရှင်၏ ကျေးဇူးတရားကို အလေးအမြတ်ပြုစောင့်စည်းခဲ့သော သူရဲကောင်းခေါင်ညိုနှင့် မိမိအသက်သခင်ကျေးဇူးရှင်အပေါ် မိုက်မှားစော်ကားရက်သူမင်းသားတို့၏ ခြားနားသော ဖြစ်ရပ်နှစ်ခုကို အကြောင်းပြုကာ ချစ်စွာသော စာဖတ်သူများအား . . . ယခုအခါ အများသူငါပြောဆိုသုံးနှုန်းနေကျ "စားပြီးနားမလည်၊ ဝါးပြီးထွေးထုတ်"ဟူသော စကားနှင့် "ကြွေးယူစဉ်ကကျေးဇူးရှင်၊ကြွေးပြန်တောင်းတော့ ရန်သူထင်"ဟူသည့် စကားနှစ်ရပ်၏ အတိမ်အနက်ကို ဆင်ခြင်တွေးဆကြည့်စေ ချင်ပါသည်။

ကျွန်တော့်အနေဖြင့်မူ အချို့သော ဈေးဆိုင်များ၏ ရှေ့မျက်နှာစာတွင် အထင်အရှားတွေ့မြင်ရတတ်သည့် အောက်ပါစာတန်းကလေးကိုသာ ရုတ်ခြည်းသတိရလိုက်မိပါတော့၏။

"မေ့တတ်သူအကြွေးမယူရ"

*ကျမ်းကိုး- ၁။မြန်မာ့ဂုဏ်ရည် ရာဇဝင်ဖတ်စာ(အမျိုးသားပညာဝန်ဦးဖိုးကျား) ၂။ကျော်စွာ ၁၀၀ (ဒေါက်တာသန်းထွန်း)၊ ၃။မိတ်ကောင်းဆွေကောင်းနှင့် ခရီးသွားခြင်း(နန္ဒာသိန်းဇံ)*

7 DAY NEWS JOURNAL

# Current Affairs

Vol.10, No.12 • JUNE 9, 2011




## ကြွေလွင့်သူ တေးမြို့ငှက်၏ နိဂုံး

နေလင်းအောင်

**စတူဒီယိုခေတ်ဦးကာလမှ ယနေ့အချိန်ထိ အောင်မြင်ကျော်ကြားသော အဆိုတော်အမြောက်အမြားကို ပံ့ပိုးပေးခဲ့သည့် ဂီတလောက၏ အထင်ကရတေးရေးဆရာ မောင်သစ်မင်းသည် ဇွန်လ ၅ရက်နံနက်ပိုင်းက ဘန်ကောက်မြို့တွင်ကွန်လွန်သွားခဲ့ပြီဖြစ်သည်။**

စာရေးဆရာလည်းဖြစ်သော တေးရေးမောင်သစ်မင်းသည် ဘန်ကောက်မြို့ ဆမ်မီတစေ့ဆေးရုံကြီးတွင် အူမကြီးကင်ဆာရောဂါဖြင့် ကွယ်လွန်သွားခဲ့ကြောင်း ၎င်း၏ဂီတအသိုင်းအဝိုင်းမှ မိတ်ဆွေများထံမှ သိရသည်။

အမည်ရင်းဦးဒေဝ(ခ)မောင်သစ်မင်းသည် ယခုကွယ်လွန်ချိန်တွင်အသက်၅၈နှစ်ရှိနေပြီး မောင်သိဒ္ဓိ၊ မောင်ကြက္ကဒ္ဒိ၊ မောင်ကိတ္တိ(ခ)မောင်ကျော်သစ်မင်းဟူသည့် သား ၃ဦး ကျန်ရှိခဲ့သည်။

မောင်သစ်မင်းသည် ၁၉၇၀ ဝန်းကျင်မှစတင်၍ အနုပညာနယ်ပယ်အတွင်းသို့ ကဗျာ၊ စာပေ၊ သီချင်းရေးသားခြင်းဖြင့် ဝင်ရောက်လာခဲ့ပြီး အထက်တန်းကျောင်းသားဘဝမှာပင် ကဗျာစာအုပ်တစ်အုပ်အား တရားဝင်ပုံနှိပ်ထုတ်ဝေခဲ့ဖူးပြီး စတီရီယိုခေတ်ဦးဖြတ်သန်းမှုကို ၎င်း၏နာမည်ကျော် 'တေးမြို့ငှက်'စာအုပ်တွင် ရေးသားခဲ့ရာ အဆိုပါစာအုပ်မှာ စတီရီယိုခေတ်မည်သို့ပေါ်ပေါက်ခဲ့သည်ကို မှတ်တမ်းတင်ခဲ့သည်။ မောင်သစ်မင်းသည် နောက်ပိုင်းတွင် တေးရေးဆရာတစ်ဦးအဖြစ်ရပ်တည်ခဲ့သည်။

နိုင်ငံခြားသံစဉ်များကိုကော်ပီရေးသားခဲ့သောတေးရေးဆရာ မောင်သစ်မင်းသည် ၎င်း၏စကားလုံးပြောင်မြောက်မှုနှင့် တွေးခေါ်အားကောင်းခြင်း၊ ဒဿနဆိုင်ရာ တေးသီချင်းများရေးသားနိုင်ခြင်းကြောင့် ဂီတလောကမှ အလေးထားရသော ပုဂ္ဂိုလ်တစ်ဦးအဖြစ် ကျော်ကြားခဲ့သည်။

"ပြောရရင်တော့ ဦးသစ်မင်းနဲ့မရင်းနှီးဘူး။ ဒါပေမဲ့ သူ့သီချင်းတွေနဲ့ကျွန်တော်တို့ကြီးပြင်းခဲ့ကြရတာ။ဦးကျော်ဟိန်းဆိုခဲ့တဲ့"ဘယ်တော့မှ မမေ့ဘူး" ဆိုတဲ့ သီချင်းက စပြီးတော့ပေါ့။ လက်ရှိအချိန်အထိက ဆရာတစ်ဆူလိုဖြစ်နေတော့ နှမြောမိပါတယ်"ဟုတေးရေး မိရာမိုရ်ကမောင်သစ်မင်း ကွယ်လွန်ပြီးနောက်တစ်ရက်တွင် ဝမ်းနည်းစကားဆိုသည်။

"You are in Lonely" သံစဉ်ကို မြန်မာသီချင်းအဖြစ်ပြန်လည်ဖန်တီးခဲ့သော "ဘယ်တော့မှမမေ့ဘူး" သီချင်းသည် ပင်လျှင်ကျော်ဟိန်းမှ အစပြု၍ ချစ်ကောင်း၊ ဒွေး၊ ဇော်ပိုင်၊ ကော်နီ အစရှိသည့် အဆိုတော်များ ခေတ်အဆက်ဆက် သီဆိုခဲ့ပြီး ယနေ့အထိ လူကြိုက်များသည့် သီချင်းဖြစ်နေသည်။

မောင်သစ်မင်းသည် အလားတူ ခေတ်အဆက်ဆက် အကြိမ်ကြိမ်ပြန်ဆိုအောင်မြင်သည့် သီချင်းများကို ဖန်တီးခဲ့ရာ ပလေးဘွိုင်သန်းနိုင်၊ ခိုင်ထူး၊ စိုးပိုင် စသည့် ခေတ်ဦးအဆိုတော်များအပြင် ချစ်ကောင်း၊ ဇော်ပိုင်တို့အထိ ၎င်း၏သီချင်းများဖြင့် ဂီတနယ်ပယ်တွင် ထင်ရှားလာခဲ့ပြီးမြန်မာပြည်၏ ကျော်ကြားဆဲရော့ခ် အဆိုတော်ကြီးများဖြစ်သည့် လေးဖြူ၊ အငဲတို့၏ အားကိုးအားထားတေးရေးဆရာတစ်ဦးဖြစ်ခဲ့သည်။

သူကိုယ်တိုင်ရေးသားခဲ့ပြီး၊ သူ့ဘဝတွင် ထင်ကျန်စေခဲ့သောတေးသီချင်းများအား စုစည်း၍ ကမ္ဘာ့သစ် ၁+၂ သီချင်းအယ်လ်ဘမ်များနှင့် တေးမြို့ငှက် ၁+၂ တေးအယ်လ်ဘမ်များကို စုစည်းထုတ်ဝေခဲ့ရာတွင်လည်း ပရိသတ်ကြိုက်တွေ့ခဲ့သည်။

မောင်သစ်မင်း ကွယ်လွန်သည့်နေ့မှာပင် ချယ်ရီအက်ဖ်အမ်ရေဒီယိုအစီအစဉ်က အစီအစဉ်တစ်ခု ထုတ်လွှင့်ခဲ့သည်။ အစီအစဉ်တွင် မောင်သစ်မင်းအတွက် ဝမ်းနည်းကြောင်းကြေညာခြင်းနှင့် "မျှော်လင့်ခြင်းကွင်းပြင်"သီချင်းနှင့် အခြားတေးသီချင်းတစ်ပုဒ်အမှတ်တရထုတ်လွှင့်ခဲ့ကာ ၎င်း၏ ကိုယ်ရေးအကျဉ်းကိုပါ ဖတ်ကြားထုတ်လွှင့်ခဲ့သည်။

"ကျွန်တော်တို့ကြားကြားချင်းအတည်ပြုချက်ယူပြီး ဒီအစီအစဉ်လုပ်လိုက်ရတော့လောလောဆယ်အဲဒီလောက်ပဲ ရှိပါသေးတယ်။ နောက်ပိုင်း သူနဲ့ ပတ်သက်ပြီး ဘယ်လိုအစီအစဉ်တွေ လွှင့်ရမလဲဆိုတာတော့ မစဉ်းစားရသေးဘူး"ဟု ချယ်ရီအက်ဖ်အမ်မှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ကိုသန်းဌေးဇော်က 7Day News သို့ ပြောသည်။

တေးရေးမောင်သစ်မင်းသည် မကွယ်လွန်မီအခြားသောလုပ်ရှားမှုများအဖြစ် MRTV-4 တွင် ခေတ်ပြိုင်ဂီတမှတ်တိုင်များ အစီအစဉ်၌ ပါဝင်ဆွေးနွေးခဲ့ပြီး အက်ဖ်အမ်ရေဒီယိုများတွင်လည်း ဂီတအကြောင်းအရာဆွေးနွေးပွဲများပြုလုပ်ခဲ့သည်။

ထို့ပြင် မကွယ်လွန်မီ မြန်မာနိုင်ငံဂီတအစည်းအရုံး ဗဟိုမှတွဲဖက်အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၎င်းနှင့်အတူ တေးရေးဆရာအများစုဖွဲ့စည်းထားသည့် Myanmar Collective Lyrics Committeတွင်လည်း တေးရေးဆရာများ၏ ရပိုင်ခွင့်များနှင့်ပတ်သက်၍ လှုပ်ရှားခဲ့သည်။

၎င်း၏ ရုပ်အလောင်းအား ဘန်ကောက်မြို့၌ပင် မီးသင်္ဂြိုဟ်ခဲ့ပြီး အရိုးပြာကို မြန်မာနိုင်ငံသို့ ပြန်လည်သယ်ဆောင်ခဲ့ကြောင်း သိရသည်။

**POLITIC NEWS**

## ရှမ်းတိုင်းရင်းသား ဒီမိုကရက်တစ်ပါတီက သတင်းဂျာနယ်တစ်စောင်ထုတ်ဝေရန် စီစဉ်

**ပြည်သိမ်း**

**ရန်ကုန်၊ ဇွန် - ၃**

ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ရှမ်းတိုင်းရင်းသား ဒီမိုကရက်တစ်ပါတီက ဂျာနယ်တစ်စောင်ထုတ်ဝေရန်စီစဉ်နေကြောင်း အဆိုပါ ပါတီမှစုံစမ်းသိရသည်။

ယင်းသို့သတင်းဂျာနယ် ထုတ်ဝေရခြင်းသည်ပါတီ၏ ရပ်တည်မှုစီးပွားရေးလုပ်ငန်းများတွင် တစ်ခုအပါအဝင်ဖြစ်လာမည်ဖြစ်ကြောင်း၊ ယခင်ကလည်း (နသ)ဖြင့် ပါတီလက်ကမ်းစာစောင်များကို ထုတ်ဝေခွင့်ရထားပြီးဖြစ်သဖြင့် သတင်းဂျာနယ်အဖြစ် ပြောင်းလဲထုတ်လုပ်ရန်စီစဉ်ရခြင်းဖြစ်ကြောင်း ရှမ်းတိုင်းရင်းသားဒီမိုကရက်တစ်ပါတီမှ အထွေထွေအတွင်းရေးမှူး ဦးစိုင်းလှကျော်ကပြောသည်။

ဂျာနယ်ထုတ်မည်ဆိုပါက သတင်းအသားပေးဂျာနယ် ထုတ်မည်ဖြစ်ပြီး ပါတီနှင့် ပတ်သက်သည့်သတင်းမှာ ၂၀ ရာခိုင်နှုန်းဝန်းကျင်သာပါဝင်မည်ဖြစ်ကြောင်း ဂျာနယ်အမည်ကိုလည်း ကျားဖြူသတင်းဂျာနယ်ဟုအမည်ပေးထားကြောင်းသိရသည်။

အဆိုပါရှမ်းတိုင်းရင်းသားဒီမိုကရက်တစ်ပါတီသည် ၂၀၁၀ နိုဝင်ဘာရွေးကောက်ပွဲတွင် လွှတ်တော်သုံးရပ်၌ ဝင်ရောက်ယှဉ်ပြိုင်ရာ ကိုယ်စားလှယ် ၅၇ဦး ရွေးချယ်ခံခဲ့ရသည်။ ယင်းပါတီသည်တိုင်းရင်းသားပါတီများထဲတွင် အင်အားအတောင့်တင်းဆုံးပါတီဖြစ်ပြီး ရွေးကောက်ပွဲတွင် တိုင်းရင်းသားပါတီများထဲမှ အမတ်ဦးရေအများဆုံးရွေးချယ်ခံရသည့်ပါတီလည်းဖြစ်သည်။

## ကြားဖြတ်ရွေးကောက်ပွဲ၌လစ်လပ်နေရာအားလုံးတွင် ပြည်ခိုင်ဖြိုးပါတီ ဝင်ပြိုင်မည်

**သီဟ**

**နေပြည်တော်၊ဇွန် - ၂**

မကြာမီ ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ လစ်လပ်နေရာအားလုံး ဝင်ပြိုင်မည်ဖြစ်ကြောင်းယင်းပါတီ၏ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက နေပြည်တော်ရှိ ပါတီဗဟိုဌာနချုပ်တွင် သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားသွားသည်။

ယခုကျင်းပမည့်ကြားဖြတ် ရွေးကောက်ပွဲသည် ရွေးကောက်ခံလွှတ်တော်အမတ်များမှ လစ်လပ်သွားသည့် အမတ်နေရာများအတွက် ပြန်လည်ကျင်းပခြင်းဖြစ်သည်။

"ကျားဖြူပါတီဆိုရင်လည်း တစ်ပြည်လုံးကို အမျိုးသားရေးလုပ်ငန်းဆောင်ရွက်ဖို့အတွက် ပျံ့ပျံ့နှံ့နှံ့အရွေးခံမယ်။ အကုန်လုံးအရွေးခံမယ်လို့ပြောတာပဲ။ ကျွန်တော်တို့လည်းရွေးမှာပေါ့။ ကျန်တဲ့ပါတီတွေလည်းရွေးမှာပေါ့"ဟု ဦးဌေးဦးကပြောသည်။

"ဒီအလုပ်က ကိုယ်စားလှယ်ဖြစ်တော့မှ ကိုယ်စားလှယ်တွေကနေ လွှတ်တော်ထဲမှာ စကားပြောနိုင်တယ်။ ဒီအခွင့်အရေးလိုချင်လို့ပါတီထောင်တာ မဟုတ်ဘူးလား" ဟု ဦးဌေးဦးက ဆက်လက်ပြောကြားသွားသည်။

ယခုကျင်းပမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် ရွေးကောက်ခံအမတ်များထဲမှ အစိုးရအဖွဲ့အတွင်းသို့ရောက်ရှိသွားသည့် အမတ် ၄၄နေရာနှင့် မကြာသေးမီကကွယ်လွန်သွားသည့် ဧရာဝတီတိုင်းဒေသကြီးမှ တိုင်းဒေသကြီး ကိုယ်စားလှယ်အမတ်တစ်နေရာ စုစုပေါင်း လစ်လပ်အမတ် ၄၅ နေရာအတွက် ပြန်လည်ကျင်းပမည် ဖြစ်ကြောင်းသိရသည်။

## ပြည်ခိုင်ဖြိုးပါတီက တရုတ်ကွန်မြူနစ်ပါတီနှင့် နှစ်နိုင်ငံပါတီများ ပူးပေါင်းဆောင်ရွက်ရေး လက်မှတ်ရေးထိုး

**သီဟ**

**နေပြည်တော်၊ဇွန် - ၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနှင့် ပေါ် လစ်ဗျူရိုအဖွဲ့ဝင် မစ္စတာလီယွန်ချောင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီတို့သည် နှစ်နိုင်ငံပါတီများ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအားပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟို ဌာနချုပ်ရုံး၌ယနေ့ကျင်းပပြုလုပ်ခဲ့သည်။

လက်မှတ်ရေးထိုးရာတွင် နှစ် နိုင်ငံပါတီအချင်းချင်း ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် တရုတ်မြန်မာ အလင်းဒါနပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်တို့အား လက်မှတ်ရေးထိုးခဲ့ကြသည်။

"တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီနဲ့ ကျွန်တော်တို့ ဆက်သွယ်တယ်ဆိုတာ သူ့အတိုင်းလုပ်ဖို့မဟုတ်ဘူး။ သူ့ထဲက ကောင်းတာယူမှာပေါ့။ ကိုယ့်အခြေအနေနဲ့ ကိုက်ညီတဲ့ဟာပဲယူမှာပေါ့"ဟုပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးကပြောသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီမှ ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁ရက်မှ ၄ရက်အထိ ချစ်ကြည်ရေးခရီးလာရောက်လည်ပတ်ခဲ့ရာ အဖွဲ့ဝင် ၂၀ဦးပါဝင်ကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.10, No.12 · JUNE 9, 2011

# ဂျွန်မက်ကိန်းကမြန်မာ့နိုင်ငံရေးနှင့်ပတ်သက်၍ အချက်လေးချက်ကို အဓိကတိုက်တွန်း

အားမာန်၊ အေးမြကျော်

ရန်ကုန်၊ ဇွန် - ၃

**၂၀၀၈ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲဝင် သမ္မတလောင်းတစ်ဦးဖြစ်ခဲ့သော အမေရိကန် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်း၏ သုံးရက်တာမြန်မာနိုင်ငံခရီးစဉ်အတွင်း မြန်မာ့နိုင်ငံရေးနှင့် ပတ်သက်၍ အချက်လေးချက်ကို အဓိကတိုက်တွန်းပြောကြားခဲ့သည်။**



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**တွေ့ဆုံဆွေးနွေးအပြီး ပြန်လည်ထွက်ခွာလာသော အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းအား လိုက်လံပို့ဆောင်သည့် ဒေါ်အောင်ဆန်းစုကြည်**

ယုံကြည်ချက်ကြောင့် အကျဉ်းချခံနေရသူအားလုံးကို ပြန်လွှတ်ပေးရန်၊ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက တောင်းဆိုထားသကဲ့သို့ ဒေါ်အောင်ဆန်းစုကြည်၏ လုံခြုံရေးနှင့် လူ့အခွင့်အရေးကို အာမခံချက်ပေးပြီး ဒေါ်အောင်ဆန်းစုကြည် ဆန္ဒရှိကြောင်းထုတ်ပြောခဲ့သည့်အတိုင်း အနာဂတ်တွင် နိုင်ငံတစ်ဝန်း ခရီးထွက်သောအခါ အကာအကွယ်ပေးရန်၊ ထို့အပြင် အစိုးရသစ်က အမျိုးသားရင်ကြားစေ့ရေးဒီမိုကရေစီလမ်းစဉ်ကိုစတင်ရန်နှင့်နောက်ဆုံးအချက်မှာ အစိုးရသစ်က အဏုမြူလက်နက်မပြန့်ပွားရေးနှင့် ပတ်သက်ပြီး နိုင်ငံတကာ လေးစားလိုက်နာရန်လိုအပ်သောကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို လေးစားလိုက်နာသောအားဖြင့် နိုင်ငံတကာဥပဒေ၏ လိုအပ်ချက်အရ မြောက်ကိုရီးယားအစိုးရနှင့် စစ်ရေးဆက်ဆံမှုများကို ရပ်ဆိုင်းရမည်ဟူ၍ ဖြစ်သည်။ ဂျွန်မက်ကိန်း၏ သုံးရက်တာခရီးစဉ် နောက်ဆုံးနေ့ဖြစ်သော ဇွန်၃ရက် ရန်ကုန်မြို့ အမေရိကန်စင်တာ၌ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ထိုအချက်များကို ပြောကြားခဲ့ခြင်းဖြစ်သည်။

ဂျွန်မက်ကိန်း၏ ယခုခရီးစဉ်မှာ မြန်မာနိုင်ငံသို့ တတိယအကြိမ်လာရောက်ခြင်းဖြစ်ပြီး ၁၉၉၆ ခုနှစ်က နောက်ဆုံး လာရောက်ခဲ့သည်။

ယခုခရီးစဉ်၏ ပထမဆုံးနေ့တွင် နေပြည်တော်၌ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရတင်အောင်မြင့်ဦးနှင့်တွေ့ဆုံစဉ် အထက်ပါအချက်များကို ထည့်သွင်းပြောကြားခဲ့သည်။ ဒုတိယသမ္မတသီဟသူရဦးတင်အောင်မြင့်ဦးက ပြန်လည်ပြောကြားရာတွင် မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများ မရှိကြောင်း၊ ကြက်ခြေနီအဖွဲ့အစည်းများကိုလည်း မိမိတို့ဘက်မှ အဆင်ပြေသည့်အချိန်တွင် စဉ်းစားဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်ကိစ္စနှင့် စပ်လျဉ်း၍ ၎င်းအား သာမန်အရပ်သားတစ်ဦးအနေဖြင့်ဥပဒေနှင့်အညီ သွားလာလှုပ်ရှားဆောင်ရွက်မှုများကို ကန့်သတ်ရန်မရှိပါကြောင်း၊ သို့သော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားစောင့်ထိန်းရန်လိုအပ်သည်ဟု ပြောကြားခဲ့ကြောင်း ဇွန် ၃ ရက်ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

နျူကလီးယားကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေနှင့် ရုရှားနိုင်ငံ၏ အကူအညီဖြင့် နျူကလီးယားသုတေသနလုပ်ငန်းဆောင်ရွက်ရန် စီမံခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ခေတ်နောက်ကျမကျန်ရအောင် နျူကလီးယားနှင့် ပတ်သက်၍ အခြေခံသဘောနားလည်စေရန်နှင့် ပညာရေးကျန်းမာရေးလုပ်ငန်းများတွင် ဆက်စပ်ဆောင်ရွက်ရန်ရည်ရွယ်ခဲ့ခြင်းဖြစ်ကာ နျူကလီးယားလက်နက်ထုတ်လုပ်ရန် စဉ်းစားနိုင်မှုမရှိခဲ့သည့်အပြင် စီးပွားရေးအရလည်း စဉ်းစားနိုင်ရန်မရှိကြောင်း ဒုတိယသမ္မတကပြောသည်။

ထို့အပြင် နျူကလီးယားကိစ္စအပေါ် နိုင်ငံတကာအမြင်တွင် တစ်မျိုးတစ်မည် ဖြစ်လာသည့်အတွက် ထိုအစီအစဉ်ကိုပင် ရပ်ဆိုင်းထားပြီဖြစ်ကြောင်း ဒုတိယသမ္မတသီဟသူရဦးတင်အောင်မြင့်ဦးက ပြောကြားခဲ့သည်။

ထို့အပြင် ဒုတိယသမ္မတက ဂျွန်မက်ကိန်းမှာ အမေရိကန်နိုင်ငံတွင် နိုင်ငံရေးအရဩဇာရှိသူဖြစ်သည့် အတွက် မြန်မာ-အမေရိကန်ဆက်ဆံရေးတိုးမြှင့်ရေးတွင် နှစ်ဖက်အကြားပေါင်းစပ်ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်ဟု နိုင်ငံပိုင်သတင်းစာများ၌ ဖော်ပြခဲ့သည်။

ဂျွန်မက်ကိန်းမှာ နေပြည်တော်သို့ရောက်ရှိစဉ်ဇွန် ၁ ရက်က ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်



7 DAY NEWS JOURNAL
Vol.10, No.12 · JUNE 9, 2011

လွင်တို့နှင့်လည်း တွေ့ဆုံခဲ့သည်။ အမေရိကန် အထက်လွှတ်တော် အမတ်၏ ဒုတိယနေ့ခရီးစဉ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်သူမ၏ နေအိမ်၌ တွေ့ဆုံခဲ့သည်။

ဝှ်ဘ်မက်ကိန်းသည်ဇွန် ၂ရက်တွင်မကြာသေးမီကလွတ်လာသော နိုင်ငံရေးအကျဉ်းသား လေးဦး၊ လူမှုရေးလုပ်ငန်းများလုပ်ကိုင်နေသော နာရေးကူညီမှုအသင်းမှ ဦးကျော်သူအပါအဝင် တာဝန်ရှိသူများ၊ အေ့စ်ဝေဒနာရှင်များ၊ ကူညီစောင့်ရှောက်ပေးနေသော မဖြူဖြူသင်းတို့နှင့် တွေ့ဆုံခဲ့သည်။ ထို့အပြင် တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်အချို့၊ နိုင်ငံရေးပါတီအချို့မှ ခေါင်းဆောင်အချို့နှင့်လည်း တွေ့ဆုံခဲ့သည်။

ဝှ်ဘ်မက်ကိန်းမှာ အမေရိကန်ဗီယက်နမ်စစ်ပွဲတွင်ပါဝင်တိုက်ခိုက်ခဲ့သူတစ်ဦးဖြစ်ပြီး ဗီယက်နမ်တွင် စစ်သုံ့ပန်းအဖြစ် ၆ နှစ်ခန့် အဖမ်းခံရဖူးသူလည်းဖြစ်သည်။ ၁၉၈၁ ခုနှစ်မှစ၍ စစ်ဘက်မှ အငြိမ်းစားယူခဲ့ပြီး နိုင်ငံရေးနယ်ပယ်သို့ ဝင်ရောက်လာသည်။၁၉၈၂ခုနှစ်တွင်လွှတ်တော်ကိုယ်စားလှယ်အဖြစ်စတင်ရွေးချယ်ခံရပြီး ၂၀၀၈ အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ရီပက်ဘလေကန်ပါတီကိုကိုယ်စားပြု၍ သမ္မတလောင်းအဖြစ် ဝင်ရောက်အရွေးခံခဲ့သည်။

"အခုချိန်မှာ အပြောင်းအလဲဆိုတဲ့လေပွေက တိုက်ခတ်နေပါတယ်။ ဒါဟာ အာရပ်ကမ္ဘာတစ်ခုတည်းမှာပဲ နေမှာမဟုတ်ပါဘူး။ တဖြည်းဖြည်းပြုပြင်ပြောင်းလဲယူတာမျိုးမလုပ်ခဲ့တဲ့အစိုးရတွေဟာ နောင်ကျရင်တော်လှန်ပြောင်းလဲမှုတွေနဲ့ကြုံလာကြရပါလိမ့်မယ်။ ဒီအပြောင်းအလဲမျိုးကို ခဏဆိုင်းထားကောင်းဆိုင်းထားနိုင်မယ်။ အချိန်ဆွဲထားလို့ရကောင်းရမယ်။ ဒါပေမဲ့ ပယ်ရှားလို့တော့မရနိုင်ပါဘူး။

ဒီနိုင်ငံကြီးက ပြည်သူတွေဟာ ဒီမိုကရေစီနည်းကျပြုပြင်ပြောင်းလဲဖို့အတွက် စိတ်အားသန်နေကြပါတယ်။ ဒီအတွက်လည်းနှစ်ကာလတွေတစ်လျှောက်သူတို့တစ်တွေ ပေးဆပ်နေကြပါတယ်။ တကယ်လို့ အစိုးရသစ်က ဒီမိုကရေစီနည်းကျပြုပြင်ပြောင်းလဲမှုတွေနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေကို လုပ်ဆောင်ဖို့အတွက် ဆန္ဒတကယ်ရှိကြောင်း ခိုင်ခိုင်မာမာပြသမယ်ဆိုရင် အမေရိကန်ပြည်ထောင်စုရောကျွန်တော်ရောဟာလည်း မိတ်ဖက်ကောင်းတွေဖြစ်လာမှာပါ"ဟု ဝှ်ဘ်မက်ကိန်းကပြောသည်။

# ဆက်သွယ်ရေးနှင့်နည်းပညာအတွက်ယခင်နှစ်ထက် ဘဏ္ဍာငွေအဆပေါင်း၁,၅၀၀ကျော်တိုးမြှင့်သုံးစွဲမည်

**ပြီးခဲ့သည့်နှစ်က ကျပ်သန်း နှစ်ရာသုံးစွဲခဲ့ရာမှ ယခုနှစ်တွင် ကျပ်သန်းပေါင်း သုံးသိန်းအထိတိုးမြှင့်လိုက်ခြင်းဖြစ်**

**ယုဇနကိုကို၊ အိဖြူလွင်**

**ရန်ကုန်၊ဇွန် - ၁**

**မြန်မာအစိုးရက ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံ၏ဆက်သွယ်ရေးနှင့် နည်းပညာကဏ္ဍအတွက်ကျပ်ငွေသန်းပေါင်း သုံးသိန်းအထိ သုံးစွဲသွားမည်ဖြစ်ရာ ယင်းပမာဏမှာ သက်ဆိုင်ရာဝန်ကြီးဌာနအတွက် ပထမဦးဆုံးအကြိမ်အဖြစ် အများဆုံးသုံးစွဲမည့်ပမာဏဖြစ်လာကြောင်း သတင်းရရှိသည်။**

အစိုးရအနေဖြင့် ပြီးခဲ့သည့် ၂၀၁၀-၁၁ ဘဏ္ဍာရေးနှစ်က နိုင်ငံ၏ ဆက်သွယ်ရေးနှင့် နည်းပညာကဏ္ဍအတွက် ကျပ်ငွေသန်းနှစ်ရာသာသုံးစွဲခဲ့ကြောင်းဖေဖော်ဝါရီ ၁၁ ရက် ၂၀၁၁ ရက်စွဲဖြင့် ထုတ်ပြန်ထားသောမြန်မာဝန်ကြီးဌာနများ ဘတ်ဂျက်(ကျပ်သန်းပေါင်း) စာရင်းအရ သိရသည်။

ယခုနှစ်ဘဏ္ဍာရေးနှစ်တွင် သုံးစွဲမည့်ကျပ်ငွေသန်းပေါင်းသုံးသိန်းအား တန်ဖိုးနည်းဂျီအက်စ်အမ်ဖုန်း အလုံးရေသန်းသုံးဆယ်ထုတ်လုပ်ခြင်းအတွက်လည်းကောင်း၊ မြန်မာနိုင်ငံပိုင် ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံး လွှင့်တင်ရန်အတွက် လည်းကောင်း၊ ပြည်တွင်းအင်တာနက်ဆက်သွယ်မှုလိုင်းများ တိုးချဲ့ခြင်းနှင့် ပြင်ဆင်ခြင်း အစရှိသည့်လုပ်ငန်းများအတွက်လည်းကောင်း သုံးစွဲသွားမည်ဖြစ်ကြောင်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စုံစမ်းသိရှိရသည်။

သို့သော် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့ကြသည့်ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ အစိုးရသစ်လက်ထက်အတွင်း လုပ်ဆောင်မည့် လုပ်ငန်းစဉ်များတွင်မူ ပြည်တွင်းအင်တာနက် ဆက်သွယ်မှုများနှင့် ပတ်သက်သည့် အချက်အလက်များ မပါရှိသေးကြောင်း သိရသည်။အထက်ပါမြန်မာနိုင်ငံတော်ပြန်တမ်းတွင် ဖော်ပြထားသည့် မြန်မာနိုင်ငံဝန်ကြီးဌာနများ ဘတ်ဂျက်စာရင်းတွင် ဆက်သွယ်ရေးဝန်ကြီးဌာနက ယခုဘဏ္ဍာရေးနှစ်တွင်ဘတ်ဂျက်ကျပ်သန်းပေါင်း ၃၂၀,၉၃၀ သုံးစွဲသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

စာ(၃၀)သို့





7DAY NEWS JOURNAL
Vol.10, No.12 · JUNE 9, 2011

# သမက စီမံလျက်ရှိသော ပြည်သူပိုင်သိမ်း အဆောက်အအုံများကို ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်သို့ အပ်ရမည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန် - ၄**

သမဝါယမဦးစီးဌာနက စီမံခန့်ခွဲလျက်ရှိသော ပြည်သူပိုင်သိမ်း အခန်းနှင့် အဆောက်အအုံများအား လက်ရှိသုံးစွဲသူများက ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သို့ ယခုလ ၃၀ ရက်နောက်ဆုံးထားသော့ပိတ်အပ်နှံရတော့မည်ဖြစ်ကြောင်းသတင်းရရှိသည်။

သမဝါယမအခန်း၊အဆောက်အအုံများ ဆက်လက်လုပ်ဆောင်နိုင်ရန် ဆိုင်းဘုတ်အသစ်များတင်ဆောင်ရန် သက်ဆိုင်ရာဌာနများမှ အကြောင်းကြားပြီး တစ်လနီးပါးအကြာတွင် ယခုကဲ့သို့ သော့ပိတ်အပ်နှံရန် စာထပ်မံထွက်ပေါ်လာခြင်းဖြစ်ကြောင်း သမဝါယမအဆောက်အအုံများတွင် လက်ရှိလုပ်ကိုင်နေသော လုပ်ငန်းရှင်များကပြောသည်။

"အလုပ်မလုပ်တဲ့သမဝါယမအခန်းတွေ အလုပ်ဆက်လုပ်နိုင်အောင် ဆိုင်းဘုတ်အသစ်တွေ တင်ရမယ်လို့ ဦးစီးအရာရှိကိုယ်တိုင် လိုက်ပြောလို့ သုံးဆိုင်တင်လိုက်ရတယ်။ ပြီးခဲ့တဲ့ မေ ၆ ရက်က လိုက်ပြောပြီး ၁၁ ရက် အပြီးတင်ရမယ်ဆိုလို့ တင်လိုက်တယ်။ တင်ပြီး ဘာမှမကြာဘူး။ မေ ၃၁ ရက်နေ့စွဲတင်တဲ့။ အခုလကုန်သော့ပိတ်အပ်နှံရမယ်ဆိုတဲ့ စာထွက်လာတယ်"ဟု လက်ရှိ သမဝါယမအသင်းဝင်ဖြစ်ပြီး အဆိုပါအဆောက်အအုံများတွင် ဝင်ရောက်အလုပ်လုပ်ကိုင်နေသူတစ်ဦးကပြောသည်။

အဆိုပါဆိုင်းဘုတ်ကိုငါးပေ၊ သုံးပေ အရွယ်အစားရှိပြီး အဖြူအစိမ်း အရောင်နှစ်မျိုးနှင့် သမဝါယမတံဆိပ်များဖြင့် ပြုလုပ်ရန်ပါ ညွှန်ကြားခဲ့ကြောင်းသိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌သမဝါယမအခန်း၊အဆောက်အဦးပေါင်း ၈၈ခန်းရှိကြောင်းသိရသည်။

# သံတွဲမြို့တွင် မီတာသေတ္တာများ လိုသလောက် ရောင်းချပေးသွားမည်

**မြတ်စုမွန်**

**ရန်ကုန်၊ ဇွန် - ၂**

**ရခိုင်ပြည်နယ်၊ သံတွဲမြို့တွင် ၂၄ နာရီ လျှပ်စစ်မီးဖြန့်ဝေပေးလျက်ရှိရာ မီတာယူနစ်ခနှုန်းထားများကို စနစ်နှစ်မျိုးဖြင့် ကောက်ခံလျက်ရှိပြီး မီးအားမပြည့်သည့် ဓာတ်အားလိုင်းများကို ပြုပြင်ပြီးပါက မြို့နေလူထုအတွက် မီတာသေတ္တာများ လိုသလောက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း ဖိုးသီးချို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။**

"မီတာခတွေက ပထမ ၁၀ ယူနစ်အတွက် တစ်ယူနစ်ကို ကျပ် ၄၀၀ယူတယ်။ ၁၀ ယူနစ်ထက်ပိုသုံးရင်တော့ တစ်ယူနစ်ကို ၅၂၀ နှုန်းနဲ့ကောက်သွားမှာပါ။လူတွေက များများသုံးရင် ဈေးလျှော့ပေးရမယ်လို့ထင်ကြတယ်။ ကျွန်တော်တို့က တစ်လကို အစိုးရက ရောင်းဈေးနဲ့ ဆီဂါလန် ၅,၀၀၀ ရပါတယ်။ အဲဒီ့ဆီကို တစ်အိမ်ကို ၁၀ ယူနစ် စာခံစားခွင့်ပေးတယ်။ ၁၀ ယူနစ်ထက်ပိုရင်တော့ အပြင်က ဝယ်ရတဲ့ဆီနဲ့ဆက်ပေးရတဲ့အတွက်ကုန်ကျစရိတ်ပိုကုန်တာ" ဟု ဖိုးသီးချိုလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာဦးပြုံးချိုက7Day News သို့ပြောသည်။

"မီတာဘောက်စ်တွေကို လိုသလောက် ချပေးသွားမှာပါ။အခုတော့ မီးအားကျနေတဲ့လိုင်းတွေ၊ လဲကျနေတဲ့မီးတိုင်တွေ၊ ယိုင်နေတာတွေကိုလိုက်ပြင်နေတယ်။ ပြီးရင်ချပေးမယ်။ မီတာဘောက်စ်တွေကတော့ ဌာနက မီတာတွေပါ။ ဌာနရောင်းဈေးက ခုနစ်သောင်းဆိုပေမယ့် လမ်းမီးတိုင်၊ ကြွေသီးတွေ၊ တချို့လိုင်းတွေကိုကိုယ့်အစီအစဉ်နဲ့တပ်ရတာဖြစ်လို့ အခု ချပေးမယ့်မီတာတွေကို ဘယ်ဈေးသတ်မှတ်မယ်ဆိုတာ ဌာနနဲ့ညှိနှိုင်းနေပါတယ်"ဟု ၎င်းကဆက်လက်ရှင်းပြသည်။

"မီးအားက အပြည့်ဝင်တယ်။ ၂၄ နာရီမီးပေးတာ ကျေးဇူးတင်တယ်။ သုံးနိုင်တဲ့လူတွေအတွက်တော့ကောင်းတယ်။ ဒါပေမဲ့ လူတွေက မသုံးနိုင်ကြဘူး။ အီလက်ထရွန်နစ်အသုံးအဆောင်တွေကို မီတာတက်မှာစိုးလို့ မသုံးရဲကြဘူး။ သံတွဲမြို့က အရမ်း ဝင်ငွေကောင်းတဲ့မြို့မဟုတ်ဘူးလေ" ဟု ယင်းဒေသခံ ဦးမောင်ချစ်က ပြောသည်။

"မြို့မှာ လျှပ်စစ်မီးမသုံးနိုင်တဲ့၊ မီတာဘောက်စ်မရှိတဲ့ အခြေခံလူတန်းစားတွေအတွက် သူတို့အိမ်မှာ နာရေးကိစ္စတစ်ခုခုဖြစ်ရင် ကျွန်တော်တို့ဆီကို လာအကြောင်းကြားပြီး အကူအညီတောင်းနိုင်ပါတယ်။ ကုမ္ပဏီက မီးသွယ်တန်းပေးပြီး ခုနစ်ရက်လှူသွားမယ်"ဟု ဖိုးသီးချိုလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာဦးပြုံးချိုကပြောသည်။


ရခိုင်ပြည်နယ်၊ သံတွဲမြို့တွင် မီတာသေတ္တာ အလုံးရေ ၄,၀၀၀ ကျော်ရှိပြီး လစဉ်ရောင်းချရသည့် ယူနစ်ပေါင်း ခုနစ်သောင်းကျော်ရှိကြောင်းသိရသည်။

## စာ- ၂၉၊ ဆက်သွယ်ရေးနှင့် နည်းပညာအတွက် ယခင်နှစ်ထက် ဘဏ္ဍာငွေအဆပေါင်း ၁,၅၀၀ကျော် တိုးမြှင့်သုံးစွဲမည် မှ

အစိုးရသစ်က ယခင်သုံးစွဲမှု နှုန်းထားများထက် အဆပေါင်းများစွာ တိုးမြှင့်သုံးစွဲလိုက်ခြင်းနှင့် ပတ်သက်ပြီးပြည်တွင်းကွန်ပျူတာပညာရှင်နှင့် လုပ်ငန်းရှင်တစ်ဦးက "အစိုးရအနေနဲ့ နိုင်ငံရဲ့ ဆက်သွယ်ရေးကဏ္ဍအတွက်ဒီလောက်ပမာဏအထိ တိုးပြီးသုံးစွဲလိုက်တဲ့အတွက် တိုးတက်တဲ့အခြေအနေတစ်ခုဖြစ်လာဖို့က သေချာလောက်ပါတယ်"ဟုသုံးသပ်ပြောကြားသည်။

ယခင်အစိုးရလက်ထက်မှ ထုတ်ပြန်ထားသည့် အဆိုပါပြန်တမ်းတွင် ဝန်ကြီးဌာန၃၁ ခုပါဝင်ပြီး စုစုပေါင်းသုံးစွဲမည့်ဘတ်ဂျက်ငွေမှာကျပ်သန်းပေါင်း ၆,၂၄၁,၅၃၀ ဖြစ်ပြီး အများဆုံးသုံးစွဲမည့်ဝန်ကြီးဌာနမှာ ကာကွယ်ရေးဝန်ကြီးဌာနဖြစ်ပြီးကျပ်သန်းပေါင်း၁၃၂၃၀၆၆ ဖြစ်သည်ဟုအထက်ပါပြန်တမ်းတွင် ဖော်ပြထားသည်။

CORRIGENDUM
In the Trademark Cautionary Notice of HETTICH appearing in this Journal of May 26, 2011, please read the correct Registration Number as 4/3747/2011 in place of 4/3757/2011
9 June 2011




## ဆယ့်ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်းများ ငွေထပ်သွင်းပြီး ငါးသိန်းတန်မိုဘိုင်းဖုန်းရမည်ဆိုသည့် သတင်းမမှန်

**ယုဇနကိုကို**

**ရန်ကုန်၊ ဇွန် - ၆**

ကျပ်တစ်ဆယ့်ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်းကိုင်ဆောင်ထားသူများအား နောက်ထပ်ကျပ်တစ်သိန်းခွဲ ထပ်မံပေးသွင်းရုံဖြင့် ကျပ်ငါးသိန်းတန် မိုဘိုင်းဖုန်းတစ်လုံးရရှိမည်ဆိုသည့်သတင်းမှာ မှန်ကန်ခြင်းမရှိကြောင်း မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၏ မိုဘိုင်းဆက်သွယ်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ငြင်းဆိုလိုက်သည်။

ပြီးခဲ့သည့် လအနည်းငယ်ခန့်ကထွက်ပေါ်ခဲ့သည့် အဆိုပါသတင်းသည် သုံးစွဲသူများ၏ဆန္ဒများသာဖြစ်နေကြောင်း အထက်ပါတာဝန်ရှိသူကဆိုသည်။ ထို့အတွက် ပြင်ပတွင်ထွက်ပေါ်နေသည့် သတင်းများအတိုင်း ငွေကျပ်တစ်သိန်းခွဲအလိုက်ပေးကာ နောက်ထပ်မိုဘိုင်းဖုန်းတစ်လုံး ရယူနိုင်ခြင်းကို ဆက်သွယ်ရေးမှ လုပ်ဆောင်ပေးမည်မဟုတ်ဟုဆိုသည်။

သို့သော် နိုင်ငံ၏တယ်လီဖုန်းသုံးစွဲမှုနှုန်း တက်လာရန်အတွက် တစ်ဆင့်ချင်းအလိုက် ဈေးနှုန်းများကို လျှော့ချပေးသွားမည်ဖြစ်သည်ဟုသိရသည်။

မြန်မာနိုင်ငံတွင် ကျပ်တစ်ဆယ့်ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်းအလုံးရေခြောက်သိန်းခန့်ကိုအသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။ ထို့အပြင်အစိုးရသစ်၏ နိုင်ငံတော် အထူးစီမံကိန်းကြီးများတွင်ပါဝင်သည့် ဂျီအက်စ်အမ်မိုဘိုင်းဖုန်း အလုံးသန်းသုံးဆယ်အား ပထမနှစ်စီမံကိန်းဖြစ်သည့်ယခုဘဏ္ဍာရေးနှစ်တွင် အလုံးရေလေးသန်းချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

## အသင့်စားထုတ်ကုန်များ အမေရိကန်သို့ တင်ပို့နိုင်ရန် ကြိုးပမ်းနေဟုဆို

**သန်းဌေး**

**ရန်ကုန်၊ ဇွန် - ၄**

မြန်မာနိုင်ငံမှ အသင့်စားထုတ်ကုန်များအား အမေရိကန်နိုင်ငံသို့ မကြာမီ တင်ပို့နိုင်ရန်ကြိုးပမ်းနေကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်က ပြောသည်။

"အသင့်စားထုတ်ကုန်တွေကို အာရှ၊ ဥရောပ၊ အမေရိကန်နိုင်ငံတွေကို တင်ပို့နိုင်ဖို့ အဆက်မပြတ်ကြိုးစားနေပါတယ်"ဟု ဦးဌေးမြင့်ကပြောသည်။

ထို့အပြင် ယခင်ကတည်းက ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့ခွင့်မရရှိခဲ့သော ရေချိုမွေးမြူရေးငါးများအား တင်ပို့ခွင့်ရနိုင်ရေးကိုလည်း ကြိုးပမ်းနေကြောင်း ဆက်လက်ပြောသည်။

၂၀၁၀-၁၁ ခုနှစ် ဘဏ္ဍာရေးနှစ် ရေထွက်ပစ္စည်းပြည်ပတင်ပို့မှုစွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်းမှ တင်ပို့မှု အများဆုံး ဖြစ်သော အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၆၃၆သန်း ရှာဖွေနိုင်ရန် ပထမဆုံးရရှိခဲ့သည်။

၂၀၁၀-၁၁ ဘဏ္ဍာနှစ်တွင် ရေထွက်လုပ်ငန်းမှ ပြည်ပတင်ပို့မှုရငွေမှာ အမေရိကန်ဒေါ်လာ ၅၅၅ သန်းရရှိခဲ့ကြောင်း ဦးဌေးမြင့်က အတည်ပြုပြောကြားခဲ့သည်။



# ဆင်းရဲနွမ်းပါးမှု လျှော့ကျစေရေး၊ မဟာဗျူဟာလုပ်ငန်းအစီအစဉ်များ (Poverty Reduction Strategy Process-PRSP)

ပါမောက္ခဒေါက်တာအောင်ထွန်းသက်

ကျွန်တော်ဟာ ကုလသမဂ္ဂ၊ ဝန်ထမ်းတက္ကသိုလ်မှာ တာဝန်ယူစဉ် နိုင်ငံအမြောက်အမြားကို သွားရောက်ခွင့်ရပြီး ကုလသမဂ္ဂအဖွဲ့အစည်းတွေအတွက် ဗဟာဗျူဟာ စီမံကိန်းတွေကို ရေးဆွဲခဲ့ပါတယ်။ ရေးဆွဲနိုင်တဲ့စွမ်းရည်တွေရအောင်လည်းသင်တန်းတွေ လုပ်ပေးခဲ့ပါတယ်။ ဒီစီမံကိန်းကို (United Nations Development Assistant Framework UNDAF)လို့ ခေါ်ပါတယ်။ တစ်နည်းပြောရရင် ကုလသမဂ္ဂအဖွဲ့အစည်းတွေအနေနဲ့နိုင်ငံအတွက် ကူညီထောက်ပံ့မှု ပေးမှုစီမံချက်တွေ ဖြစ်ပါတယ်။ အခုလို UNDAF တွေကို ကုလသမဂ္ဂအဖွဲ့အစည်းများအနေနဲ့ ပြုစုနေချိန်မှာတစ်ဖက်ကလည်း ကမ္ဘာ့ဘဏ် World Bank နဲ့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း International Monetary Fund (IMF) က ပူးပေါင်းပြီး နိုင်ငံအနေနဲ့ သူတို့ထံမှ ငွေချေးနိုင်ဖို့အတွက် Poverty Reduction Strategy Process လို့ခေါ်တဲ့ PRSP ကို ပြုစုဖို့ ကူညီပေးကြပါတယ်။ ပြောချင်တာက UNDAF နဲ့ PRSP တို့ဟာ ဆက်စပ်နေတယ်ပတ်သက်နေတယ်။တစ်ခုနဲ့တစ်ခု အပြန်အလှန်ပူးစည်းနေတာတွေ့ရပါတယ်။

ကျွန်တော့်အနေနဲ့ဒီအချိန်မှာ မြန်မာပြည်ကို ပြန်ရောက်ပြီး ကုလသမဂ္ဂညှိနှိုင်းမှု တာဝန်ခံရုံးမှာ တာဝန်ယူလျက်ရှိပါတယ်။ အဓိက တာဝန်ကတော့ မြန်မာပြည်မှာတစ်ချိန်တစ်ခါမှမပြုလုပ်သေးတဲ့ UNDAF ကို ရေးဆွဲဖို့လည်း ဖြစ်ပါတယ်။ ဒီလုပ်ငန်းအစီအစဉ်ကို နိုင်ငံတော်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ပြီး ၂၀၁၀ ခုနှစ်က စတင်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်မကုန်မီအပြီးအစီး ရေးဆွဲပြုစုဖို့ ဖြစ်ပါတယ်။ အကောင်အထည်ဖော်တဲ့ကာလကတော့ ၂၀၁၂-၂၀၁၅ ဖြစ်ပါတယ်။ စာဖတ်သူတွေသိတဲ့အတိုင်း ၂၀၁၅ ဟာ ထောင်စုနှစ် ရည်မှန်းချက်များ အောင်မြင်အထမြောက်ရမယ့်နှစ် ဖြစ်ပါတယ်။ မြန်မာပြည်မှာ ပြုစု ဖော်ထုတ်တဲ့ စာတမ်းကို UNDAF လို့ မခေါ်ဝေါ်ဘဲ (UN Strategic Frame work) ကမ္ဘာ့ကုလသမဂ္ဂမဟာဗျူဟာစီမံကိန်းလို့ သတ်မှတ်ထားပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်တလောကနေပြည်တော်မှာကျင်းပခဲ့တဲ့ကျေးလက်ဒေသ ဖွံ့ဖြိုးမှုနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ကျရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲမှာ PRSP ကို ဆွေးနွေးခဲ့ကြပါတယ်။ တိုက်ဆိုင်မှုကလည်း ဆန်းကြယ်လိုက်တာလို့ အံ့ဩမိပါတယ်။

ဒီဆောင်းပါးကို ရေးရတဲ့ ရည်ရွယ်ချက်က PRSP နဲ့ ပတ်သက်လို့ ပြည့်ပြည့်စုံစုံနားလည်သဘောပေါက်နိုင်အောင် ရှင်းလင်းဖို့ဖြစ်ပါတယ်။



PRSP ကို ဘယ်တုန်းက ဘယ်လို စခဲ့သလဲ။ ဒီသမိုင်းနောက်ခံကို နားလည်ဖို့ အလွန်အရေးကြီးပါတယ်။ ၁၉၆၁ ခုနှစ်များကို ပြန်လည်သုံးသပ်ရင် အာဖရိကနိုင်ငံတွေဟာ ကိုလိုနီစနစ်လက်အောက်မှလွတ်မြောက်လာခဲ့ကြပါတယ်။ လွတ်လပ်ရေးရလို့ ပုံစံအမျိုးမျိုးနဲ့ ရုန်းကန်ခဲ့ကြပါတယ်။ လွတ်လပ်ရေးရပြီးချိန်မှာ တိုင်းပြည်ရဲ့ ဖွံ့ဖြိုးမှုကိုပုံစံအမျိုးမျိုးနဲ့ ဆောင်ရွက်ခဲ့ကြတယ်။ စီးပွားရေးပုံစံ၊ နိုင်ငံရေးပုံစံအမျိုးမျိုး ရွေးချယ်ခဲ့ကြတယ်။ ဒီလိုလုပ်ခဲ့ပေမယ့်မအောင်မြင်ခဲ့တာတွေ့ရပါတယ်။ ဒီလိုဖြစ်နေတာကို ကုစားတဲ့အနေနဲ့ ကမ္ဘာ့ဘဏ်နဲ့ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်းနှစ်ခုဟာ Structural-Adjustment လို့ခေါ်တဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှု အစီအစဉ်များကိုနိုင်ငံအစိုးရများနဲ့ပူးပေါင်းပြီး ဖော်ထုတ်ခဲ့ကြပါတယ်။ ဒီပြုပြင်ပြောင်းလဲမှုဟာ နိုင်ငံတွေရဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို အရှိန်ဟုန်မြှင့်တင်ဖို့ လုပ်ခဲ့ခြင်းဖြစ်ပါတယ်။ အမှန်တော့ ဒီလုပ်ငန်းအစီအစဉ်များကို စောစောကပြောခဲ့သလို အာဖရိက နိုင်ငံများမှာတင်မက လက်တင်အမေရိကနိုင်ငံများ၊ အာရှနိုင်ငံများမှာလည်း ဆောင်ရွက်ခဲ့ကြပါတယ်။

ဒီလုပ်ငန်းအစီအစဉ်တွေရဲ့ ထိရောက်အောင်မြင်မှုကိုသုံးသပ်တဲ့နေရာမှာ အခြေအနေမကောင်းတာတွေ့ရပါတယ်။ အနာနဲ့ဆေးမတည့်တဲ့လူနာတွေဟာဆေးကြောင့်ဒုက္ခရောက်သွားတဲ့ သဘောမျိုးဖြစ်ခဲ့ပါတယ်။ ဒီလို ဖြစ်တာကို ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေး ရန်ပုံငွေအဖွဲ့အစည်း IMF တို့ဟာ လုပ်ငန်းအစီအစဉ်အသစ်တစ်ရပ်ကို ဖော်ထုတ်ခဲ့ပါတယ်။

၁၉၉၉ ခုနှစ်ကစပြီး ကမ္ဘာ့ဘဏ်(World Bank)နဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Moretary Fund IMF)ဟာ အဆင်းရဲဆုံးနိုင်ငံများကို ငွေချေးတဲ့နေရာမှာ လမ်းညွှန်မှုပေးနိုင်မယ့် လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ပါတယ်။ကမ္ဘာ့ဘဏ်နဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့ဟာ သူတို့ဆီမှာ ငွေချေးချင်တဲ့ ဆင်းရဲတဲ့နိုင်ငံများအနေနဲ့ လိုက်နာကျင့်သုံးရမယ့် အစီအစဉ်များကို တိတိကျကျ ဖော်ထုတ်သတ်မှတ်ခဲ့ပါတယ်။ ငွေချေးရာမှာ အတိုးနှုန်းဟာ သက်သာလှတဲ့အတွက် နိုင်ငံများအနေနဲ့ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို တတ်နိုင်သမျှ ကြိုးစားပြီးဆောင်ရွက်ခဲ့တာကို တွေ့မြင်ခဲ့ရပါတယ်။ အခုလိုအစီအစဉ်အသစ်တွေချမှတ်ပြီး ၂၀၀၂ ခုနှစ်မှာ World Bank နဲ့ IMF ဟာ အစီအစဉ်အသစ်ကို စိစစ်သုံးသပ်ခဲ့ပါတယ်။ ဒီလိုသုံးသပ်ရာမှာ လူမှုရေးအဖွဲ့အစည်းများလည်း ပါဝင်ခဲ့ကြပါတယ်။ World Bank နဲ့ IMF အနေနဲ့ အစီအစဉ်များဟာ ပြုပြင်ပြောင်းလဲမှုများ လိုအပ်ပေမယ့် အတော်အသင့် အောင်မြင်မှုနည်းကြောင်း သုံးသပ်ခဲ့ပါတယ်။ NGOS များအနေနဲ့ကတော့ တက်ကြွစွာ ထောက်ခံမှု မပေးခဲ့တာတွေ့ရပါတယ်။

သုံးသပ်ရာမှာ အခြေခံတွေ့ရှိချက်ကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

၁။ ဆင်းရဲနွမ်းပါးမှု လျှော့ကျရေးအစီအစဉ်များ ချမှတ်ရာမှာ တတ်နိုင်သမျှ သက်ဆိုင်တဲ့သူတွေ ပါဝင်ဖို့ လိုအပ်ပါတယ်။

၂။ အစီအစဉ် ရေးဆွဲရာမှာ ဆင်းရဲမွဲတေတဲ့သူတွေရဲ့ အသံကို နားထောင်ဖို့ လိုအပ်ပါတယ်။

၃။ ဖော်ထုတ်တဲ့ မဟာဗျူဟာများဟာ နိုင်ငံတစ်နိုင်ငံရဲ့ ပကတိအခြေအနေအပေါ် အခြေခံဖို့ လိုအပ်ပါတယ်။

၄။ ပြင်ပ အကူအညီအထောက်အပံ့တွေဟာ ပြည်တွင်းမှာရှိတဲ့ သက်ဆိုင်သူတွေနဲ့ ညှိနှိုင်းပြီးမှ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အမှန်တော့ PRSP ကို သုံးသပ်စိစစ်ရာမှာ အမှန်တကယ်သုံးသင့်တဲ့ပေတံကတော့ဆင်းရဲနွမ်းပါးမှု အမှန်တကယ်လျှော့ကျရေးသာဖြစ်ပါတယ်။ ဆင်းရဲတဲ့သူတွေအမှန်တကယ် လျှော့ပါးသွားမှ PRSP ဟာ အောင်မြင်ကြောင်း သုံးသပ်နိုင်မှာဖြစ်ပါတယ်။

စောစောက တင်ပြခဲ့သလို ၁၉၉၉ မှာ World Bank နဲ့ IMF အနေနဲ့ ဆင်းရဲတဲ့ နိုင်ငံများ သူတို့ထံက ငွေချေးခွင့်ရဖို့PRSP များရေးသားပြုစုရမယ်လို့ သတ်မှတ်ခဲ့ကြပါတယ်။ ဒီစာတမ်းများ ပြုစုမှုဟာ ဆင်းရဲတဲ့နိုင်ငံတွေအတွက် အလွန်အရေးကြီးတဲ့ လုပ်ဆောင်မှုပဲ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ World Bank က သတ်မှတ်ခဲ့တဲ့ Comprehension Development Framework-CDF ပြီးပြည့်စုံတဲ့ ဖွံ့ဖြိုးမှုအစီအစဉ်ကို လက်တွေ့အကောင်အထည်ဖော်ခြင်းဖြစ်တယ်။ ဒါကြောင့် PRSP အကြောင်း စဉ်းစားရင် CDF ကိုမေ့လို့မရပါဘူး။ PRSP တွေဟာ HIPCS(Highly Indebted PoorCo- Countries)လို့ခေါ်ဝေါ်သတ်မှတ်တဲ့ကြွေးမြီများတဲ့ ဆင်းရဲတဲ့နိုင်ငံများဟာ IMFရဲ့ Poverty Reduction and Growth Facility ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ ဖွံ့ဖြိုးမှုအတွက် ချေးငွေတွေကို တောင်းခံလိုပါက PRSP ကို ပြုစုပြီး IMF နဲ့ World Bank တို့ရဲ့ သဘောတူညီချက်ကိုရရှိဖို့ လိုအပ်ပါတယ်။ ရည်မှန်းထားတာတော့ ကမ္ဘာပေါ်မှာရှိတဲ့ အဆင်းရဲဆုံး နိုင်ငံ ၂၀ က PRSP ကိုပြင်ဆင်သွားဖို့ ဖြစ်ပါတယ်။

အခုလို နိုင်ငံများအနေနဲ့ PRSP ကို ရေးဆွဲပြုစုရာမှာမူ စံဖြစ်ဖို့ခဲယဉ်းပါတယ်။ ကိုယ့်နိုင်ငံရဲ့ ပကတိအခြေအနေအပေါ် အခြေခံပြီး ရေးဆွဲသွားဖို့သာ ဖြစ်တယ်။ အခြေခံမူများအနေနဲ့တော့ ငါးချက်ရှိတာတွေ့ရပါတယ်။

၁။ PRSP ပြုစုရာမှာ သက်ဆိုင်တဲ့ နိုင်ငံက ဦးစီးဦးဆောင်ပြုရမှာဖြစ်တယ်။ ရေးဆွဲပြီးတဲ့ PRSP ဟာ မိမိပိုင်ဖြစ်တယ်ဆိုတာကိုလည်း လက်ခံရမှာဖြစ်ပါတယ်။ ဒီလိုပြုစုရာမှာ အများစုပါဝင်ပတ်သက်မှုဟာ အခြေခံတစ်ခုဖြစ်ပြီး ရေးဆွဲပြုစုတဲ့အဆင့်၊ အကောင်အထည်ဖော်တဲ့အဆင့်နဲ့သုံးသပ်စိစစ်တဲ့ အဆင့် သုံးရပ်စလုံးမှာ အများပါဝင်ရမှာဖြစ်ပါတယ်။

၂။ PRSP ဟာ ရလဒ်ကို အခြေခံရမှာဖြစ်ပြီး ဆင်းရဲသားတွေအတွက် အမှန်တကယ် အကျိုးရှိရမှာ ဖြစ်ပါတယ်။

၃။ ဆင်းရဲမှုကို ကိုင်တွယ်တဲ့နေရာမှာ ဘက်စုံထောင့်စုံမှ ကိုင်တွယ်သွားရမှာဖြစ်တယ်။

၄။ ပူးပေါင်းဆောင်ရွက်မှုကို ဦးစားပေးရမှာဖြစ်ပြီး ဖွံ့ဖြိုးမှုမဟာမိတ်တွေအားလုံးပါဝင်ရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရ၊ NGOs၊ ပြင်ပအကူအညီပေးတဲ့ donors ငွေစုစည်းပြီး ဖြေရှင်းသွားရမှာ ဖြစ်ပါတယ်။

၅။ ဆင်းရဲနွမ်းပါးမှုကို တိုက်ခိုက်ရာမှာ နေချင်းညချင်းအောင်မြင်မှုရမှာ မဟုတ်ဘဲ ကာလရှည်ကြိုးပမ်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

တလောက ပြုလုပ်သွားတဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးမှုနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲမှာ မြန်မာပြည်မှာ PRSP ရေးသားပြုစုဖို့အကြောင်း ဆွေးနွေးခဲ့ကြပါတယ်။ ဒါကို အကောင်အထည်ဖော်တဲ့နေရာမှာ အထက်ပါ အခြေခံမူငါးရပ်ကို ထည့်သွင်းစဉ်းစားသွားမယ်လို့ ယုံကြည်မိပါတယ်။ PRSP ကို မိမိကိုယ်ပိုင်ဖြစ်စေဖို့ ဝန်ကြီးဌာနများ ပြည်ထောင်စုလွှတ်တော် ပြည်နယ်နဲ့တိုင်းဒေသကြီး လွှတ်တော်များ၊ ပြည်နယ်နဲ့တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းများပါဝင်ရမှာ ဖြစ်ပါတယ်။

အခုခေတ်မှာ ရေပန်းစားတဲ့ စကားလုံးအစုကတော့ Stakeholders ဖြစ်ပါတယ်။ သူတို့ဟာ လူမှုရေးအဖွဲ့အစည်းများ၊ အမျိုးသမီးရေးရာ အဖွဲ့အစည်းများ၊ လူနည်းစုလူမျိုးစုဝင်များ၊ သုတေသနဌာနများ၊ ပညာရှင်များ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ ပါဝင်ရမှာဖြစ်ပါတယ်။ PRSP ဆောင်ရွက်ရာမှာ ပြင်အကူအညီ အထောက်အပံ့ပေးနေတဲ့ အဖွဲ့အစည်းများလည်း ပါဝင်ဖို့ လိုအပ်ပါတယ်။ အရေးကြီးဆုံးကတော့ ဆင်းရဲမွဲတေတဲ့သူတွေကို ပါဝင်စေပြီးညှိနှိုင်းဆွေးနွေးရမှာဖြစ်ပါတယ်။

PRSPကို ရေးဆွဲပြုစုရာမှာ အတွေ့အကြုံအရ အနည်းဆုံး ၂ နှစ်ခန့် ကြာမြင့်ပါတယ်။ အချိန်ကကြာမြင့်သလိုတစ်ဖက်ကလည်း ဒီစာတမ်းပြုစုနိုင်တဲ့ ပညာရှင်တွေ စုစည်းဖို့အရေးကြီးပါတယ်။ ဒီနေရာမှာ World Bank နဲ့ IMF တို့မှ လိုအပ်တဲ့ အကူအညီများ ပေးခဲ့တာကိုလည်း တွေ့ဖြစ်ရပါတယ်။

PRSP တို့ ဘယ်လို ဘယ်နည်းပြုစုရမလဲဆိုတာကို ဆွေးနွေးတင်ပြပြီး PRSP မှာဘာတွေ ပါဝင်သင့်တာကို တင်ပြချင်ပါတယ်။ ကောင်းမယ့် ပြည့်စုံတဲ့ PRSP မှာ အောက်ပါခေါင်းစဉ်လေးရပ်ပါဝင်ဖို့ လိုအပ်ပါတယ်။

၁။ ဖွံ့ဖြိုးမှုဟာ ဆင်းရဲသူများအတွက် အကျိုးသက်ရောက်မှုရှိအောင်ဖန်တီးနိုင်တဲ့စီးပွားရေးပေါ်လစီများ ပါဝင်ရမှာဖြစ်ပါတယ်။

၂။ ကောင်းမွန်သော စီမံအုပ်ချုပ်မှု (Good Governance)အစီအစဉ်များ ပါဝင်ရမှာဖြစ်ပြီး ဘဏ္ဍာရေးစီမံအုပ်ချုပ်မှုကိုပြုပြင်ပြောင်းလဲရမှာဖြစ်ပါတယ်။

၃။ စိုက်ပျိုးရေး၊ စက်မှုလက်မှု၊ လူမှုရေး၊ အခန်းကဏ္ဍအားလုံးအတွက် မူဝါဒပေါ်လစီများ၊ အစီအစဉ်များပါဝင်ရမှာဖြစ်ပါတယ်။

၄။ လုပ်ငန်း အစီအစဉ်များအတွက် ပြီးပြည့်စုံတဲ့ ကုန်ကျစရိတ်များနဲ့ လိုအပ်တဲ့ဘဏ္ဍာငွေရရှိရေးအစီအစဉ်များ ပါဝင်ရမှာဖြစ်ပါတယ်။

PRSP သတ်မှတ်ချက်များအနက် အထက်ပါအချက်လေးချက်ပါဝင်သလို ဘာတွေကို ဦးစားပေးဆောင်ရွက်မလဲဆိုတာကိုလည်း ဖော်ထုတ်ရမှာဖြစ်ပါတယ်။ ဆက်လက်ပြီးလည်း ဖော်ထုတ်ခဲ့တဲ့လုပ်ငန်း အစီအစဉ်များကို ဘယ်လိုအစီအစဉ်များချမှတ်ပြီး တစ်ခုပြီးတစ်ခုဆောင်ရွက်ဖို့လည်း ဖော်ထုတ်ရမှာဖြစ်ပါတယ်။

PRSP ဟာ အမှန်တကယ် ထိရောက်မှုရှိမရှိဆိုတာကို သုံးသပ်ဆန်းစစ်မှုများ ပြုလုပ်ခဲ့တာတွေ့ရပါတယ်။ အခုလို သုံးသပ်ရာမှာ ကမ္ဘာ့ဘဏ်နဲ့ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်းမှ ပူးပေါင်းဆောင်ရွက်ပြီး ဒီသုံးသပ်ချက်ကို အဖွဲ့အစည်းအတွင်း သုံးသပ်စိစစ်ချက်အဖြစ်သတ်မှတ်နိုင်မှာဖြစ်ပါတယ်။ ဒီသုံးသပ်ချက်ကို ၂၀၀၁ ခုနှစ်မှာ ဆောင်ရွက်ခဲ့ပါတယ်။ သုံးသပ်မှုရဲ့ တွေ့ရှိချက်များကို ခြုံငုံဖော်ထုတ်တဲ့အခါ အောက်ပါအချက်အလက်များ တွေ့ရှိရပါတယ်။

စာ(၃၂) သို့

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.12 • JUNE 9, 2011

# ဆေးလိပ်ငွေတွေ မရှူရှိုက်ကြရပါစေနဲ့တော့

လူထုစိန်ဝင်း

စာရေးသူ ကချင်ပြည်နယ်သို့ ခရီးထွက်ခဲ့သည်။ နန့်စီးအောင်ချောင်းကို ကျော်လိုက်သည်နှင့် ကချင်ရိုးရာအလှအပပန်းချီများဖြင့် စုစည်းခြယ်မှုန်းထားသော မနောတိုင်ကြီးတွေက ဆီး၍ကြိုနေကြသည်။ မိုးကောင်းဘူတာမှာ ရထားတွဲ ၁၀ တွဲခန့်အပေါ်ကို ကျောက်စိမ်းတုံးကြီးများ တင်နေကြ၏။ ကျောက်စိမ်းတုံးကြီး တစ်တုံးက အလွန်ကြီးလွန်း၍ ကရိန်းကားသုံးစီးနှင့်ညှပ်တင်နေသည်မှာ မြင်သူတိုင်းအသည်းတယားယား ဖြစ်နေကြသည်။

ကချင်ပြည်နယ်၏ ကျောက်တွင်း၊ ရွှေတွင်းများသည် မြန်မာနိုင်ငံအရပ်ရပ်မှ အခြေခံလူတန်းစားတို့အား အလုပ်ပေးဝေလျက်ရှိသည်။ မေလကုန်မိုးကျလာတာနှင့် အဆင်ပြေသူတွေက ငွေထုပ်ပိုက်ပြီးပြန်လာသည်။ ထိုအချိန်သည် ရထားအလွန်ကျပ်သော အချိန်ဖြစ်သည်။



ရထားတွဲပေါ်မှာလူတွေညပ်ကျပ်နေကြချိန်မှာ ကျောက်တွင်း၊ ရွှေတွင်းမှ ငွေထုပ်ပိုက်ပြန်လာတဲ့သူတွေက စီးကရက် တဖွားဖွားနဲ့။ တွဲတစ်တွဲလုံး မီးခိုးဖုံးမတတ်သောက်လိုက်ကြတာ။ ကျွန်တော်က ဆေးလိပ်မသောက်သူဆိုတော့ မွန်းကျပ်မူးလဲမတတ်ခံစားရသည်။

သူတို့ပိုက်ဆံနဲ့ သူတို့ ဝယ်သောက်တာဆိုတော့ တားမြစ်ဖို့ကလည်း မလွယ်ဘူး။ ပိုက်ဆံတွေမီးရှို့ပြီး၊ ရောဂါတွေစုဆောင်းနေတာ။ ပတ်ဝန်းကျင်လူသားတွေ ဒုက္ခပေးနေတာကို တွေးကာ သူတို့ကိုယ်သူတို့ စီးကရက်များများသောက်နိုင်သည်ဟု ဂုဏ်ယူနေသည်။

ကျွန်တော် ကိုယ်ချင်းစာနားလည်ပေးလိုက်ပါတယ်။ ရွှေတွင်း၊ ကျောက်တွင်း လုပ်သားများသည် တောတောင်ထဲမှာဆင်းရဲပင်ပန်းစွာ လုပ်ကိုင်ခဲ့ရတာကြောင့် ယခုလိုလူပုံအလယ်ခေါင်ရောက်တဲ့အခါစိတ်လွတ်ကိုယ်လွတ် စိတ်ချမ်းသာမှု ဖန်တီးနေကြသည်ဟု သုံးသပ်မိပါတယ်။ တစ်ယောက်က စီးကရက်တစ်ဘူးဝယ်လိုက်၊ နောက်တစ်ယောက် တစ်ဘူးဝယ်နဲ့ အဆက်မပြတ်တဲ့ သူတို့မီးခိုးငွေ့တွေက တွဲကြီးတစ်တွဲလုံး မီးလောင်နေသလားလို့ ထင်ရပါတယ်။

ကျွန်တော်နဲ့ မျက်စောင်းထိုးထိုင်နေတဲ့ ကျောင်းဆရာမ အပျိုကြီးတွေ အဖွဲ့ထဲက အသားဖြူဖြူ ရုပ်ချောချောအမျိုးသမီးက မခံနိုင်တော့သည့်အဆုံး ထအော်ရသည်အထိ ဖြစ်ကုန်ကြတယ်။ "အစ်ကိုတို့ရယ် နည်းနည်းလျှော့ပါဦး ပျားဖွပ်သလို ဖြစ်နေပြီ"တဲ့။ ထိုအခါဆေးလိပ်ကို မီးငြိမ်းသတ်လိုက်သလို နားမကြားချင်ယောင်ဆောင်ပြီး ဆက်သောက်နေသူတွေလည်းရှိကြသည်။

သည်လိုနှင့် လွန်ခဲ့သည့် ၂၅ နှစ်ခန့်လောက်က ဖတ်မိခဲ့သော သတင်းဆောင်းပါးတစ်ပုဒ်ကို သွား၍ သတိရမိသည်။ ဆောင်းပါးရှင်နာမည်ကိုတော့ မမှတ်မိတော့ပါ။ ဆောင်းပါးရှင်ရေးထားတာက အမေရိကန်ပြည်ထောင်စုနှင့် ဆေးလိပ်အကြောင်း ရေးထားသည်။ ၁၉၈၆ ခုနှစ်က အမေရိကန်ပြည်ထောင်စုတွင် မူးယစ်ဆေးကြောင့် သေသူ ၇,၀၀၀ ရှိသည်။ အရက်ကြောင့် သေသူ ၁၅,၀၀၀ ရှိပြီး ဆေးလိပ်ကြောင့် သေသူ ၃၅,၀၀၀ ရှိသည်ဟု ကျန်းမာရေးစစ်တမ်းအရ ဖော်ပြထားသည်။ ထို့ကြောင့် လွှတ်တော်အမတ်များက ဆေးလိပ်ကို မူးယစ်ဆေးနှင့်တစ်ညီတည်း ဥပဒေပြဋ္ဌာန်းသတ်မှတ်ရန် အဆိုတင်သွင်းလာကြသည်။

ယင်းကဲ့သို့ ဆေးလိပ်ကို မူးယစ်ဆေးဥပဒေနှင့် သတ်မှတ်ရန် အဆိုတင်သွင်းရာ၌ဆေးလိပ်ကုမ္ပဏီပိုင်ရှင်ကြီးများက ငွေကြေးအမြောက်အမြား အကုန်ကျခံပြီး ထို ဥပဒေကို အတတ်နိုင်ဆုံး ကာကွယ်ကြသည်။ နောက်ဆုံးအများပြည်သူသွားလာနိုင်သော နေရာများ၊ ရုံးများ၊ ကျောင်းများ၊ ပွဲခင်းများ စသဖြင့် တားမြစ်လိုက်သည်။ ဆေးလိပ်သောက်လိုလျှင်မိမိအိမ်ထဲသာသောက်ခွင့်ရှိသည်။ တားမြစ်နေရာများတွင် ဆေးလိပ်သောက်ခဲ့လျှင် အမေရိကန်ဒေါ်လာ ၅၀၀ ပေးဆောင်ရမည်ဟု အမေရိကန်ပြည်ထောင်စုတွင် ဥပဒေသတ်မှတ်နိုင်ခဲ့သည်။

တရုတ်ပြည်မှာလည်း ဆေးလိပ်သောက်သုံးမှုနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုကဲ့သို့ ၂၀၁၁ ဧပြီလအတွင်းက သတ်မှတ်နိုင်ခဲ့သည်။ ယခု ကျွန်တော်စီးနင်းနေသော ရထားတွဲပေါ်တွင် ဆေးလိပ်မသောက်ရ။ တွေ့ရှိက ဥပဒေပုဒ်မ ဘယ်လောက်နှင့် အရေးယူမည်ဆိုသော တားမြစ်ချက်နှင့်အညီ မြန်မာပြည်ဆေးလိပ်တားမြစ်ဥပဒေများပြဋ္ဌာန်းခဲ့ပြီဖြစ်သလို ဥပဒေအရ အရေးယူဆောင်ရွက်မှုမျိုး လက်တွေ့ကျကျ ကျင့်သုံးနိုင်ရန် မျှော်လင့်ပါသည်။

## JOKE

### ဘယ်နနာရီထိုးပြီလဲ

အမေရိကန်နိုင်ငံ နီဗားဒါးသဲကန္တာရထဲမှ မြို့ငယ်လေးတစ်မြို့တွင်အလုပ်လုပ်သောတယ်လီဖုန်းအော်ပရေတာတစ်ဦးသည် ပြင်ပမှ ဖုန်းခေါ်ဆိုမှုတစ်ခုဝင်လာပြီး အချိန်အတိအကျ မေးမြန်းခြင်းကို ခံရသည်။

တစ်နေ့တွင် ဖုန်းအော်ပရေတာက ပြင်ပမှ ခေါ်ဆိုသူအား အဘယ်ကြောင့် ပုံမှန် ယင်းသို့ဖုန်းခေါ်၍ အချိန်မေးမြန်းရသနည်းဟု မရဲတရဲနှင့် စူးစမ်းရာ တစ်ဖက်မှ ဖုန်းခေါ်ဆိုသူက. . .

"ငါက ဒီမြို့မှာရှိတဲ့ သစ်စက်ကြီးက ဖိုမင်ကြီးပဲကွ။ နေ့စဉ်နေ့လယ် ၁၂ နာရီတိတိမှာ ငါက လုပ်သားတွေကို ခရာမှုတ်ပြီး ထမင်းစားချိန် ဖြုတ်ပေးရတယ်။ ဒါကြောင့် ငါကမင်းကို အချိန်အတိအကျမေးတာ"ဟု ပြန်ပြောသည်။

"ဩော်. . . ခရာမှုတ်တာ ဖိုမင်ကြီးလား၊ ကျွန်တော်တို့လည်း ခရာသံကိုမှတ်မှတ်ပြီး ဒီက နာရီတွေကို အချိန်တိုက်လာတာကြာပါပြီ ခင်ဗျာ" ဟု ပြန်ပြောပါလေတော့သည်။

### စကားလက်ဆောင်

ကျွန်မ၏ မြေးမလေး မင်္ဂလာဆောင်တွင် အခမ်းအနားမှူးက အိမ်ထောင်ရှင်စုံတွဲအားလုံးကို စုစည်းစေပြီး အိမ်ထောင်သက်အရှည်ဆုံး စုံတွဲကိုမေးမြန်းရာ ကျွန်မတို့လင်မယားမှာ အိမ်ထောင်သက်အရှည်ဆုံး ဖြစ်နေသည်။ သို့ဖြင့် ဖော်ရွေသော အခမ်းအနားမှူးက ကြင်စဦးဇနီးမောင်နှံကိုစကားလက်ဆောင်ပေးပါဟု တောင်းဆိုပါသည်။

ထိုအခါ ကျွန်မက "အိမ်ထောင်တစ်ခုမှာ အရေးအကြီးဆုံးစကားလုံးသုံးလုံးက 'မင်းမှန်တယ်' လို့ပြောခြင်းပါပဲ" ဟုပြောလိုက်သည်။

ကျွန်မယောကျ်ား ဘာပြောမလဲဟု လူအများက စိတ်ဝင်စားနေကြချိန်တွင် ယောကျ်ားက ကျွန်မကိုစိုက်ကြည့်ပြီး "မင်းမှန်တယ်"ဟု ပြောလိုက်ပါသည်။

## စာ(၃၁) ဆင်းရဲနွမ်းပါးမှု လျှော့ကျစေရေး၊ မဟာဗျူဟာ လုပ်ငန်းအစီအစဉ်များ (Poverty Reduction Strategy Process-PRSP) မှ

၁။ PRSPလုပ်ငန်းစဉ်အကောင် အထည်ဖော်ရာမှာယခင်ကလိုဘဏ္ဍာရေးဝန်ကြီးဌာနတစ်ခုတည်းက ဦးစီးဆောင်ရွက်မှာမဟုတ်ဘဲ အခြားဝန်ကြီးဌာနတွေရဲ့ ပါဝင်မှု ကျယ်ပြန့်လာတာ တွေ့ရပါတယ်။

၂။ PRSP ဖော်ထုတ်တဲ့နေရာမှာ လူမှုရေးအဖွဲ့အစည်းများ NGOsများရဲ့ပါဝင်မှုဟာပိုမိုကျယ်ပြန့်လာကြောင်း တွေ့ရပါတယ်။

၃။ PRSP လုပ်ငန်းစဉ်မှာ မှန်ကန်တဲ့စာရင်းအချက်အလက်ရှိဖို့ အရေးကြီးကြောင်း ဖော်ထုတ်ခဲ့ပါတယ်။

၄။ သုံးသပ်ချက်မှ ရရှိခဲ့တဲ့ နိဂုံးချုပ်သုံးသပ်ချက်က အစိုးရရဲ့ အသုံးစရိတ်မျှတမှု အရေးကြီးကြောင်း ဖော်ထုတ်ခဲ့ပါတယ်။

အခုလို ကမ္ဘာ့ဘဏ်နဲ့ IMF တို့က စိစစ်သုံးသပ်သလို NGO များအနေနဲ့ စိစစ်သုံးသပ်ခဲ့ပါတယ်။ သူတို့ တွေ့ချက်များဟာလည်း အလွန်စိတ်ဝင်စားဖို့ကောင်းပါတယ်။ NGOs အနေနဲ့က ဆင်းရဲနွမ်းပါးမှုကို စီးပွားရေးပေတံတစ်ခုတည်းနဲ့တိုင်းတာခြင်းဟာ ကျဉ်းမြောင်းလှကြောင်း ဖော်ထုတ်ခဲ့ပါတယ်။ NGOs များရဲ့ သဘောထားများကိုလည်း အကန့်အသတ်နဲ့လက်ခံခဲ့တာကို တွေ့ရှိရပါတယ်။ သူတို့ရဲ့ အမြင်တွေကို မဖော်ထုတ်နိုင်ခဲ့တာကိုလည်း ထောက်ပြခဲ့ပါတယ်။

နေပြည်တော်မှာ ပြုလုပ်ခဲ့တဲ့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲမှာ ကျွန်တော့်အနေနဲ့ စာရင်းအချက်အလက်အကြောင်း ပါဝင်ဆွေးနွေးခဲ့ပါတယ်။ PRSP ပြုစုတဲ့အခါ အောက်ပါ သတင်းအချက်အလက်၊ စာရင်းအချက်အလက်များ ပြီးပြည့်စုံဖို့ အလွန်အရေးကြီးပါတယ်။

၁။ အိမ်ထောင်စုများရဲ့ သုံးစွဲမှုပုံစံကို ဖော်ထုတ်နိုင်တဲ့ စာရင်းအချက်အလက်။

၂။ အိမ်ထောင်စုများရဲ့ နိုင်ငံတော်က ဖြည့်ဆည်းပေးတဲ့ကျန်းမာရေး၊ပညာရေးနဲ့ လူမှုရေးဝန်ဆောင်မှုများ သုံးစွဲမှုဆိုင်ရာသတင်းအချက်အလက်များ။

၃။ ဆင်းရဲသားများရဲ့ ဝင်ငွေဘယ်ကရရှိတယ်ဆိုတဲ့ သတင်းအချက်အလက်တို့ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအသစ်အနေနဲ့ PRSP လုပ်ငန်းစဉ်ကို စီစဉ်အကောင်အထည်ဖော်မယ်ဆိုတာဟာ ကြိုဆိုရမယ့်အချက်ဖြစ်ပါတယ်။ ဒါပေမဲ့ အခုလို ဆောင်ရွက်တဲ့နေရာမှာနိုင်ငံတကာအတွေ့အကြုံများကို စုစည်းပြီး ကိုယ့်နိုင်ငံနဲ့အသင့်လျော်ဆုံးလုပ်ငန်းအစီအစဉ်တစ်ရပ်ကို ဖော်ထုတ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ အရေးကြီးဆုံးကတော့ ဒီလုပ်ငန်းစဉ်ဟာ အများပါဝင်မှုကို တတ်နိုင်သမျှ အားပေးရမှာသာ ဖြစ်ပါတယ်။ ။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းဌေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွန့်(ရေနံချောင်း)၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၇၊ ၂၄၃ ၅၄၂၊ ၃၇၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

Business
7 DAY NEWS JOURNAL
Vol.10, No.12 • JUNE 9, 2011

# ဘီလပ်မြေစက်ရုံတည်ဆောက်ခွင့်များချထားပေးသော်လည်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခက်အခဲရှိ

**နေလင်းထွန်း**

**ရန်ကုန်၊ ဇွန် - ၂**

ပြည်တွင်းမှ စီးပွားရေးလုပ်ငန်းရှင်များအား ဘီလပ်မြေစက်ရုံများ တည်ဆောက်လုပ်ကိုင်ခွင့်ပြုထားသော်လည်း လုပ်ငန်းရှင်အများစုသည် ငွေကြေးရင်းနှီးမြှုပ်နှံမှုအခက်အခဲနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ ဘီလပ်မြေထုတ်လုပ်မှုလုပ်ငန်းသည် ရေရှည်အကျိုးအမြတ်ရှိနိုင်သောစီးပွားရေးဖြစ်သော်လည်း စက်ရုံတည်ဆောက်လည်ပတ်နိုင်ရန် ငွေကြေးရင်းနှီးမြှုပ်နှံမှုမြင့်မားခြင်းကြောင့် ဘီလပ်မြေစက်ရုံတည်ဆောက်ရန် ရည်ရွယ်ထားသည့် လုပ်ငန်းရှင်များအနေဖြင့် အခက်အခဲဖြစ်နေကြောင်း ဘီလပ်မြေထုတ်လုပ်မှုဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးက ဆိုသည်။

လက်ရှိအချိန်တွင် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အရှိန်ကောင်းလာမှုကြောင့် ဘီလပ်မြေလိုအပ်ချက်သည်နှစ်စဉ်မြင့်တက်လျက်ရှိပြီး ပြည်ပမှဘီလပ်မြေများကို အဓိကတင်သွင်းအသုံးပြုနေရသောကြောင့် ဘီလပ်မြေစက်ရုံနှစ်ဆယ်ကျော်အားတည်ဆောက်ခွင့်လိုင်စင်ချထားပြီးဖြစ်ကြောင်း သိရသည်။

"နိုင်ငံတော်အနေနဲ့ ဘီလပ်မြေထုတ်လုပ်မှုလိုင်စင်တွေ ချပေးတယ်။ ပြည်ပကတင်သွင်းနေရတာတွေလျော့ကျအောင်၊ ဒါပေမဲ့ ခွင့်ပြုချက်ရထားတဲ့ ကုမ္ပဏီတိုင်းက စက်ရုံတည်ဆောက်နိုင်ဖို့ခက်ခဲတယ်။ အဓိကငွေကြေးအရင်းအနှီးများတဲ့အတွက် အကောင်အထည်ဖော်နိုင်ဖို့ မလွယ်ဘူး။ နိုင်ငံတော်က Bank Guarantee (အစိုးရအာမခံချက်)ထုတ်ပေးနိုင်ရင်တော့ နိုင်ငံခြားဘဏ်တွေက နေငွေကြေးရနိုင်တယ်"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

နေ့စဉ်ဘီလပ်မြေတန် ၅၀၀ ထုတ်လုပ်နိုင်သည့် အစိုးရနည်းစနစ် (Wet Process) အသုံးပြုစက်ရုံတစ်ရုံလည်ပတ်နိုင်ရန် အမေရိကန်ဒေါ်လာ ၂၅သန်းခန့်နှင့် တန် ၁၀၀၀ ထုတ်လုပ်နိုင်သည့် အခြောက်နည်းစနစ် (dry process) စက်ရုံတည်သည် အမေရိကန်ဒေါ်လာသန်း ၄၀ ခန့် ရင်းနှီးမြှုပ်နှံရန်လိုအပ်ကြောင်း ၎င်းကဆိုသည်။ စာ(၃၄)သို့

## ရွှေတစ်ကျပ်သား ကျပ်တစ်သောင်းခန့် ကျဆင်း

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန် - ၁**

ကမ္ဘာ့ရွှေဈေးနှင့် အမေရိကန်ငွေဈေး တစ်ပြိုင်တည်း ကျဆင်းနေခြင်းကြောင့် ပြည်တွင်းရွှေဈေးနှုန်းများမှာ တစ်ကျပ်သားလျှင် ကျပ် ၁၀,၀၀၀ နီးပါး ဈေးနှုန်းများ ကျဆင်းနေကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

ပြည်တွင်းရွှေဈေးနှုန်းမှာပြီးခဲ့သည့်တစ်ပတ်တွင်း၌ အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၆၈,၀၀၀ ကျပ်မှ ယခုရက်ပိုင်း ၆၅၈,၅၀၀ ကျပ်ထိ ဈေးနှုန်းများ ကျဆင်းလာကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များက ပြောသည်။

စာ(၃၄)သို့



ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ(အမေရိကန်) | ၇၉၂ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၇၇၁ | ကျပ် |
| ၁ ဒေါ်လာ(စင်ကာပူ) | ၆၆၅ | ကျပ် |
| ၁ ဘတ်(ထိုင်း) | ၂၆ | ကျပ် |
| ၁ ယွမ်(တရုတ်) | ၁၂၃ | ကျပ် |
| ၁ ယူနစ်(ပို့ကုန်ရငွေ) | ၈၁၅ | ကျပ် |

၂၀၁၁ ဇွန် ၄ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၀၈၆ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၆၈၃၁ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၀. ၃၂ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၄၇၈၅ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၄. ၈၂ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၂၉ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၇၇. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၀၈ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၂၆ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၅၂၅. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၅၂၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၁. ၀၂၃၉ | ဒေါ်လာ | (ကနေဒါ) |
| ၁ဒေါ်လာ | ၁. ၂၂၆၅ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ဒေါ်လာ | ၀. ၉၃၃ | ဒေါ်လာ | (သြစတြေးလျ) |
| ၁ဒေါ်လာ | ၂၇. ၇၆၇၉ | ရူဘယ် | (ရုရှား) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၅၄၂. ၄၀၀ |
| ရေနံစိမ်း | စည် | ၁၁၅. ၈၄၀ |
| ငွေ | ၁ အောင်စ | ၃၆. ၁၉၁ |
| ကြေးနီ | ပေါင် | ၄၁၃. ၄၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၇၀၇ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၁ ဇွန် ၄ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# တနသ်ာရီတိုင်းသို့ ရေလမ်းဖြင့် ဆန်တင်ပို့ခွင့်ရရန် ကုန်သည်များ ဆန္ဒရှိ

**ပြည်သိမ်း**

**ရန်ကုန်၊ ဇွန် -၁**

တနင်္သာရီတိုင်းသို့ ဆန်တင်ပို့ရာတွင်ဆန်ကုန်သည်များကရေလမ်းကို အသုံးပြုလိုကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ စုံစမ်းသိရသည်။

လက်ရှိအချိန်တွင် ဆန်ကို တနင်္သာရီတိုင်းသို့ ကုန်းလမ်းခရီးဖြင့်သာ အဓိကတင်ပို့နေရသည်။ ယင်းသို့တင်ပို့ရာတွင်ဆန်တစ်အိတ်အတွက်တန်ဆာခမှာ ၂,၇၀၀ကျပ်ပေးရသည်။ ရေလမ်းခရီးဖြင့် တင်ပို့မည်ဆိုပါက ဆန်တစ်အိတ်လျှင် ၁,၅၀၀ ကျပ်သာ ကုန်ကျမည်ဖြစ်သောကြောင့် ရေလမ်းကို အသုံးပြုလိုကြခြင်းဖြစ်ကြောင်း အထက်ပါအသင်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

"ကုန်သည်က ဈေးသက်သာတော့ ရေလမ်းနဲ့ သွားချင်တယ်။ ကုန်သည်တွေနဲ့ ဒေသခံဆန်အသင်းတွေသယ်ခွင့်မရသေးဘူး"ဟု တနင်္သာရီတိုင်းမှဆန်ကုန်သည်တစ်ဦးကရှင်းပြသည်။

တနင်္သာရီတိုင်းဒေသကြီးသို့ လစဉ် ဆန်စပါးတင်ပို့နေမှုသည် တန်ချိန် ၃,၀၀၀ သာရှိပြီး ပြည်ပသို့ တင်ပို့သည့် ပမာဏနှင့် နှိုင်းယှဉ်ပါက စာ(၃၄)သို့





7 DAY NEWS JOURNAL
Vol.10, No.12 • JUNE 9, 2011

## ဘုရင့်နောင်ဝင်းအတွင်း ကုန်တင်ယာဉ်များ ညအိပ်ခွန်ပေးဆောင်ရာတွင် အပိုကြေးပေးရန် မလိုဟုဆို

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန် –၁**

ဘုရင်နောင်ဝင်းအတွင်း၌ ကုန်တင်ယာဉ်များ ညအိပ်ခွန်ပေးဆောင်ရာတွင် အပိုကြေးပေးဆောင်ရန်မလိုကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်းက ကားဂိတ်များသို့ အကြောင်းကြားစာများ ပေးဝေထားသည်ဟု ကားဂိတ် လုပ်ငန်းရှင်များကပြောသည်။

ကုန်တင်ယာဉ်များ ညအိပ်ခွန်ပေးဆောင်ရာတွင် သတ်မှတ်ကြေးများထက် ပိုပေးရပြီး တိုင်ကြားမှုများရှိနေ၍ ယခုကဲ့သို့ တရားဝင်စာထုတ်ဝေခြင်းဖြစ်ကြောင်း အဆိုပါအသင်းမှ အသင်းဝင်တစ်ဦးက ပြောသည်။

ညအိပ်ညနေကုန်တင်ကုန်ချပြုလုပ်၍ ည ၁၁ နာရီကျော်ပါက စခန်းအကျိုးတော်ဆောင်အဖွဲ့သို့ စည်းကမ်းပျက် ဒဏ်ကြေးသာပေးဆောင်ရမည်ဖြစ်ပြီး ည ၁၂ နာရီကျော်မှသာ ကန်ထရိုက်သို့ညအိပ်ခွန်ထပ်မံပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

“စာထဲမှာက ညအိပ်ခွန်ကြေး ပိုပေးရင် တောင်းတဲ့သူမှာ အပြစ်မရှိဘူး။ ပိုပေးတဲ့ သူရဲ့ အပြစ်။ ပေးတဲ့သူရဲ့ တာဝန်ပဲ”ဟု ကားဂိတ် လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ဘုရင့်နောင်ဝင်းအတွင်း၌ ကုန်တင်ယာဉ်များ၏ ညအိပ်ခွန်ဒဏ်ကြေးမှာ ၅ တန်အထိ ယာဉ် ၃၀၀ ကျပ်၊ ၅ တန်မှ ၁၀ တန်အထိ ၅၀၀ ကျပ်၊ ၅တန် အထက်ယာဉ် ၆၀၀ ကျပ်နှင့် ကွန်တိန်နာယာဉ်၁,၀၀၀ကျပ်ကျသင့်မည်ဖြစ်ကြောင်း သိရသည်။



### စာ(၃၃) - ဘိလပ်မြေစက်ရုံတည်ဆောက်ခွင့်များချထားပေးသော်လည်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခက်အခဲရှိနေ မှ

မြန်မာနိုင်ငံတွင် ဘိလပ်မြေထုတ်လုပ်နေသော စက်ရုံပေါင်း ၁၃ ရုံလုပ်ငန်းလည်ပတ်လျက်ရှိပြီး ထုတ်လုပ်နိုင်မှုစွမ်းရည်သည် တစ်နှစ်လျှင် တန်ချိန် သုံးသန်းကျော်မည်ဖြစ်သော်လည်း လောင်စာရရှိမှုအခက်အခဲလျှပ်စစ်စွမ်းအင်ရရှိမှုအခက်အခဲနှင့်စက်အရန်ပစ္စည်းအခက်အခဲတို့ကြောင့် အမှန်တကယ်ထုတ်လုပ်နိုင်မှုသည် တန်ချိန်နှစ်သန်းဝန်းကျင်သာရှိကြောင်းသိရသည်။

ဆောက်လုပ်ရေးလုပ်ငန်းများအတွက် နှစ်စဉ်ဘိလပ်မြေလိုအပ်ချက်သည် တန်ချိန် ၆ သန်းကျော်ရှိနေသောကြောင့် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ဘိလပ်မြေများတင်သွင်းအသုံးပြုနေရလျက်ရှိသည်။

“ဘိလပ်မြေကို ပြည်တွင်းက ထုတ်လုပ်နိုင်ရင်တော့ ပိုကောင်းတာပေ့ါ။ နောက်ပိုင်းမှာ လိုအပ်ချက်ကသိပ်များလာတယ်။ လက်ရှိထုတ်လုပ်နေတာက ကိုယ့်စီမံကိန်းလိုအပ်ချက်ကို အဓိကဦးစားပေးထုတ်လုပ်နေတဲ့အဆင့်ပဲရှိသေးတယ်။ ထိုင်းနိုင်ငံထုတ်ဘိလပ်မြေတွေက ဈေးကွက်ကို ဦးဆောင်နေတယ်”ဟု ပြည်တွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။

### စာ(၃၃) - တနင်္သာရီတိုင်းသို့ ရေလမ်းဖြင့် ဆန်တင်ပို့ခွင့်ရရန် ကုန်သည်များ ဆန္ဒရှိ မှ

ပြောပလောက်သည့် ပမာဏ မဟုတ်ပေ။ ရန်ကုန်မှ ပြည်ပသို့ တင်ပို့မှုတွင် လစဉ်တန်ချိန် နှစ်သောင်းနီးပါးလိုင်စင်ချပေးနေသည်။ သို့သော် သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့များသည် ရေလမ်းခရီးမှ သယ်ယူမှုကို ချိန်ဆနေခြင်းမှာ တစ်ဖက်နိုင်ငံသို့ တရားမဝင်နည်းလမ်းဖြင့် တင်ပို့ရောင်းချမည်ကို စိုးရိမ်ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

“ရန်ကုန်နဲ့ ဈေးနှုန်းယှဉ်ကြည့်ရင် ကျွန်တော်တို့ဒေသမှာ ဆန် တစ်အိတ်ကို ၃,၀၀၀ ကျပ်၊ ၄,၀၀၀ ကျပ်လောက်ကွာတယ်” ဟု ထားဝယ်မြို့ခံတစ်ဦးက ဆိုသည်။

လက်ရှိ တနင်္သာရီတိုင်းဒေသကြီး၌ဆန်ဈေးသည်ဆန်ကြမ်းအမျိုးအစားတစ်အိတ်လျှင် ၁၈,၀၀၀ ကျပ်မှ ၂၂,၀၀၀ ကျပ်ကြားရှိသည်။ ယင်းဆန်အမျိုးအစားမှာ ရန်ကုန်ဈေးကွက်တွင် တစ်အိတ်လျှင် ၁၅,၀၀၀ ကျပ်မှ ၁၆,၀၀၀ ကျပ်ကြားသာရှိကြောင်း ဈေးကွက်မှ စုံစမ်းသိရသည်။

### စာ(၃၃) - ရွှေတစ်ကျပ်သား ကျပ်တစ်သောင်းခန့် ကျဆင်း မှ

ယခုရက်ပိုင်းတွင် ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် ၁,၅၄၀ ဒေါ်လာမှ ၁,၅၃၀ ဒေါ်လာထိ ကျဆင်းနေသကဲ့သို့ အမေရိကန်ငွေဈေးမှာလည်း ပြီးခဲ့သည့်အပတ်တွင် တစ်ယူနစ်လျှင် ၈၂၀ ကျပ်မှ ၇၉၀ ကျပ်ဝန်းကျင်ထိ ကျဆင်းနေခဲ့သည်။

“ရွှေဈေးက အတက်အကျက ခန့်မှန်းရတော့ခက်တယ်။ ဒါပေမဲ့ ပြည်တွင်းဈေးက မြင့်နေသေးတော့ ကမ္ဘာ့ရွှေဈေးပြန်မတက်ရင်ဈေးက ဆက်ကျနိုင်သေးတယ်” ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

လက်ရှိကာလတွင် ရွှေဈေးနှုန်းကျဆင်းနေခြင်းကြောင့် ရွှေဝယ်အားမှာ အထည်ဈေးကွက်နှင့် အပိုင်းဈေးကွက်ပါ ရောင်းအား အနည်းငယ်မြင့်တက်လာခဲ့ကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များက ပြောသည်။


ပြည်တွင်းရွှေဈေးမှာ ကမ္ဘာ့ရွှေပေါက်ဈေးနှင့် ယှဉ်လျှင် ကျပ် ၁၀,၀၀၀ နီးပါးမြင့်နေ၍ ရွှေဈေးနှုန်း ဆက်လက်ကျဆင်းနိုင်ကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

“ရွှေဈေးကွက်က နှစ်စဉ် ဒီအချိန်မှာ ကျောင်းဖွင့်ရာသီဆိုတော့ အရောင်းအဝယ်အေးတတ်တယ်။ ဒါပေမဲ့ အခုဈေးကျနေတော့ ဒီနှစ်ကအရောင်းအဝယ်မဆိုးဘူး” ဟု ရွှေဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။



# 7DAY BOOK REVIEW

## တကယ် လုပ်ကြမှာလား (ဒေါက်တာ ခင်မောင်ညို)



သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူငယ်များအတွက် အတွေးအခေါ်ပါသော ဘဝအောင်မြင်ရေးစာအုပ်များ ရေးသားနေသည့် ဒေါက်တာခင်မောင်ညို၏ရေးဟန်အတိုင်း ဝါကျတိုတိုကိုစကားပြောဟန်ဖြင့် ခပ်သွက်သွက်ရေးထားသည်။ အောင်မြင်ပျော်ရွှင်သော ဘဝတည်ဆောက်ရေးအတွက် ဆောင်းပါးများတွင် ဒိုးခနဲ ဒေါက်ခနဲ ထိထိမိမိဆိုထားသည်။

'မြတ်နိုးတာကိုတစ်စိုက်မတ်မတ်ကြိုးစား' ဆောင်းပါးတွင် ကမ္ဘာကျော်ကာတွန်းရုပ်စုံဖန်တီးရှင် ဝေါ့ဒစ္စနေ၏ မအောင်မြင်ခင်ဘဝအခြေအနေနှင့်အောင်မြင်မှု၏လမ်းစ'မစ်ကီးမောက်စ်'မွေးဖွားလာပုံ၊ အောင်မြင်မှုလမ်းကြောင်း လျှောက်လှမ်းခဲ့ပုံတို့ကိုဖတ်ရှုရမည်ဖြစ်ပြီး'ပစ်ပယ်ခံရခြင်း'ဆောင်းပါး၌မအောင်မြင်ခင်လူအများ၏ ရှုံ့ချအထင်သေးမှုများ၊ မဖြစ်နိုင်ဟုဆိုသောစကားများအား မဆုတ်မနစ်သောဇွဲဖြင့်ကြိုးစားခဲ့သည့် အနောက်တိုင်းစာရေးဆရာ အိုင်ဗင်စတုန်း၊ အရုပ်ဆိုးအကျည်းတန်သူ မလေးရှားသား ချန်ကီးတို့၏ ဘဝအဆင့်အဆင့်တက်လှမ်းခဲ့ပုံကို ဖတ်ရှုရမည်ဖြစ်သည်။

ထို့ပြင် လူမျိုးတစ်မျိုးနှင့်တစ်မျိုး ဘာသာတရား၊ ဓလေ့စရိုက်၊ အမူအကျင့်များမတူညီမှုများနှင့်ပေါင်းစပ်ထားခြင်းကို'လူတွေကိုနားလည်ကြဖို့'ဆောင်းပါး၌ဖတ်ရမည်ဖြစ်ပြီး မိမိနှင့်မဆိုင်ဟု လျစ်လျူရှုထားသောဖြစ်ရပ်တစ်ခု မိမိဝန်းကျင်မှ မိမိထံကူးစက်တတ်လာသည့်သဘောအား'ဆိုင်ပါသော်ကော'ဆောင်းပါး၌ဖတ်ရှုရမည်ဖြစ်သည်။ သင်ပြောင်းသင့်တာပေါ့၊ ဒုတိယမြင်း၊ အလုပ်ခွင်မှာ ဘာအရေးကြီးဆုံးလဲနှင့် တန်ဖိုးဆောင်းပါးတို့သည်တစ်ပုဒ်နှင့်တစ်ပုဒ်အဖြစ်အပျက်နေရာဌာန မတူညီသော်လည်း အကြောင်းအရာအားဖြင့် ဆက်စပ်မှုရှိခြင်းကြောင့်ဖတ်ပြီးလျှင် ပြန်လည်စဉ်းစားဖွယ်ရာ ကောင်းသော ဆောင်းပါးများဖြစ်ပါသည်။

ဒေါက်တာခင်မောင်ညို၏ယခုစာအုပ်သည်တက်ကျမ်းသက်သက်မဟုတ်သော အယူအဆ ပြန်လည်အငြင်းပွားနိုင်သည့် ပေါ့ပေါ့ပါးပါးနှင့် ဖတ်၍ကောင်းသောစာအုပ်ဟု ဆိုနိုင်ပါသည်။ ဂလိုဘယ်အလင်းစာပေမှ တန်ဖိုး ၁,၆၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## စိုက်ထူရမည့် မော်ကွန်း မှတ်တိုင်များနှင့် ရသစုံ ဝတ္ထုတိုများ (ပိုလ်ရွှေမင်းသိမ်း)



စစ်သားစာရေးသည်မှာ ဘာဆန်းပါသနည်း။ မြဝတီမင်းကြီးဦးစလည်း စာရေးခဲ့သည်။ နတ်သျှင်နောင်လည်းရတု ဖွဲ့ခဲ့သည်။ ဗိုလ်မှူးကြီးဟောင်း တင်မောင်(မြတ်ထန်)၊ ဗိုလ်မှူးချစ်ကောင်း၊ ဗိုလ်မှူးအေးငွေ၊ ဗိုလ်တာရာ(ရဲဘော်သုံးကျိပ်)၊ မိုးမိုးတာရောစန်၊ ယိမ်းနွဲ့ပါး(ဗိုလ်မှူးကြီးစောမြင့်)၊ ဗိုလ်မှူးဘသောင်း၊ မှူးသမိန်၊ ဗိုလ်မှူးမြလှိုင်တို့သည် စာဆိုစစ်သည်များဖြစ်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းလည်း စာတွေ ရေးခဲ့သည်။ တပ်မတော်သားဆိုသည်မှာလည်း လူထဲကလူပင်မဟုတ်လော။

ယခုလည်း တပ်မတော်(ရေ) အရာရှိတစ်ဦးဖြစ်သူ ဗိုလ်ရွှေမင်းသိမ်း၏ ဝတ္ထုတိုပေါင်းချုပ် စာအုပ်လေးတစ်အုပ်ထွက်လာသည်။ စုစုပေါင်း ဝတ္ထုတို၉ပုဒ်ပါဝင်ပြီး၁၉၉၂မှ၉၉ခုနှစ်များအတွင်းတပ်မတော်(ရေ) နှစ်ပတ်လည် မဂ္ဂဇင်းများတွင် ပါရှိခဲ့သော ဝတ္ထုတိုစုစည်းမှုလည်းဖြစ်သည်။

တပ်မတော်အရာရှိတစ်ဦးရေးသားသည့်ဝတ္ထုများဖြစ်၍ စစ်ဝတ္ထုများသာထင်ရသော်လည်း ဝတ္ထုတိုသုံးပုဒ်သာ စစ်ပွဲနောက်ခံဝတ္ထုများဖြစ်ကြသည်။ ကျန်ဝတ္ထုများတွင် ဟာသ၊ သရော်စာ၊ ကိုယ်တွေ့အတွေ့အကြုံနှင့် မေတ္တာဖွဲ့၊ ဘဝသရုပ်ဖော်ဖွဲ့ဝတ္ထုတိုများအဖြစ် ဖတ်ရှုရမည်ဖြစ်ပါသည်။

စာရေးသူက "တပ်မတော်မှ စာဆိုစစ်သည်များ၏ စာအုပ်များ ဆက်တိုက်ထွက်ရှိလာသည်ကိုတွေ့ရသည်တွင် အားကျစိတ်များ ဖြစ်ပေါ်လာပြီး လွန်ခဲ့သော ဆယ်စုနှစ် နှစ်စုနီးပါးက တပ်မတော်(ရေ)နှစ်လည်မဂ္ဂဇင်းနှင့်အတူ ပေါက်ဖွားလျက်ပါရှိလာသောဝတ္ထုတိုလေးများအားစုစည်း၍ မိမိဘဝအတွက်မှတ်တိုင်တစ်ခုအဖြစ် အမှတ်တရကျန်ရှိခဲ့စေရန် ရည်ရွယ်၍ထုတ်ဝေရခြင်းဖြစ်ပါသည်" ဟုရေးသားထားသည်။

ပန်းဝေဝေ စာပေမှ တန်ဖိုး ၁,၂၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိသည်။


## Knowledge

### ဆေးရုံပုံစံ စားသောက်ဆိုင်

ဆေးရုံမှကျွေးမွေးသည့် အစားအစာများကို အများနှင့်မတူ တစ်မူထူးစွာ စွဲလမ်းနှစ်သက်သူများအတွက် ဆေးရုံထဲတွင် နေထိုင်စားသောက်ရသည့် ပုံစံအတိုင်း တရုတ်(ထိုင်ပေ) D.S Music စားသောက်ဆိုင်၌ စားသောက်နိုင်မည်ဖြစ်သည်။

စားသောက်သူများသည် ဆေးရုံခုတင်များပေါ်တွင်ထိုင်ကာ မျက်နှာကြက်၌ ချိတ်ထားသည့် စည်များထဲမှ အဖျော်ယမကာများကို ဆေးသွင်းသည့်ပုလင်းမှဆေးရည်တစ်စက်စက်ကျသည့်အတိုင်း ဖန်ခွက်ထဲသို့တစ်စက်ချင်းကျသည့် ပုံစံဖြင့်သောက်သုံးရမည်ဖြစ်သည်။ တရုတ်နိုင်ငံ ရှန်ကျန်းမြို့၌ ဖွင့်လှစ်ထားသည့် အဆိုပါဘားတွင် ဝန်ထမ်းများသည် သူနာပြုဝတ်စုံများ ဝတ်ဆင်ထားကြကာ အဖျော်ယမကာများကို တစ်ခါသုံးအပ်များ၊ ဖန်ပြွန်များဖြင့်တည်ခင်းကြသည်ဟု သိရသည်။

*—Source: Reader's Digest*




### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

လမ်းသစ်ထွင်၍လုပ်သောလုပ်ငန်းများအကျိုးရှိမည်။ စီးပွားသစ်များဆောင်ရွက်အောင်မြင်မည်။ ငွေကြေးကံ၊ စီးပွားကံကောင်းမည်။ မူလလုပ်ငန်းနှင့်မတူ ခြားနားသည့်လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ရန်အကျိုးရှိမည်။ နေရာထိုင်ခင်းနှင့်ပတ်သက်သောကိစ္စများ စကားပြောဆိုအောင်မြင်မည်။ ကျန်းမာရေးတွင် ကြီးမားသောအညံ့မရှိ။

### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ပြဿနာများဖြေရှင်းရမည်။ စာရွက်စာတမ်းလက်မှတ်ထိုးခြင်း၊ ငွေကြေးကိစ္စကြားဝင်တာဝန်ယူခြင်း၊ အာမခံခြင်းမပြုသင့်။ ကြိုတင်၍ ငွေပေးချေခြင်းအား တတ်အားသမျှရှောင်ပါ။ မိမိထံမှလာရောက်ပြီး ငွေကြေးအကူအညီတောင်းသူများကိုငွေချေးခြင်း၊ အာမခံခြင်းလုံးဝမပြုသင့်။ သူတစ်ပါးကြောင့် အမှုအခင်းပြဿနာများဖြစ်လွယ်သည်။ ရွှေ၊ ရတနာ အစရှိသည်တို့အဝင်မတော်ပါ။

### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အပြောင်းအလဲကောင်းများရရှိမည်။ ရည်မှန်းထားသည်များ အောင်မြင်မည်။ ငွေကြေးကံအထူးကောင်းသည်။ ကောင်းသောအပြောင်းအလဲရှိမည်။ အခက်အခဲများအားလုံးကိုကျော်လွှားနိုင်မည်။ ခရီးကိစ္စများဆောင်ရွက်၍ အဆင်ပြေမည့်ကာလဖြစ်သည်။ ရင်းနှီးသူများနှင့် စကားများရတတ်သည်။ ကြီးမားသောပြဿနာအထိဖြစ်နိုင်သည်။ ငွေကြေးနှင့်ပတ်သက်သည့် စိတ်အနှောင့်အယှက်များကင်းဝေးမည်။

### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

စုပေါင်းပြီး ဆောင်ရွက်သည့်ကိစ္စများ အောင်မြင်မည်။ မိသားစုအတွက်ရည်စူးပြီး ဆောင်ရွက်မှုများမှ အကျိုးကောင်းရမည်။ အမျိုးသမီးမိတ်ဆွေအကြီးအကဲထံမှ အထောက်အကူရမည်။ သွားလေရာ၊ ရောက်လေရာ နေရာတိုင်း၌ မိမိအပေါ် ကောင်းသောအကူအညီပေးမည့်သူများရှိမည်။ ကျန်းမာရေးအနည်းငယ်ဂရုစိုက်ရမည်။ လိုလားချက်၊ ရည်ရွယ်ချက်များ အောင်မြင်မည်။

### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ကာလအတန်ကြာက ဖြစ်ခဲ့သည့်ကိစ္စဟောင်းများကို ပြန်လည်အစဖော်၍ ဖြေရှင်းရခြင်းမျိုးကြုံမည်။ ခက်ခဲသောပြဿနာများကို ထိပ်တိုက်ရင်ဆိုင်၍ဖြေရှင်းရမည်။ လမ်းသစ်ထွင်၍ လုပ်သောကိစ္စများမှ ထူးခြားသည့် အကျိုးဆက်ကောင်းများရရှိမည်။ ပြီးမှ လိုရာပြည့်စုံအဆင်ပြေမည်။ ပညာရေးအညံ့ရှိသည်။ ပေါ့ဆမှုကြောင့် တိုးတက်နှေးကွေးနိုင်သည်။

### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

သတိရှိရမည်။ မနာလိုအပြိုင်ရန်နှင့်ယှဉ်၍ လုပ်ငန်းများလုပ်ရမည်။ မတော်တဆထိခိုက်မှုဂရုစိုက်ပါ။ သူတစ်ပါးကြောင့် မိမိတွင် ပြဿနာဖြစ်တတ်သည်။ စနစ်တကျပိုင်ပိုင်နိုင်နိုင်တွက်ဆပြီးမှ အလုပ်အကြံအစည်များရှေ့တိုးလုပ်ပါ။ အခက်အခဲများဖြေရှင်း၍ ကောင်းသည်။ လုပ်ငန်းများဆောင်ရွက်က အကျိုးရှိမည်။ အတိုက်အခံများခြင်း၊ စိတ်ရှုပ်ရခြင်းများကြုံမည်။ ငွေလက်လွှတ်မှုနှင့်အပျောက်အရှများမည်။

### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ရန်များမည်။ စိတ်အနှောင့်အယှက်ဖြစ်စရာများ ဝန်းရံနေသည်။ ရှေ့တိုးခက်၊ နောက်ဆုတ်ခက် အလွန်အနေအထားသို့ရောက်နေမည်။ သူတစ်ပါး ကတိဖျက်၍ မိမိတွင် စိတ်အနှောင့်အယှက်ဖြစ်ရမည်။ ငွေကြေးကိစ္စတွင် အငြင်းပွားစရာများ၊ စကားများစရာများပေါ်တတ်သည်။ စုပေါင်း လုပ်ငန်းတွင်လည်းကောင်း၊ သူတစ်ပါးနှင့်တွဲလုပ်သောလုပ်ငန်းတွင်လည်းကောင်း ရန်နှင့်ယှဉ်ပြီးလုပ်ကိုင်ရမည်။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

စိတ်ပင်ပန်းတတ်သည်။ ရန်နှင့်ယှဉ်ပြီး လုပ်ငန်းလုပ်ရမည်။ အခက်အခဲကြားမှတိုးတက်မည်။ ပစ္စည်းပျောက်တတ်သည်။ ယာဉ်၊ ကားနှင့်ပတ်သက်သော အန္တရာယ်သတိရှိရမည်။ အလုပ်အကိုင်တွင် တိုးတက်သောအခြေအနေရှိသည်။ ကာလအတန်ကြာ ခက်ခဲနေသော ပြဿနာများဖြေရှင်းအဆင်ပြေမည်။ လုပ်ငန်းအောင်မြင်မည်။ ရန်များတတ်သည်။ အနှောင့်အယှက်များတတ်သည်။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ဘက်စုံကောင်းသည်။ အလိုရှိရာ၊ ဆန္ဒရှိရာကိစ္စများကို ဤရက်အတွင်း အကောင်အထည်ဖော်၍ အခါကောင်းကျရောက်သည်။ အချို့သောအနှောင့်အယှက်အခက်အခဲများကို စိတ်ရှည်ရှည်နှင့် ဖွဲ့ရှိစွာထား၍ လုပ်ကိုင်ဆောင်ရွက်ပါက အလုံးစုံအဆင်ပြေသွားမည်။ အရာရာ စနစ်တကျပုံမှန်ဆောင်ရွက်ပါ။ ရိုးရိုးသားသားနေထိုင်ပြောဆိုခြင်းဖြင့်အရာရာအောင်နိုင်သည်။ ကျန်းမာရေးတွင်ကြီးမားသောအညံ့မရှိ။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ဖရိုဖရဲနှင့် အစီအစဉ်မကျဘဲလုပ်နေရမည့်ကာလဖြစ်သည်။ မူလရည်မှန်းထားသည်နှင့် လက်တွေ့ကွာဟနေမည်။ စိတ်ကူးထားသည်ကတစ်မျိုး၊ ဆောင်ရွက်ရသည်ကတစ်မျိုး ဖြစ်တတ်သည်။ အခက်အခဲပြဿနာများဖြေရှင်းရတတ်သည်။ အကုန်အကျ၊ အပျောက်အရှများနေမည်။ ပြဿနာများကို မိမိမှ တာဝန်ယူရင်ဆိုင်ဖြေရှင်းနေရမည်။ အမြတ်အစွန်းရရန် ဦးစားပေးလုပ်သည်မှ အရှုံးပေါ်တတ်သည်။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

အပြောင်းအလဲများရှိမည်။ တွဲနေသူများ၊ ပူးပေါင်းလုပ်သူများ၏ မသေချာမှု၊ ကတိစကားတည်ကြည်မှုမရှိခြင်းတို့ကြောင့် အောင်မြင်မှုများ ရသင့်သလောက်မရဖြစ်တတ်သည်။ တွေဝေဒွိဟဖြစ်စရာများကြုံမည်။ ရင်းနှီးသူများနှင့် မကြာခဏစကားများရခြင်း၊ စိတ်ဝမ်းကွဲရခြင်းကြုံမည်။ ကတိစကားအမျိုးမျိုးပေးပြီး မတည်သူများနှင့်တွေ့မည်။ အကြောအဆစ်များထိခိုက်တတ်သည်။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

လိုရာပြည့်မည်။ မိသားစုတွင် ငွေကြေးကံ၊ ဥစ္စာကံတိုးပွားမှုများရှိမည်။ ရည်မှန်းထားသည်များ အပြည့်အဝအောင်မြင်မည်။ ၅၂၈၊ ၁၅၀၀ မေတ္တာနှစ်ခုစလုံးကောင်းသည်။ မိသားစုတွင် မြုပ်နေသောငွေများ ရှိပါက ဤကာလတွင်ပြန်ရမည်။ ကြွေးတောင်း၍ ကောင်းသည်။ ဝေဖန်သူများရှိမည်။ မိမိလုပ်ဆောင်သမျှ အောင်မြင်မည်။ အပြည့်အဝအဆင်ပြေမည်။ လိုရာပြည့်စုံမည်။

7 DAY NEWS JOURNAL
Vol.10, No.12 · JUNE 9, 2011



# အာရှတွင် အွန်လိုင်းဒီဂရီ ခေတ်စားလာပြီလော

ကြည်နေဝင်းမင်း

**အိန္ဒိယ** သမုဒ္ဒရာရှိ ကျွန်းစုနိုင်ငံ မော်လ်ဒိုက်၏ ဖူဗာမူလက်ကျွန်းပေါ်တွင်နေထိုင်သည့် အဗ္ဗဒူလာရာရှစ်အာမက်အတွက် ဒေါက်တာဘွဲ့ရရှိရေးတွင် ရွေးချယ်စရာများမှာ အနည်းနှင့် အများဆိုသလို ကန့်သတ်မှုရှိနေသည်။ အနီးဆုံးတက္ကသိုလ်မှာ သူ့အိမ်မှ လေယာဉ်ခရီး တစ်နာရီဝေးကွာသည်။ မည်သို့ပင်ဆိုစေ ယင်းတက္ကသိုလ်မှာလည်း ကျောင်းအုပ်ဆရာတစ်ဦးဖြစ်သည့်မစ္စတာအဗ္ဗဒူလာရယူလိုသည့်ပညာရေးဒေါက်တာဘွဲ့မပေးပေ။

မလေးရှားနိုင်ငံတွင် ရိုးရိုးဘွဲ့နှင့်မာစတာဘွဲ့ယူရန် ခွင့်ရက်ရှည်ယူခဲ့ပြီးဖြစ်သည့် မစ္စတာအဗ္ဗဒူလာသည် သူ့အလုပ်မှ ထပ်မံခွင့်ယူ၊ မိသားစုနှင့် တစ်ဖန် ဝေးဝေးနေရမည်ကို ချီတုံချတုံဖြစ်နေရာ မစ္စတာအဗ္ဗဒူလာက Asia e University မှနေ၍ ဒေါက်တာဘွဲ့ယူရန် စာရင်းသွင်းလိုက်သည်။ ယင်းတက္ကသိုလ်မှာ ကွာလာလမ်ပူတွင်အခြေစိုက်ပြီး အွန်လိုင်းအင်တာနက်မှတစ်ဆင့် သင်တန်းများပေးနေသည့်တက္ကသိုလ်ဖြစ်ပါသည်။

"အွန်လိုင်းကနေ စာသင်ရတာ အလုပ်လုပ်နေတဲ့သူတွေအတွက် အရမ်းကို သင့်တော်ပါတယ်"ဟုတယ်လီဖုန်းအင်တာဗျူးတွင် မစ္စတာအဗ္ဗဒူလာကပြောပါသည်။ "အချိန်မရွေး၊ နေရာမရွေး မင်းဘယ်မှာရှိနေနေ သင်လို့ရတယ်"

အချို့သော တက္ကသိုလ်များမှာ ဤကဲ့သို့သော အဝေးသင်ပညာရေးကို အထူးပြုသင်ကြားပေးနေသည်မှာကြာပြီဖြစ်သည်။ သို့သော်ယခုအခါအာရှဒေသမှာပင် ပေါ်ထွက်လာသည့် တက္ကသိုလ်များသည် တက္ကသိုလ်အလုံအလောက်မရှိသောဒေသများမှ အဆင့်မြင့်ပညာရေးလိုအပ်ချက်များကို ဝင်ရောက်နေရာယူရန် ကြိုးပမ်းလာကြသည်။ အင်တာနက်ချိတ်ဆက်နိုင်မှုလည်း ကျယ်ပြန့်လာရာ မစ္စတာအဗ္ဗဒူလာကဲ့သို့သော ကျောင်းသားများမှာ ၎င်းတို့ပညာရေးအတွက်ရွေးချယ်စရာများမှာ ပထဝီဝင်အကန့်အသတ်များဖြင့် ပိုင်းခြားမထားနိုင်တော့သည်ကိုသဘောပေါက်လာကြသည်။ စာတိုက်မှပို့သည့်အဝေးသင်ပညာရေးသည်ပင် ဟောင်းနွမ်းလာခဲ့ပြီဖြစ်သည်။

"ဒါဟာ အမှန်တကယ်ပဲ အဝေးသင်ပညာရေးကနေ'အဝေး'ဆိုတဲ့စကားလုံးကိုထုတ်နုတ်လိုက်တာပါပဲ"ဟု Asian Association of Open Universities အဖွဲ့၏ ဥက္ကဋ္ဌလည်းဖြစ် မလေးရှားနိုင်ငံ၏ Wawasan Open University ၏ ဒုတိယပါမောက္ခချုပ်လည်းဖြစ်သူ ဝေါင်တက်မန်ကပြောပါသည်။

ကမ္ဘာတစ်ဝန်းမှ တက္ကသိုလ်များသည် အွန်လိုင်းမှ သင်ယူခြင်းစနစ်တွင် အဆင့်အမျိုးမျိုးမှပါဝင်လာကြသည်။ သင်တန်း၏ သင်ခန်းစာများကို အွန်လိုင်းတွင် တင်ခြင်းမှသည် အွန်လိုင်းဆွေးနွေးရေးဖိုရမ်များ၌ ပါဝင်စေခြင်းကို သင်ခန်းစာများ၏အစိတ်အပိုင်းအဖြစ် စီမံပေးခြင်းများအထိရှိသည်။

သို့သော် တက္ကသိုလ်ပညာရေးအတွက် အတားအဆီးများ ဖယ်ရှားရာတွင် ၎င်းအွန်လိုင်းအစီအစဉ်များမှာ မှန်ကန်သောကထုံးမဟုတ်ကြောင်း ပညာရေးကျွမ်းကျင်သူများကပြောကြားသည်။ အာရှ၏ နေရာအများအပြား အထူးသဖြင့် ကျေးလက်ဒေသများတွင် အင်တာနက်ဝန်ဆောင်မှုညံ့ဖျင်းခြင်းမှာ ပြဿနာတစ်ရပ်အဖြစ် ရှိနေဆဲဖြစ်ရာ ကျောင်းသားများ ယင်းအစီအစဉ်များကို လက်လှမ်းမမီရှိနေဆဲဖြစ်သည်။ ထို့အပြင် အွန်လိုင်းတက္ကသိုလ်များမှာ စိန်ခေါ်မှုအများအပြားနှင့် ကြုံတွေ့နေရကြောင်း ကျွမ်းကျင်သူများကပြောပါသည်။ ၎င်းစိန်ခေါ်မှုများတွင် နာမည်ရပြီးသား ပုံမှန်တက္ကသိုလ်များနှင့် ယှဉ်ပြိုင်ရခြင်းအပြင် အရည်အချင်းပြည့်မီမှုအတွက် မေးခွန်းထုတ်စရာ ကျောင်းများဖြင့် ပြည့်နှက်နေသည့် ပတ်ဝန်းကျင်တွင် နာမည်တစ်လုံး ထူထောင်ရေးလည်းဖြစ်သည်။

Open University များ (သို့မဟုတ်) အဝေးသင်ပညာရေး အထူးပြု တက္ကသိုလ်များမှာ အာရှပညာရေးရပ်ဝန်းတွင် ပါဝင်ခဲ့သည်မှာ အချိန်ကြာလှပြီဖြစ်ကြောင်း၊ သို့သော် ယင်းသို့သောကျောင်းများမှာ လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း အရေအတွက် အလျင်အမြန်တိုးပွားလာကြောင်း၊ အထူးသဖြင့် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့တွင်ဖြစ်ကြောင်း မစ္စတာဝေါင်ကဆိုပါသည်။

အဝေးသင်ပညာရေးမှာ အင်တာနက်ကြောင့်ဆင်ခြေလှမ်းလှမ်းနိုင်ခဲ့သည်။ အထူးသဖြင့် လှိုင်းကျယ်ကွန်ရက် အခြေခံအဆောက်အဦကောင်းများရှိသည့် တောင်ကိုရီးယား၊ ဂျပန်၊ ဟောင်ကောင်၊ စင်ကာပူနိုင်ငံတို့တွင် တစ်ရှိန်ထိုး တိုးတက်လာခဲ့သည်။ တောင်ကိုရီးယားသည် အာရှ၌ e-Learning တွင် အတိုးတက်ဆုံးနိုင်ငံဖြစ်ပြီး တန်းစဉ်တစ်ခုလုံးအား အွန်လိုင်းမှပင် သင်ကြားပေးနိုင်သည့်တက္ကသိုလ်အများအပြားရှိသည်ဟု မစ္စတာဝေါင်ကဆိုပါသည်။

တောင်ကိုရီးယားနှင့်တရုတ်နိုင်ငံတို့တွင် အဆင့်မြင့်ပညာရေးအတွက်လိုအပ်ချက်မြင့်မားလာမှုရှိသလို အဓိကမြို့ကြီးများတွင် မြန်နှုန်းမြင့် လှိုင်းကျယ်ကွန်ရက်များလည်း ထူထောင်ထားပြီးဖြစ်ရာ အွန်လိုင်းပညာရေး ပံ့ပိုးပေးသည့်တက္ကသိုလ်တိုးပွားလာသည်။

"အလုပ်လုပ်နေတဲ့သူအများစုကလည်း ပုံမှန်တက္ကသိုလ်တွေမှာလို မျက်နှာချင်းဆိုင် ပို့ချတဲ့ လက်ချာတန်းတွေတက်ဖို့ အချိန်မရှိဘူးလေ။ နောက်ပြီး အစိုးရကလည်း ဗဟုသုတအသုံးချ စီးပွားရေးကိုမောင်းနှင်နေတဲ့ သုတလုပ်သားတွေကို အချိန်မီမွေးထုတ်ဖို့ ပုံမှန်ခြံနဲ့ဝင်းနဲ့ အဆောက်အအုံတွေနဲ့ တက္ကသိုလ်တွေကို အလျင်မီအောင်မဆောက်နိုင်ဘူးလေ" ဟု မစ္စတာဝေါင်ကပြောပါသည်။

ဤသို့သော ပညာရေးဟာကွက်များကို Asia e University က ဖြည့်ဆည်းရန်ကြိုးစားခြင်းဖြစ်သည်။ ယင်းတက္ကသိုလ်ကို အာရှနိုင်ငံပေါင်း ၃၁ နိုင်ငံပါဝင်သည့် အဖွဲ့က အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲတစ်ရပ်ကျင်းပ၍ ၂၀၀၈ ခုနှစ်တွင်စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ကျောင်းသားအများစုအဆင့်မြင့်ပညာရေးသင်ကြားနိုင်ရေးအတွက် အခွင့်အရေးရရှိစေရန် ရည်ရွယ်ချက်ထားဖွင့်လှစ်ခြင်းဖြစ်သည်။ တက္ကသိုလ်၏ ဗဟိုဌာနချုပ်အား ကွာလာလမ်ပူတွင် အခြေစိုက်ထားပြီး မလေးရှားအစိုးရက ဘဏ္ဍာရေးထောက်ပံ့ထားသည်။ ၎င်းတို့၏ သင်တန်းများလက်ခံရာနိုင်ငံများတွင်မူ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများကပူးတွဲ၍ ငွေကြေးထောက်ပံ့ထားသည်။

'By Asians for Asians'ဟူသောခံယူချက်ဖြင့် ဖွင့်လှစ်ထားသည့် တက္ကသိုလ်မှာ တက္ကသိုလ်ပညာရေးတက်ရောက်သင်ကြားခွင့်နည်းနေသေးသည့် နိုင်ငံများ၊ ဒေသများအနေဖြင့် တက္ကသိုလ်ပညာရေးကို လက်လှမ်းမီစေရန်အတွက် လောလောဆယ် အာရုံစိုက်ထားကြောင်း ၎င်းတက္ကသိုလ်၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စတာအန်ဆရီအာမက်ကပြောပါသည်။

Asia e University မှ ပို့ချသော သင်တန်းများအား အင်တာနက်ဆက်သွယ်မှုကောင်းသောဒေသများမှ ကျောင်းသားများ(အိန္ဒိယနှင့် အရှေ့မလေးရှားပြည်နယ် ဆာဘားနှင့် ဆာရာဝပ်ပြည်နယ်မှ ကျောင်းသား)က အွန်လိုင်းသက်သက်ဖြင့်သာ သင်ယူနိုင်သော်လည်း အများစုမှာ အွန်လိုင်းမှ သင်ယူခြင်းနှင့် ၎င်းတို့နိုင်ငံရှိ ကျောင်းခွဲများတွင် လက်တွေ့တက်ရောက်ခြင်း နှစ်မျိုးစပ်သင်ယူနေကြရသည်။ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဘာရိန်း၊ ကူဝိတ်၊ ဆော်ဒီအာရေးဗီးယားစသော နိုင်ငံပေါင်းစုံမှ ကျောင်းသားများ တက်ရောက်နေကြရာ အင်တာနက်ချိတ်ဆက်မှုကောင်းမွန်ခြင်းနှင့် ကျောင်းသားများ၏ အင်္ဂလိပ်စာ နိုင်နင်းမှုအပေါ်မူတည်၍ မြန်မြန်ဆန်ဆန်သင်တန်းပြီးဆုံးနိုင်ကြသည်။ ဘာသာစကားအခက်အခဲရှိရာနေရာများတွင် လက်တွေ့သင်ကြားမှုပိုများသည်။

သို့သော် အွန်လိုင်းတက္ကသိုလ်များ အဓိကကြုံတွေ့ရသည့်ပြဿနာမှာ အရည်အသွေးကိစ္စဖြစ်သည်။ အရည်အသွေးပြည့်မီရေးတင်းတင်းကျပ်ကျပ်ထိန်းချုပ်မှုမရှိသောနိုင်ငံများမှ ကျောင်းသားများကို အွန်လိုင်းပညာရေးအပေါ် ယုံကြည်လာစေရန်မှာ ပို၍ခက်ခဲနိုင်သည်။

အထူးသဖြင့် လွန်ခဲ့သောဆယ်နှစ်အတွင်း စက်နှင့်လိမ့်ထုတ်သလိုဒီပလိုမာအမြောက်အမြားထုတ်ပေးခြင်းရှိခဲ့၍လည်း အွန်လိုင်းတက္ကသိုလ်များပေါ်တွင် ယုံကြည်မှုလျော့ပါးလာကြောင်း ဟောင်ကောင် Open University အမှုဆောင်အရာရှိချုပ်ဟောင်းဖြစ်သူ မစ္စတာဒါနာဂျာရမ်က ပြောကြားပါသည်။

—*Ref: IHT*

## ဘာစီလိုနာတွင် ဘီကီနီ ဝတ်ဆင်ကာသွားလာခြင်းကို ပိတ်ပင်

**မက်ဒရစ်၊ မေ - ၃၁**

စပိန်နိုင်ငံ၏ ကာတာလန်ဒေသ မြို့တော်ဖြစ်သော ဘာစီလိုနာမြို့သည် မြို့၏ပုံရိပ်ကိုမြှင့်တင်နိုင်ရန်အတွက် မြို့တွင်း၌ ရေကူးဝတ်စုံများ ဝတ်ဆင်ကာသွားလာခြင်းကို ပိတ်ပင်သည့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းလိုက်ကြောင်းသိရသည်။ အဆိုပါတားမြစ်ချက်ဥပဒေနှင့်ပတ်သက်၍ ဘာစီလိုနာမြို့တော်ကောင်စစ်ဝန် အဆမ်တာအက်စ်ကပ်က "ဒီမြို့မှာနေတဲ့ လူတချို့ဟာ လမ်းတွေပေါ်မှာ ဘီကီနီလိုမျိုး မလုံ့တလုံအဝတ်တွေဝတ်ပြီး သွားလာနေတဲ့ကမ္ဘာလှည့်ခရီးသည်တွေကြောင့်၊ အကျႌချွတ်ပြီး သွားလာနေတဲ့ ယောကျ်ားတွေကြောင့် စိတ်ပျက်ခဲ့ကြရပါတယ်"ဟုပြောသည်။

ယခု ဥပဒေပြဋ္ဌာန်းလိုက်သည့်အတွက် ဘာစီလိုနာရဲတပ်ဖွဲ့သည် ကိုယ်ပေါ်တွင် အဝတ်အစားဝတ်ဆင်ရန်ငြင်းဆန်သည့်သူများကို ဥပဒေအရအပြစ်ပေးပိုင်ခွင့်ရရှိသွားပြီဖြစ်သည်။ ဥပဒေအရ ကမ်းခြေများ၊ ကမ်းခြေနှင့် နီးသောလမ်းများတွင်သာ ဘီကီနီရေကူးဝတ်စုံကဲ့သို့မလုံ့တလုံအဝတ်များ ဝတ်ဆင်ခွင့်ရမည်ဖြစ်သည်။ အခြားနေရာများတွင်ထိုသို့သွားလာပါက ဒဏ်ငွေယူရို ၂၀ မှ ၃၀ ကြားတပ်ရိုက်မည်ဖြစ်ကာ အဝတ်အစားလုံးဝမပါဘဲ သွားလာပါက ဒဏ်ငွေ ယူရို ၃၀၀ မှ ၅၀၀ အထိ တပ်ရိုက်နိုင်ကြောင်း သိရသည်။

ဘာစီလိုနာမြို့တော်သည် ပြီးခဲ့သည့်နှစ်မှစ၍ ကမ္ဘာလှည့်များအား မြို့တော်၏ နာမည်ကျော် အထိမ်းအမှတ်နေရာများသို့ သွားရောက်ရာတွင် သင့်တော်သော အဝတ်အစားများ ဝတ်ဆင်လည်ပတ်ကြရန် တိုက်တွန်းခဲ့သည်။ ပြီးခဲ့သည့်နှစ်က ဘာစီလိုနာမြို့တော်သို့ ဗြိတိန်တစ်နိုင်ငံတည်းမှ ကမ္ဘာလှည့်ခရီးသည် ငါးသိန်းခန့်လာရောက်လည်ပတ်ခဲ့ကြောင်းသိရသည်။

—Ref: Telegraph


Liv-up
အသည်းအားဆေး
အသည်းအတွက်
မစိုးရိမ်ပါနဲ့
LIVER CORRECTIVE
LIVER PROTECTIVE

# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.12 · JUNE 9, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 5800) (775)Processor | 55,200 |
| Intel P4 Core 2 Duo 2.93 GHz (E7500) (775)Processor | 91,200 |
| Intel P4 Core i3 3.1 GHz (1155,2100) Processor | 96,800 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 148,800 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 244,000 |
| **Motherboard** | |
| MSI P41M-P33/P23 (775) Motherboard | 48,800 |
| MSI H55M-E32 (1156) Motherboard | 76,000 |
| MSI P67A-GD55 (B3) (1155) Motherboard | 156,000 |
| ASUS P5G41T-MLX (775) Motherboard | 49,600 |
| ASUS P7H55-MLX (1156) Motherboard | 72,000 |
| ASUS P7H55M/USB3 (775) Motherboard | 96,000 |
| Gigabyte P41MT-S2P (775) Motherboard | 49,600 |
| Gigabyte H55M-S2V (1156) Motherboard | 80,000 |
| **Memory** | |
| 1 GB DDR (400) Kingston Memory | 37,600 |
| 1 GB DDR2 (800) Kingston Memory | 17,600 |
| 2 GB DDR2 (800) Kingston Memory | 23,200 |
| 4 GB DDR3 (1333) Kingston Memory | 34,400 |
| **Harddisk** | |
| 500 GB Seagate SATA | 39,200 |
| 1 TB Seagate SATA | 52,000 |
| 2 TB Seagate SATA | 77,600 |
| **PCI Express Card** | |
| MSI EN4670 1GB DDR3 PCI Express Card | 77,600 |
| MSI NX 8400GS 512MB PCI Express Card | 35,200 |
| MSI R5450 1GB DDR3 PCI Express Card | 44,000 |
| ASUS EAH 5750 Formula 1GB PCI Express Card | 114,400 |
| ASUS EN 210S1/ 1GB D3 PCI Express Card | 43,200 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 48,000 |
| Gigabyte Geforce 220 TC 1GI 1GB PCI Express Card | 68,800 |
| Gigabyte 8400STC 512I 512MB PCI Express Card | 32,000 |
| **Memory Stick** | |
| Memory Stick Toshiba 4 GB | 9,500 |
| Memory Stick Adata 4 GB | 8,800 |
| Memory Stick Kingston 4 GB | 9,000 |
| Memory Stick HP 4 GB | 9,000 |
| Memory Stick SanDisk 4 GB | 9,000 |
| Memory Stick Kingston 32 GB | 4,800 |
| Memory Stick Imation 16 GB | 22,000 |
| Memory Stick HP 8 GB | 14,000 |
| **UPS** | |
| SVC (600 VA) | 24,800 |
| SVC (1.2 KVA) | 52,000 |
| Power Pro (650 VA) | 34,500 |
| Power Pro (1.2 KVA) | 62,000 |
| Allways (650 VA) | 32,000 |
| Allways (1.2 KVA) | 64,000 |
| Star (650 VA) | 27,200 |
| LNYX (600 VA) | 31,000 |
| **DVD Writer** | |
| Sony DVD Writer (SATA) | 24,000 |
| ASUS DVD Writer (SATA) | 24,800 |
| HP DVD Writer (SATA) | 23,200 |
| **အိတ်ဆောင်တီဗီငှကအဘိဓာန်** | 160,000 |

Technoland ဆိုင်မှ ဇွန်လ (၄) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i3 2.53Ghz 2GB DDR3, 500GB HDD,15.6″ | 484,000 |
| Intel Atom 1.66 Ghz 2GB DDR3, 500GB HDD,10.1″ | 312,000 |
| **Asus** | |
| Intel Core i5 2.30 Ghz 2GB DDR3, 640GB HDD,15.6″ | 648,000 |
| **Apple** | |
| Intel Core i5 2.3 Ghz 4GB DDR3, 320GB HDD,13.3″ | 1,080,000 |
| **Hp** | |
| Intel Core i3 2.40 Ghz 4GB DDR3,500GB HDD,14.0″ | 496,000 |
| **Lenovo** | |
| Intel Pentium 2.13 Ghz 1GB DDR3,250GB HDD,10.1″ | 335,000 |
| **MSI** | |
| Intel Core i5 2.67 Ghz 2GB DDR3, 640GB HDD,14.0″ | 564,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဇွန် (၃)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၅,၀၅၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၅,၀၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၈၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၄ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၈၀ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၀၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၄,၅၀၀ |
| ကျောက် | တစ်ကျင်း | ၇၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၈၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၁၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၁၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၃၅၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၂၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၃၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) အထူ | ၁ ပေနှုန်း | ၄၀၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဇွန်(၃) ရက်တွင်ကောက်ယူထားသောဈေးနှုန်းများ ဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၁၅,၀၀၀-၁၆,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၆၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၂,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၀၀၀- ၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၅၀- ၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၅၀၀-၈၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၂၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၂၀၀-၁,၅၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဇွန် (၄) ရက်က ကောက်ယူထားသောလက်ကား ဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၈၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၃၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၂၀၀ |
| ဆား | တစ်ထုပ် | ၁၅၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀-၇၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၆၀၀-၁,၇၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၂,၈၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀- ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၅၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၈၀၀-၅,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၆၀၀-၂,၃၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၃,၇၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၂,၁၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၆၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၃၀၀-၂,၇၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၃,၅၀၀-၂၅,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၅၀၀-၃,၅၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၈၀၀-၄,၀၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၀၀၀-၅,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၀၀၀-၆,၀၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၉,၀၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၆၀၀-၅,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၄၀၀-၂,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၈,၀၀၀-၁၁,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၈,၀၀၀-၁၁,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၁၀,၀၀၀-၂၅,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၄,၀၀၀-၂၅,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၃,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |

ဇွန်(၃)ရက်ကကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှကောက်ယူထားသောလက်ကား ဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆ | လ/အ/သ | ၁၆၀ |
| စူဇူကီး ဝက်ဂွန် R+ | - | ၁၀/၂၀ | ၂၃၀ |
| တောင်းအေ့ ပစ်ကပ် | ၂၀၀၀ | - | ၁၆၀-၁၇၀ |
| စူဇူကီး R-(2Way) | - | ၂၀ | ၁၆၀ |
| တိုယိုတာ(လီမိတက်) | ၈၈ | လ/သ/အ | ၂၀၀ |
| တိုယိုတာ(ဖင်ကောက်) | ၉၂/၉၃ | ၄က | ၃၅၀ |
| မတ်ခ်တူး(ခါတ်ဆီ)ရွှေငါး | ၂၀၀၄ | ၄၀ | ၁၀၀၀ |
| နီဆန်းစူပါစလွန်း | ၈၆ | ၅၀ | ၁၅-၁၆၀ |
| ပါဂျဲရို | ၉၇ | ၄၀ | ၈၈၀-၉၀၀ ကြား |


မေ (၂၈) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | May (28) | May (29) | May (30) | May (31) | June (1) | June (2) | June (3) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ |
| Octane ဒီဇယ် | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ |
| Premier ဒီဇယ် | ၄,၄၀၀ | ၄,၄၀၀ | ၄,၄၀၀ | ၄,၄၀၀ | ၄,၄၀၀ | ၄,၄၀၀ | ၄,၄၀၀ |

7DAY NEWS JOURNAL
Vol.10, No.12 • JUNE 9, 2011

# Puzzle&Classified




## Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

### ခရုအိမ်

အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေး ဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။ **PH: 557448 Ext (856),**

**09-8034582, 09-73037776**

### တိုက်ခန်းရောင်းမည်

နဝဒေးလမ်း၊ ဒဂုံမြို့နယ်၊ ၁၈×၅၅ ပေ၊ ဒုလွှာ၊ ရေ မီး၊ ဖုန်း။ အသင့်နေ။

**ဖုန်း- ၀၉-၅၀၀၃၉၆၄**

### Aye Aye Su & Accountants

**Accountancy and Job Training & Financial Consultant**

**PH: 09-73037251**

### ရောင်းမည်

အမှတ်(၃၉)၊ အခန်း(၆၀၅)၊ ယူနိုက်တက်ကွန်ဒို၊ အလံပြဘုရားလမ်း၊ ယောမင်းကြီးရပ်၊ ဒဂုံ။ ပြင်ဆင်ပြီး၊ ရေမီးစုံ၊ ဖုန်းပါ၊ အသင့်နေထိုင်နိုင်။ ရောင်းဈေး- သိန်း ၈၅၀၊ ဖုန်း-၀၉ ၅၁၈၈ ၂၃၀

### သင်ကြားသည်

ဂျပန်စာ၊ စကားအိမ်တိုင်ရာရောက်သင်ကြားပေးသည်။ ချယ်ရီကျော် (UFL) **ဖုန်း- ၀၉-၄၉၃၅၃၃၄၆**

### မိတ်ဟောင်း၊ မိတ်သစ်များသို့

ပြည်မြန်မာကုန်တိုက်ဝင်းအတွင်းမှ "ရာပြည့်"စာစီ၊ မိတ္တူဆိုင်အား ဇွန် ၁ ရက်မှစ၍ အမှတ်(၄၀-B)၊ ProMed ဆေးဆိုင်ဘေးအင်းစိန်လမ်းမပေါ်တွင်ပြောင်းရွှေ့ဖွင့်လှစ်ပါမည်။

**ဖုန်း- ၀၉-၄၉၃၂၁၁၁၇**

### ရောင်းမည်(ပွဲစားမလို)

သဃ်န်းကျွန်း၊ ဘုရားလမ်း၊ ၁၅× ၄၀ ပေ၊ ၄ လွှာ၊ တိုက်သစ်၊ ၁၆၀ သိန်း၊ ပြင်ဆင်ပြီး။ သုဝဏ္ဏ VIP (1) ၅၀×၁၀၀ ပေ၊ မြေဘိုးဘွားပိုင်၊ ၂၅၀၀ သိန်း။

**ဖုန်း-၀၉-၇၃၀၉၅၂၈၅(စိုင်းခွန်နောင်)**

### ပြည်တော်သစ်

တိုက်ခန်း၊ လုံးချင်း၊ မြေကွက်၊ ကွန်ဒို၊ ဂိုဒေါင်များ ရောင်းဝယ်ငှားရမ်းမှုကို ဝန်ဆောင်မှုပေးပါသည်။

**ဖုန်း- ၀၉-၅၀၅၁၇၈၅**

### သဇင် Body Beauty

အမျိုးသမီးများအတွက် ရင်သားပြုပြင်ပေးခြင်း၊ အဆီချပေးခြင်း၊ အရပ်ရှည်စက်၊ မျက်ဝန်းအရေးအကြောင်းများ ပြင်ဆင်ခြင်း။ ၃၅-ဘီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ၄-လွှာ။

### ဦးရာလူရမည်

**အလူမီနီယမ် မှန်ရှိုးကေ့စ်ကြီး ပေ ၁၀× ၅ ပေခွဲ (စတိုးဆိုင်ဖြုတ်)၂ သိန်းခွဲ၊ မီးစက် GA 200, KENBO 6.5HP, 2.8KW ရောင်းဈေး- ၁ သိန်း။**

**ဖုန်း-၀၉-၅၁၆၅၆၀၁**

### သင်တန်း

**ILBC, PIEC, IISY, TOTAL, Maths, Phy,Chem (Special) Home Tution & Guide. PH: 09-73150541**

### ရောင်းလိုသည်

စာသင်ခန်းသုံးစားပွဲ၊ ကုလားထိုင်၊ Projector၊ White board နှင့် အခြားပစ္စည်းများ ရောင်းလိုပါသည်။

ဖုန်း-၂၅၅၂၅၅/ မချယ်ရီ

### Equalink Travel & Tours

ပြည်တွင်း၊ပြည်ပလေယာဉ်လက်မှတ်များ၊ D Form နှင့် Visa တင်ခြင်း၊ Hotel Booking တင်ခြင်း၊ မြို့တွင်း/ပြင် ကားငှားရမ်းပေးခြင်းများဆောင်ရွက်ပေးပါသည်။

ဖုန်း-၂၀၁၉၉၆၊ ၇၁၀၄၂၈

### ရောင်းရန်ရှိသည်

မရမ်းကုန်းရပ်၊ အောက်လမ္ဘကြီး၊ အမှတ်(၃၇၄)၊ ၃၅ပေ၊ အရှည် (၁၄၀)၊ နှစ်ထပ်၊ မော်လမြိုင်။ ညှိနှိုင်းဈေး။

ဖုန်း-၀၅၇ ၂၁၅၂၀

### ငှားရန်ရှိသည်

အလုံမြို့နယ်၊ အလုံလမ်း၊ ၄-လွှာ၊ ပေ (၁၂ခွဲ×၅၀)၊ တစ်လ-၇၀၀၀၀ ကျပ်။ (ညှိနှိုင်း)၊ ဖုန်း-၀၉ ၇၃၁ ၂၇၇၂၀

### ငှားရမ်းနိုင်သည်

ကျောင်းကြို/ပို့၊ အလှူမင်္ဂလာပွဲ၊ ဘွဲ့ယူ၊ မြို့တွင်း/ပြင် ခရီးတိုများအတွက် ဆလွန်းကား ငှားရမ်းနိုင်ပါသည်။

ဖုန်း-၀၉ ၇၃၁ ၂၇၇၂၀/ဦးသန်းထိုက်

### ဝဥမှုန့်ရောင်းမည်

ဝဥမှုန့် (Mannam Powder) ရောင်းမည်။ ဂျပန်စက်ကြီးများဖြင့်ထုတ်လုပ်ပြီး ကန့်လုံးဝမပါသော အဆင့်မြင့်ဝဥမှုန့်ရောင်းရန်ရှိပါသည်။

ဖုန်း-၀၉ ၅၁၁၇၀၇၂

### ရွှေစကားကွန်ပျူတာ

ကွန်ပျူတာ အိမ်လိုက်သင်ပါသည်။ Basic, I-Office, Excel, DTP, MYOB, Multimedia, Mp3, Mp4, Video Editing, Internet Course

ဖုန်း-၀၉ ၉၁၀၀၄၉၈၈ (မန္တလေးသာ)

### အိမ်လိုက်သင်သည်

အသက် ၇ မှ ၁၅ နှစ်ထိ ကလေးများကို Grammar အထူးသင်သည်။ International School မှကျောင်းသားများကို Home Tution သင်ကြားသည်။

ဖုန်း-၀၉ ၅၀၈၀၇၂၀

### ဝန်ဆောင်မှု

Car Rental Services များကို ချိုသာသောဈေးနှုန်းဖြင့် Door to Door System ဝန်ဆောင်မှုပေးပါသည်။

Special Trip Travels

ဖုန်း- ၂၁၀၆၅၆၊ ၀၉ ၇၃၁၁ ၂၀၇၉

### ကွန်ပျူတာသင်တန်းကျောင်း

ပစ္ဆိမာရုံကွန်ပျူတာသင်တန်းကျောင်းမှ Weekday & Weekend သင်တန်းများကို သင်ကြားပေးနေပါသည်။

ဖုန်း-၄၀၀၁၆၃

### အိမ်အရောက်သင်သည်

အင်္ဂလိပ်စာ/သင်္ချာသီးသန့်၊ အသက် ၄ နှစ်မှ ၁၂ ထိ၊ International School မှကလေးများကိုသင်္ချာသီးသန့်သင်ပေးနေပါသည်။

ဖုန်း-C/O 645792 မိုမိဂျိစာသင်ဝိုင်း။

### English for Children

4 Skills & Grammar ကို Method များဖြင့် အိမ်အရောက်သင်ကြားပေးပါသည်။ ဖုန်း-၀၉ ၇၃၀၃၁၄၈၆

### Chinese for Children

စက်ာပူမှ သင်ရိုးများဖြင့် အိမ်အရောက် သင်ကြားပေးပါသည်။ B.A (Chinese) YUFL ၊ ဖုန်း-၀၉ ၇၃၀၇၄၅၃၄

### ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ပေ(၁၆×၆၃)၊ ပြင်ဆင်ပြီး၊ အိပ်ခန်း ၂ ခန်း၊ ပါကေး။ သိန်း- ၂၂၀

ဖုန်း-၀၉ ၅၂၁၀၁၂၀

### သင်ကြားပေးသည်

အင်္ဂလိပ်စာ၊သင်္ချာတော်လာဖို့Subject Idea ရရှိပြီး တစ်လအတွင်းမှာပင် ထူးခြားစွာ တိုးတက်လာစေရမည်။ ၅ တန်းမှ ၁၀ တန်းထိ၊ ဆရာ UKML-ကြည့်မြင်တိုင်၊ ဖုန်း-၀၉ ၅၀၁၅၉၇၉

### သင်ကြားပေးသည်

English Grammar & Speaking ကိုအခြေခံမှစ၍ သင်ကြားပေးပါသည်။ တန်းစုံ Guide နှင့် ကျူရှင်ပြသည်။

ဖုန်း-၀၉ ၄၉၃၃၆၀၄၈

### သီချင်းဝါသနာပါသူများအတွက်

စတီရီယိုခေတ်ဦးမှ ၂၀၀၅ ခုနှစ်အထိ သီချင်းများ စီးရီးအလိုက်စုဆောင်းထားသည်။ ဖုန်း-၀၉ ၇၃၁၄၇၉၀၄

### ရောင်းမည်

Camera Nikkon D100(Japan), Canon EOS 20D (Japan), Laptop BenQ, LCD 21", Golf Sef(Japan)

ဖုန်း-၀၉ ၈၅၇၀၆၀၀/ ကိုလေးနိုင်

### ဝယ်ယူလိုသည်

အိမ်၊ ခြံ၊ မြေ Data များ ဝယ်ယူလိုပါသည်။ ဖုန်း-၀၉ ၇၃၁၅၃၈၉၁

### ရောင်းရန်ရှိသည်

သစ်မွှေးပျိုးပင်ရောင်းရန်ရှိပါသည်။ မြစ်ကြီးနားမျိုးကောင်းမျိုးသန့်။

ဖုန်း-၀၉ ၈၆၁ ၂၉၀၄

### အိမ်လိုက်သင်သည်

IGCSE 'O' Level Secondary 1 to 4 Maths/ Physics SAT I, II Maths တစ်ဦးချင်း၊ အုပ်စုလိုက် အိမ်လိုက်သင်ကြားပေးပါသည်။ တင်မောင်ဆွေ (M.E- Y.T.U) ဖုန်း-၀၉ ၇၃၀၅၉၀၄၂

### Computer Guide

Basic, DTP, Adobe, Internet & E-mail, Photo Editing, CD/DVD Burning သင်တန်းများကို သင်ကြားပေးနေပါသည်။

ဖုန်း-၀၉ ၅၄၁၅၇၆၁

### သင်ကြားပေးသည်

I-Office, Graphic Design, DTP, Internet လုပ်ငန်းခွင်သုံးသင်တန်းများကိုကလေးများအတွက် အိမ်အရောက် သင်ကြားပေးနေပါသည်။

ဖုန်း-၀၉ ၅၁၄၈၃၄၂

### IGCSE သင်တန်း

Maths & Accounting

ဖုန်း-၀၉ ၅၀၉၇၆၈၀

### သင်တန်း

Computer Basic ၁လပြတ်-၃၀၀၀၀ ကျပ်၊ Photoshop ၁လပြတ်-၂၀၀၀၀ ကျပ်၊ Photoshop အထူးအမြန် ၂-ပတ် ၃၀,၀၀၀ ကျပ်။

ဖုန်း-၀၉ ၅၁၅၀ ၂၈၈

### ငှားရမ်းလိုသည်

စမ်းချောင်းလမ်း၊ နေရာထိုင်ခင်းပြင်ဆင်ပြီး စားသောက်ဆိုင် ပြန်လည်ငှားရမ်းလိုသည်။ ထိုင်ခုံ၊ အိုးခွက်ပစ္စည်း အပြည့်အစုံပါရှိသည်။ ဖုန်း-၀၉ ၅၀၁၁၃၅၉

### Towards Multi Language Centre

လုပ်ငန်းခွင်အတွင်း အင်္ဂလိပ်စကားပြောခက်ခဲနေသူများ၊ နိုင်ငံခြားသွားရောက်မည့်ကျောင်းသားနှင့် လုပ်ငန်းခွင်အတွက်၊ **ဖုန်း-၀၉-၇၃၁ ၇၂၂၄၅**

### မြတ်ဆရာပူဇော်ပွဲ

ပြည်သူ့ကျန်းမာရေးမြတ်ဆရာပူဇော်ပွဲကိုကျင်းပမည်ဖြစ်ပါ၍ ၁၈-၆-၂၀၁၁ နေ့၊ နံနက် ၉ ခွဲတွင် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်။

ဖုန်း-၀၉ ၅၀၁၈၉၆၃

7 DAY NEWS JOURNAL
Vol.10, No.12 • JUNE 9, 2011

တစ်နေ့သ၌ ကျွန်ုပ်သည် မနက်ခင်းတစ်ခုမှာ အိမ်ရှင်မဖျော်ပေးပါသော ကော်ဖီခါးစိမ့်စိမ့်ကို ကြက်ဥဟပ်ဖရိုက်ချိုချိုနှင့်အရသာရှိစွာ သုံးဆောင်နေပြီး သကာလ ယနေ့ထုတ်သတင်းဂျာနယ်တစ်စောင်ပါ အကျဉ်းသားများ လွှတ်ပေးလာသည့် သတင်းကို စိတ်ဝင်စားစွာ ဖတ်ရှုဖြစ်ခဲ့ပါ၏။ ဓာတ်ပုံများထဲတွင်ကား အမျိုးသမီးအများစုကို အပြုံးစိုစိုများဖြင့် တွေ့ရပါပေ၏။ အင်တာဗျူးအတိုများလည်းပါရာ အချို့မှာ နှစ်လုံးကြောင့်၊ အချို့မှာ မှောင်ခိုရိပ်ခိုတာကြောင့်၊ အချို့မှာကား မူးယစ်ဆေးဝါးကြောင့်၊ အချို့မှာ လိမ်လည်မှုအစုစုတို့ကြောင့်ဤနေရာ ဤဌာနသို့ အလည်ရောက်ခဲ့ရကြောင်းများ သိရပါပေ၏။

ဤသည့်အခိုက် ကျွန်ုပ်၏ မိုဘိုင်းခရီးဆောင် ဖုန်းမှာ တုန်ခါလာပေရာ ဖုန်းကိုကောက်ကိုင်လိုက်သည်ရှိသော် မိတ်ဆွေတော်ဂျာနယ်တိုက်တစ်ခုမှဖြစ်ပြီး နေ့လည်ဖက်အပြင်ထွက်ဖြစ်မည်ဆိုပါက ၎င်းတို့ဂျာနယ်တိုက်ထံဝင်ခဲ့ကာ စာမူခ လေးပတ်စာကို ထုတ်ယူခြင်း အမှုပြုရန် ပန်ကြားလာခြင်းဖြစ်ပါ၏။ ယခုအခါ ကျွန်ုပ်မှာ ကျွန်ုပ်အားတောင်းဆိုလာသည့် မည်သည့်စာမူမျိုးကို မဆိုအချိန်ကို ချုံ့ကာ အီးမေးလ်ဖြင့်သာ ပို့ပေးဖြစ်နေပေရာ ဤသို့ အပြင်ထွက်၍ ကြုံကြိုက်သည့်အခါမှသာ စာမူခများကို ဝင်ရောက်ထုတ်ယူခြင်းအမှု ပြုဖြစ်နေပါ၏။

သို့ဖြင့် ကျွန်ုပ်လည်း ဖတ်စရာရှိတာဖတ် ရေးစရာရှိတာရေးပြီးသကာလ နေ့လယ်ထမင်းစားသောက်ပြီးသော် ရန်ကုန်မြို့တော်၏ ဒေါင်းတောင်းအလယ်ခေါင်တည့်တည့်သို့ ချီတက်လို့လာခဲ့ပါတော့၏။ မြို့ထဲရောက်လက်စနှင့် လမ်းကြုံရာအနီးဆုံးဂျာနယ်တိုက်များ၊ မဂ္ဂဇင်းတိုက်များသို့ ဝင်ရောက်ကာ မေတ္တာလက်ဆောင်စာအုပ်နှင့် ဂျာနယ်များ၊ စာမူခများထုတ်ယူဖြစ်ခဲ့ပေရာ တိုက်သုံးတိုက်ပဲဝင်ရသေးသည်၊ ကျွန်ုပ်၏ လွယ်အိတ်မှာ လေးလံနေပြီဖြစ်ပါ၏။ ဆူးလေတစ်ဝိုက် ဂျာနယ်တိုက်များသို့ ဝင်ရောက် အပြီးတွင်ကား ဖုန်းဆက်ထားရာ ဗိုလ်တထောင်ဘက်သို့သွားဖြစ်ပါပေ၏။

မြို့ထဲအတွင်း ဟိုနား၊ သည်နား၊ ဘာကားမှ မစီးချင်သည်နှင့် ယခင် ယခင့်ကာလများ နည်းတူ ဗိုလ်ချုပ်အောင်ဆန်း လမ်းမကြီးအတိုင်း ဟိုကြည့်၊ သည်ကြည့်ဖြင့် လျှောက်လာခဲ့ရာ များမကြာမီမှာတင် ကျွန်ုပ်မိတ်ဆွေများ၏ ဂျာနယ်တိုက်ရှိရာကို လှမ်းမြင်ရပါတော့၏။ အနီဂျာနယ်တိုက်ကား သားသားနားနား ရောမအခန်းကျယ်ကြီးများဖြစ်ကာ မြေပြင်အထက် လေးလွှာမှာ နှစ်ခန်းတွဲတည်ရှိနေပါပေ၏။

မြေညီထပ် အသီးသီးတွင်ကား မြို့တွင်းအခြားနေရာများနည်းတူ ခေတ်ပေါ်စည်ဘီယာဆိုင်များ၊ ခေတ်ပေါ်အလှပြင်ဆိုင်များ၊ ခေတ်မီအင်တာနက်ကဖေးဆိုင်များ၊ အဝတ်အစားဖက်ရှင်ဒီဇိုင်းဆိုင်များ တန်းစီထားသလိုရှိကာ ပလက်ဖောင်းထက်တွင်ကား ခေတ်မီအကင်ဆိုင်ကလေးများကို တစ်တန်းကြီး ရှည်လျားစွာ တွေ့ရပါပေ၏။

ရန်ကုန်မြို့တော်၏ ကန်ထရိုက်တိုက်ခန်း ရှိရှိသမျှ မြေညီထပ်များမှာ ဈေးဆိုင်မဖွင့်တာဆို၍ ရှာလို့မတွေ့နိုင်လောက်အောင်ပင် ဖြစ်ခဲ့ပြီဖြစ်ပါ၏။ များသောအားဖြင့် မြေညီထပ်များမှာ အထက်ဆိုခဲ့ပါ စည်ဘီယာနှင့် အဖျော်ယမကာ ဆိုင်မဟာများ၊ အင်တာနက်နှင့် လက်ဖက်ရည်ဆိုင်များဖွင့်တာများကြကာ ပထမထပ်များမှာလည်း အလှပြင်ဆိုင်မှအစ ဂိမ်းဆိုင်အလယ် အမျိုးအမယ်ဆိုင်အစုံဖွင့်လှစ်လာကြပြီး ဒုတိယထပ်များတွင်လည်း အချို့ကား မဂ္ဂဇင်းတိုက်၊ အချို့ကား အိမ်ခြံမြေကုမ္ပဏီ၊ အချို့ကား ဗီဒီယိုထုတ်လုပ်ရေး၊ အချို့မှာဝိတ်အပိုလျှော့ ကျန်းမာရေးစင်တာ စသည်ဖြင့် စသည်ဖြင့် နေရာနှင့်သင့်တော်ရာ အလုပ်ဌာနများကို ဖွင့်လှစ်လာကြပါပေ၏။

ကျွန်ုပ်လည်း မိတ်ဆွေများရှိရာ လေးလွှာဝရန်တာကို လှမ်းမော့ကြည့်ဖြစ်ရာ မိတ်ဆွေဒီဇိုင်းဆရာနှင့် အယ်ဒီတာချုပ်တို့မှာ ကျွန်ုပ်အားလက်လှမ်းပြကြပါ၏။ ကျွန်ုပ်လည်း လက်ပြန်ပြကာ အနီဂျာနယ်တိုက် မဟာပေါ်သို့တက်ဖို့ပြင်ပြီး လှေကားထစ်ကို ခြေချမည်ပြုစဉ် မြင်ရသည့်မြင်ကွင်းကား ဦးနှောက်စားစရာပါပေ။ ကျွန်ုပ်မျက်စိနှင့် တစ်တန်းလည်းလောက်ကျမည့်ဆဌမမြောက်လှေကားထစ် ဒေါင်လိုက်မျက်နှာပြင်တွင်ကား ကွန်ပျူတာစာသားတစ်ခုကို ပရင့်ထုတ်ကာ ကပ်ထားပါပေ၏။ အနီစာသားကား အခြားမဟုတ်။

“ဤအပေါ်ထပ်တိုက်ခန်းများတွင် အနှိပ်ခန်းမရှိပါ” ဟူ၍သာ ဖြစ်ပါပေ၏။ ကျွန်ုပ်လည်း လှေကားထစ်များပေါ် နင်း၍ တက်လာခဲ့ရာ ဘေးနံရံနေရာမှာပါ အဖိုးစက္ကူစာရွက်ဆိုဒ်ဖြင့် ဤစာသားကို ထပ်ပွားကာ ကပ်ထားပေရာ နှစ်ခါရှာ၊ နှစ်ခါရှိ နှစ်ထပ်ရှိတော့ မှတ်မိဆိုသလို ကျွန်ုပ်၏ ဦးခေါင်းထဲမှာ စွဲသွားပါတော့၏။

ကျွန်ုပ်တို့ မြင်တွေ့ရသမျှ အခြား အခြား အခြားသော နေရာဌာနများကား သူတို့၏ ဆိုင်၊ သူတို့၏ရုံးခန်း၊ သူတို့၏ စာပေတိုက်၊ သူတို့၏ကုမ္ပဏီစသည်ဖြင့် စသည်ဖြင့် သူတို့တည်ရှိသည်ကို အများသူငါ သိရှိကြပါစေရန် ဆိုင်းဘုတ်များ ချိတ်ဆွဲ၊ ဗီနိုင်းများ တွဲရရွဲဖြင့် ယခင့်ယခင်ကာလများကထက် ကြော်ငြာချက်ပြင်းထန်နေကြပေရာ ဤ **“အနှိပ်ခန်းမရှိပါ”** ဆိုသည့် မရှိသည်ကို ကြော်ငြာခြင်းမှာကား စိတ်ဝင်စားစရာ ဖြစ်ခဲ့ပါတော့၏ မိတ်ဆွေ။ ။



ယနေ့ထုတ်သတင်းဂျာနယ်တစ်စောင်ပါ အကျဉ်းသားများ လွှတ်ပေးလာသည့် သတင်းကို စိတ်ဝင်စားစွာဖတ်ရှုဖြစ်ခဲ့ပါ၏။ ဓာတ်ပုံများထဲတွင်ကား အမျိုးသမီးအများစုကို အပြုံးစိုစိုများဖြင့် တွေ့ရပါပေ၏။ အင်တာဗျူးအတိုများလည်းပါရာ အချို့မှာနှစ်လုံးကြောင့်၊ အချို့မှာ မှောင်ခိုရိပ်ခိုတာကြောင့်၊ အချို့မှာကား မူးယစ်ဆေးဝါးကြောင့်၊ အချို့မှာ လိမ်လည်မှုအစုစုတို့ကြောင့် ဤနေရာ ဤဌာနသို့ အလည်ရောက်ခဲ့ရကြောင်းများ သိရပါပေ၏။

---

## စာ(၄၁) အသစ်ဖွဲ့စည်းလိုက်တဲ့ စားသောက်ဆိုင်အသင်းက မြန်မာ့အစားအစာကို ကမ္ဘာမှာဘယ်လိုထိုးဖောက်မလဲ မှ

အခြား အသုံးအဆောင်ပစ္စည်းတွေကို မှန်ကန်တဲ့အရည်အသွေးဖြစ်ဖို့ အချိုမှုန့်အစား တခြား အစားထိုးတဲ့အရာတွေ ဖြည့်စွက်ဖို့ဟင်းသီးဟင်းရွက်တွေကို စနစ်တကျဆေးကြောတဲ့စနစ်တွေ၊ အဲဒီဟင်းသီးဟင်းရွက်မှာကပ်နေတဲ့ဓာတုဗေဒဆေးတွေကလည်း စားသုံးသူတွေကို အန္တရာယ်ဖြစ်စေနိုင်တယ်။ နောက်. . အသားတွေ၊ အသီးအရွက်တွေ သိုလှောင်တဲ့စနစ်၊ ဆိုင်မှာ အသုံးပြုတဲ့ ရေစနစ်၊ အမှိုက်စနစ်တွေကအစ စနစ်တကျလုပ်ကိုင်သွားဖို့လိုပါတယ်။ ဒါတွေကို ပညာပေးစည်းရုံးပြီး လုပ်ဆောင်သွားဖို့ရှိပါတယ်။ ဒါတွေ လုပ်ဆောင်သွားမယ်ဆိုရင် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းဖို့ ရာနှုန်းပြည့်သေချာသလောက်ရှိပါတယ်။

■ **နိုင်ငံခြားသားတွေက မြန်မာအစားအစာတွေကို သန့်ရှင်းမှုပိုင်း အားနည်းတယ်လို့ မှတ်ချက်ပေးလေ့ရှိကြတယ်။ ဒါတွေကို ပြုပြင်ဖို့ ဘာတွေဆောင်ရွက်သွားမှာပါလဲ။**

ကျွန်တော်တို့အသင်းကြီးအနေနဲ့ မြန်မာအစားအစာတွေ သန့်ရှင်းမှုအားနည်းတယ်ဆိုတာ ကျွန်တော်တို့အနေနဲ့လက်ခံပါတယ်။ ဒါပေမဲ့ အခုချိန်ကစပြီး အစားအသောက်နဲ့ပတ်သက်ပြီး နိုင်ငံသိက္ခာမကျအောင်တော့ အစွမ်းရှိသရွေ့ လုပ်ဆောင်သွားပါမယ်။ ပထမဆုံး ကျွန်တော်တို့ အခြေခံဖြစ်တဲ့ လမ်းဘေး ဈေးသည်လေးတွေကစဖို့ စီစဉ်ထားပါတယ်။ သူတို့ရဲ့ တစ်ပိုင်တစ်နိုင် နေ့စဉ် ရုန်းကန်နေရတဲ့အပူတွေကို ကျွန်တော်တို့ မျှဝေခံစားပြီး ကူနိုင်တာတွေကို ကူညီမယ်၊ ပံ့ပိုးမယ်။ အဲဒီလိုလုပ်ရင်းနဲ့ ကျွန်တော်တို့ သူတို့ကို နားလည်အောင်ရှင်းပြသွားမယ်။ သန့်ရှင်းမှုတွေ ရှိလာတဲ့အတွက်ကြောင့် သူတို့အတွက် ရရှိလာတဲ့ အကျိုးကျေးဇူးတွေကို သူတို့သိလာတဲ့အထိ ကျွန်တော်တို့ ကြိုးစားဆောင်ရွက်သွားမယ်။

■ **အသင်းရဲ့မူဝါဒတွေထဲမှာ စားသောက်ဆိုင်တွေက အသင်းဝင်လည်းရတယ်၊ မဝင်လည်းရတယ်ဆိုတော့ အသင်းဝင်တဲ့ဆိုင်တွေက ဘာအကျိုးကျေးဇူးတွေခံစားရမှာလဲ။ အသင်းမဝင်တဲ့ဆိုင်တွေကရော ဘယ်လိုဖြစ်မှာလဲ။**

ကျွန်တော်တို့အသင်းရဲ့ တံဆိပ်ကပ်ပြီးရောင်းချတဲ့အတွက် စားသုံးသူတွေရဲ့ယုံကြည်မှုကို အပြည့်အဝရရှိမှာဖြစ်တယ်။ ကျွန်တော်တို့အသင်းရဲ့ အမှတ်တံဆိပ်ကို အသင်းဝင်ဆိုင်တိုင်းမှာ ကပ်ထားပြီးတော့ အသင်းဝင်ဆိုင်တွေရဲ့ သန့်ရှင်းသပ်ရပ်မှု စည်းစနစ်ကျနမှုတွေကို လုပ်ဆောင်သွားမယ်။ အသင်းဝင်ဆိုင်တွေအတွက် လုပ်ငန်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆွေးနွေးပွဲတွေ၊ သင်တန်းတွေအပြင် နိုင်ငံခြား ခရီးစဉ်တွေကိုပါ အသင်းကြီးအနေနဲ့ မျှမျှတတ စေလွှတ်တက်ရောက်ခွင့်ပေးမယ်။ အသင်းမဝင်တဲ့ဆိုင်တွေကိုလည်း ကျွန်တော်တို့အသင်းကြီးက ကူညီပေးသွားမှာပါ။ သူတို့ကို ကျွန်တော်တို့က အချင်းချင်း လုပ်ဖော်ကိုင်ဖက် စီးပွားမိတ်ဖက်တွေလိုပဲ သဘောထားပါတယ်။ သူတို့တွေ နားလည်မှုရှိလာအောင် အသင်းရည်ရွယ်ချက်ကို ရှင်းရှင်းလင်းလင်းသိအောင် ရှင်းပြသွားမယ်။

■ **အသင်းအမှတ်တံဆိပ်ကပ်ထားတဲ့ဆိုင်တွေက စားသုံးသူတွေကို ဘယ်လိုအာမခံချက်ပေးမှာလဲ။**

ဒီအသင်းဝင်ဆိုင်တွေအချင်းချင်းမှာလည်း ကျွန်တော်တို့ဒစ်စကောင့်ကတ်တွေလိုဟာမျိုး၊ နောက်. . ကျွန်တော်တို့ဆိုင်တွေ အားလုံး သတ်မှတ်ပြီးတော့ ပရိုမိုးရှင်းတွေ လုပ်ဖို့ ရှိသလို ဒီဆိုင်တွေနဲ့ ပတ်သက်ပြီး သန့်ရှင်းမှု ဝန်ဆောင်မှုတွေကအစ၊ ဆိုင်မှာလုပ်နေတဲ့ဝန်ထမ်းတွေကအစ ကျွန်တော်တို့က နည်းပညာတွေ ပံ့ပိုးပြီး သန့်ရှင်းမှုတွေရှိလာအောင် စီစဉ်ဆောင်ရွက်ပေးမှာဖြစ်တဲ့အတွက် ဒါတွေက သက်ရောက်မှု ရှိမှာဖြစ်ပါတယ်။

■ **ညဈေးဖွင့်မယ်လို့ကြားသိထားပါတယ်။ ဘယ်မြို့တွေမှာဖွင့်ဖို့စီစဉ်ထားပါသလဲ။ ဒီဈေးမှာဘယ်လိုအစားအစာတွေရောင်းချမှာလဲ။**

ညဈေးဖွင့်ဖို့အစီအစဉ်ကို လူကြီးတွေကိုတင်ပြထားပါတယ်။ လူကြီးတွေက ပထမဆုံးစံပြအနေနဲ့ ရန်ကုန်၊ မန္တလေး၊ ပုဂံမှာဖွင့်ဖို့ စီစဉ်ပေးထားပါတယ်။ ဒီညဈေးမှာ မြန်မာ့ရိုးရာအစားအစာတွေအပြင် သန့်ရှင်းသပ်ရပ်တဲ့ တခြားဆိုင်တွေကိုပါဖိတ်ခေါ်သွားမှာပါ။

■ **ဘာများ ဖြည့်စွက်ပြောချင်ပါသေးလဲ။**

စားဝတ်နေရေးထဲက ကျွန်တော်တို့ စားရေးနဲ့ပတ်သက်နေပါတယ်။ စားသုံးသူတွေအများစုဟာ ဗိုက်စာလာတဲ့အချိန်ကျရင် အချိန်မရတာရယ်၊ အလုပ်ကိစ္စတွေကြောင့် နီးစပ်ရာ ကြုံရာနေရာတွေမှာဝင်ပြီးတော့ စားကြရပါတယ်။


အဲဒီလို စားသုံးတဲ့နေရာမှာ အစားအစာတွေကို ဘေးအန္တရာယ်တွေကင်းပြီး အရသာနဲ့ ဝန်ဆောင်မှုကောင်းတဲ့ဆိုင်တွေဖြစ်အောင် စားသုံးသူ ပြည်သူတွေနဲ့ နိုင်ငံခြားသားတွေအတွက် ကြိုးစားလုပ်ဆောင်သွားပါမယ်။ ။

Environment

7DAY NEWS JOURNAL

Vol.10, No.12 • JUNE 9, 2011

# ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် လှော်ကားဥယျာဉ်ရှိ ကန်ရေ သန့်ရှင်းရေး ဆောင်ရွက်



အေးမြကျော်

**ရန်ကုန်- ဇွန် ၃**

ဇွန် လ၅ရက်နေ့တွင်ကျရောက်သော ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် လှော်ကားဥယျာဉ်အတွင်းရှိသောကန်သာယာကန်၏ရေအရည်အသွေးပိုမိုကောင်းမွန်လာစေရန် အကျိုးပြုအဏုဇီဝနည်းဖြင့်ပြုလုပ်ထားသည့်ရွှံ့လုံးများကန်အတွင်းပစ်ပေါက်သည့် လှုပ်ရှားမှုများပြုလုပ်ခဲ့ကြောင်း လှော်ကားဥယျာဉ်မှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အမှတ်တရအနေနဲ့ EM လို့ခေါ်တဲ့ (Effective Micro-organism)နည်းနဲ့ လုပ်ထားတဲ့ ရွှံ့လုံးတွေကိုရေထဲပစ်ပြီး ကန်ရေသန့်ရှင်းအောင်ပြုလုပ်သွားမယ်" ဟု လှော်ကားဥယျာဉ်မှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ယခုနှစ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့သည် တနင်္ဂနွေနေ့တွင်ကျရောက်ပြီး အစိုးရရုံးပိတ်ရက်ဖြစ်၍ ဥယျာဉ်သို့လာရောက်လည်ပတ်သူများကိုပါ ပါဝင်နိုင်ရန် စီစဉ်ခဲ့ကြောင်း သိရှိရသည်။

ယင်းသို့ကန်အတွင်း သဘာဝပတ်ဝန်းကျင်အကျိုးပြု အဏုဇီဝနည်းဖြင့်ပြုလုပ်ထားသော ရွှံ့လုံးများပစ်မည့် အစီအစဉ်ကိုလှော်ကားဥယျာဉ်တွင်းရှိ အပန်းဖြေစခန်း(၃)တွင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းအပြင် ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အနေနှင့်လှော်ကားဥယျာဉ်အတွင်းသစ်ပင်များလည်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

'အခုကအစပျိုးတဲ့အနေနဲ့စလုပ်တာပါ။နောက်လည်းဆက်လုပ်သွားမှာပါ' ဟုလှော်ကားဥယျာဉ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ယင်းအစီအစဉ်ကို လှော်ကားဥယျာဉ်လုပ်ငန်းဆိုင်ရာများ လုပ်ကိုင်ခွင့်ရရှိထားသော ထူးဖောင်ဒေးရှင်းမှ စီစဉ်ပြုလုပ်ခြင်းဖြစ်သည်။

# သဘာဝပတ်ဝန်းကျင်ပျက်စီးပြုန်းတီးမှုများ လူ့ပယောဂကြောင့် အများဆုံးဖြစ်ပွား

အိဖြူမွန်

**ရန်ကုန်၊ ဇွန် - ၃**



*ဧရာဝတီမြစ်ဆုံရှိ ရွှေတူးဖော်ရေးလုပ်ငန်းမှ စွန့်ပစ်ရေများကို မြစ်အတွင်းသို့ တိုက်ရိုက်စွန့်ပစ်နေစဉ်* ဓာတ်ပုံ - အေးမြကျော်

မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသော သဘာဝပတ်ဝန်းကျင်ပျက်စီးပြုန်းတီးမှုအခြေအနေများနှင့်ပတ်သက်ပြီး ပြည်တွင်းရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လူမှုရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပြောကြားခဲ့သည်။

"သစ်တောတွေရဲ့အဆင့်အတန်းကျလာတဲ့ Issue တွေဟာ နေရာတော်တော်များများမှာတွေ့ရပါတယ်။ ရေဝေရေလဲဒေသမှာ ရေနံသတ္တုတူးဖော်ရေးကို စနစ်တကျမဆောင်ရွက်တဲ့အတွက် မြစ်ချောင်းတွေတိမ်ကောရတယ်။ မြစ်ချောင်းတွေရဲ့ ရေအရည်အသွေးလည်း နိမ့်ကျလာတယ်။ ရေနေသတ္တဝါတွေလည်းထိခိုက်လာတာကိုလည်း သိရပါတယ်" ဟု အင်န်ဂျီအိုများနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် ဝန်ကြီးက ပြောကြားခဲ့သည်။

ယခုကဲ့သို့သဘာဝပတ်ဝန်းကျင် ပျက်စီးပြုန်းတီးမှု မြန်ဆန်လာခြင်းမှာလူ့ပယောဂကြောင့်ဖြစ်ပွားမှုများအကြောင်းကိုဝန်ကြီးက အသေးစိတ်ပြောကြားခဲ့သည်။ သစ်တောများပြုန်းတီးလာရခြင်းမှာ စီးပွားဖြစ် သစ်ပင်သစ်တောများ အတိုင်းအဆမဲ့ ခုတ်ယူခြင်း၊ စိုက်ပျိုးမြေများနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် မဖြစ်မနေဆောင်ရွက်ရသည့် စီမံကိန်းများ အဆမတန်တိုးချဲ့ခြင်းကြောင့်ဖြစ်ကြောင်း ဝန်ကြီးကပြောကြားခဲ့သည်။

"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေ ဆောင်ရွက်ရတဲ့ အဝေးပြေးလမ်းမကြီးများဖောက်လုပ်ခြင်း၊ ဆိပ်ကမ်းများတည်ဆောက်ခြင်း၊ သယ်ယူပို့ဆောင်ရေးများ တိုးချဲ့တည်ဆောက်ရခြင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်ရခြင်း၊ ဆည်တာတမံများတည်ဆောက်ရခြင်း၊ မြို့ပြနေအိမ်များတည်ဆောက်ရခြင်းကြောင့်ဖြစ်လာနိုင်တဲ့ ပတ်ဝန်းကျင်ထိခိုက်မှုများကိုကြိုတင်တွက်ဆပြီး လျော့နည်းနိုင်သမျှ လျော့နည်းအောင်ဆောင်ရွက်ရမယ်"ဟု ဝန်ကြီးက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသော သဘာဝပတ်ဝန်းကျင် ပျက်စီးနေမှုများ လျော့နည်းစေရေးအတွက်ပြည်တွင်းရှိသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပြည်တွင်းရှိ အင်န်ဂျီအိုများကလည်း အကြံဉာဏ်များပေးရန်ပထမဆုံး အကြိမ်အဖြစ် တောင်းဆိုခဲ့သည်။

"နိုင်ငံတော်အဆင့် ဆောင်ရွက်မှုမှာ အကြံဉာဏ်ပေးရင် ဝမ်းပန်းတသာနဲ့လက်ခံပါတယ်။ အခုလို တွေ့ဆုံရတာကလည်း အင်န်ဂျီအိုတွေကို ဖွံ့ဖြိုးတိုးတက်လိုတဲ့ဆန္ဒနဲ့ပါ။ ငွေရေးကြေးရေးသုံးစွဲမှုတွေ၊ အတွင်းရေးကိစ္စတွေကိုထိန်းချုပ်လိုတဲ့ဆန္ဒနဲ့မဟုတ်ပါဘူး" ဟု ဝန်ကြီးက ပြောကြားခဲ့သည်။

## Environment Cartoon



# မစိုးရိမ်တိုက်ရာပြည့်အမှတ်တရ အသောကပင်များ စိုက်ပျိုး

စိုင်းသာအောင်

**မန္တလေး၊ ဇွန်- ၂**

မန္တလေးမြို့တွင် မြို့တော်စိမ်းလန်းစိုပြေရေးအတွက် ရဟန်းသံဃာများ၊ ပြည်သူများပါဝင်၍ မိမိအသိစိတ်ဖြင့် အရိပ်ရသစ်ပင်များ အလှပင်များကိုစိုက်ပျိုးနေကြောင်း မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက်မှ စာသင်သား သံဃာတော်တစ်ပါးက မိန့်ကြားသည်။

"မစိုးရိမ်တိုက် ရာပြည့် အထိမ်းအမှတ်အဖြစ်ကျောင်းအရှေ့ဘက်မှာ အသောကပင်တွေစိုက်ထားပါတယ်။ သစ်ပင်စိုက်တာ ၂ နှစ်ရှိပါပြီ။ သစ်ပင်တွေအားလုံး ရှင်ပါတယ်။ စာသင်သား သံဃာတွေနဲ့ ဒကာ၊ ဒကာမတွေ အမှတ်တရစိုက်ပျိုးထားကြတာပါ။ သစ်ပင်စိုက်တာဟာ ဘယ်သူက စိုက်ခိုင်းလို့စိုက်တာထက် ကိုယ့်အသိနဲ့ကိုယ်ကိုယ့်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ဖို့ကိုယ့်ရွာကိုယ့်ဒေသ



စိမ်းလန်းစိုပြေဖို့ ကိုယ့်အသိနဲ့ ကိုယ် စိုက်ပျိုးတာအကောင်းဆုံးပါ" ဟု ဆရာတော်က မိန့်ကြားသည်။





Tourism
7 DAY NEWS JOURNAL
Vol.10, No.12 • JUNE 9, 2011

# ကမ္ဘာ့အလှဆုံးကမ်းခြေအဖြစ်ကမ္ဘောဒီးယားကမ်းခြေဒေသများသတ်မှတ်ခံရ



*လှပသော ကမ္ဘောဒီးယားနိုင်ငံ၏ ကမ်းခြေရှုခင်းတစ်ခုကို တွေ့ရစဉ်*

**ဖနွမ်းပင်၊ မေ - ၃၁**

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့အစည်းတစ်ခုဖြစ်သော ကမ္ဘာ့အလှပဆုံး ပင်လယ်အော်များကလပ်သည် ၎င်း၏ အဖွဲ့ဝင်နိုင်ငံ ကမ္ဘောဒီးယား၏ ကမ်းခြေဒေသများအား ကမ္ဘာ့အလှဆုံးကမ်းခြေတစ်ခုအဖြစ်အသိအမှတ်ပြုလိုက်ကြောင်း ကမ္ဘောဒီးယားခရီးသွားလုပ်ငန်းဝန်ကြီး သောင်ခွန်က ပြောကြားသည်။ ကမ္ဘောဒီးယားသည် ၎င်း၏ ကမ်းခြေများကို ယခုကဲ့သို့ အသိအမှတ်ပြုပေးရန် ပြီးခဲ့သည့်နှစ် မေလက အဆိုပြုခဲ့ခြင်းဖြစ်သည်။ ကမ္ဘောဒီးယားခရီးသွားလုပ်ငန်းဝန်ကြီးကလည်း "ကလပ်ရဲ့ အသိအမှတ်ပြုခံရမှုနဲ့အတူ ကျွန်တော်တို့မှာ သန့်ရှင်းပြီး စနစ်တကျထိန်းသိမ်းထားတဲ့ ကမ်းခြေတွေရှိလာပြီမို့ နိုင်ငံခြားခရီးသွားတွေကို ပိုမိုဆွဲဆောင်နိုင်တော့မှာပါ"ဟုပြောသည်။

ကမ္ဘောဒီးယား ကမ်းခြေများသည် နိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းပြည်နယ်လေးခုဖြစ်သော ခိုခေါင်၊ ဆီဟန်နုတ်ခ်ဗီး၊ ကမ်ပေါ့နှင့်ကပ်တို့တွင် အလျား ကီလိုမီတာ ၄၅၀ အထိ ရှည်လျားသည်။ ယင်းကမ်းခြေအလျားသည် နိုင်ငံတွင်း၌ အန်ကောဝပ်ဘုရားကျောင်းအပြီး ကမ္ဘာ့လှည့်ခရီးသွားများကို ဒုတိယမြောက် အဆွဲဆောင်နိုင်ဆုံးနေရာလည်း ဖြစ်သည်။

၁၉၉၇ ခုနှစ်တွင် တည်ထောင်သည့် ကမ္ဘာ့အလှပဆုံး ပင်လယ်အော်များကလပ်သည် ဂျာမနီနိုင်ငံ ဘာလင်မြို့အခြေစိုက်အဖွဲ့ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံပေါင်း ၂၇နိုင်ငံမှ ပင်လယ်အော်ပေါင်း ၃၃ ခုကို ကမ္ဘာ့အလှပဆုံး ပင်လယ်ကမ်းခြေများအဖြစ် အသိအမှတ်ပြုထားသည်။ အဆိုပါကလပ်၏ စံသတ်မှတ်ချက်အရ ကမ္ဘာ့အလှပဆုံး ပင်လယ်အော်ကမ်းခြေဆိုသည်မှာ တောရိုင်းဇရိယာနှင့် ပန်းမန်များ ပေါက်ရောက်ရမည်ဖြစ်ပြီး ဒေသတစ်ခုလုံးကိုလည်း သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးစီမံချက်ဖြင့် ထိန်းသိမ်းထားရမည်ဖြစ်သည်။

—Ref: Xinhua

## အဲကမ္ဘောဇက လေယာဉ်အသစ်ဖြင့် ကော့သောင်း၊ မြစ်ကြီးနား ခရီးစဉ်များ တိုးချဲ့ပျံသန်းမည်



*ရပ်နားထားသည့် အဲကမ္ဘောဇလေယာဉ်အားတွေ့ရစဉ်*

**အောင်သူရ**

**ရန်ကုန်၊ ဇွန် - ၂**

အသစ်ရောက်ရှိလာသော လေယာဉ်ဖြင့် ဇူလိုင်လဆန်းမှစ၍ ကော့သောင်းနှင့် မြစ်ကြီးနားမြို့များသို့ တိုးချဲ့ပျံသန်းမည်ဖြစ်ကြောင်း အဲကမ္ဘောဇ(Air KBZ) လေကြောင်းလိုင်းက သတင်း ထုတ်ပြန်သည်။

ပြင်သစ်နိုင်ငံလုပ် ထိုင်ခုံ ၇၂ ခုံပါသော ATR 72-500 လေယာဉ်မှာ မေလ ၂၇ ရက်က ရန်ကုန်လေဆိပ်သို့ ရောက်ရှိလာခဲ့သည်။ အဲကမ္ဘောဇလေကြောင်းလိုင်းသည် ပြီးခဲ့သည့်မေလ ၁၇ ရက်က ထားဝယ်နှင့် တာချီလိတ်မြို့များသို့ ထပ်မံတိုးချဲ့ပျံသန်းပေးခဲ့သည်။ အဆိုပါလေကြောင်းလိုင်းမှ ထပ်မံဝယ်ယူထားသော ATR 72-500 လေယာဉ်သစ်နှစ်စင်းမှာ ခရီးသွားရာသီအမီရောက်ရှိရန်ရှိပြီး၊ အဆိုပါလေယာဉ်များရောက်ရှိလာပါက မုံရွာ၊ ဟုမ္မလင်း၊ ပူတာအို၊ ကလေး၊ လားရှိုး၊ ကျိုင်းတုံ၊ သံတွဲနှင့် စစ်တွေမြို့များသို့ တိုးချဲ့ပျံသန်းရန်ရှိသည်ဟု အဆိုပါလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ အဲကမ္ဘောဇလေကြောင်းလိုင်းမှာ ကမ္ဘောဇဘဏ်ကုမ္ပဏီ အုပ်စုက ပိုင်ဆိုင်သော လေကြောင်းလိုင်းဖြစ်ပြီး ယခုနှစ် ဧပြီလ ၂ ရက်မှစ၍ ပြည်တွင်းခရီးစဉ်များ စတင်ပျံသန်းခဲ့သည်။

# အသစ်ဖွဲ့စည်းလိုက်တဲ့ စားသောက်ဆိုင် အသင်းက မြန်မာ့အစားအစာကို ကမ္ဘာမှာ ဘယ်လိုထိုးဖောက်မလဲ

### မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များနှင့် အသင်း အထွေထွေအတွင်းရေးမှူး ဦးကျော်မြတ်မိုးနှင့်တွေ့ဆုံခြင်း

**အောင်သူရ**

မကြာမီက မြန်မာနိုင်ငံခရီးသွား လုပ်ငန်းအဖွဲ့၏ အဖွဲ့ဝင်အသင်း တစ်သင်းအဖြစ် ဖွဲ့စည်းလိုက်သော မြန်မာနိုင်ငံ စားသောက်ဆိုင် လုပ်ငန်းရှင်များအသင်းအထွေထွေ အတွင်းရေးမှူးအားစားသုံးသူများအတွက် မည်သို့ဆောင်ရွက်ပေးရန် စီစဉ်မှုများ ရှိနေသည်ကိုသိရှိနိုင်ရန် တွေ့ဆုံမေးမြန်းခဲ့ရာမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။



**■ အခုမြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းကို ဖွဲ့စည်းထားပြီဆိုတော့ အသင်းအနေနဲ့ ပထမဦးဆုံး ဘာတွေ ဆောင်ရွက်နေပါသလဲ။**

ပထမဆုံး ဇုန်အလိုက်တွေဖွဲ့ဖို့ လုပ်နေပါတယ်။ ဗဟိုအလုပ်အမှုဆောင်စာရင်းမှာ ၄၅ဦး၊ အလုပ်အမှုဆောင် ၄၅ ဦး အားလုံး စုစုပေါင်း၉၀ ဦးနဲ့အသင်းကိုဖွဲ့စည်းထားတာပါ။ အဲဒီဗဟို အလုပ်အမှုဆောင် ၄၅ ဦးထဲမှာ ဇုန် ၁၅ ဦး၊ တိုင်းဒေသကြီး၊ ပြည်နယ်တွေက ၁၄ ဦး၊ နေပြည်တော်ဇုန်ကတစ်ဦး၊ ၁၅ ဦးက အလုပ်အမှုဆောင်ထဲကိုဝင်မယ်။ အလုပ်အမှုဆောင်ထဲမှာကျတော့ ဇုန် ၁၅ ဇုန်ကနေပြီး နှစ်ဦးပါတဲ့ ဇုန်တွေရှိသလို သုံးဦးပါတဲ့ဇုန်တွေရှိတယ်။

**■ အသင်းအဖွဲ့မရှိခင်နဲ့ အသင်းအဖွဲ့ ရှိလာပြီးတဲ့နောက် ဦးတို့အနေနဲ့ လုပ်ဆောင်ရတဲ့နေရာမှာ ဘာတွေကွာခြားမှုရှိလာပါသလဲ။**

အသင်းအဖွဲ့ဖွဲ့ပြီး လုပ်ရတဲ့အခါကျတော့ အသင်းဝင်ဆိုင်တွေအားလုံးစုစုစည်းစည်းနဲ့ ရင်းနှီးမှုတွေပိုရလာတယ်။ စားသောက်ဆိုင်လုပ်ငန်းတို့ အခုလက်ရှိထက် တိုးတက်အောင် ပူးပေါင်းပြီး လုပ်ဆောင်သွားမယ်ဆိုတဲ့အစီအစဉ်မျိုးတွေ လုပ်လို့ရလာတယ်။ အဲဒီလိုပဲတစ်ဦးချင်းရဲ့ဆိုင်တွေ အဆင့်အတန်းတွေကိုလည်း အဆင့်မြှင့်ဖို့လုပ်ဆောင်လာကြတယ်။ အရင်နဲ့စာရင် ဒီအသင်းထဲမှာပါတဲ့ ဗဟိုအလုပ်အမှုဆောင်တွေက စံပြလူတွေဖြစ်ဖို့လိုတယ်။ ဒါကြောင့်ဗဟိုအလုပ်အမှုဆောင်ထဲက ဆိုင်အဖွဲ့ဝင်တွေ အားလုံးက ဒီအစီအစဉ်တွေလုပ်လာကြတယ်။

**■ ထိုင်းနိုင်ငံဆိုသဘော်သီးထောင်းနဲ့ ကမ္ဘာကို ထိုးဖောက်ခဲ့တယ်။ အဲဒီလိုပဲ တခြားနိုင်ငံတွေမှာလည်း ရှိတယ်။ မြန်မာ့အစားအစာတွေထဲက ဘယ်အစားအစာနဲ့ကမ္ဘာကို ထိုးဖောက်ဖို့ရည်ရွယ်ထားပါသလဲ။**

မြန်မာမှာလည်း မြန်မာမုန့်ဟင်းခါးနဲ့ နိုင်ငံတကာကို ထိုးဖောက်လို့ရပါတယ်။ အဓိကကတော့ ရောင်းချတဲ့သူတွေဟာ အသိအမြင်ဖွံ့ဖြိုးတိုးတက်ဖို့လိုတယ်။ နောက်တစ်ခုက ကိုယ် ရောင်းချတဲ့ အစားအစာနဲ့ပတ်သက်ပြီးတော့ ကောင်းကောင်းလုပ်ချင်တဲ့စိတ်ရှိဖို့လိုပါတယ်။ အကြော်ကြော်တာကအစ အကြော်ကို တကယ့်ပူပူနွေးနွေးလေးကြော်မယ်။ စနစ်တကျလေးလုပ်မယ်ဆိုရင် နိုင်ငံခြားသားတွေ ကြိုက်နှစ်သက်ဖို့ သေချာပါတယ်။

**■ ဒီမေးခွန်းက စားသုံးသူတွေအတွက်ပါ။ စားသောက်ဆိုင်တွေက ရောင်းချတဲ့အစားအစာတွေကို ဘေးအန္တရာယ်ကင်းရှင်းအောင် အသင်းအနေနဲ့ ဘာတွေဆောင်ရွက်ဖို့ရှိပါသလဲ။**

အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းအောင် အသင်းအနေနဲ့ ဆိုင်တွေမှာ လုပ်ကိုင်နေတဲ့ လူတွေမှာ ကူးစက်ရောဂါတွေကင်းရှင်းအောင်လုပ်ဖို့၊ ဆိုင်တွေမှာအသုံးပြုနေတဲ့ ဆီ၊ ငရုတ်သီးမှုန့်တို့နဲ့

စာ(၄၀) သို့






7DAY NEWS JOURNAL
Vol.10, No.12 · JUNE 9, 2011



7 DAY NEWS JOURNAL
Vol.10, No.12 • JUNE 9, 2011

## ရွေးကောက်ပွဲရလဒ်များကို လေးစားရန် ထိုင်းစစ်တပ်အား သက်ဆင်ညီမ တိုက်တွန်း



**ဘန်ကောက်၊ ဇွန် – ၁**

ထိုင်းဝန်ကြီးချုပ်ဟောင်းသက်ဆင်၏ညီမဖြစ်သူ ရင်လပ်ခ်ရှင်နာဝပ်ထရာက လာမည့် ဇူလိုင်လရွေးကောက်ပွဲတွင် ဆန္ဒမဲရလဒ်များကိုလေးစားရန် ထိုင်းစစ်တပ်အား တိုက်တွန်းလိုက်သည်။ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး ထိုင်းနိုင်ငံတွင် ပထမဆုံး အမျိုးသမီးဝန်ကြီးချုပ်လောင်းအဖြစ် ပူအာထိုင်းပါတီမှ ဝင်ရောက်ယှဉ်ပြိုင်မည့် ရင်လပ်ခ်က အေပီသတင်းသို့ "စစ်တပ်က ၂၀၀၆ တုန်းကလိုပဲ နောက်တစ်ကြိမ် အာဏာသိမ်းမယ်လို့ ကျွန်မ မထင်ပါဘူး။ ပြည်သူတွေရဲ့ဆုံးဖြတ်ချက်ကို လူတိုင်းက လေးစားကြရပါမယ်။ ထိုင်းနိုင်ငံဟာ လေး၊ ငါးနှစ်လောက်ကြာအောင် နောက်ပြန်သွားနေခဲ့ပြီး ပြည်သူတွေဟာလည်း အချိန်အကြာကြီး ဒုက္ခခံခဲ့ရပါတယ်။ ဒါကြောင့် သူတို့ရှေ့ဆက်သွားနိုင်ဖို့ လိုအပ်နေပါတယ်"ဟုပြောသည်။

ယခုအခါ ထိုင်းတပ်မတော်အကြီးအကဲ ဗိုလ်ချုပ်ကြီး ပရာရွတ်ချန်အိုချာက စစ်တပ်သည် သက်ဆင်အားဖြုတ်ချခဲ့သော ၂၀၀၆ အာဏာသိမ်းမှုမျိုး ထပ်မံပြုလုပ်မည်မဟုတ်ကြောင်း ကတိပေးထားသည်။ ထိုင်းနိုင်ငံတွင်ပြီးခဲ့သော ရွေးကောက်ပွဲလေးကြိမ်၌ သက်ဆင်နှင့်ဆက်နွှယ်နေသည့်ပါတီများက အမတ်နေရာအများစုရခဲ့သော်လည်း တရားရုံးများက နောက်ဆုံးရွေးကောက်ပွဲ နှစ်ကြိမ်အနိုင်ရမှုကိုပယ်ချခဲ့သည်။

ရင်လပ်ခ်သည် နိုင်ငံရေးအတွေ့အကြုံမရှိသော်လည်း ထိုင်းနိုင်ငံ၏ အဓိကအတိုက်အခံပါတီ ပူအာထိုင်းပါတီ၏ ခေါင်းဆောင်ဖြစ်နေပြီး ရွေးကောက်ပွဲအကြို စစ်တမ်းများအရ လက်ရှိဝန်ကြီးချုပ် အဘီဆစ်ဗစ်ချာချီဗာ၏ ဒီမိုကရက်များထက် လူကြိုက်များနေကြောင်းသိရသည်။

—Ref: CNA

## ဓာတုပစ္စည်းပါဝင်မှုကြောင့် ဆန်းလိုက်တံဆိပ်ဖျော်ရည် တင်သွင်းမှု စင်ကာပူပိတ်ပင်

**စင်ကာပူ၊ မေ – ၃၁**

စင်ကာပူအစိုးရ၏ လယ်ယာထွက်ကုန်အစားအစာနှင့် တိရစ္ဆာန်အစားအစာအာဏာပိုင်အဖွဲ့(AVA) က ၎င်းတို့သည် တရုတ်တိုင်ပေမှ တင်သွင်းသော ဆန်းလိုက်(Sun-light ) အမှတ်တံဆိပ် အချိုရည်များကိုစစ်ဆေးခဲ့ရာ စက်မှုလုပ်ငန်းသုံးပလတ်စတစ်ဆိုက်ဇာ(DEHP) ဓာတ်ပါဝင်မှုများပြားနေသဖြင့် သောက်သုံးရန်မသင့်ဟု ပိတ်ပင်ထားကြောင်း ကြေညာသည်။ အဆိုပါအဖွဲ့က ယခုအချိန်ထိ DEHP ဓာတ်ပါဝင်မှုကို အချိုရည် အမှတ်တံဆိပ် ၁၃ မျိုးမှ နမူနာပေါင်း ၂၆ခု၌တွေ့ရှိခဲ့ရကြောင်း၊ ယင်း DEHP ဓာတ်ပစ္စည်းသည် ပလတ်စတစ်များကိုပျော့ပျောင်းစေရန်အသုံးပြုသည့်ဓာတုပစ္စည်းဖြစ်ပြီး အစားအစာများတွင် ထည့်သွင်းသုံးစွဲမှု မပြုရပေ။ အဖွဲ့က ဆန်းလိုက်အမှတ်တံဆိပ် Star Fruit Juice ဖျော်ရည်တွင် ဓာတုပစ္စည်းပါဝင်ကြောင်းတွေ့ရသည်ဟုဆိုသည်။

ယခုအခါ စင်ကာပူအာဏာပိုင်များသည် ဆန်းလိုက်တံဆိပ်ဖျော်ရည်များ တင်သွင်းခြင်းကို ပိတ်ပင်ထားပြီး ဈေးကွက်အတွင်း ရောင်းချခြင်းများကိုလည်း ချက်ချင်းရပ်တန့်၍ ပစ္စည်းများ ပြန်သိမ်းရန် ညွှန်ကြားထားသည်။ ဥရောပသမဂ္ဂက သတ်မှတ်ထားသောစံနှုန်းအရ နေ့စဉ် အစားအစာများတွင် လက်ခံနိုင်လောက်သည့် DEHP ဓာတ်ပါဝင်နှုန်းမှာ ကိုယ် အလေးချိန်တစ်ကီနှုန်းအတွက် ၀ ဒသမ ၈၅ မီလီဂရမ်ဖြစ်သည်။

စင်ကာပူအာဏာပိုင်များသည် တရုတ်တိုင်ပေမှ တင်သွင်းသော ဖျော်ရည်များအပြင် သစ်သီးယိုနှင့် ဂျယ်လီများတွင်လည်း တားမြစ်ဓာတုပစ္စည်း ပါဝင်မှုရှိ၊ မရှိစစ်ဆေးလျက်ရှိသည်။

*—Ref: AFP*




## အိမ်အကူများအတွက် စာချုပ်တစ်ရပ် အင်ဒိုနီးရှားနှင့် မလေးရှားချုပ်ဆို

**ဂျကာတာ၊ ဇွန် – ၁**

အင်ဒိုနီးရှားနှင့် မလေးရှားနှစ်နိုင်ငံတို့သည် မလေးရှားတွင် အင်ဒိုအိမ်အကူများ ဖိနှိပ်ခံရခြင်းနှင့် နှိပ်စက်ခံရမှုတို့မရှိစေရန် အာမခံသည့် အလုပ်သမားရေးရာစာချုပ်အသစ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း အင်ဒိုလုပ်သားအင်အားနှင့်ရွှေ့ပြောင်းအလုပ်အကိုင်ဆိုင်ရာဝန်ကြီးက ပြောကြားသည်။ ဝန်ကြီး မူဟိုင်မင်အစ္စကန်ဒါက အဆိုပါ အလုပ်သမားရေးရာသဘောတူညီချက်ကို ဘန်ဒေါင်းမြို့တွင် မေလ ၃၀ ရက်နေ့က လက်မှတ်ရေးထိုးခဲ့ပြီး စာချုပ်အရ အင်ဒိုအိမ်အကူများသည် မလေးရှားနိုင်ငံတွင် အနည်းဆုံး မလုပ်မနေရ ၂နှစ်အလုပ်လုပ်ရမည့် သတ်မှတ်ချက်ကိုပယ်ဖျက်လိုက်နိုင်ပြီဖြစ်သည်။

ဝန်ကြီးက "အချိန်အတော်လေးကြာအောင် ဆွေးနွေးမှုတွေလုပ်အပြီးမှာတော့ ကျွန်တော်တို့ဟာ နှစ်ဖက်စလုံးအတွက် အဆင်ပြေစေမယ့် သဘောတူညီချက်တစ်ရပ်ရရှိခဲ့ပါတယ်။ ဒီအတောအတွင်းမှာလည်း အင်ဒိုနဲ့မလေးရှားနှစ်နိုင်ငံဟာ အလုပ်သမားကိစ္စတွေ၊ အလုပ်ရှင်နဲ့ အလုပ်သမားနှစ်ဖက်စလုံးရဲ့ ရပိုင်ခွင့်တွေကိုကာကွယ်ရေးအတွက် သုတေသနတွေဆက်လုပ်သွားမှာပါ"ဟုပြောသည်။

ယခုသဘောတူညီချက်တွင် အိမ်ရှင်နှင့် အိမ်အကူများအကြား အငြင်းပွားဖွယ်ရာကိစ္စများကိုဖြေရှင်းထားသည်။ အိမ်အကူများသည် ယခုစာချုပ်အရ အိမ်ရှင်များထံ ၎င်းတို့၏ ပတ်စ်ပို့များပေးထားရန် မလိုအပ်တော့သကဲ့သို့ ဆွေမျိုးများ၊ အင်ဒိုအာဏာပိုင်များနှင့်လည်း ဆက်သွယ်ပြောဆိုခွင့်ကိုအာမခံပေးထားသည်။ စာချုပ်တွင် ယခင်က တစ်ပတ်လျှင် ခုနစ်ရက် အလုပ်လုပ်ပေးရသော်လည်း ယခုအခါ တစ်ရက်အနားယူရန်နှင့် အလုပ်ဆင်းပေးရပါက ငွေသားဖြင့် အချိန်ပိုကြေးပေးချေရန် စသောအချက်များလည်း ပါဝင်သည်။ သို့သော် ယခုစာချုပ်တွင် အိမ်အကူများအတွက် အနိမ့်ဆုံး သတ်မှတ်ထားသော လစာနှုန်းထားကိုမူ ဖော်ပြထားခြင်းမရှိကြောင်း သတင်းတွင် ဖော်ပြထားသည်။

*—Ref: AFP/CNA*



7 DAY NEWS JOURNAL
Vol.10, No.12 · JUNE 9, 2011



### နောက်ကျော့ဖုံး - ယီမင်သမ္မတ ဆာလတ် ခွဲစိတ်ကုသမှုခံယူပြီး ပြန်ကောင်းလာ မှ

ဆော်ဒီအာရေးဗီးယားမှ နိုင်ငံရေးဆန်းစစ်သူ အဗ္ဗဒူလာ ဇစ်ကာဆင်က ယီမင်နိုင်ငံရေးမှ ဆာလတ်ထွက်ခွာမှုတွင် အာရပ်ဒေသအတွင်း ဒီမိုကရေစီအပြောင်းအလဲနောက်ထပ်တစ်ခုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားထားသည်။ ယခုအခါ နောက်ဆုံးသတင်းများအရဆော်ဒီအစိုးရသည် ဆာလတ်အား ရာထူးမှနုတ်ထွက်ရန်တိုက်တွန်းထားပြီး ပြည်တွင်း ပြဿနာများကို ငြိမ်းချမ်းစွာဖြေရှင်းရန် ပြောကြားထားသည်ဟု သိရသည်။

—*Ref: Reuters*

### နောက်ကျော့ဖုံး - ပီရူးသမ္မတရွေးကောက်ပွဲ လက်ဝဲယိမ်းသမ္မတလောင်းဟူမာလာ အနိုင်ရရှိ မှ



ဟူမာလာသည် ၂၀၀၆သမ္မတရွေးကောက်ပွဲတွင် ဝင်ပြိုင်ခဲ့သော်လည်းငင်း၏အရင်းရှင်စနစ်ဆန့်ကျင်ရေးမူဝါဒများကြောင့် အလယ်အလတ်ဝါဒီ မဲဆန္ဒရှင်များ၏ မဲများဆုံးရှုံးကာ မဲအရေအတွက်အနည်းငယ်သာရရှိပြီး အရေးနိမ့်ခဲ့ရသည်။ ဟူမာလာနှင့် ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ခဲ့သည့် ကေအီကိုဖူဂျီမိုရီ(၃၆နှစ်)မှာ ထောင်ဒဏ်ကျခံနေရသည့် ယခင်ပီရူးသမ္မတဟောင်း အယ်ဘာတိုဖူဂျီမိုရီ၏ သမီးဖြစ်သည်။ ပီရူးသမ္မတရွေးကောက်ပွဲတွင်ရွေးချယ်ခံရသော သမ္မတသစ်သည် ဇူလိုင်လ ၂၈ ရက်မှစ၍ ငါးနှစ်သက်တမ်းတာဝန်ကိုထမ်းဆောင်ရမည်ဖြစ်သည်။ —*Ref: Reuters*

### နောက်ကျော့ဖုံး - E-coli ဘက်တီးရီးယားပျံ့နှံ့မှု ဂျာမနီမှ စတင် မှ

ယခင်က E-coli ဘက်တီးရီးယားပျံ့နှံ့မှုကို စပိန်နိုင်ငံရှိ ယာမြေများမှ ပေါ်ပေါက်ခဲ့သည်ဟု ခန့်မှန်းခဲ့ကြသော်လည်း ယခုမှ ဂျာမနီနိုင်ငံတွင်စတင်ခဲ့သည်ဟု အတည် ပြုနိုင်ခြင်းဖြစ်သည်။ ယခုအခါဂျာမနီနိုင်ငံတွင် E-coli ဘက်တီးရီးယား ကူးစက်ခံရသည့် လူပေါင်းနှစ်ထောင်ကျော်ရှိပြီး ဂျာမနီနိုင်ငံသို့ လာရောက်လည်ပတ်သည့် လူများမှတစ်ဆင့် အခြားဥရောပနိုင်ငံ ၁၂ နိုင်ငံသို့ ဘက်တီးရီးယားများပျံ့နှံ့လျက်ရှိသည်။ ဘက်တီးရီးယားကူးစက်ခံရသူထဲမှ လူနာ ၂၁ ဦးမှာ ဂျာမနီနိုင်ငံတွင်လည်းကောင်း၊ တစ်ဦးမှာဆွီဒင်နိုင်ငံတွင်လည်းကောင်း သေဆုံးခဲ့သည်။

E-coli ဆိုသည်မှာ Escherichia coli ၏ အတိုကောက်စာလုံးဖြစ်သည်။ လူနှင့် သတ္တဝါများကို ကူးစက်နိုင်သော ဘက်တီးရီးယားပိုးစံတစ်မျိုးဖြစ်၍ ၎င်းကြောင့် သွေးဝမ်းသွားခြင်းနှင့် ကြွက်တက်ခြင်းကဲ့သို့သော ရောဂါလက္ခဏာများဖြစ်နိုင်သည်။ ယင်းဘက်တီးရီးယားကို မကျက်တကျက်ကြော်ထားသောကြက်ဥနှင့်အသားများ၊ ဟင်းသီးဟင်းရွက်အစိမ်းများ စားသုံးခြင်းဖြင့် ကူးစက်နိုင်သည်ဟု ဆိုသည်။

—*Ref: BBC*




# ဟေတီသမ္မတ မိုက်ကယ်မာတယ်လီ

ရဲမင်း

မိုက်ကယ်ဂျိုးဇက်မာတယ်လီသည် ၂၀၁၁ ခုနှစ် ဟေတီသမ္မတရွေးကောက်ပွဲတွင်အောင်ပွဲခံခဲ့ပြီး ဟေတီနိုင်ငံ၏ သမ္မတဖြစ်လာခဲ့သူဖြစ်သည်။ အနုပညာနာမည် 'Sweet Micky'အဖြစ်လည်း လူသိများ ကျော်ကြားသူဖြစ်သည်။ နိုင်ငံရေးလောကသို့ မဝင်ရောက်မီ မာတယ်လီသည် ဖျော်ဖြေရေးသမား၊ အဆိုပညာရှင်၊ သီချင်းရေးသားသူ၊ စီးပွားရေးသမားအဖြစ်ရပ်တည်ခဲ့သည်။

မာတယ်လီအား ၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ဟေတီနိုင်ငံ အရှေ့တောင်ဘက်အနီး မြို့ငယ်လေး၌ မွေးဖွားခဲ့သည်။ ရေနံစက်ရုံအလုပ်ကြပ်တစ်ဦး၏ သားဖြစ်သူ မာတယ်လီသည် မိမိကိုယ်တိုင် သင်ယူခဲ့သည့်ကီးဘုတ်တီးခတ်သူနှင့် အဆိုတော်တစ်ဦးဖြစ်သည်။ အထက်တန်းပညာပြီးသည့် နောက် ဟေတီစစ်ဘက်အကယ်ဒမီတွင် တက်ရောက်ခဲ့သော်လည်းလူမှုရေးစည်းကမ်း ချိုးဖောက်မှုကြောင့် ထုတ်ပယ်ခံခဲ့ရသည်။

နောက်ပိုင်းတွင်မာတယ်လီသည်အမေရိကန်နိုင်ငံသို့ပြောင်းရွှေ့၍ ကိုလိုရာဒိုပြည်နယ်ရှိ အစိုးရထောက်ပံ့သည့်ကောလိပ်တစ်ခုတွင်တက်ရောက်ခဲ့သည်။ သို့သော်စာသင်နှစ်ဝက်တစ်တန်းသာ ကျောင်းတက်ပြီး ၁၉၈၆ ခုနှစ်တွင်ဟေတီနိုင်ငံသို့ပြန်လာခဲ့သည်။ ယင်းနောက် ဆောက်လုပ်ရေးလုပ်ငန်းတွင် တစ်နှစ်ခန့် ဝင်ရောက်အလုပ်လုပ်ကိုင်ခဲ့သည့် မာတယ်လီသည် ဂီတလောကသို့ ခြေချရန် အခွင့်အရေးရလာခဲ့ပြီး ဟေတီမြို့တော် ပို့တ်အော်ပရင့်စ်၏ အထက်တန်းကျကျ ကလပ်များတွင် ကီးဘုတ်သမားအဖြစ် ဝင်ရောက်လုပ်ကိုင်ခွင့်ရလာခဲ့သည်။

မိုက်ကယ်မာတယ်လီသည် တစ်မူ ထူးခြားသော Kompas ဂီတကို စတင်တီထွင်ခဲ့သူအဖြစ်လည်း အသိအမှတ်ပြုခံရပြီး မျိုးဆက်သစ်စတိုင်မှာလည်း လူကြိုက်များလာခဲ့သည်။ မာတယ်လီ (သို့မဟုတ်) Sweet Micky ၏စင်တင်ဖျော်ဖြေပွဲများမှာလည်း တစ်မူ ထူးခြားပြီး ယခင်က မမြင်ဖူးသောတင်ဆက်မှုမျိုးဖြစ်သည်။ ဘွင်းဘွင်းရှင်းရှင်းပြောတတ်ပြီး ဆံပင်အတုများ၊ ပြိုးပြိုးပြက်ပြက်ဝတ်စုံများ၊ တစ်ခါတစ်ရံအဝတ်အစားများ ချွတ်ပစ်တတ်သည့် မာတယ်လီ၏ ဖျော်ဖြေပွဲများမှာ ၎င်းအား လူသိအများဆုံး၊ အားပေးမှုအခံရဆုံး ဟေတီနိုင်ငံသားဖြစ်လာခဲ့သော်လည်း နိုင်ငံတွင် အငြင်းပွားမှုများလည်းဖြစ်ပေါ်စေခဲ့သည်။

၁၉၈၈ မှ ၂၀၀၈ ခုနှစ်အတွင်း မာတယ်လီသည် သီချင်းအယ်လ်ဘမ်ပေါင်း ၁၄ ခွေထုတ်ဝေခဲ့ပြီး Live စီဒီများလည်း ထုတ်ဝေခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် ထွက်ပေါ်ခဲ့သည့် Pa manyer (မထိနဲ့)ဟူသောသီချင်းမှာ အထူးနာမည်ကျော်ပြီး ဗင်နီဇွဲလား၊ ကျူးဘားနိုင်ငံများအထိပျံ့နှံ့ခဲ့သည်။

မာတယ်လီသည် ဟေတီအစိုးရအဆက်ဆက် အရာရှိများနှင့်လည်း ရင်းနှီးသောဆက်ဆံရေးများရှိပြီး အမေရိကန်သံတမန်များနှင့်လည်း အဆက်အဆံရှိသည်။ သို့သော်စစ်ဘက်အာဏာသိမ်းမှုများ မကြာခဏဖြစ်ပေါ်သည့်နိုင်ငံတွင် အမေရိကန်တပ်များ လာရောက်မည်ကိုမူ ဆန့်ကျင်ခဲ့သည်။ ယင်းသို့သော ဆက်ဆံရေးများကြောင့် ဝေဖန်ခံရသော်လည်း မာတယ်လီက ဂရုမစိုက်ခဲ့ပေ။

အိတ်ချ်အိုင်ဗီကူးစက်မှုကာကွယ်ရေးနှင့် လူသားချင်း စာနာထောက်ထားခြင်းဆိုင်ရာဖောင်ဒေးရှင်းတစ်ခုကိုလည်း တည်ထောင်လုပ်ကိုင်ခဲ့သည့် မာတယ်လီသည် ၂၀၁၀ ပြည့်နှစ် သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ပြည်သူလူထု မဲခွဲမှုနှစ်ကြိမ်ခံယူပြီးမှသာ ရွေးကောက်ပွဲအနိုင်ရရှိခဲ့ပြီး ၂၀၁၁ ခုနှစ် မေလ ၁၄ ရက်နေ့တွင် ဟေတီနိုင်ငံ၏ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ မိုက်ကယ်မာတယ်လီသည် ငယ်ရည်းစားဇနီးသည် ဆိုဖီယာနှင့် သားသမီးလေးဦး ထွန်းကားထားသည်။

—*Ref: Wikipedia*

### နောက်ကျော့ဖုံး - ဆီးရီးယားနယ်စပ်အနီး အစ္စရေးတပ်ဖွဲ့ ပစ်ခတ်မှုကြောင့် ဆန္ဒပြသူ ၂၀ ဦးသေဆုံး မှ

ယခုဖြစ်စဉ်တွင် ပါလက်စတိုင်းဒုက္ခသည် အုပ်စုတစ်စုက အာရပ်၊ အစ္စရေးစစ်ပွဲပြီးဆုံးခြင်းအထိမ်းအမှတ် နက်ဆာနေ့ဖြစ်သော ဇွန် ၅ ရက်က အစ္စရေးဘက်မှ ထိန်းချုပ်ထားသည့် နယ်မြေအတွင်းသို့ သံဆူးကြိုးကာ ခြံစည်းရိုးများအား ဖြတ်ကျော်ဝင်ရောက်ရန် ကြိုးပမ်းရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာသတင်းထောက်များ၏ အဆိုအရ ယခုဖြစ်စဉ်ဖြစ်ပွားရာ မတ်ဂျဒယ်ရှမ်းစ် အရပ်အနီးရှိ တောင်ကုန်းတွင် ဆန္ဒပြသူ ၃၀၀ ခန့်စုဝေးခဲ့ပြီးနောက် ယင်းမှ လူ ၅၀ ခန့်က ခြံစည်းရိုးများကို ဖြတ်ကျော်ရန် ကြိုးပမ်းခဲ့ကြောင်း ဆိုသည်။



နက်ဆာနေ့သည် ၁၉၆၇ ခုနှစ် အာရပ်၊ အစ္စရေး ခြောက်ရက်စစ်ပွဲ အမှတ်တရနေ့ဖြစ်ပြီး၊ ထိုစစ်ပွဲတွင် အစ္စရေးတို့က ဂိုလန်ကုန်းမြင့်၊ အနောက်ဘက်ကမ်းခြေ၊ အရှေ့ဂျေရုဆလင်၊ ဂါဇာကမ်းမြောင်နှင့် ဆိုင်းနိုင်းဒေသ မြောက်ပိုင်းတို့ကို သိမ်းယူနိုင်ခဲ့သည်။ —*Ref: Xinhua*



# အစ္စရေးနိုင်ငံရေးခေါင်းဆောင် ဇီပီလစ်ဗနီ နှင့် အရှေ့အလယ်ပိုင်းရေးရာ အမေးအဖြေ

ကျော်မျိုး

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး အလားအလာဟာ ယခုကာလ အတွင်းမျှော်လင့်ချက်ပိုမိုတောက်ပ လာဖွယ်ရှိသယောင် ထင်ရပါတယ်။ ဒါပေမဲ့ ပါလက်စတိုင်းရဲ့ ပြိုင်ဘက်နှစ်ဖွဲ့ဖြစ်တဲ့ ဟားမားစ်နဲ့ ဖာတာအဖွဲ့တို့ ပူးပေါင်းမှုကို အစ္စရေးဘက်က သံသယတစ်စွန်းတစ်စရှိနေဆဲဖြစ်သလိုကန်သမ္မတ အိုဘားမားနဲ့ အစ္စရေးအစိုးရအကြား မကြာသေးမီက တင်းမာမှုအချို့ပေါ်လာခြင်းကလည်းငြိမ်းချမ်းရေးဆွေးနွေးမှုတွေကို လမ်းလွှဲစေနိုင်တဲ့အစွမ်းရှိနေပါတယ်။ ဒါကြောင့် ငြိမ်းချမ်းတဲ့ ပါလက်စတိုင်း-အစ္စရေး နှစ်နိုင်ငံ ပူးတွဲရပ်တည်ရေးနဲ့ အရှေ့အလယ်ပိုင်းရဲ့ သက်တမ်းအရှည်ဆုံး ပဋိပက္ခ အဆုံးသတ်ရေးမှာ အခန်းကဏ္ဍတစ်ခုက ပါဝင်နေသူတစ်ဦးကို နယူးစ်ဝိခ်မဂ္ဂဇင်းက မကြာသေးမီရက်ပိုင်းကပဲ အင်တာဗျူး လုပ်ခဲ့ပါတယ်။ သူမကတော့ အစ္စရေးနိုင်ငံခြားရေးဝန်ကြီးလည်းဖြစ်ဖူးပြီး ပြည်တွင်းအတိုက်အခံပါတီ ကာဒီမာရဲ့ ခေါင်းဆောင်တစ်ဦးလည်းဖြစ်တဲ့ မစ္စဇီပီ လစ်ဗနီပဲဖြစ်ပါတယ်။ ယင်းအင်တာဗျူးမှာမစ္စဇီပီဟာအစ္စရေးနဲ့သူမရဲ့ အနာဂတ်အကြောင်း တွေကိုပါ ပြောပြထားပါတယ်။

**အစ္စရေးအစိုးရနဲ့ သမ္မတအိုဘားမားတို့ကြားမှာ ဖိအားတွေရှိနေတာကို ဝန်ကြီး မစိုးရိမ်ဖူးလား။**

အစ္စရေးက လိုအပ်နေတဲ့ နောက်ဆုံးအရာကတော့ အမေရိကန်ပြည်တွင်းမှာ ရီပက်ဘလေကန်နဲ့ ဒီမိုကရက်တွေအကြား ချမှတ်ထားတဲ့ အစီအစဉ်မှာ တစ်စိတ်တစ်ပိုင်းပါဝင်နေဖို့ပါ။ အစ္စရေးနဲ့ ဆက်ဆံရေးတွေဟာ နှစ်ပါတီစလုံး ပါဝင်နေတာမျိုးဖြစ်သင့်ပါတယ်။ ဒါမျိုးကို အနာဂတ်မှာဖြစ်လာမယ်လို့လည်း မျှော်လင့်မိပါတယ်။

**(ပါလက်စတိုင်းရဲ့)ပြိုင်ဘက်နှစ်ဖွဲ့ဖြစ်တဲ့ ဖာတာနဲ့ ဟားမားစ်တို့ ပူးပေါင်းကြတာဟာ ပါလက်စတိုင်းနဲ့ စေ့စပ်ဆွေးနွေးမှုတွေ လုပ်နေတဲ့ဝန်ကြီးရဲ့ ယုံကြည်ချက်အပေါ် အကျိုးသက်ရောက်မှု ရှိနိုင်ပါသလား။**



ဒီနှစ်ဖွဲ့ ပေါင်းတာက အပြီးပေါင်းတာမဟုတ်ပါဘူး။ အဲဒါဟာ စေ့စပ်ညှိနှိုင်းထားမှုတစ်ခုပါ။ ပါလက်စတိုင်းညွန့်ပေါင်းအစိုးရကိုလည်း မဖွဲ့ရသေးပါဘူး။ ဒီသဘောတူညီချက်ဟာ သတင်းဆိုးပါပဲ။ ဒါပေမဲ့ ကျွန်မတို့ဟာ ကိုယ့်ကိုယ်ကိုယ် ပြန်မေးရပါမယ်။ ကျွန်မတို့နဲ့ဖြစ်နေတဲ့ ပဋိပက္ခကို အဆုံးသတ်ဖို့ မျှော်လင့်ထားတဲ့ လူတွေနဲ့ ကျွန်မတို့ ဘယ်လိုလက်တွဲနိုင်မလဲဆိုတာ မေးရပါမယ်။

**လာမယ့် စက်တင်ဘာလမှာ ကုလသမဂ္ဂကကြေညာမယ့် နိုင်ငံတည်ထောင်ကြောင်း ပါလက်စတိုင်းတို့ဘက်က တစ်ဖက်သတ်ကြေညာချက်ကို ဝန်ကြီးတို့ ဘယ်လိုလုပ်မှာပါလဲ။**

မျှော်မှန်းချက်ကတော့ ငြိမ်းချမ်းရေးရဖို့နဲ့ ပဋိပက္ခအဆုံးသတ်ဖို့ဆိုတာ ကျွန်မယုံကြည်ပါတယ်။ ဒါပေမဲ့ စက်တင်ဘာကိစ္စမှာ ငြိမ်းချမ်းရေးရဖို့ အကူအညီဖြစ်မယ်လို့တော့ ကျွန်မ မထင်မိဘူး။ မေးခွန်းအစစ်က ဘယ်သူမှန်တယ်၊ ဘယ်သူမှားတယ်မဟုတ်ပါဘူး။ ကျွန်မတို့ ကွဲပြားခြားနားတဲ့လမ်းကြောင်းတစ်ခု ဖန်တီးနိုင်မလားဆိုတာပါ။ နောက်ဆုံးမှာတော့ ကုလသမဂ္ဂဟာလည်း နိုင်ငံတည်ထောင်ပေးမှာ မဟုတ်ပါဘူး။ ကုလက ကြေညာချက်တစ်ခု ထုတ်ပေးမှာပါ။ စက်တင်ဘာမှာ ကြေညာချက်ထွက်လာပြီးရင်တောင်မှ နိုင်ငံတစ်နိုင်ငံတည်ထောင်ဖို့ လုပ်စရာတွေလိုပါဦးမယ်။

**အာရပ်နွေဦး (မကြာသေးမီက အာရပ်နိုင်ငံများတွင် ဖြစ်ခဲ့သော ဒီမိုကရေစီပြောင်းလဲမှုများကို ရည်ညွှန်းသည်) ဖြစ်လာတာ အစ္စရေးအတွက် ကောင်းသလား။**

ဒါကတော့ ဆောင်းဦးလား၊ နွေဦးလား ဆိုတဲ့အပေါ် မူတည်တယ်။ ကျွန်မတို့ဟာ နွေရာသီကိုကြုံရတော့မလား၊ ဆောင်းတွင်းကိုကြုံရတော့မလားဆိုတဲ့အပေါ်လည်း မူတည်နေတယ်။ လူငယ်တွေဟာ လမ်းတွေပေါ်ရောက်ခဲ့ပြီး ကိုယ့်အခွင့်အရေးကိုရှာဖွေကာ သူတို့ရဲ့ တိုင်းပြည်တွေကိုပြောင်းလဲတော့မှာပါ။ ဒီမိုကရေစီစနစ်တွေကို ကျွန်မတို့ ပိုမြင်ရတော့မှာပါ။ အဲဒါက ခေါင်းဆောင်တွေနဲ့တင်မကဘဲ ပြည်သူတွေကြားမှာလည်း ငြိမ်းချမ်းရေးဖြစ်စေဖို့ ကျွန်မတို့ကိုကူညီနိုင်မှာပါ။ ဒါပေမဲ့ အခြားဖြစ်နိုင်ခြေတစ်ခုကတော့ အစွန်းရောက်သမားတွေက နေရာယူလာပြီး ဒီမိုကရေစီစနစ်ကို ဆန့်ကျင်တဲ့ လမ်းစဉ် ပြန့်ပွားအောင် နိုင်ငံရေးစနစ်ကို အလွဲသုံးစားလုပ်လာမှာ စိုးရတာပါ။

**ဝန်ကြီးဟာ အသက် ၂၀ ကျော် အရွယ်တုန်းက ပါရီမှာ သူလျှိုတစ်ယောက်လုပ်ခဲ့ဖူးတယ်နော်။ ဟုတ်ပါသလား။**

ကျွန်မ မော့ဆက်(အစ္စရေးထောက်လှမ်းရေးအဖွဲ့)အတွက် နှစ်အနည်းငယ်လောက် အလုပ်လုပ်ပေးခဲ့ဖူးပါတယ်။

**ဝန်ကြီးအနေနဲ့ ကိုယ့်ဘဝ အမှတ်တရတွေကို တစ်နေ့မှာ မှတ်တမ်းစာအုပ်တွေရေးသားဖို့များ ရှိပါသလား။**

ကျွန်မ ရာထူးက အနားယူသွားရင်တော့ အစ္စရေးနဲ့မပတ်သက်တဲ့ ကိုယ်ပိုင်အမြင် မျှော်မှန်းချက်တစ်ခုတော့ရှိပါတယ်။ အဲဒါကတော့ ကျွန်မရဲ့အကြောင်းပါ။ ပင်လယ်နားမှာ နေတဲ့သူတစ်ယောက်ပေါ့။ အတိတ်ဖြစ်ရပ်တွေအကြောင်း ရေးဖြစ်ချင် ရေးဖြစ်မှာပါ။ အခုတော့ ကျွန်မ အနာဂတ်အတွက် ရေးဖို့လိုနေပါတယ်။

*—Ref: Newsweek, Interview: Tzipi Livni*

**ဇီပီလစ်ဗနီကိုယ်ရေးအကျဉ်း**

| | |
|---|---|
| အမည် | - ဇီပိုရာမယ်လ်ကာဇီပီလစ်ဗနီ |
| မွေးသက္ကရာဇ် | - ၈၊ ဇူလိုင် ၁၉၅၈ |
| ဇာတိ | - တဲလ်အဗစ် |
| ပညာရေး | - ဥပဒေဘွဲ့(ဘာလန်တက္ကသိုလ်) |
| တာဝန်ထမ်းဆောင်ခဲ့သောရာထူးများ | - ဒုဗိုလ်(အစ္စရေးတပ်မတော်) |
| | - အစ္စရေးလွှတ်တော် Knesset ၏ အဖွဲ့ဝင် (၁၉၉၉) |
| | - အစ္စရေးအိုးအိမ်နှင့် ဆောက်လုပ်ရေးဝန်ကြီး (၂၀၀၄-၀၅) |
| | - လူဝင်မှုကြီးကြပ်ရေးဝန်ကြီး (၂၀၀၃-၀၆) |
| | - စိုက်ပျိုးရေးဝန်ကြီး (၂၀၀၂-၀၃) |
| | - တရားရေးဝန်ကြီး (၂၀၀၆-၀၇) |
| | - နိုင်ငံခြားရေးဝန်ကြီး(၂၀၀၆-၀၉) |
| | - အစ္စရေးအတိုက်အခံပါတီကြီး ကာဒီမာ၏ ခေါင်းဆောင် (၂၀၀၉မှ လက်ရှိအချိန်ထိ) |



## အီတလီဒေသခံ ရွေးကောက်ပွဲများတွင် ဘာလူစကိုနီ၏ ညွန့်ပေါင်းအဖွဲ့ အကြီးအကျယ်ရှုံးနိမ့်

**မီလန်၊ မေ - ၃၁**

အီတလီနိုင်ငံဝန်ကြီးချုပ် ဆီလ်ဗီယိုဘာလူစကိုနီ၏ ဗဟိုလက်ယာယိမ်းညွန့်ပေါင်းမဟာမိတ်အဖွဲ့သည် မေလ ၃၀ ရက်က အီတာလျံမြို့ကြီးများဖြစ်သော မီလန်နှင့် နေပယ်တို့တွင်ပြုလုပ်ခဲ့သည့် ဒေသခံရွေးကောက်ပွဲများ၌ အကြီးအကျယ်ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။ ဘာလူစကိုနီ၏ ဒေသခံမြို့ဖြစ်သော မီလန်တွင် အီတလီ၏ အဓိကအတိုက်အခံအုပ်စုဖြစ်သော ဒီမိုကရက်တစ်ပါတီ(PD)မှ ဂီယူလီယာနိုပီဆတ်ပီယာက ဒေသခံရွေးကောက်ပွဲတွင် မြို့တော်ဝန်အဖြစ် ရွေးချယ်ခြင်းခံရသည်။ ၎င်းသည် ရွေးကောက်ပွဲတွင် ဘာလူစကိုနီမဟာမိတ်အဖွဲ့မှ မြို့တော်ဝန်ဟောင်း လတ်တီဇီယာမိုရက်တီကို မဲအရေအတွက် ၅၅ ဒသမ ၁ ရာခိုင်နှုန်းဖြင့် အနိုင်ရခဲ့သည်။ မေလ ၂၉ နှင့် ၃၀ ရက်နေ့များကပြုလုပ်ခဲ့သော အီတလီပြည်နယ်များနှင့် မြို့တော်ကြီးများ၏ ဒေသခံရွေးကောက်ပွဲများတွင် မည်သည့်ကိုယ်စားလှယ်လောင်းကမှ ပထမအဆင့် မဲပေးပွဲ၌ မဲအရေအတွက် ၅၀ ရာခိုင်နှုန်းကျော်ဖြင့် အနိုင်ပြတ်သားခဲ့ခြင်းမရှိပေ။ မီလန်မြို့အပြင်ဘက် အာကိုရီတွင်လည်း ဗဟိုလက်ဝဲယိမ်းအတိုက်အခံအမတ် ရီဆယ်လ်ဘာကိုလံဘိုက မဲ ၁၃ ရာခိုင်နှုန်းအသာဖြင့် မြို့တော်ဝန်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။ နေပယ်မြို့တွင်လည်း ဗဟိုလက်ဝဲယိမ်းအမတ်လောင်း လူအီဂျီဒီမာဂျစ်စထရစ်က မြို့တော်ဝန်အဖြစ် ရွေးကောက်ခံခဲ့ရသည်။

*—Ref: Xinhua*

7 DAY NEWS JOURNAL

# Entertainment

Vol.10, No.12 • JUNE 9, 2011

C talk

## ယုသန္တာတင် ပြောတဲ့ မော်ဒယ်လ်ဘဝ ဖြတ်သန်းမှု

ချမ်းခိုက်ခိုက်

"သူငယ်ချင်း"သီချင်းထဲမှာ သရုပ်ဆောင်တဲ့ ကောင်မလေးအဖြစ် လူသိများလာပြီး ကုန်ပစ္စည်းကြော်ငြာတွေမှာ ဆွဲဆောင်မှုရှိတဲ့ မျက်နှာအနေအထားကြောင့် ပရိသတ်တွေ သတိပြုမိလာသူက မော်ဒယ်လ်ယုသန္တာတင်ပါ။ အခုဆိုရင်မော်ဒယ်လ်လောကမှာနေရာတစ်နေရာ ဆုပ်ကိုင်ထားနိုင်ပြီလို့ ပြောရမယ့် သူမက သူမဖြတ်သန်းခဲ့ရတဲ့ မော်ဒယ်လ်ဘဝဖြတ်သန်းမှုတွေကို မျှဝေခဲ့ပါတယ်။

အစတုန်းက မော်ဒယ်လ်လုပ်ဖို့လုံးဝရည်ရွယ်ချက်မရှိဘူး။ သမီး ဆယ်တန်းအောင်တဲ့အချိန်မှာ နိုင်ငံခြားမှာကျောင်းသွားတက်တာတွေက အရမ်းခေတ်စားတယ်။ အဲဒါနဲ့ သမီးလည်းနိုင်ငံခြားမှာ ကျောင်းသွားတက်ချင်တယ်လို့ အိမ်ကိုခွင့်တောင်းတယ်။ အိမ်က အစကတော့ခွင့်မပြုချင်ဘူး။ နောက်ပိုင်းမှ သင်တန်းတွေတက်ခိုင်း၊ စာမေးပွဲဖြေခိုင်းပြီးတော့ အိမ်ကခွင့်ပြုလိုက်တဲ့အချိန်မှာ နိုင်ငံခြားသွားဖို့ အဆင်သင့် ဖြစ်နေပြီ။ အဲဒီအချိန်မှာ သူငယ်ချင်းတစ်ယောက်က နိုင်ငံခြားမှာ နေတယ်ဆိုရင် နေတတ်စားတတ်ဖို့အတွက် မော်ဒယ်လ်သင်တန်းတက်ဖို့ပြောတယ်။ ဒါနဲ့ ကိုဂျွန်လွင်ဆီမှာ သင်တန်းတက်ဖြစ်တယ်။ သင်တန်းတက်နေရင်းနဲ့ ကိုဂျွန်က ပွဲတွေမှာ လျှောက်ဖို့ခေါ်တယ်။ သမီး ဒီအလုပ်မလုပ်ဘူး။ နိုင်ငံခြားသွားမှာမို့လို့မလျှောက်ပါရစေနဲ့လို့ ပြောပြီးငြင်းခဲ့တယ်။ သင်တန်းပြီးသွားတော့ နိုင်ငံခြားသွားဖို့ ကျောင်းက လှမ်းမခေါ်သေးတဲ့အချိန်မှာ ကိုဂျွန်က ကြော်ငြာရိုက်ဖို့ ပြောတော့ ကြော်ငြာရိုက်ဖြစ်တယ်။ ကြော်ငြာထဲက ကိုယ့်ပုံကိုယ် ပြန်ကြည့်ပြီး အရမ်း သဘောကျသွားတယ်။



ကြော်ငြာကို သုံးခုလောက်ဆက်တိုက်ရိုက်ပြီး ကိုယ့်ပုံတွေကိုယ်ပြန်ကြည့်လိုက်တော့ အရမ်းကြိုက်ပြီး နိုင်ငံခြား လုံးဝမသွားချင်တော့ဘူး။

ကျောင်းတက်ဖို့ရည်မှန်းချက်ကို စွန့်လွှတ်လိုက်ပြီးတော့ မော်ဒယ်လ် တစ်ယောက်ဖြစ်အောင် ကြိုးစားခဲ့တယ်။ နောက်ပိုင်းမှာ ပြိုင်ပွဲတွေလည်း ဝင်ပြိုင်ကြည့်တယ်။ Now How မှာ 1st Runner Up နဲ့ Most Popular ရတယ်။ ထိုင်းသံရုံးက မယ်တန်ဆောင်တိုင်ပြိုင်ပွဲမှာ ဒုတိယ ရတယ်။ ခုနောက်ဆုံး Miss ငွေဆောင်ပြိုင်ပွဲမှာ Miss ငွေဆောင်ဆုရခဲ့တယ်။ ဒါက ကျွန်မရဲ့ မော်ဒယ်လ်ဘဝဖြတ်သန်းမှုပေါ့။

အရင်တုန်းက ထင်ခဲ့တာက မော်ဒယ်လ်ဘဝမှာ Miss ဆုတွေ ရသွားပြီဆိုရင် အနုပညာလမ်းကြောင်းကိုဝင်ဖို့ အရမ်းအခက်အခဲမရှိတော့ဘူး။

စာ(၄၉)သို့

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)



## KARA



ဂျပန်ပရိသတ်များ အသည်းစွဲဖြစ်နေတဲ့ တောင်ကိုရီးယားရဲ့ အအောင်မြင်ဆုံး မိန်းကလေးဂီတအဖွဲ့ Kara၏ လာမည့်ဇွန်လ ၁၁ရက်တွင် ဂျပန်နိုင်ငံ၌ ပြုလုပ်မည့် ပရိသတ်များနှင့် တွေ့ဆုံ ပွဲကို ဂျပန်တစ်နိုင်ငံလုံး ကြည့်ရှုနိုင်ရန် 84 Movie theatres ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။ Karaအဖွဲ့သည် အာရှတွင်သာမက အမေရိကန်နိုင်ငံထိပါဂီတခြေလှမ်းများစလှမ်းနေပြီး သူမတို့၏ သီချင်းများကိုလည်း ဂီတရုပ်သံလိုင်း Channel Vတွင် မကြာခဏ ထုတ်လွှင့်ပြသလျက်ရှိသည်။

Ref; KBS

## ချစ်သူအသစ်ရသွားတယ်လို့ သတင်းကြီးနေတဲ့ လီယိုနာဒို

**လော့စ်အိန်ဂျလိစ်၊**

**ဇွန် - ၄**

Titanic၊ Black Diamond နှင့် Inception ဇာတ်ကားများ၏ စတားမင်းသား လီယိုနာဒိုဒီကက်ပရီယိုသည် Gossip Girl ဇာတ်ကား၏ မင်းသမီးချော ဘလိတ်ခ်လစ်ဗလီနှင့်မကြာသေးမီက လက်တွဲလျက်ရှိကြောင်း သတင်းများက ဖော်ပြလိုက်သည်။



မင်းသားလီယိုနာဒိုနှင့် လစ်ဗလီတို့နှစ်ဦး မကြာသေးမီက အီတလီနိုင်ငံသို့သွားသော ခရီးစဉ်တစ်ခုတွင် နီးကပ်စွာ ဖက်လျက်သားတွေ့ခဲ့ရကာ ပြီးခဲ့သော ကိန်းရုပ်ရှင်ပွဲတော် ကျင်းပစဉ်ကာလအတွင်း ၎င်းတို့ကိုဒါရိုက်တာ စတီဗင်စပီးလ်ဘာ့ဂ်၏ တဲ၌လည်း တွေ့ခဲ့ရကြောင်း သတင်းများ ထွက်ပေါ်ခဲ့ပြီး နှစ်ယောက်သား တွဲလျက်ဓာတ်ပုံများလည်း အင်တာနက်ပေါ် ပျံ့နှံ့ခဲ့သည်။

လီယိုနာဒိုနှင့် နီးစပ်သူတစ်ဦးကလည်း မင်းသားသည် သူငယ်ချင်းတစ်ဦး၏ မင်္ဂလာဆောင်ကိုမြင်ခဲ့ပြီးနောက် မိသားစုဘဝကို ထူထောင်ချင်ကြောင်း ဝန်ခံခဲ့သည်ဟုဆိုသည်။ မင်းသား လီယိုနာဒိုသည်ယခင်လက်တွဲဖော်စူပါမော်ဒယ်လ် ဘားရာဖေးလီနှင့် လက်တွဲစဉ်ကလည်း မိသားစုဘဝစတင်လိုကြောင်း ပြောခဲ့သော်လည်းငြင်းဆန်ခံခဲ့ရသည်ဟုသိရသည်။ ယခုအခါမင်းသမီးဘလိတ်ခ်ကိုလီယိုနာဒိုနှင့်ကာလရှည်လက်တွဲသွားဖွယ် ရှိ၊ မရှိ ဆက်လက်စောင့်ကြည့်ရဦးမည်ဟု မီဒီယာများက ဆိုထားသည်။

—Ref: Showbiz

7 DAY NEWS JOURNAL
Vol.10, No.12 • JUNE 9, 2011



# နောက်ဆုံးထွက် ဂီတဗီဒီယိုကို ကာကွယ်ပြောကြားတဲ့ ရီဟာန်းနား

**လော့စ်အိန်ဂျလိစ်၊ ဇွန် – ၄**

အမေရိကန်ဂီတလောက၏ နာမည်ကျော် R & B အဆိုတော် ရီဟာန်းနားသည် အမျိုးသားတစ်ဦးအား သေနတ်နှင့် ပစ်သတ်ပုံကို ဖော်ပြထားသည့် သူမ၏ နောက်ဆုံးထွက် ဂီတဗီဒီယိုနှင့်ပတ်သက်၍ ယင်းမှာ အမျိုးသမီးများအား စိတ်ခွန်အားပေးရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ခုခံကာကွယ်ပြောကြားလိုက်သည်။


အဆိုပါ Man Down ဂီတဗီဒီယိုတွင် ရီဟာန်းနားက သူမအား လိင်ပိုင်းစော်ကားရန်ကြိုးစားသော အမျိုးသားတစ်ဦးကို သေနတ်နှင့် ပစ်ခတ်ခဲ့ပုံကို ဖော်ပြထားရာ ဝေဖန်သူများက ယင်းပြကွက်မှာ ရက်စက်ကြမ်းကြုတ်သည်ဟု ဝေဖန်ခဲ့ကြသည်။ သို့သော် ရီဟာန်းနာက Black Entertainment Television သို့ Man Down ဂီတဗီဒီယိုသည် အမျိုးသမီးများအား အနိုင့်အထက်ပြုမှုအကြောင်းကို ရည်ရွယ်သရုပ်ဖော်ထားခြင်းသာဖြစ်ကြောင်းဆိုသည်။

သူမက "အနိုင့်အထက်ပြုမှုတွေက တစ်ကမ္ဘာလုံးမှာဖြစ်နေတာပါ။ ကျွန်မတို့ဟာ ဒါတွေကို ဆက်ကာကွယ်သွားရပါမယ်။ ဒီဗီဒီယိုကြောင့် မိန်းကလေးတွေ အားတက်စေမှာပါ။ ကျွန်မရဲ့ ပရိသတ်တွေ လက်ခံပေးကြတာကို တကယ်ဝမ်းသာပါတယ်"ဟုပြောသည်။ ရီဟာန်းနာ၏ Man Down ဂီတဗီဒီယိုသည် သူမ၏ နောက်ဆုံးထွက် အယ်လ်ဘမ် Lond မှ သီချင်းကိုရိုက်ကူးကာ ပြီးခဲ့သည့် အပတ်ကမှဖြန့်ချိခဲ့ခြင်းဖြစ်သည်။

—Ref: Reuters




## ဟောလိဝုဒ်ကျော်ကြားသူများလျှောက်လမ်းမှာ ဂုဏ်ပြုခံရတဲ့ ရှန်နီယာတွိန်း



**လော့စ်အိန်ဂျလိစ်၊ ဇွန် – ၄**

ကနေဒါမှ ကျေးလက်ဂီတအဆိုတော် ရှန်နီယာတွိန်းသည် ဟောလိဝုဒ်၏ ကျော်ကြားသူများလျှောက်လမ်း Walk of Fame တွင် သူမ၏အမည်ဖြင့် လမ်း၏ ၂,၄၄၂ ခုမြောက် ကြယ်ပွင့်ကို ရေးထိုးဂုဏ်ပြုခြင်းခံခဲ့ရကြောင်း သိရသည်။

ဂရမ်မီဆု ငါးကြိမ်ရထားသည့် အဆိုတော်တွိန်းက ယခုကဲ့သို့ ဂုဏ်ပြုခံရမှုနှင့်ပတ်သက်၍ 'အံ့ဩဖွယ်ရာ'ဖြစ်ကြောင်းဆိုခဲ့သည်။ သူမက "အွန်တေရီယို ပြည်နယ်၊ တင်မ်မင်းက မိန်းကလေးတစ်ဦးဟာ ဒီမှာရပ်လို့ ဟောလိဝုဒ်ကျော်ကြားသူများလျှောက်လမ်းမှာကြယ်တစ်ပွင့်ရတယ်ဆိုတာ ဘာကြောင့်လဲဆိုတာတောင် ကျွန်မ တကယ်မသိတော့ဘူး"ဟု အံ့ဩဝမ်းသာစွာ ဆိုသည်။ တွိန်း (၄၅ နှစ်)သည် ယခု ဂုဏ်ပြုပွဲသို့ ရွှေကမ္ဘာလုံးဆုဆန်ခါတင်စာရင်းဝင် မော်ဒယ်လ်မင်းသမီး ဘိုဒါရက်၊ အခြားသော အနုပညာရှင်များ၊ ပရိသတ်များနှင့်အတူ တက်ရောက်ခဲ့သည်။

တွိန်းသည် ပြီးခဲ့သည့်လကလည်း သူမ၏ ကိုယ်ရေးအမှတ်တရစာအုပ် From This Moment On ကိုထုတ်ဝေခဲ့ပြီး စာအုပ်မှာ အရောင်းရဆုံးစာရင်းဝင်ခဲ့သည်။ ရှန်နီယာတွိန်းသည် အသက် ၁၀ နှစ်အရွယ်တွင် သီချင်းများ ရေးစပ်ခဲ့ပြီး ကနေဒါရုပ်သံ၌ အသက် ၁၃ နှစ်အရွယ်တွင် သီချင်းများစတင်သီဆိုခဲ့သည်။ သူမ၏ ဒုတိယမြောက် အယ်လ်ဘမ် The Women In Me သည် ၁၉၉၅ ခုနှစ်တွင် ထွက်ရှိခဲ့ပြီး ဓာတ်ပြားချပ်ရေ ၁၂ သန်းကျော် ရောင်းချခဲ့ရကာ ၁၉၉၆ ခုနှစ်တွင် အကောင်းဆုံး ကျေးလက်ဂီတ အယ်လ်ဘမ်အဖြစ် ဂရမ်မီဆုဆွတ်ခူးခဲ့သည်။ သူမ၏ ၁၉၉၇ ခုနှစ်တွင် ထွက်ရှိသော တတိယအယ်လ်ဘမ် Come on Over မှာမူ အမေရိကန်နိုင်ငံတွင် ကော်ပီပေါင်းသန်း ၂၀ ရောင်းချခဲ့ရပြီး၊ ခေတ်အားလုံး၌ အရောင်းရဆုံး ကျေးလက်ဂီတအယ်လ်ဘမ်ဖြစ်ခဲ့သည်။ သူမသည် လက်ရှိတွင်လည်း ကနေဒါနိုင်ငံ၌ ဆလင်းဒီယွန်ပြီးနောက် ဒုတိယမြောက်အယ်လ်ဘမ်များ အရောင်းရဆုံး အနုပညာရှင်ဖြစ်သည်။

—Ref: AP

7DAY NEWS JOURNAL
Vol.10, No.12 • JUNE 9, 2011

## စာ - ၄၇၊ ယုသန္တာတင်မှ

Miss တစ်ယောက်ဖြစ်တဲ့အတွက် အလုပ်လည်း ပိုလုပ်လာရမယ်လို့ပဲ တွက်ထားမိတာ။ ဒါပေမဲ့ သမီးကျတော့ ထူးခြားသွားတာက Miss ငွေဆောင်ဆုရသွားတဲ့ အချိန်မှာ ကမ်းခြေရဲ့ကိုယ်စားလှယ် Ambassador အဖြစ်သမီးနဲ့ ကိုဩရသနဲ့ကိုခန့်လိုက်တယ်။

ငွေဆောင်နဲ့ပတ်သက်တဲ့ လုပ်ငန်းတွေအားလုံး လုပ်ခွင့်ရှိတယ်။ ကမ်းခြေရဲ့ကိုယ်စားလှယ်ဆိုတော့ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း ကိုယ်စားပြုအနေနဲ့ပြည်ပခရီးစဉ်တွေသွားခွင့်ရခဲ့တယ်။ ပထမဆုံး လေကြောင်းလိုင်းဖွင့်ပွဲအတွက်ကမ္ဘောဒီးယားကို သွားခွင့်ရခဲ့တယ်။ အခုသီရိလင်္ကာနိုင်ငံရဲ့ ဗုဒ္ဓသာသနာနှစ် ၂၆၀၀ ပြည့်ပွဲကြီးကို သွားခွင့်ရခဲ့တယ်။ ခုလိုပြိုင်ပွဲတစ်ခုကိုဝင်ပြိုင်ပြီးနိုင်ငံခြားခရီးစဉ်တွေသွားခွင့်ရတာကို ကျေနပ်တယ်။ ကိုယ့်ဘာသာကိုယ်ဆိုလည်း နိုင်ငံခြားကတော့ ရောက်ဖြစ်နေပေမယ့် အခုလိုအလုပ်နဲ့သွားရတော့ကိုယ့်ကိုယ်ကိုယ်ပိုထိန်းကျောင်းရတယ်။ အနေအထိုင်၊အပြောအဆိုကအစ ကိုယ်လုပ်တဲ့အပြုအမူတွေအကုန်လုံးကကိုယ်စားပြုသွားရမယ့်အဖွဲ့ အစည်းအပေါ် မူတည်နေတော့ အစစအရာရာ ဂရုစိုက်ရတယ်။ လေ့လာမှုတွေလည်းအများကြီး လုပ်ရတယ်။

ပညာတတ်တစ်ယောက်ဖြစ်ချင်တဲ့ ရည်မှန်းချက်က အခုထိတော့ရှိသေးပေမယ့် အရင်ကလောက်တော့ အားကြိုးမာန်တက်မဟုတ်တော့ဘူး။ တစ်ဖက်ကလည်းအနုပညာ အလုပ်လုပ်နေတော့ ပညာရေးဘက်မှာလည်း ထိုက်သင့်တဲ့ပညာရပ်တစ်ခုကို လေ့လာဖို့ စိတ်ကူးတော့ ရှိပါတယ်။ ကိုယ်ဝါသနာပါတဲ့ အနုပညာအလုပ်ကိုလည်း ထွန်းထွန်းပေါက်ပေါက်ဖြစ်အောင် ကြိုးစားမယ်။ ဒါပေမဲ့ တစ်ခုရှိတာက ကိုယ်က Miss ရခဲ့ရင် ကိုယ်ရခဲ့တဲ့ ဆုအပေါ် တန်ဖိုးထားပြီး နေတတ်ဖို့လိုပါတယ်။ ဒါမှ ကိုယ့် Role လေးနဲ့ကိုယ်ရှိမှာပေ့ါ။

အရင်ကတော့ မော်ဒယ်လ်တစ်ယောက်၊ သရုပ်ဆောင်တစ်ယောက်ဆိုတဲ့ ဘဝလေးကိုပျော်တယ်။ ခုကျတော့မော်ဒယ်လ်ဘဝနဲ့သွားရတဲ့ပြည်ပခရီးစဉ်တွေကများလာတော့ ကိုယ့်မှာ ဗဟုသုတလည်း တိုးလာတယ်။ အသိပညာတွေလည်းတိုးလာတယ်။ သူတို့နိုင်ငံတွေမှာ ဘာလုပ်ငန်းတွေလုပ်ကြလဲ၊ အရမ်းအောင်မြင်နေတဲ့သူတွေ ဘယ်လိုကြိုးစားလဲ၊ ဘယ်လိုအောင်မြင်အောင်လုပ်ကြလဲဆိုတာသူတို့နဲ့စကားပြောကြည့်ရင်း လေ့လာတယ်။

ပြိုင်ပွဲတွေရဲ့မသမာမှုတွေကို ကြုံခဲ့ရတဲ့အချိန်တုန်းကတော့ မသိခဲ့ဘူး။ ပွဲပြီးသွားတော့မှပဲ သိလိုက်ရတော့တယ်။ ဒါပေမဲ့ ကိုယ်ကအဲဒီအချိန်မှာ အရမ်း စိတ်မကောင်းဖြစ်သွားတယ်။ ကိုယ့်ရဲ့ အနုပညာသက်တမ်းက အရမ်းနုသေးတော့ ဒီဒဏ်တွေကို မခံနိုင်ဘူး။ အခုတော့ သိသွားတယ်။ ကိုယ်နဲ့မထိုက်လို့ အကြောင်းကြောင်းကြောင့် ဖယ်သွားတယ်။ သူများတွေဘယ်လိုလုပ်လုပ် ဒီဆုက ကိုယ်နဲ့ထိုက်ရင် ကိုယ်ရမှာပဲလို့ဖြေတတ်သွားတယ်။ စိတ်ပျက်တာ၊ အားငယ်တာတွေဖြစ်တယ်။ ဒီလိုမျိုးတွေကြုံရတဲ့အခါ လူတစ်ယောက်မှာစိတ်ဓာတ်ပိုင်းဆိုင်ရာကိုပါထိခိုက်သွားတယ်။ ဒီပြိုင်ပွဲမှမဟုတ်ဘူး။ နောက်ပြိုင်ပွဲတွေဝင်တဲ့အခါလည်း အဲဒီလူကကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုအရမ်းနည်းသွားတယ်။ အဲဒီဒဏ်ကိုတော့ကြံ့ကြံ့ခံနိုင်ရမှာပေ့ါ။

ရုပ်ရှင်ရိုက်ဖို့လာကမ်းလှမ်းထားတာတွေရှိပေမယ့် ကိုယ့်ကိုယ်ကိုယ် ရုပ်ရှင်ရိုက်ကူးဖို့အတွက် အဆင်သင့် မဖြစ်သေးဘူးလို့ထင်တယ်။ လူကြီးတွေနဲ့လည်း တိုင်ပင်ထားတယ်။

ဒီလောကထဲ ဝင်မယ့် မျိုးဆက်သစ်မော်ဒယ်လ်လေးတွေကို ဒီကဏ္ဍကနေ ပြောချင်တာက ကြိုးစားပါ။ ရိုးသားဖို့လည်းလိုတယ်။ ရိုးသားပြီး ကြိုးစားတဲ့လူတစ်ယောက်အတွက်က ချက်ချင်းကြီး မအောင်မြင်ရင်တောင်မှ ရိုးသားမှုကိုအသိအမှတ်ပြုပေးတဲ့ မှတ်တိုင်လေးတစ်ခုတော့ရှိလာမှာပါလို့။



## အဆိုတော် ဝှစ်တနေဟောက်စတန် အဆုတ်ရောဂါဖြစ်နေပြီဟု သတင်းပြန့်

လော့စ်အိန်ဂျလိစ်၊ ဇွန် - ၄

အမေရိကန် R & B အဆိုတော် ဝှစ်တနေဟောက်စတန်သည် အဆုတ်ရောဂါခံစားနေရကြောင်း National Enquirer စာစောင်က ဖော်ပြလိုက်သည်။

ယင်းစာစောင်၏အဆိုအရဝှစ်တနေ(၄၇ နှစ်)သည် အဆုတ်ရောဂါခံစားနေရ၍ ဆေးလိပ်ဖြတ်ရန် ဆရာဝန်များက တိုက်တွန်းခဲ့ကြကြောင်း၊ ဆေးလိပ်မဖြတ်ပါက ရောဂါကြောင့်သေဆုံးနိုင်ကြောင်း သတိပေးခံခဲ့ရသည်ဟုသိရသည်။ နီးစပ်သူတစ်ဦးကလည်း "ဝှစ်တနေဟာ အဆုတ်ပွရောဂါဖြစ်စပြုနေပါတယ်။ သူမရဲ့ ဆရာဝန်တွေကလည်း ဆေးလိပ်မဖြတ်ရင် သေနိုင်တယ်လို့ သတိပေးထားပါတယ်"ဟုပြောသည်။

သတင်းတစ်ခုကလည်း ဝှစ်တနေ၏ ၁၈နှစ်အရွယ်သမီးငယ်ဘော်ဘီခရစ္စတီးနားသည် ယခုအခါမိခင်အား ဆေးလိပ်ဖြတ်ရန် တွန်းအားပေးနေကြောင်းဆိုခဲ့သည်။ သို့သော် နောက်ဆုံးရသတင်းများမှ ဆီယက်တဲလ်ပို့စ်အင်တယအ်လီဂျန်ဆာသတင်းကမူ ဝှစ်တနေ၏ ကိုယ်စားလှယ်ဖြစ်သူက ၎င်း၏အဆိုတော်တွင် အဆုတ်ရောဂါဖြစ်နေသည်ဆိုသော သတင်းများကို မကြာသေးမီက ငြင်းဆန်လိုက်ကြောင်းသိရသည်။

—Ref: Showbiz/Seattle Post



## ငယ်ဘဝကအနိုင်ကျင့်ခဲ့သူတွေနဲ့ ပြန်တွေ့ရင် ပွေ့ဖက်နှုတ်ဆက်မယ်လို့ပြောတဲ့ တေလာဆွဖ်

နယူးယောက်ခ်၊ ဇွန် - ၃

ယူအက်ဒေဝိခ်အန်းသတင်းစာမှပြုလုပ်သည့်ပရိသတ်များအမေး၊ တေလာဆွဖ်ဖြေသည့်ကဏ္ဍတွင် ပရိသတ်များမေးမြန်းသည့် မေးခွန်းများအနက်မှငယ်ဘဝကအနိုင်ကျင့်ခဲ့သူများနှင့် ပြန်တွေ့လျှင်မည်သို့ပြုလုပ်မည်နည်းဟုပရိသတ်များ၏ အမေးကိုကန်းထရီးအဆိုတော်မလေး တေလာဆွဖ်က 'ကျွန်မ သူတို့ကိုပွေ့ဖက်လိုက်မယ်'ဟု ပြန်ဖြေသည်။

ထို့ပြင်အထက်တန်းကျောင်းများတွင် အနိုင်ကျင့်ခံရသောကျောင်းသူလေးများကို မည်သို့အကြံဉာဏ်များ ပေးလိုသလဲဟု မေးမြန်းရာ ကျွန်မအထင်ကြီးလေးစားဆုံးနဲ့ဉာဏ်ပညာရှိတဲ့သူတွေဟာ ကျောင်းမှာအနိုင်ကျင့်ခံရတဲ့မထင်မရှားကျောင်းသား၊ကျောင်းသူလေးတွေပါ။ သူတို့ဟာအနိုင်ကျင့်ခံရတဲ့အတွက် ခံစားခဲ့ရတဲ့ စိတ်ခံစားမှုတွေကြောင့် စိတ်ဓာတ်တွေခိုင်မာလာလေ့ရှိကြပါတယ်။ သူတို့ကိုပြောချင်တာက ဘဝကိုဘယ်တော့မှအရှုံးမပေးပါနဲ့လို့။ ကျွန်မဆိုရင်တော့ ကိုယ့်ကိုလာ အနိုင်ကျင့်လို့ ခံစားလာရတဲ့ ခံစားချက်တွေကို သီချင်းရေးခဲ့ပါတယ်ဟု တေလာဆွဖ်ကပြောကြားသည်။ တေလာဆွဖ်သည်ငယ်စဉ်ကအထက်တန်းကျောင်းတွင်အတန်းဖော်များ၏ လှောင်ပြောင်မှုကိုခံခဲ့ရပြီး အနိုင်ကျင့်ခံခဲ့ရသဖြင့် ကျောင်းမပျော်သည့်ကလေးတစ်ယောက်ဖြစ်ခဲ့သည်။ Ref : US weekly

## TOP 10 MOVIES IN AMERICA

ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Hangover Part I | N/A | ၁၃၅,၀၃၇,၂၄၂ | ၁ |
| ၂။ | Kung Fu Panda 2 | DreamWorks Animation | ၆၆,၆၇၅,၃၀၄ | ၁ |
| ၃။ | Pirates of the Caribbean: On Stranger Tides | N/A | ၁၆၃,၆၀၇,၆၂၅ | ၂ |
| ၄။ | Bridesmaids | Universal | ၈၉,၃၄၃,၄၆၅ | ၃ |
| ၅။ | Thor | Paramount | ၁၆၂,၄၃၉,၄၄၄ | ၄ |
| ၆။ | Fast Five | N/A | ၁၉၇,၃၀၈,၇၅၀ | ၅ |
| ၇။ | Midnight in Paris | N/A | ၃,၄၆၀,၁၉၄ | ၂ |
| ၈။ | RIO | 20th Century Fox | ၁၃၅,၄၈၄,၈၄၅ | ၇ |
| ၉။ | Jumping the Broom | Columbia Tristar | ၃၄,၆၆၆,၅၀၂ | ၄ |
| ၁၀။ | Something Borrowed | Warner Bros | ၃၅,၁၉၂,၅၁၈ | ၄ |

## Movie Review

### Super 8




၁၉၇၉ ခုနှစ်ကဖြစ်သည်။ အိုဟိုင်းယိုးပြည်နယ် မြို့ငယ်လေးတစ် မြို့တွင် Super 8ဆိုသော ရုပ်ရှင်ကားရိုက်ကူးနေစဉ် ရထားတစ်စီးတိမ်းမှောက်၍ လူအများ သေကျေပျက်စီးသွားသည်ကို သူငယ်ချင်းအုပ်စု မျက်မြင်ကိုယ်တွေ့ကြုံတွေ့လိုက်ရသည်။ ယင်းဖြစ်ရပ်ဖြစ်ပြီး မကြာမီမှာပင် မြို့ငယ်လေးက လူအများအကြောင်းမရှိပျောက်ပျောက်သွားပြီး ထူးဆန်းသည့်အဖြစ်အပျက်များလည်း ဖြစ်ပေါ်လာသည်ကို ကြုံတွေ့လာရသည်။ ဒေသခံရဲအရာရှိကလည်း နောက်ကွယ်မှ အမှန်တရားကိုဖော်ထုတ်ရန် ကြိုးစားသောအခါ ၎င်းတို့ ထင်မှတ်မထားသည့် ထိတ်လန့်စရာအဖြစ်အပျက်များပေါ် ထွက်လာပြီး. . . .

အက်ရှင်၊ စွန့်စားမှု၊ သည်းထိတ်ရင်ဖို၊ သိပ္ပံစိတ်ကူးယဉ်ဇာတ်ကား အား J.J. Abrams ကရိုက်ကူးထားပြီး Kyle Chandler၊ Elle Fanning၊ Ron Eldard၊ Noah Emmerich တို့ပါဝင်သရုပ်ဆောင်ထားသည်။ Paramount Pictures က ဇွန်လ ၁၀ ရက်နေ့တွင် ဖြန့်ချိမည်ဖြစ်သည်။

Sports
7 DAY NEWS JOURNAL
Vol.10, No.12 · JUNE 9, 2011



★★★အားကစားကြယ်ပွင့်★★★

# ၂၀၀၀ ခုနှစ်များရဲ့ အကောင်းဆုံးဘတ်စကက်ဘောကစားသမား

uab;b½i ,e

ကိုဘေးဘရိုင်ယန့်ဟာ ဘတ်စကက်ဘောကို စွဲစွဲမြဲမြဲအားပေးကြတဲ့ အမေရိကန်ပြည်ထောင်စုမှာတော့ နာမည်အကျော်ကြားဆုံး ကစားသမားတွေထဲက တစ်ယောက်ပါပဲ။ ကိုးဆယ်ခုနှစ်များမှာ အမေရိကန်ဘတ်စကက်ဘောလောကရဲ့ နာမည်အကြီးဆုံး မက်ဂျစ်ဂျွန်ဆင်နဲ့ မိုက်ကယ်ဂျော်ဒန်ဆိုရင် ပြီးခဲ့တဲ့ ၂၀၀၀ ခုနှစ်များကစလို့ နာမည်အကြီးဆုံးဟာ ကိုဘေးဘရိုင်ယန့်လို့ပဲ ညွှန်းရမှာပါ။ ကိုဘေးဟာ NBA ၏ All Star အသင်းမှာ (၁၃)ကြိမ်တိတိပါဝင်ခဲ့ဖူးသလို၊ All Star အသင်းရဲ့ တန်ဖိုးအကြီးဆုံးကစားသမားဆု Most Valuable Player ဆုကိုလည်း လေးကြိမ်ရရှိထားပါတယ်။ ၁၉၉၆ ခုနှစ်ကစလို့ လော့စ်အိန်ဂျလိစ်လိတ်ခ်ကာအသင်းမှာကစားခဲ့တဲ့ ကိုဘေးမှာ နောက်ထပ်ရထားတဲ့စံချိန်ကတော့ NBA ဘတ်စကက်ဘောပြိုင်ပွဲရဲ့သမိုင်းမှာ ၂၀၀၆-၀၇ ရာသီအတွင်း တစ်ပွဲထဲမှာ အမှတ် ၈၁ မှတ်ရအောင် ယူနိုင်ခဲ့တဲ့စံချိန်ပါ။ ဒါကြောင့် သူဟာ NBA သမိုင်းမှာလည်း ဝစ်ချိန်ဘာလိန်ရဲ့ အမှတ် ၁၀၀ ပြီးနောက် တစ်ပွဲတည်းမှာ အမှတ်အများဆုံးယူနိုင်တဲ့ ကစားသမားလည်းဖြစ်ပါတယ်။ Sporting News နဲ့ TNT သတင်းဌာနတွေကတော့ ၎င်းကို ၂၀၀၀ ခုနှစ်များရဲ့ ဆယ်စုနှစ်အကောင်းဆုံးကစားသမားအဖြစ် သတ်မှတ်ထားပါတယ်။

**ငယ်ဘဝဖြတ်သန်းမှု**

ကိုဘေးဘရိုင်ယန့်ကို ၁၉၇၈၊ ဩဂုတ် ၂၃ မှာ ဖီလာဒီဖဲယားမြို့မှာ မွေးခဲ့ပါတယ်။ NBA ပြိုင်ပွဲဝင် ဟောက်စတန်ရော့ကတ်အသင်းရဲ့ ကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ ဂျိုးဘရိုင်ယန့် ဟာ ကိုဘေးကို မမွေးခင် စားသောက်ဆိုင်မှာ ညစာသွားစားခဲ့ရာမှာ ဂျပန်'ကိုဘေးအမဲသား'ဟင်းလျာအမည်ကို မီနျူးစာရွက်မှာ တွေ့ခဲ့မိတာကြောင့် အဲဒါကိုအစွဲပြုပြီး သားငယ်ကို ကိုဘေးဘရိုင်ယန့်လို့ အမည်ပေးခဲ့တာဖြစ်ပါတယ်။ ကိုဘေးဟာ အသက်သုံးနှစ်သားအရွယ်ကပဲ ဘတ်စကက်ဘောကစားခဲ့ပြီး ထူးချွန်မှုကိုပြသခဲ့ပါတယ်။ ငယ်ဘဝတုန်းက သူ့ရဲ့အိပ်မက်ကစားသမားကတော့ မက်ဂျစ်ဂျွန်ဆင်ဖြစ်သလို သူကစားချင်ဆုံးအသင်းကလည်း လော့စ်အိန်ဂျလိစ် လိတ်ခ်ကာအသင်းပါပဲ။ ကိုဘေးဟာ သုံးနှစ်သားအရွယ်မှာပဲ ဖခင်က အီတလီနိုင်ငံမှာ ပရော်ဖက်ရှင်နယ်ကစားသမားအဖြစ်သွားရောက်ကစားရတာမို့ ဖခင်နဲ့အတူ မိသားစုအလိုက် ပြောင်းရွှေ့ခဲ့ပြီး အီတလီနိုင်ငံမှာ ကျောင်းတက်ကြီးပြင်းခဲ့ရပါတယ်။

စာ(၅၁)သို့

## မြန်မာဘောလုံးအကယ်ဒမီ သင်တန်းကျောင်းများအတွက် သင်တန်းသားရွေးချယ်မှု ဇွန်လအတွင်းပြုလုပ်မည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇွန် -၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က တည်ထောင်ဖွင့်လှစ်သည့်မြန်မာဘောလုံးအကယ်ဒမီ သင်တန်းကျောင်းများတွင် တက်ရောက်ခွင့်ရရှိရန်အတွက် သင်တန်းသားများ ရွေးချယ်မှုအား ဇွန်လဒုတိယပတ်အတွင်း ပြည်နယ်နှင့်တိုင်းဒေသကြီး မြို့ကြီးများ၌ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဘောလုံးအဖွဲ့ချုပ်သည် အဆိုပါသင်တန်းသားများ ရွေးချယ်မှုအား ဇွန် ၁၂ ရက်မှ ၁၇ ရက်အထိ မန္တလေး၊ စစ်ကိုင်း၊ ရန်ကုန်၊ ပဲခူး၊ ပုသိမ်၊ တောင်ကြီး၊ လွိုင်ကော်၊ မော်လမြိုင်၊ လားရှိုး၊ နေပြည်တော်၊ မကွေး၊ စစ်တွေ၊ ကော့သောင်း၊ ကျိုင်းတုံမြို့ကြီးများတွင် ပြုလုပ်သွားမည်ဖြစ်ပြီး ရွေးချယ်ရေးအဖွဲ့များ စေလွှတ်၍ ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအကြိမ် ရွေးချယ်မှုတွင်မန္တလေးမြို့ဘောလုံးအကယ်ဒမီအတွက် U-11 (အသက် ၁၁ နှစ်အောက်) သင်တန်းသားများနှင့် မကြာမီ ဖွင့်လှစ်တော့မည့် ပုသိမ် ဘောလုံးအကယ်ဒမီအတွက် U-13(အသက် ၁၃ နှစ်အောက်) သင်တန်းသားများအား ရွေးချယ်သွားကြောင်း သိရသည်။

ဘောလုံးအကယ်ဒမီကို တက်ရောက်ခွင့်ရရှိရန် ရွေးချယ်ခံလိုသော ကျောင်းသားလူငယ်များအနေဖြင့် သတ်မှတ်အသက်အရွယ်ရှိရမည့်အပြင် ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ပေးထားသည့် ခန္ဓာကိုယ်ဖွံ့ဖြိုးမှု စံနှုန်းများနှင့် ကိုက်ညီရမည်ဖြစ်သည်။ ဉာဏ်ရည်ပြည့်မီပြီး သတ်မှတ်သက်တမ်းနှင့် လိုက်လျောညီထွေရှိသော ဘောလုံးအခြေခံ ကျွမ်းကျင်မှုရှိရမည့်အပြင် ကျင့်စာရိတ္တကောင်းမွန်၍ နာခံတန်သော စိတ်ဓာတ်မျိုးရှိရမည်ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။



ဘောလုံးအကယ်ဒမီတွင် တက်ရောက်ခွင့်ရရှိသည့်ကျောင်းသားလူငယ်များအနေဖြင့် အကယ်ဒမီကျောင်းများတွင် အခမဲ့နေထိုင်စားသောက်ခွင့်ရရှိမည့်အပြင် သင်တန်းဝတ်စုံနှင့် လေ့ကျင့်ရေးဝတ်စုံများ၊ မိမိတို့တက်ရောက်နေသော နှစ်အလိုက် ကျောင်းပညာကိုလည်းအခမဲ့တက်ရောက်နိုင်ရန် စီစဉ်ပေးမည်ဖြစ်သည်။ ကျောင်းစရိတ်နှင့် ကျောင်းဝတ်စုံများကိုလည်း ပံ့ပိုးထောက်ပံ့ပေးသွားမည်ဖြစ်ပြီးကလေးများဉာဏ်ရည်ဉာဏ်သွေး ပိုမိုမြင့်မားစေရန် အင်္ဂလိပ်စာနှင့် အားကစားစိတ်ပညာကို သီးခြားသင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ရွေးချယ်ခံလိုသော ကျောင်းသားလူငယ်များသည် မိမိတို့၏ ပြည်နယ်နှင့်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်အားကစားကော်မတီများနှင့် ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

## Max Cement ဖလားပွဲတွင် လက်ရှိချန်ပီယံ ဥဿာအသင်း ပထမအဆင့်မှာပင် ကျေနပ်ခဲ့ရပြီ

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇွန် -၁**

၂၀၁၁ Max Cement Cup ရှုံးထွက်ဖလားဘောလုံးပြိုင်ပွဲတွင် လက်ရှိချန်ပီယံဥဿာယူနိုက်တက် အသင်းနှင့် ယခင်နှစ်ဒုတိယရရှိခဲ့သည့် ဆောက်သမ်းမြန်မာအသင်းတို့မှာ ပြိုင်ဘက်အသင်းများကို ရှုံးနိမ့်ကာ ပထမအုပ်စုအဆင့်မှာပင် ကျေနပ်ခဲ့ရပြီဖြစ်သည်။

ဇွန် ၁ ရက် အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲတွင် ဥဿာယူနိုက်တက်အသင်းသည် ရန်ကုန်ယူနိုက်တက်အသင်းအား ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ရန်ကုန်အသင်းက ချေပဂိုးနှင့် အနိုင်ဂိုးများ ပြန်လည်သွင်းယူကာ ပွဲအပြီးတွင် ၂-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

သုဝဏ္ဏကွင်း၌ တစ်ပြိုင်နက်ကျင်းပခဲ့သည့် ပြိုင်ပွဲတွင်လည်း နေပြည်တော်အသင်းက ဆောက်သမ်းမြန်မာအသင်းအား ၂-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ကာ နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ ထို့ကြောင့် ယခင်နှစ် ရှုံးထွက်ပြိုင်ပွဲ ဗိုလ်လုပွဲရောက် အသင်းနှစ်သင်းမှာ ယခုနှစ်ပြိုင်ပွဲတွင်မူ ပထမအဆင့်မှာပင် ပြိုင်ပွဲမှထွက်ခဲ့ရပြီဖြစ်သည်။

အဆိုပါ ရှုံးထွက်ဖလားပွဲစဉ်များကို ဇွန် ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ရာ သုဝဏ္ဏကွင်းတွင် ကမ္ဘောဇအသင်းနှင့် မနောမြေအသင်း၊ အောင်ဆန်းကွင်းတွင် မကွေးအသင်းနှင့် အေစီအီးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

## (၁၃) ကြိမ်မြောက် အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲတွင် ၁၇ နှစ်အောက် လူငယ်ပွဲ ထည့်သွင်းကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇွန် -၁**

(၁၃)ကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလားအလေးမပြိုင်ပွဲတွင် အသက် ၁၇ နှစ်အောက် လူငယ်ပြိုင်ပွဲထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲကို ဇွန် ၂၀ ရက်မှ ၂၂ ရက်အထိ အောင်ဆန်းအားကစားပြိုင်ကွင်း၊ မိုးလုံလေလုံ အားကစားရုံတွင် ကျင်းပသွားမည်ဖြစ်ပြီး မျိုးဆက်သစ်လူငယ်ကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်ဖြင့် အသက် ၁၇ နှစ်အောက်လူငယ်ပြိုင်ပွဲပါ ထည့်သွင်းကျင်းပခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။


ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး ပထမတန်းအဆင့်၊ ဒုတိယတန်းအဆင့်၊ တတိယတန်းအဆင့် ပြိုင်ပွဲအမျိုးအစားများ ပါဝင်မည်ဖြစ်ပြီး အသက် ၃၅ နှစ်အတွင်း မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ သို့သော် အသက် ၁၇ နှစ်အောက်ပြိုင်ပွဲတွင်မူ အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် ပြိုင်ပွဲများ၌ တစ်ကြိမ်မျှဝင်ရောက်ယှဉ်ပြိုင်ဖူးခြင်း မရှိသည့်လူငယ်ကစားသမားများကိုသာ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

"ဒီပြိုင်ပွဲမှာ အခြေခံဆုကြေးတွေအပြင် စံချိန်တစ်ဆင့်ချင်းအလိုက် ဆုကြေးတွေကိုလည်း ချီးမြှင့်သွားမှာပါ" ဟု အဆိုပါ တာဝန်ရှိသူက ပြောသည်။ ၎င်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ဇွန် ၁၃ ရက်နောက်ဆုံးထား၍ အဖွဲ့ချုပ်သို့ စာရင်းပေးပို့ရမည်ဖြစ်ပြီး ဖုန်း-၀၁ ၃၈၈၁၆၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.10, No.12 · JUNE 9, 2011

စာ(၅၀) - အားကစားကြယ်ပွင့်မှ

အဲဒါရဲ့ အကျိုးဆက်ကတော့ ကိုဘေးဟာ ဒီနေ့အချိန်အထိ အီတလီ၊စပိန်စကားတွေကို ကျွမ်းကျွမ်းကျင်ကျင်ပြောတတ်နေတာပါပဲ။



### အထက်တန်းကျောင်းသားဘဝမှ ပရော်ဖက်ရှင်နယ် ကစားသမားဘဝသို့

ကိုဘေးဟာ ဖခင်ဖြစ်သူ ကစားသမားဘဝက အနားယူတော့ အမေရိကန်ကိုပြန်ရောက်ပြီး လိုးဝါးမာရီယွန်အထက်တန်းကျောင်းတက်ခဲ့ပါတယ်။ ငယ်စဉ်ကတည်းက အချိန်ပြည့် ဘတ်စကက်ဘောကွင်းထဲမှာ နေခဲ့ပြီး အမြဲတမ်း လေ့ကျင့်နေတဲ့သူ့အတွက် ကျောင်းသားဘဝလောကမှာ အောင်မြင်တာလည်း မဆန်းပါဘူး။ ကိုဘေးဟာ ပင်ဆယ်လ်ဗေးနီးယားပြည်နယ်ရဲ့ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုရခဲ့သလို ယူအက်စ်အေတူဒေးနဲ့ပါရိတ်ဒ်မဂ္ဂဇင်းတို့က ချီးမြှင့်တဲ့ တစ်နှစ်တာ အကောင်းဆုံး အမျိုးသားအထက်တန်းကျောင်းကစားသမားဆုတွေကိုလည်း ရခဲ့ပါတယ်။

ကိုဘေးဟာ ပရော်ဖက်ရှင်နယ်ဘဝကိုတော့ ၁၉၉၆ ခုနှစ်မှာ ချားလော့ယန်းနက်အသင်းနဲ့စခဲ့ပြီး မကြာမီမှာပဲ သူ ကစားချင်ခဲ့တဲ့ လော့စ်အိန်ဂျလိစ်လိတ်ခ်ကာအသင်းကို အထွေထွေမန်နေဂျာ ဂျယ်ရီဝက်စ်ရဲ့ ခေါ်ယူမှုနဲ့ပြောင်းရွှေ့ရောက်ရှိခဲ့ပါတယ်။ ၁၉၉၉-၂၀၀၀ ရာသီမှာ ဖီးလ်ဂျက်ဆင် လော့စ်အိန်ဂျလိစ်လိတ်ခ်ကာအသင်းကိုရောက်လာပြီးတဲ့နောက်မှာတော့ သူ့ရဲ့ ကစားသမားဘဝ အရည်အသွေးတွေ ပိုမိုတောက်ပလာခဲ့ပါတယ်။ ၁၉၉၉ နဲ့ ၂၀၀၀ ပြည့်နှစ်မှာတော့ တစ်ပွဲကို ပျမ်းမျှ ၂၁ ဒသမ ၂ မှတ်ရအောင် ကစားနိုင်ခဲ့ပြီး ရှတ်ကွီအိုနီရယ်လ်နဲ့တွဲကာ လိတ်ကာအသင်းကို NBA သရဖူ ရယူပေးနိုင်ခဲ့ပါတယ်။

### ၂၀၀၄ မှ လက်ရှိအချိန်အထိ

ကိုဘေးရဲ့ပြီးခဲ့တဲ့ ၇ နှစ်တာအတွင်း အောင်မြင်မှုတွေက အများအပြားပါပဲ။ အချိန်ပြည့် လေ့ကျင့်ရေးဆင်းပြီး ပွဲထဲမှာ ကစားပုံအာရုံစူးစိုက်မှုကောင်းတာ၊ ဘောလုံးကိုယူပြီး ပြိုင်ဘက်တွေကို လှည့်စားပြီး လျင်မြန်စွာ ရှောင်ထွက်ကာ မထင်မှတ်ဘဲ ဂိုးပိုက်ထဲ ဘောလုံးထည့် အမှတ်ယူနိုင်တာတွေဟာ ကိုဘေးရဲ့ စွမ်းရည်တွေပါပဲ။ ၂၀၀၀၊ ၂၀၀၁၊ ၂၀၀၂ သုံးနှစ်ဆက် NBA ချန်ပီယံဆုရခဲ့သလို ၂၀၀၉၊ ၂၀၁၀ နှစ်တွေမှာလည်း ရခဲ့ပါတယ်။ NBA Finals အဆင့်ပွဲတွေရဲ့ တန်ဖိုးအကြီးဆုံး ကစားသမားဆုကို ၂၀၀၉၊ ၂၀၁၀ မှာရခဲ့သလို NBA All Star အသင်းမှာလည်း ၂၀၀၀ ပြည့်နှစ်ကစလို့ ၂၀၁၁ အထိ(၁၂)ကြိမ် ဆက်တိုက်ပါဝင်ထား နိုင်ခဲ့တယ်။ ကိုဘေးဟာ ၂၀၀၇ ရာသီမှာ ပွဲလေးပွဲဆက်တိုက် ရှေ့တန်းကစားသမားအဖြစ် ကစားကာ ရမှတ်ပေါင်း ၅၀ ကျော်အထိရယူ ပေးခဲ့တာလည်း မှတ်သားစရာပါ။ ကိုဘေးရဲ့အသင်းအပေါ် ဦးဆောင်နိုင်မှုနဲ့ ပတ်သက်ပြီး မကြာသေးမီကမှ လိတ်ခ်ကာအသင်းကိုရောက်လာတဲ့ နည်းပြသစ် မိုက်ဘရောင်းက "ဒီအသင်းဟာ သူ့အသင်းဖြစ်နေဆဲပါပဲ။ သူ့ကို သူကြိုက်တဲ့အနေအထားမှာ ဘောလုံးပေးနိုင်ပြီး အခွင့်အလမ်းတွေလည်း ဖန်တီးပေးနိုင်အောင် ကျွန်တော်တို့ အသေအချာလုပ်ရပါမယ်"လို့ ပြောခဲ့ပါတယ်။ လိတ်ခ်ကာဟာ ကိုဘေးဘရိုင်ယန့်အတွက်ဖြစ်သလို ကိုဘေးဟာလည်း အသင်းအတွက်ပါပဲ။

### ကိုဘေးဘရိုင်ယန့်နဲ့ ပုဂ္ဂိုလ်ရေး ဘဝ

ကိုဘေးဟာ အမေရိကန်အသင်းနဲ့အတူ ၂၀၀၈ ဘေဂျင်းအိုလံပစ်၊ ၂၀၀၇ FIBA အမေရိကချန်ပီယံရှစ်ပွဲတွေမှာ ရွှေတံဆိပ်ရထားသလို၊ ဘဝရဲ့ အကောင်းဆုံး ရွှေတံဆိပ်ဖြစ်တဲ့ ချစ်သူဗင်နတ်ဆာလိန်းနဲ့ ၂၀၀၁ ကပဲ လက်ထပ်ထားခဲ့ပါတယ်။ နာတာလီဟာ ဘရိုင်ယန့်နဲ့ ဂီယာနာဘရိုင်ယန့်လို့ခေါ်တဲ့ သမီးနှစ်ဦးဖွားမြင်ထားပါတယ်။ ကိုဘေးဟာ ဒီ ၂၀၁၁ ထဲမှာ တိုင်ပေအဆိုတော် ဂျေးချောင်ရဲ့ The Heaven and Earth Challenge သီချင်းမှာလည်း ဝင်ရောက်သီဆိုပေးထားပါတယ်။

### လူမှုအကျိုးပြုလုပ်ငန်း


ကိုဘေးဟာ အမေရိကန်ကုသိုလ်ဖြစ် အဖွဲ့တစ်ခုဖြစ်တဲ့ After School All Stars (ASAS) ရဲ့သံတမန်အဖြစ် တာဝန်ယူထားပါတယ်။ ဒီအဖွဲ့က အမေရိကန်မြို့ကြီး ၁၃ မြို့မှာ ကျောင်းပြီးသွားတဲ့ လူငယ်တွေကို ကူညီနေတဲ့ အဖွဲ့ပါ။ ဒါ့အပြင် သူဟာ တရုတ်အစိုးရက ကျောထောက်နောက်ခံပေးထားတဲ့ ဆွန်ချင်းလင်ဖောင်ဒေးရှင်းနဲ့တွဲကာ ကိုဘေးဘရိုင်ယန့်ချိုင်းနားရန်ပုံငွေကိုတည်ထောင်ပြီး တရုတ်နိုင်ငံအတွင်း ပညာရေးနဲ့ ကျန်းမာရေးဆိုင်ရာ အကူအညီတွေ ပေးအပ်နေပါတယ်။

## ဆုကြေးငွေစုစုပေါင်း ကျပ်သိန်းနှစ်ဆယ်ကျော်ချီးမြှင့်မည့် ပိုက်ကျော်ခြင်းပြိုင်ပွဲ အသင်းမရွေး ယှဉ်ပြိုင်နိုင်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မေ-၂၆

ဆုကြေးငွေစုစုပေါင်း ကျပ်သိန်းနှစ်ဆယ်ကျော် ချီးမြှင့်မည့်မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်း ပြိုင်ပွဲသို့ မည်သည့်အသင်းမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။



အဆိုပါ ပြိုင်ပွဲအား ဇွန် ၂၄ ရက်မှ ၃၀ ရက်အထိ ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲရုံ (သုဝဏ္ဏ) တွင် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစား ခြောက်မျိုးထည့်သွင်းကျင်းပသွားမည်ဟု သိရသည်။

အမျိုးသားအလွတ်တန်း ပြိုင်ပွဲများတွင် မြန်မာ့လက်ရွေးစင်ဖြစ်ဖူးသူ တစ်သင်းလျှင် တစ်ဦးကျစီ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး လူသစ်တန်း(အမျိုးသား)ပြိုင်ပွဲတွင်မူ လက်ရွေးစင်နှင့် အလွတ်တန်းပြိုင်ပွဲဝင်များ၊ အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားနှင့်အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား လူသစ်တန်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ ရရှိခဲ့သည့်အသင်းများမှ အားကစားသမားများ၊ Double Strong ပြိုင်ပွဲတွင် ပထမရရှိသော အသင်းမှ ကစားသမားများဝင်ရောက်ယှဉ်ပြိုင်ခွင့် မရှိကြောင်းနှင့် အမျိုးသမီးပြိုင်ပွဲများ၌ ကန့်သတ်ချက်မရှိကြောင်း မြန်မာနိုင်ငံပိုက်ကျော်ခြင်းဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီပြိုင်ပွဲက ဝန်ကြီးဌာန၊ ကလပ်၊ ပြည်နယ်တိုင်းဒေသကြီး အသင်း အားလုံးဝင်ပြိုင်လို့ရတဲ့အတွက် အသင်းတော်တော်စုံမှာပါ။ အရင်နှစ်တွေက အသင်းပေါင်း ၈၀ ကနေ ၁၂၀ ထိရှိပါတယ်"ဟု အဆိုပါ တာဝန်ရှိသူကပြောသည်။

၎င်းပြိုင်ပွဲ၏ အမျိုးသား(အလွတ်တန်း၊ လူသစ်တန်း) အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမကျပ်နှစ်သိန်း၊ ဒုတိယကျပ်တစ်သိန်းငါးသောင်း၊ တတိယကျပ်တစ်သိန်း၊ နှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပထမကျပ်တစ်သိန်းငါးသောင်း၊ ဒုတိယကျပ်တစ်သိန်း၊ တတိယကျပ်ခုနစ်သောင်းငါးထောင်၊ အမျိုးသမီးအလွတ်တန်းအဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမကျပ်တစ်သိန်းငါးသောင်း၊ ဒုတိယကျပ်တစ်သိန်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ ကျပ်တစ်သိန်းနှင့် ဒုတိယကျပ် ခုနစ်သောင်းငါးထောင် ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

## ဒေးဗစ်ဖလား အုပ်စု(၃)တင်းနစ်ပြိုင်ပွဲ၏ ပွဲစဉ်များကို မြေစေးကွင်းတွင် ယှဉ်ပြိုင်ရမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဇွန်-၁

မြန်မာပါဝင်ယှဉ်ပြိုင်မည့် 2011 Davis Cup (group 3)ဒေးဗစ်ဖလားအာရှနှင့် သမုဒ္ဒရာပိုင်းဇုန်၊ အုပ်စု(၃) တင်းနစ်ပြိုင်ပွဲ၏ ပွဲစဉ်များကို မြေစေးကွင်း (Clary Court) တွင် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲကို သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့တွင် ဇွန် ၁၅ ရက်မှ ၂၀ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာ၊ ဗီယက်နမ်၊ မလေးရှား၊ သီရိလင်္ကာ၊ ယူအေအီး၊ အိုမန်၊ လက်ဘနွန်၊ ကူဝိတ် စသည့်နိုင်ငံရှစ်နိုင်ငံဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

"သီရိလင်္ကာမှာ လုပ်တဲ့ပြိုင်ပွဲက ပုံမှန် (Cement Court)သံမံတလင်းကွင်းမဟုတ်ဘဲ မြေစေးကွင်းမှာ ယှဉ်ပြိုင်ရမယ်လို့ သိရပါတယ်။ ဒါကြောင့် ဟိုမှာ ကြိုတင်အလေ့အကျင့်ရအောင် လေ့ကျင့်နိုင်ဖို့ ငါးရက်လောက် ကြိုတင်သွားမှာပါ။ မြေစေးကွင်းမှာ အရင်ပြိုင်ဖူးတဲ့ အတွေ့အကြုံတော့ ရှိကြပါတယ်။ နောက်တစ်ဆင့်တက်အောင် ကြိုးစားယှဉ်ပြိုင်သွားမှာပါ" ဟု မြန်မာတင်းနစ်အဖွဲ့နည်းပြ ဦးကျော်စံဝင်းက ပြောသည်။

နှစ်စဉ်ကျင်းပပြီး အသက်ကန့်သတ်ချက်မရှိသော ၎င်းပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ အားကစားသမားများအား ထိုင်းနည်းပြနှင့်မြန်မာနည်းပြများက ပူးတွဲလေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်၏ အဆင့်သတ်မှတ်ချက်တွင် အနိမ့်ဆုံး Group 4 မှ အမြင့်ဆုံး World Group အဆင့်အထိရှိသည်။ မြန်မာတင်းနစ်အဖွဲ့သည် ယခင်နှစ် ဂျော်ဒန်နိုင်ငံတွင် ပြုလုပ်ခဲ့သည့် Grop 4 ပြိုင်ပွဲ၌ လက်ရည်စစ်အောင်မြင်ခဲ့၍ ယခုနှစ်တွင် Group 3 အဆင့်ပြိုင်ပွဲသို့ ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်ကြောင်း သိ ရသည်။

ပြိုင်ပွဲဝင် ရှစ်သင်းအနက် အကောင်းဆုံးနှစ်သင်းသည် နောက်တစ်ဆင့်သို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်ပြီး အောက်ဆုံးအဆင့်ရပ်တည်သည့် နှစ်သင်းသည် Group 4 သို့ ပြန်လည် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

## အာရှလက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲ မြန်မာ ဝင်ရောက်ယှဉ်ပြိုင်မည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မေ-၂၆

ဂျော်ဒန်နိုင်ငံတွင် ကျင်းပပြုလုပ်မည့် အာရှလက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲ(Asian Confederation Boxing Championships Amman 2011)သို့မြန်မာလက်ဝှေ့အားကစားအဖွဲ့ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲကို ဂျော်ဒန်နိုင်ငံ၊ Amman မြို့တွင် ဇွန် ၁၇ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ အမျိုးသားခြောက်ဦးဝင်ရောက်ယှဉ်ပြိုင်သွားမည်ဟု မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီပြိုင်ကို အာရှလက်ဝှေ့အဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံတွေ ဝင်ရောက်ယှဉ်ပြိုင်ကြမှာပါ။ ပြိုင်ပွဲမှာ ကိုယ်အလေးချိန် ဆယ်တန်းပါဝင်မှာဖြစ်ပြီး မြန်မာနိုင်ငံက ခြောက်တန်း ဝင်ရောက်ယှဉ်ပြိုင်မှာပါ"ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

မြန်မာလက်ဝှေ့အဖွဲ့သည် ၎င်းပြိုင်ပွဲကိုလာမည့် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ လက်ရှိအဖွဲ့ချုပ်တွင် အမျိုးသား ၂၀ ဦး၊ အမျိုးသမီး ၁၀ ဦး၊ မျိုးဆက်သစ်လူငယ် ၂၂ ဦး၊ စုစုပေါင်း အားကစားသမား ၅၂ ဦးအား နိုင်ငံတကာပြိုင်ပွဲများအတွက် စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

## ကမ္ဘာ့လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲသို့ မြန်မာလူငယ်အဖွဲ့ သွားရောက်ယှဉ်ပြိုင်မည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဇွန်-၁

အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ကမ္ဘာ့လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ Enjoy Jakarta World Junior Golf Championship 2011 သို့မြန်မာလူငယ်ဂေါက်သီးရိုက်အဖွဲ့ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင် ဇွန် ၇ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး၊ မြန်မာလူငယ်ကစားသမားရှစ်ဦး(အမျိုးသားခြောက်ဦးနှင့်အမျိုးသမီးနှစ်ဦး)ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဟု မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"နှစ်စဉ် ပြုလုပ်တဲ့ ဒီပြိုင်ပွဲမှာ ၂၀၀၉ ခုနှစ် အမျိုးသားတစ်ဦးချင်းမှာ နေဇလဝင်းမြင့်ဟာ ချန်ပီယံဖြစ်ခဲ့ပြီး ၂၀၁၀ အမျိုးသမီးတစ်ဦးချင်းမှာ ယဉ်မေမျိုးက ချန်ပီယံဖြစ်ခဲ့ပါတယ်။ ဒီနှစ်ပြိုင်ပွဲဝင် မြန်မာလူငယ်လေးတွေအနေနဲ့ အသက်အငယ်ဆုံး ၁၂ နှစ်ကနေ ၁၈ နှစ်အတွင်းရှိတဲ့ ကစားသမားလေးတွေ ဖြစ်ပါတယ်" ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

နှစ်စဉ်ပြုလုပ်ပြီး အသက် ၁၈ နှစ်အောက် လူငယ်ကစားသမားများသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိသည့် ၎င်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလူငယ်ဂေါက်သီးရိုက်အဖွဲ့တွင် စည်သူရဲရင့်၊ ဝေယံလင်း၊ ရဲလွင်ဦး၊ လှိုင်မင်းထက်၊ ဇင်အောင်ဝင်း၊ ဖုန်းပြည့်ချမ်းဟန်၊ ယဉ်မေမျိုးနှင့် ရှမဝ ဝင်းမြင့်တို့ပါဝင်ပြီး အသင်းအုပ်ချုပ်သူ ဦးမျိုးထွန်း၊ အသင်းနည်းပြ ဦးချမ်းဟန်တို့က တာဝန်ယူမည်ဖြစ်ကြောင်း သတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.10, No.12 · JUNE 9, 2011

# ဖီဖာအား ဆက်လက် စပွန်ဆာပေးမည်ဟု အက်ဒီးဒက်စ်ကြေညာ

**လန်ဒန်၊ ဇွန် – ၄**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA) တွင် လာဘ်စားမှုစွဲချက်များဖြင့် အဖွဲ့ဝင်များအကြား ပြဿနာများ ရှိသော်လည်း ဂျာမန်အားကစားပစ္စည်းကုမ္ပဏီ အက်ဒီးဒက်စ်က အဖွဲ့ကို ဆက်လက် စပွန်ဆာပေးသွားဦးမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

အက်ဒီးဒက်စ်၏ ယခု ကြေညာချက်သည် ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က ဘလက်တာအား ဥက္ကဋ္ဌအဖြစ် ဖီဖာက ပြန်လည်ရွေးချယ်တင်မြှောက်ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ဘလက်တာကလည်း ဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးချယ်ခံရပြီးနောက် ဖီဖာ၏ အဓိကစပွန်ဆာကုမ္ပဏီများအား အဖွဲ့ကို ဆက်လက်ယုံကြည်သွားကြရန် တိုက်တွန်းခဲ့သည်။ အက်ဒီးဒက်စ်၏ ကြေညာချက်၌လည်း “အက်ဒီးဒက်စ်ဟာ ဖီဖာနဲ့တွဲပြီး စပွန်ဆာကုမ္ပဏီတစ်ခုအနေနဲ့ ကာလရှည် လက်တွဲလာခဲ့ရတာကိုကျေနပ်မိပါတယ်။ ကျွန်တော်တို့ဟာ ဒီပူးပေါင်းမှုကိုဆက်လုပ်သွားမယ်လို့ သဘောတူညီခဲ့ပါတယ်”ဟု ပြောသည်။



ထို့ကြောင့် အက်ဒီးဒက်စ်သည် ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဖီဖာ၏ တရားဝင် စပွန်ဆာအဖြစ် ဆက်လက်ရပ်တည်သွားမည်ဖြစ်သည်။ အက်ဒီးဒက်စ်သည် ဖီဖာ၌ လာဘ်စားမှုစွဲချက်များဖြင့် မိုဟာမက်ဘင်ဟမ်မန်းနှင့် ဂျက်ဝါနာတို့ကို ထုတ်ပယ်ခဲ့ပြီးနောက် အဖွဲ့၏ပြဿနာများအတွက် စိုးရိမ်မိကြောင်း၊ အခြားအဓိက စပွန်ဆာကုမ္ပဏီများဖြစ်သည့် ဗီဇာ၊ ကိုကာကိုလာ၊ အီမရိတ်စ်လေကြောင်းလိုင်းတို့နှင့် အတူထုတ်ဖော်ပြောဆိုခဲ့ဖူးသည်။

*—Ref: AP*

# ဘာရိန်းဂရင်းပရစ်ပြိုင်ပွဲ အောက်တိုဘာလတွင် ပြန်လည်ကျင်းပမည်

**ဘာစီလိုနာ၊ ဇွန် – ၄**

ဖော်မြူလာဝမ်းကားမောင်းပြိုင်ပွဲများ၏ အဓိကအာဏာပိုင်အဖွဲ့ဖြစ်သော FIA က ၎င်းတို့သည် မူလက ပယ်ဖျက်ထားခဲ့သော ဘာရိန်းဂရင်းပရစ်ပြိုင်ပွဲကို လာမည့်အောက်တိုဘာလ ၃၀ ရက်တွင် ဘာရိန်းနိုင်ငံ၌ ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။


FIA သည် ယခု ဆုံးဖြတ်ချက်ကို မကြာသေးမီက ကျင်းပခဲ့သော ကမ္ဘာ့မော်တော်ကား အားကစားကောင်စီ၏ စည်းဝေးပွဲအပြီး ဆုံးဖြတ်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ FIA သည် ဘာရိန်းဂရင်းပရစ်ပြိုင်ပွဲကို ဖော်မြူလာဝမ်းပြိုင်ပွဲ၏ ရာသီအဖွင့်အဖြစ် ပြီးခဲ့သည့် မတ်လက ကျင်းပရန်စီစဉ်ခဲ့သော်လည်း ဘာရိန်းနိုင်ငံတွင် အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုများဖြစ်ပေါ်လာ၍ ပယ်ဖျက်ခဲ့ရခြင်းဖြစ်သည်။ ထို့နောက် ပြီးခဲ့သည့် မေလ ၃၁ ရက်နေ့ကမှ FIA ၏ ဥက္ကဋ္ဌ ယန်းတော့ဒ်နှင့် ဒုဥက္ကဋ္ဌကားလို့စ်ဂရာဆီယာတို့သည် ဘာရိန်းနိုင်ငံသို့သွားရောက်လည်ပတ်ခဲ့ပြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြိုင်ပွဲစီစဉ်သူများနှင့်တွေ့ဆုံကာ ဖော်မြူလာဝမ်းပြိုင်ပွဲကို ပြည်သူများအား စုစည်းနိုင်ရေးနည်းလမ်းတစ်ရပ်အဖြစ် အသုံးပြုသွားရန်ဆွေးနွေးခဲ့ကြသည်။

ဖော်မြူလာဝမ်းပြိုင်ပွဲကို ၂၀၀၄ ခုနှစ်မှစ၍ ဘာရိန်းနိုင်ငံတွင် နှစ်စဉ်ကျင်းပလာခဲ့ရာ နိုင်ငံအတွက် အကျိုးအမြတ်အများဆုံးရသော အားကစားပြိုင်ပွဲတစ်ရပ်လည်းဖြစ်ခဲ့သည်။ ဘာရိန်းနိုင်ငံသည် အာရပ်နိုင်ငံများထဲမှ ဖော်မြူလာဝမ်းဂရင်းပရစ်ပြိုင်ပွဲကို ပထမဆုံးကျင်းပနိုင်သော ပင်လယ်ကွေ့ဒေသနိုင်ငံ တစ်နိုင်ငံလည်းဖြစ်သည်။

*—Ref: AP*



7DAY NEWS JOURNAL
Vol.10, No.12 • JUNE 9, 2011



# အရပ်သားများအား တိုက်ခိုက်မှုမလုပ်ရန် နေတိုးတပ်ဖွဲ့ကို အာဖဂန်သမ္မတသတိပေး

**ကာဘူးလ်၊ မေ – ၃၁**

အာဖဂန်သမ္မတဟာမစ်ကာဇိုင်းက နေတိုးတပ်ဖွဲ့ဦးဆောင်သော နိုင်ငံတကာလုံခြုံရေးတပ်ဖွဲ့(ISAF)သည် စစ်ဆင်ရေးများ၌ အရပ်သားပြည်သူများကို ထိခိုက်သေဆုံးအောင်လုပ်နေခြင်းများရပ်တန့်ရန် နောက်ဆုံးအကြိမ်သတိပေးလိုက်သည်။

ဧင်း၏ရုံးခန်း၌ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် သမ္မတကာဇိုင်းက "ဒါဟာ နေတိုးတပ်ဖွဲ့တွေကိုပြောတဲ့ ကျွန်တော့်ရဲ့နောက်ဆုံးသတိပေးမှုပါပဲ။ အာဖဂန်ပြည်သူတွေရဲ့အိမ်တွေကို တိုက်ခိုက်တာမျိုးတွေ နောက်ထပ်ခွင့်ပြုတော့မှာမဟုတ်ပါဘူး"ဟု ပြောသည်။ ဆက်လက်၍ ဧင်းက အာဖဂန်အခြေအနေကို "အာဖဂန်သားတွေဟာ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးစစ်ပွဲနှစ်ခုစလုံးရဲ့ဒဏ်ကိုခံစားနေကြရပါတယ်" ဟု ပြောသည်။ မေလ ၃၀ ရက်က ဟဲလ်မန်ပြည်နယ် နော်ဇတ်ခရိုင်တွင် နေတိုးတပ်ဖွဲ့၏လေကြောင်းတိုက်ခိုက်မှုကြောင့် အမျိုးသမီးနှင့် ကလေး စုစုပေါင်း ၁၄ ဦး သေဆုံးခဲ့ရသည်။

*—Ref: Xinhua*

# ဘတ်ဂျက်ဖြတ်တောက်မှုရှိသော်လည်း အာရှတွင် အမေရိကန်စစ်အင်အား ဆက်လက်ထားရှိမည်ဟု ကန်ကာကွယ်ရေးဝန်ကြီးပြောကြား

**ဟိုနိုလူလူ၊ ဇွန် – ၁**



အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်စ်က အမေရိကန်တပ်မတော်သည် ပင်တဂွန်၏ ဘတ်ဂျက်ဖြတ်တောက်မှုများရှိနေသော်လည်းပစိဖိတ်ဒေသတွင် ဧင်း၏တည်ရှိနေမှုကို ဆက်လက်ထိန်းသိမ်းထားဦးမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ဝန်ကြီးဂိတ်စ်သည် ဟာဝိုင်ယီသို့ ခရီးတစ်ထောက် ရောက်ရှိလာစဉ်အတွင်း ထိုသို့ပြောခဲ့ခြင်းဖြစ်သည်။ ဧင်းသည် စင်ကာပူနိုင်ငံတွင် ယခုအပတ်အတွင်း ကျင်းပမည့် လုံခြုံရေးကွန်ဖရင့်တစ်ခုသို့တက်ရောက်မိန့်ခွန်းပြောရန်ရှိနေပြီး ဘတ်ဂျက်ဖြတ်တောက်မှုဖိအားများကြောင့် ဝါရှင်တန်သည် အာရှတွင် ဧင်း၏ စစ်အင်အားအနေအထားကို ပြောင်းလဲမည်မဟုတ်ကြောင်းဆိုသည်။

ပုလဲဆိပ်ကမ်းအမှတ်တရအဆောက်အအုံ အနီး ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ဝန်ကြီးက "အရေးကြီးတဲ့သတင်းစကားကတော့ ကျွန်တော်တို့ဟာ ဖြစ်နိုင်ခြေရှိတဲ့ ဘတ်ဂျက်လျှော့ချမှုတွေလုပ်နေရပေမယ့် အာရှမှာကျွန်တော်တို့ရဲ့တည်ရှိနေမှုကို အားနည်းအောင်လုပ်မှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ ပစိဖိတ်နိုင်ငံဖြစ်နေဆဲပါ။ ဒါကြောင့် ကျွန်တော်တို့ဟာ အာရှမှာရှိတဲ့မဟာမိတ်တွေ၊ လက်တွဲဖော်မိတ်ဆွေတွေနဲ့ဆက်လက်ပြီး ပူးပေါင်းဆောင်ရွက်သွားမှာပါ"ဟုပြောသည်။

ယခုအပတ်အတွင်း စင်ကာပူတွင်ကျင်းပမည့် နိုင်ငံတကာမဟာဗျူဟာလေ့လာရေးအင်စတီကျူ့ဒ်၏ ကာကွယ်ရေးထိပ်သီးဆွေးနွေးပွဲတွင်ဝန်ကြီးဂိတ်စ်သည် တရုတ် စစ်အင်အားကြီးထွားလာမှုကြောင့် ဒေသတွင်းမှ အမေရိကန်ထွက်ခွာသွားမည်ကို စိုးရိမ်နေသော အာရှမဟာမိတ်များနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်သည်။

*—Ref: AFP*






# International

7 DAY NEWS JOURNAL
Vol.10, No.12 · JUNE 9, 2011

## တရုတ်အလယ်ပိုင်း ဟူနန်ပြည်နယ် မိုးခေါင်မှုကြောင့် လူတစ်သန်းခန့် ရေပြတ်လပ်နေ

**ချန်ရှာ၊ မေ - ၃၁**

တရုတ်နိုင်ငံ ဟူနန်ပြည်နယ်တွင် ရာစုနှစ်တစ်ခု နီးပါးကာလအတွင်း အဆိုးရွားဆုံးဖြစ်ပေါ်သည့် မိုးခေါင်မှုကြောင့် လူပေါင်း ၁ ဒသမ ၁ သန်းခန့်မှာ ရေပြတ်လပ်မှုနှင့် ကြုံတွေ့နေရကြောင်း ပြည်နယ်တာဝန်ရှိသူတစ်ဦးက ပြောကြားလိုက်သည်။



တရုတ်နိုင်ငံ၏ 'ငါးနှင့် စပါးထွက်ရှိရာနယ်မြေ'ဟု တင်စားခံရသည့် ဟူနန်ပြည်နယ်သည် ၁၉၁၀ ပြည့်နှစ်မှစ၍ ရေတွက်လျှင် မိုးရွာသွန်းမှု အနိမ့်ဆုံးအဆင့်သို့ကျဆင်းခဲ့ပြီး မေလ ၃၀ ရက်နေ့အထိ ပြည်နယ်၏ အဓိကမြို့တော် ၁၄ မြို့တွင် ၁၃ မြို့မှာ မိုးခေါင်မှုဒဏ်ကို အပြင်းအထန်ခံနေရသည်။ ဟူနန်ပြည်နယ်တွင် လယ်ယာမြေဟက်တာပေါင်း ၇၀၉,၀၀၀ ကျော်ခန့်မှာ မိုးခေါင်မှုဒဏ် တိုက်ရိုက်ခံစားရပြီး ပြောင်းခင်း ဟက်တာပေါင်း ၇၀,၀၀၀ ကျော်မှာမူ ရိတ်သိမ်း၍မရအောင် ပျက်စီးသွားခဲ့ရသည်။

ဟူနန်ပြည်နယ်ရှိရေလှောင်ကန်များတွင် ၃၀ ရာခိုင်နှုန်းခန့်မှာ လက်ခံနိုင်သော ရေထုထည်အမြင့်အောက် ကျရောက်နေပြီး ရေပေးဝေမှုများ မပြုနိုင်ရန်တားမြစ်ထားရသည်။ ဟူနန်ပြည်နယ်အစိုးရသည် မိုးခေါင်မှုဒဏ်ကာကွယ်ရေးအတွက် ရေတွင်းသစ်များ တူးဖော်ခြင်း၊ အခြားရေထွက်ရာ နေရာများမှ ရေရှားပါးနေရာများသို့ သောက်သုံးရေသွယ်တန်းပို့ဆောင်ပေးခြင်းများ ပြုလုပ်နိုင်ရန်အတွက်ထောက်ပံ့ငွေယွမ်သန်း ၃၁၀ (ကန်ဒေါ်လာ ၄၇ ဒသမ ၈ သန်း) ခွဲဝေပေးထားသည်။ တရုတ်ဗဟိုအစိုးရ၏ နိုင်ငံတော်ရေလွှမ်းမိုးမှုနှင့် မိုးခေါင်မှုဒဏ် ထိန်းချုပ်ရေးရုံးမှနောက်ဆုံးထုတ်ပြန်သောစာရင်းအချက်အလက် များအရ ယခု မိုးခေါင်မှုဒဏ် ကြောင့် ကျန်းစု၊ အန်ဟွီ၊ ကျန်ရှီး၊ ဟူပိုင်နှင့် ဟူနန်ပြည်နယ်များတွင် လူပေါင်း ၃ ဒသမ ၂၉ သန်း ထိခိုက်ခဲ့ပြီး ကျွဲ၊ နွားတိရစ္ဆာန် ကောင်ရေ ၉၅၀,၀၀၀ လည်း အစာရေဆာရှားပါးခဲ့ကြောင်းသိရသည်။

—*Ref: AFP*

## နျူကလီးယားစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံအားလုံး ၂၀၂၂ တွင် ဂျာမနီ ပိတ်သိမ်းမည်

**ဘာလင်၊ မေ - ၃၁**

ဂျာမနီနိုင်ငံသည် လာမည့် ၂၀၂၂ ခုနှစ်အရောက်တွင် ပြည်တွင်းရှိ နျူဓာတ်အားပေးစက်ရုံ စုစုပေါင်း ၁၇ ခုကို ပိတ်သိမ်းသွားရန်စီစဉ်ထားကြောင်းကြေညာလိုက်သည်။ ဂျာမနီအစိုးရသည် ထိုဆုံးဖြတ်ချက်ချမှတ်ရန်အတွက် အာဏာရညွန့်ပေါင်းအစိုးရအဖွဲ့အတွင်း ၁၂ နာရီကြာအောင် ဆွေးနွေးမှုများပြုလုပ်ခဲ့ရသည်။

ဂျာမနီ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီး နော်ဘတ်ရို့အတ်ဂင်က ပြီးခဲ့သည့်မတ်လက ဂျပန်နိုင်ငံရှိ ဖူကူရှီးမားနျူစက်ရုံ ပေါက်ကွဲမှုအပြီးတွင် ပြည်တွင်းမှ သက်တမ်းအရင့်ဆုံး နျူစက်ရုံခုနစ်လုံးကိုလည်းပတ်မှုရပ်တန့်ထားခဲ့ပြီး ခရွန်မယ်နျူစက်ရုံကိုလည်း မကြာမီအပြီးသတ်ပိတ်သိမ်းတော့မည်ဖြစ်ကြောင်းဆိုထားသည်။ နောက်ထပ် နျူဓာတ်အားပေးစက်ရုံခြောက်လုံးကို ၂၀၂၁ တွင် ပိတ်သိမ်းမည်ဖြစ်ကာ သက်တမ်းအနုဆုံး နျူစက်ရုံသုံးလုံးကိုမူ ၂၀၂၂ အထိ အရန်သင့် ဓာတ်အားထုတ်လုပ်နိုင်ရန် လည်ပတ်သွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ ဂျာမနီနိုင်ငံတွင် လက်ရှိ နျူဓာတ်အားပေးစက်ရုံအားလုံးမှ ထုတ်လုပ်သော ဓာတ်အားစုစုပေါင်းသည် တိုင်းပြည်တွင် သုံးစွဲသမျှ လျှပ်စစ်စွမ်းအင်၏ ၂၃ ရာခိုင်နှုန်းကိုထုတ်လုပ်ပေးထားသည်။ ဂျာမနီအစိုးရ၏ ၂၀၂၂ခုနှစ်တွင် နျူစက်ရုံအားလုံး ပိတ်ပစ်မည့် ယခုဆုံးဖြတ်ချက်သည် ပြီးခဲ့သည့်နှစ်တွင် အစိုးရက အတည်ပြုထားခဲ့သော ၂၀၃၅ ခုနှစ်ဝန်းကျင်တွင် နျူစက်ရုံအားလုံးအား နောက်ဆုံးထား ပိတ်သိမ်းရန်ဆုံးဖြတ်ချက်ကို ပယ်ဖျက်ကာ ချမှတ်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်မတ်လက ဂျပန်နိုင်ငံတွင် နျူစက်ရုံပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ပြီးနောက် နျူစွမ်းအင်မှ လျှပ်စစ်ဓာတ်အားကို မှီခိုနေရသော ဂျာမနီနိုင်ငံတွင်လည်း နျူစက်ရုံများ ပိတ်သိမ်းရန် နိုင်ငံရေးပါတီများအကြား တောင်းဆိုမှုပေါ်ပေါက်ခဲ့သည်။ —*Ref: AFP*


## မော်လ်တာနိုင်ငံတွင် ဆန္ဒခံယူပွဲကျင်းပကာ လင်မယားကွာရှင်းခွင့်ဥပဒေ အတည်ပြု


**ဗယ်လတ်တာ(မော်လ်တာ)၊ မေ - ၃၁**

ကက်သလစ်ဘာသာဝင်အများစု နိုင်ငံဖြစ်သော မော်လ်တာသည် နိုင်ငံတွင်း၌ လင်မယားကွာရှင်းပြတ်စဲမှုရရှိရန်ခွင့်ပြုမည့် ဥပဒေကြမ်းကို ပြည်သူ့ဆန္ဒခံယူပွဲကျင်းပကာ အတည်ပြုပေးခဲ့ကြောင်းသိရသည်။ ပြည်သူ့ဆန္ဒခံယူပွဲနှင့်ပတ်သက်၍ ဝန်ကြီးချုပ် လောရင့်စ်ဂွန်ဇီကလည်း "ဒီဆန္ဒခံယူပွဲရဲ့ရလဒ်ဟာကျွန်တော်ဆန္ဒရှိတဲ့အရာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အများစုရဲ့ဆန္ဒကို လေးစားရမှာပါ။ ပါလီမန်ကလည်း လင်မယားကွာရှင်းပြတ်စဲခွင့်အတွက် ဥပဒေပြဋ္ဌာန်းမှုတွေပြုလုပ်သွားမှာပါ" ဟု ပြောသည်။

အဆိုပါ ပြည်သူ့ဆန္ဒခံယူပွဲတွင် ကွာရှင်းခွင့်ကိုထောက်ခံမဲပေးခဲ့သည့် ပြည်သူအများစု၏လုပ်ရပ်သည် တိုင်းပြည်တွင်း၌ ရိုမန်ကက်သလစ်ကျောင်းတော်၏ ဘာသာရေးအဆုံးအမများ ကြီးစိုးမှုကို တော်လှန်လိုက်ခြင်းလည်းဖြစ်သည်။ မော်လ်တာနိုင်ငံတွင် လူဦးရေ၏ ၇၂ ရာခိုင်နှုန်းမှာ တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်းတက်ကြသည့် ဘာသာရေးကိုင်းရှိုင်းသော ကက်သလစ်ဘာသာဝင်များဖြစ်ကြသည်။ မြေထဲပင်လယ်ကျွန်းနိုင်ငံငယ်ဖြစ်သော မော်လ်တာနိုင်ငံတွင် လူဦးရေ လေးသိန်းခန့်နေထိုင်ကြပြီး ဥရောပ၌ လင်မယားကွာရှင်းမှုကို ဥပဒေအရခွင့်မပြုသည့် တစ်ခုတည်းသော နိုင်ငံလည်းဖြစ်ခဲ့သည်။

—*Ref: Reuters*



7 DAY NEWS JOURNAL
Vol.10, No.12 · JUNE 9, 2011

# စစ်ရာဇဝတ်သား မလာဒစ်အား ကုလစစ်ရာဇဝတ်ခုံရုံးတွင် စစ်ဆေးရန် လွှဲပြောင်း




**ဘဲလ်ဂရိတ်၊ ဇွန် - ၁**

ယခင်ဘော့စနီးဆာ့ဘ်တပ်မတော်၏စစ်ဦးစီးချုပ်အဖြစ်တာဝန်ထမ်းဆောင်ခဲ့ကာ မျိုးဖြုတ်သတ်ဖြတ်မှုများအတွက် ကာလကြာရှည် ဖမ်းဝရမ်းထုတ်ပြန်ထားရသည့် စစ်ရာဇဝတ်သား ရတ်ကိုမလာဒစ်အား ကုလသမဂ္ဂစစ်ရာဇဝတ်ခုံရုံးတွင် စစ်ဆေးရန်လွှဲပြောင်းပေးလိုက်ပြီဖြစ်ကြောင်း ဆားဘီးယားတရားရေးဝန်ကြီးက ပြောကြားလိုက်သည်။ ၎င်းအားနယ်သာလန်နိုင်ငံသည် ဟိဂ်မြို့တွင် တည်ရှိသောအထက်ပါကုလသမဂ္ဂတရားရုံးသို့ မေလ ၃၁ ရက်ကပင် လွှဲပြောင်းပေးခဲ့ကြောင်း ဆားဘီးယားတရားရေးဝန်ကြီး နတ်ဇနာမယ်လိုဗစ်ကပြောသည်။

မလာဒစ်သည်မျိုးဖြုတ်သတ်ဖြတ်မှုများနှင့် စစ်ရာဇဝတ်မှုများအတွက် အလိုရှိနေသူ တရားခံပြေးဖြစ်ပြီး ၎င်းကို ဘဲလ်ဂရိတ်လေဆိပ်တွင် ပြီးခဲ့သည့် မေလ ၂၄ ရက်နေ့က ဖမ်းဆီးမိခဲ့ခြင်းဖြစ်သည်။ မလာဒစ်၏ရှေ့နေက ကျန်းမာရေး အကြောင်းပြချက်ဖြင့် ကုလသမဂ္ဂ၏တရားရုံးသို့လွှဲပြောင်းတရားစီရင်စေရေး ဆုံးဖြတ်ချက်ကို အယူခံဝင်ခဲ့သော်လည်း အဖွဲ့ဝင်သုံးဦးပါသော ဆာ့ဘ်အထူးတရားရုံးတော်က ပယ်ချခဲ့သည်။ မလာဒစ်သည် ဘော့စနီးယားဆာ့ဘ်တပ်မတော်တွင် စစ်ဦးစီးချုပ်ဖြစ်ခဲ့ပြီး ၁၉၉၆ ဘော့စနီးယားစစ်ပွဲပြီးချိန်မှစ၍ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။

*—Ref: AFP*



# နှစ်ပေါင်း ၂၀ အတွင်း ဆော်ဒီတွင် နျူကလီးယားပေါင်းဖို ၁၆ လုံး တည်ဆောက်မည်

**ဂျီဒတ်၊ ဇွန် - ၁**

ဆော်ဒီအာရေးဗီးယားနိုင်ငံသည်လာမည့်နှစ် ၂၀ ကာလအတွင်း ကန်ဒေါ်လာ ၃၀၀ ဘီလီယံတန်ဖိုးရှိ နျူကလီးယားပေါင်းဖို ၁၆ လုံးကို တည်ဆောက်သွားရန် စီစဉ်ထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားလိုက်သည်။

အဆိုပါတာဝန်ရှိသူမှာ မြို့တော်၏ နျူကလီးယားစွမ်းအင်နှင့်ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဌာနမှ အစီအစဉ်မှူး မယ်လိုင်ဘာရီဖြစ်ပြီး ၎င်းက နိုင်ငံတကာကုမ္ပဏီများသည်လည်း အစိုးရ၏ ယင်းနျူကလီးယားစွမ်းအင်စီမံကိန်းတွင် ပါဝင်ရန် ကမ်းလှမ်းနိုင်ကြောင်းပြောသည်ဟု အာရပ်သတင်းဌာနသို့ ပြောကြားသည်။

၎င်းက လာမည့် ၁၀ နှစ်အတွင်း ဆော်ဒီတွင် ပထမဆုံး နျူကလီးယားပေးစက်ရုံနှစ်လုံးရှိလာမည်ဖြစ်ကာ ထို့နောက် တစ်နှစ်လျှင် စက်ရုံနှစ်လုံးနှုန်းဖြင့် ၂၀၃၀ ပြည့်နှစ်တွင် နျူစက်ရုံ ၁၆ လုံး တည်ဆောက်သွားမည်ဖြစ်ကြောင်း ဂျီဒတ်မြို့၌ပြုလုပ်သည့် ပင်လယ်ကွေ့ဒေသ သဘာဝပတ်ဝန်းကျင် ဖိုရမ်တွင်ပြောသည်။ ဆော်ဒီ၏ အဆိုပါနျူကလီးယားပေါင်းဖိုများသည် တစ်လုံးလျှင် ကန်ဒေါ်လာခုနစ်ဘီလီယံခန့်ကုန်ကျမည်ဖြစ်ပြီး အားလုံးပြီးဆုံးသွားပါက နိုင်ငံတွင်းသုံးစွဲသည့်လျှပ်စစ်စွမ်းအင်၏ ၂၀ ရာခိုင်နှုန်းကို ထောက်ပံ့နိုင်မည်ဖြစ်ကြောင်း မယ်လိုင်ဘာရီကပြောသည်။ ဆော်ဒီအာရေးဗီးယားသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလတွင် နျူကလီးယားစွမ်းအင်ထုတ်လုပ်ရေးအစီအစဉ်အတွက် ပြင်သစ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်တစ်ရပ် လက်မှတ်ရေးထိုးထားသည်။

*—Ref: UPI*





7 DAY NEWS JOURNAL

# International


Vol.10, No.12 · JUNE 9, 2011

**Interview**




**အစ္စရေးနိုင်ငံရေးခေါင်းဆောင် ဇီပီလစ်ဗနီ နှင့် အရှေ့အလယ်ပိုင်းရေးရာ အမေးအဖြေ** စာ- ၄၆

**News Analysis**



**အာရှတွင် အွန်လိုင်းဒီဂရီ ခေတ်စားလာပြီလော** စာ- ၃၆







# E-coli ဘက်တီးရီးယားပျံ့နှံ့မှု ဂျာမနီမှ စတင်

**လန်ဒန်၊ ဇွန် – ၆**

ဥရောပတစ်ဝန်း ပျံ့နှံ့နေသော E-coli ဘက်တီးရီးယားသည် ဂျာမနီနိုင်ငံမြောက်ပိုင်းရှိ ယာမြေတစ်ခုမှ စတင်ပျံ့နှံ့ခြင်းဖြစ်နိုင်ကြောင်း ဂျာမန်ကျန်းမာရေးအာဏာပိုင်များက အတည်ပြုလိုက်သည်။

ဂျာမနီနိုင်ငံမြောက်ပိုင်း ဟမ်းဘတ်မြို့တောင်ဘက်ရှိယူအယ်လ်ဇင်မြို့တွင်တည်ရှိသော အဆိုပါယာမြေသည် E-coli ဘက်တီးရီးယား စတင်ပျံ့နှံ့ဖွယ်ရှိသည့်နေရာဖြစ်၍ ယင်းယာမြေမှ ထွက်ကုန်သီးနှံများကို ဓာတ်ခွဲခန်း၌ စမ်းသပ်စစ်ဆေးလျက်ရှိသည်။ ဇွန်လ ၆ ရက်အထိ စမ်းသပ်ချက်ရလဒ်များ အပြီးသတ်ထွက်ပေါ်ဖွယ်မရှိသေးသော်လည်း E-coli ဘက်တီးရီးယားပျံ့နှံ့မှုမှာ သေချာသလောက်ရှိနေ၍ ယာမြေကိုပိတ်ထားပြီး ယင်းမှထွက်ရှိသော ပဲတီပင်ပေါက်များကို စားသုံးခြင်းမပြုရန်တားမြစ်ထားသည်။

စာ(၄၅)သို့

## ပီရူးသမ္မတရွေးကောက်ပွဲ လက်ဝဲယိမ်းသမ္မတလောင်း ဟူမာလာ အနိုင်ရရှိ

**လီမာ၊ ဇွန် – ၆**

ယခင် စစ်အရာရှိဟောင်းတစ်ဦးဖြစ်သည့် အိုလန်တာဟူမာလာသည် ဇွန်လ ၅ရက်က ကျင်းပခဲ့သော ပီရူးသမ္မတရွေးကောက်ပွဲတွင် ပြိုင်ဘက်သမ္မတလောင်း ကေအီကိုဖူဂျီမိုရီအား မဲအနည်းငယ်အသာဖြင့် အနိုင်ရရှိသွားကြောင်းသိရသည်။

ဇွန်လ ၅ ရက် မဲရေတွက်မှုများအရ လက်ဝဲယိမ်းသမ္မတလောင်းဟူမာလာသည်လက်ယာစွန်းပြိုင်ဘက်ဖြစ်သည့်ကေအီကိုအား မဲပုံးစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းကို ရေတွက်ပြီးချိန်တွင် ၁ ဒသမ ၄ ရာခိုင်နှုန်းအသာဖြင့် အနိုင်ရခဲ့သည်။ တနင်္ဂနွေညက အောင်ပွဲကြောင့် မြို့တော်လီမာတွင်ပျော်ရွှင်နေကြသောဂင်းအားထောက်ခံသူများကို ဟူမာလာ (၄၈ နှစ်)က "ကျွန်တော်တို့ဟာ လူမှုတည်ငြိမ်မှုနဲ့အတူ စီးပွားရေးတိုးတက်မှုကိုလိုချင်ပါတယ်။ လူတိုင်းအတွက် ပိုပြီး သာတူညီမျှတဲ့ ပီရူးနိုင်ငံကို ကျွန်တော်တို့တည်ဆောက်နိုင်မှာပါ"ဟု ပြောကြားခဲ့သည်။ ပီရူးနိုင်ငံသည်ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း စီးပွားရေးတိုးတက်မှုအမြန်ဆုံး ကမ္ဘာ့နိုင်ငံများထဲတွင် တစ်နိုင်ငံအပါအဝင်ဖြစ်ခဲ့သော်လည်း ပြည်သူသုံးပုံတစ်ပုံခန့်မှာ ဆင်းရဲတွင်းနက်နေဆဲဖြစ်သည်။ စာ(၄၅)သို့



## ယီမင်သမ္မတ ဆာလတ် ခွဲစိတ်ကုသမှုခံယူပြီး ပြန်ကောင်းလာ

**ဆာနာ၊ ဇွန် – ၆**

မကြာသေးမီက တိုက်ခိုက်မှုတစ်ခုတွင် ဒဏ်ရာရခဲ့သော ယီမင်သမ္မတ အလီအဗ္ဗဒူလာဆာလတ်သည် ဆော်ဒီအာရေးဗီးယားနိုင်ငံတွင် ခွဲစိတ်ကုသမှုပြုလုပ်ပြီးနောက်ဒဏ်ရာမှပြန်လည်ကောင်းမွန်လာကြောင်းသိရသည်။

သမ္မတဆာလတ်သည် ဇွန်လ ၄ ရက်က ၎င်း၏တပ်ဖွဲ့ဝင်များနှင့် သူပုန်လူမျိုးစုအဖွဲ့ချုပ်တို့ ပစ်ခတ်မှုတွင် သမ္မတနန်းတော်အား ဗုံးကျည်ထိမှန်မှုကြောင့် ရင်အုံ၌ ဒဏ်ရာရခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် ဇန်နဝါရီလမှစ၍မြို့တော် ဆာနာတွင် အစိုးရဆန့်ကျင်ဆန္ဒပြနေသူများကမူ သမ္မတဒဏ်ရာရခဲ့ခြင်းကို အောင်ပွဲအဖြစ် မှတ်ယူပျော်ရွှင်နေကြသည်။

ဇွန်လ ၆ ရက်နံနက်ပိုင်းသတင်းများအရ သမ္မတဆာလတ်ကိုသစ္စာခံသောတပ်များနှင့်ယီမင်၏ဟာရှတ်လူမျိုးစုအဖွဲ့ချုပ်ခေါင်းဆောင်အာမာ၏ အုပ်စုတို့အကြား ပစ်ခတ်မှုများကြောင့် မြို့တော်ဆာနာတွင် သေဆုံးသူ ၂၀၀ ကျော်ရှိခဲ့ပြီဖြစ်ကြောင်းသိရသည်။ သမ္မတဆာလတ်သည် အာရေးဗျကျွန်းဆွယ်နိုင်ငံဖြစ်သော ယီမင်ကို ၃၃ နှစ်ခန့်အုပ်ချုပ်ခဲ့ပြီး အမေရိကန်နှင့် ဆော်ဒီ၏ အဓိကမဟာမိတ်တစ်ဦးလည်းဖြစ်ခဲ့သည်။ စာ(၄၅)သို့

## ဆီးရီးယားနယ်စပ်အနီး အစ္စရေးတပ်ဖွဲ့ ပစ်ခတ်မှုကြောင့် ဆန္ဒပြသူ ၂၀ ဦးသေဆုံး

**ဒမတ်စကပ်၊ ဇွန် – ၆**

အစ္စရေးတပ်ဖွဲ့ဝင်များသည် ပါလက်စတိုင်းလိုလားသော လက်နက်ကိုင်ဆောင်ထားခြင်းမရှိသည့် ဆန္ဒပြသူများအား အစ္စရေးနှင့် ဆီးရီးယားနယ်စပ်အကြား အပစ်အခတ်ရပ်စဲရေးမျဉ်းအနီး၌ အပြင်းအထန်ပစ်ခတ်ခဲ့ရာ လူ ၂၀ သေဆုံးပြီး၃၂၅ဦးဒဏ်ရာရရှိသွားကြောင်းသိရှိရသည်။

ဆီးရီးယားနိုင်ငံပိုင် ဆီးရီးယန်းတီဗီသတင်း၏ အဆိုအရ သေဆုံးသူများတွင် အမျိုးသမီး တစ်ဦးနှင့် ကလေး တစ်ဦးပါဝင်ပြီး ဒဏ်ရာရသူ ၁၂ ဦးမှာလည်း အရေးပေါ်အခြေအနေတွင်ရှိနေကြောင်းဆိုသည်။

စာ(၄၅)သို့

